
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုဇွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၀၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ကျသင့်ငွေကို ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေ လွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

**(၆)လ ၁၈၀၀၀ ကျပ်**

**(၁၂)လ ၃၆၀၀၀ ကျပ်**

**ဖုန်း** - ၀၉ ၇၃၁ ၇၆၆၅၀ သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။



# ဆဌမအာရုံ စာပေတိုက် သို့ ဆက်သွယ်နိုင်ပါပြီ

စာအုပ်ဆိုင်များနှင့် ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် - ၀၉ ၃၀၀ ၅၀ ၁၆၀

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် - ၀၉ ၇၃၁ ၇၆၆၅၀

---



ဖြန့်ချိရေး

ဆဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊

ဒုတိယထပ်၊ လမ်း (၅၀) အထက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉၃၁ ၉၀၆၁၀၇။



www.burmeseclassic.com

www.burmeseclassic.com



No.15, NOVEMBER , 2014



၃၈

**မာယာမိုးညို**

ထိတ်လန့်စဖွယ်ကောင်းသော၊
သနားစဖွယ်ကောင်းသော၊
အံ့ဩစဖွယ်ကောင်းသော၊
မာယာမိုးညို ဇာတ်လမ်းကြီး . . ။



၇၂

**အိမ်တွင်းမင်းမဟာဂီရိနှင့် မယ်တော်ရွှေနံ့ပေ**

အိမ်တွင်းအုန်းဆွဲခြင်းနှင့် ပွဲတင်ခြင်း၊
ကွန်နန်းအပ်ရာတွင် ဆောင်ရန်၊
ရှောင်ရန် နည်းလမ်းများစွာဖြင့် . . ။



၈၂

**လိပ်ပြာနှင့် အစီအရင်များ**

လိပ်ပြာချုပ်အင်းနှင့် အင်းဆံ၊
ကလေးအတွက် လိပ်ပြာခေါ်အစီရင်၊
ဝိယရွှေလိပ်ပြာ ဆေးတော်ကြီး၊
ချစ်သူလိပ်ပြာမွှန် ညို့ကြာခေါ်



၁၆၀

**ထူးဆန်းသော ကြွေအိုးကလေး**

စိုညာဉ်စီးနေသော ကြွေအိုးကလေး၊
ကြောက်စရာကောင်းသော ကြွေအိုးလေး၊
ထူးဆန်းသော ကြွေအိုးကလေး
ဇာတ်ကြောင်း . . ။



၁၁၄

**မြေအောင်းစုန်း**


အနောက်နိုင်ငံများတွင်
သချိုင်းမှထလာသော အရက်ကူလာ
သွေးစုပ်ဖုတ်ကောင်များရှိသည်။
ကျွန်တော်တို့ဆီမှာလည်း
အရက်ကူလာထက် ထူးဆန်းသော . . ။



၁၃၆

**ဖုတ်တစ္ဆေ ရှပ်ပလေ သည်းဇာတ်လမ်း**

သချိုင်းကုန်းမှ အသက်ပြန်ဝင်ရာတွင်
မှားယွင်းခဲ့သောအခါ . . အံ့ဩစရာ၊
ထိတ်လန့်စရာ၊ ပဟေဠိများစွာဖြင့် . . ။



၁၅၄

**တောကြမ်း**

ဆင်ရိုင်းအုပ်နှင့် ရင်ဆိုင်တွေ့သောအခါ
ပစ်လိုက်တာက ချောတစ်ကောင်၊
ကြားလိုက်တာက လူအော်သံ၊
သားကောင်ကောက်လေသောအခါ . . ။



၂၀၈

**ညလူ**

ညအမှောင် မိုးသည်းသည်းကြားမှာ
ရောက်ရှိလာတဲ့ လူစိမ်းတစ်ယောက်၊
လူလား . . ၊ သရဲလား . . ၊ ညအမှောင်မှာ
မိုးခိုလာသူအား
စိုညာဉ်ပူးကပ်ခဲ့လေသလား . . ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ
## ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များ ပါဝင် လက်စွမ်းပြရေးသားနိုင်ရန် နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့် စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း
## ၏
## ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့် ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

အစွမ်းထက်သည့် ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)
ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)



www.burmeseclassic.com

www.burmeseclassic.com


# ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်

ကိုမိုး (တောင်ကြီး)

အကြံပေး အယ်ဒီတာ

ဦးငွေစိုး၊ ဒေါက်တာမိ

အမှုဆောင် အယ်ဒီတာအဖွဲ့

နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး

ဒေါ်ဌေးဌေးလှိုင်

ထုတ်ဝေသူ

ကိုမိုး(တောင်ကြီး) {(၀၄၈၇၆)}

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို

အောင်မိုး

ပန်းချီသရုပ်ဖော်

ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ

ဆဋ္ဌမအာရုံဝိုင်းတော်သားများ

ပုံနှိပ်တိုက်

ဒေါ်ဝင်းမာ (စိတ်ကူးချိုချိုပုံနှိပ်တိုက်)

ဖြန့်ချိရေး

ဆဋ္ဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇။

တန်ဖိုး - ၁၈၀၀ကျပ်






# သုတ/ရသ
# ဖြစ်ရပ်ဆန်းကြယ်

www.burmeseclassic.com

www.burmeseclassic.com



# ကျူးပစ်မြားနတ်မောင်နဲ့ အချစ်ဇာတ်လမ်း



မြားနတ်မောင် ကျူးပစ်နတ်သားလေး အီးရော့ကို သတ္တဘာဝ ဖူးစာနတ်လို့ ခေါ်ပါတယ်၊ သူဟာ အချစ်နတ်သမီး ဗီးနပ်စ်ရဲ့သားတော် ဖြစ်ပြီး လေးနင့်မြားကိုကိုင်စွဲကာ မယ်တော်ရဲ့နောက်တော်ပါးကနေ ထပ်ချပ်မကွာ လိုက်ပါရတယ်၊

သူ့ရဲ့တာဝန်ကတော့ လူသားတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင် မြတ်နိုးပေါင်းဖက်ပေးနိုင်ဖို့အတွက် အချစ်မြားတွေ ပစ်လွှတ်ရတာ ဖြစ်ပါတယ်၊ ဒါပေမယ့် သူဟာ သူ့ရဲ့မြားတွေကို စိတ်ကူးတည့်ရာ ပစ်လွှတ်တတ်လို့ လူများဟာ မပေါင်းဖက်သင့်ဘဲ ပေါင်းဖက်ခဲ့ရတာမျိုးတွေ ရှိခဲ့ပါတယ်၊

ဒါကြောင့် ဇနီးမောင်နှံနှစ်ဦးဟာ မလိုက်ဖက်ဘဲ၊ အကျင့်စရိုက်မတူဘဲ ပေါင်းဖက်ခဲ့ကြရင် ဒါဟာ ဖူးစာရေးနတ် မကောင်းတာကြောင့်လို့ အပြစ်တင်တတ်ကြပါတယ်၊ သူဟာ လူသားတစ်ယောက်နဲ့တစ်ယောက်ကို အသေအချာ မစူးစမ်း၊ မလေ့လာဘဲ သူပစ်ချင်သလို ပစ်တတ်လို့ အဆင်မပြေတဲ့ အချစ်ရေးတွေ၊ အိမ်ထောင်ရေးတွေ ပေါ်ပေါက်ခဲ့ရတာ



သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်



ဖြစ်ပါတယ်၊

အီးရော့ရဲ့ မြားချက်ထိပြီး မြားအဆိပ်တက်နေတုန်းတော့ ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့ဖြစ်ပြီး ကြာလာတဲ့အခါကျတော့ လူသားဖိုနဲ့မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဝေဖန်အပြစ်တင်မှုတွေ မကြိုက် မနှစ်သက်မှုတွေ ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်၊

ဒါပေမယ့် အီးရော့ မြားနတ်မောင်ဟာ တန်ခိုးကြီးတဲ့ အချစ်နတ်သမီး ဗီးနပ်စ်ရဲ့သားတော်ဖြစ်တာ ရယ်၊ နတ်ပျော်၊ နတ်ရွှင်၊ နတ်ချောင်လေးတစ်ဦးဖြစ်လို့ နတ်လောကမှာ သူ့ကို ဘယ်သူမှအရေး မယူရဲကြ မယူခဲ့ကြပါဘူး။ လူသားတွေကိုယ်တိုင်လည်း ကိုယ့်ရဲ့ကံကိုသာ နှီးချယ်ခွဲခဲ့ကြ ပါတယ်၊

ကျူးပစ် ပစ်လွှတ်လိုက်တဲ့ အချစ်မြားဟာ လူကိုထာဝစဉ် အချစ်စိတ်နဲ့ပတ်သက်ပြီး ကောင်းတာရော၊ ဆိုးတာပါ ပေးနိုင်သလို၊ ကုသလို့လည်း ဘယ်လိုမှ မပျောက်ကင်းနိုင်တဲ့ ဒဏ်ရာဖြစ်ပါတယ်၊ ဒါကြောင့် ကျူးပစ်ဟာ ရမ်းသမ်းပစ်ခတ်တတ်လို့ မြားနတ်မောင်မှာ မျက်စိမရှိလို့ ဆိုကြသလို၊ အချစ်မှာလည်း မျက်စိမရှိဆိုတဲ့ ဆိုစကားတို့ဟာ သက်ဆိုင်လျက်ရှိနေတာဖြစ်ပါတယ်၊

ဂရိလူမျိုးတို့ဟာ ကျူးပစ်နတ်သားလေးကို အချစ်နတ်သားလေး အဖြစ် ကိုးကွယ်ကြပါတယ်၊ ကျူးပစ် ပစ်လွှတ်တဲ့ အချစ်မြားကို နတ်များသည်း ခံကြရပါတယ်၊ ဘယ်သူမှ မလွတ်ကင်းနိုင်ပါဘူး။ ဒါကြောင့် သူ့မြားချက်ကို သက်ရှိ နတ်လူ သတ္တဝါ မှန်သမျှ ခံကြရပြီး တစ်ဦးနဲ့တစ်ဦး ပေါင်းဖက်ကြလို့ ဦးရေတွေ တိုးပွားလာကြတာ ဖြစ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com





ကျူးပစ်မှာလည်း အချစ်ရှိတယ် လူတကာသိတဲ့ နတ်ဖျော်လေး ကျူးပစ်မှာလည်း စိတ်ဝင်စားစရာကောင်းတဲ့ အချစ်ဇာတ်လမ်းလေး ရှိပါတယ်။

ရှေးအခါတုန်းက ရှင်ဘုရင်ကြီးတစ်ပါးမှာ သမီးတော်သုံးပါးရှိရာမှာ အကြီးနှစ်ပါးက ကြင်ယာတော်ကိုယ်စီနဲ့ ဖြစ်နေသော်လည်း အထွေးဆုံးသမီးလေးကတော့ ယင်ဖိုတောင် မသန်းပါဘူး။

အဲ့အပြင် အငယ်ဆုံး သမီးလေးဟာ နတ်တမျှလှပလွန်းတဲ့အတွက် လူသားမင်းသားများဟာ သူ့ရဲ့မဟ္ဂာပန်းကို ဆင်မြန်းဖို့ ဘယ်သူမှ မဝံ့ခဲ့ကြပါဘူး။ ဒါကြောင့် အချစ်နတ်သမီး ဗီးနပ်စ်ရဲ့ပြိုင်ဖက်မှ ချစ်မုန်းဒဏ်ကို ခံခဲ့ရပါတယ်။ ဗီးနပ်စ်က မင်းသမီးလေးကို စိတ်ဒုက္ခရောက်လိုတာကြောင့် အကျော်အမော် သူ့သား မြားနတ်မောင်ကို ဒီကောင်မလေးအား ရုပ်အဆိုးဆုံး၊ စိတ်သဘောအယုတ်ဆုံးလူသားနဲ့ ပေါင်းဖက်ပေးပြီး အချစ်ကိစ္စမှာ မဖွယ်မရာဖြစ်အောင်ပြုစေချလို့ စေခိုင်းလိုက်ပါတယ်။

ဒါပေမယ့် အီးရော့ (ကျူးပစ်)ဟာ မင်းသမီးလေး ဆိုက်ကီးကို မြင်မြင်ချင်း စုံမက်ချစ်ခင်တာကြောင့် အမိန့်တော်ကို မေ့လျော့ပြီး သူ့အချစ်










မြားနဲ့ပစ်ကာ လူသူဝေးပြီး လုံခြုံစိတ်ချရတဲ့ နေရာတစ်နေရာသို့ ခေါ်ဆောင်ကာ သူကိုယ်တိုင်ပဲ ပေါင်းဖက်ခဲ့တယ်။

ကျူးပစ်နတ်သားဟာ ညအချိန်မှရောက်လာပြီး ဆိုက်ကီးနဲ့အတူ နေထိုင်ပါတယ်။ နေပြီးရင် မိမိဘယ်သူ၊ ဘယ်ဝါဖြစ်ကြောင်း၊ ဘယ်သောအခါမှ မမေးဖို့နဲ့ မစူးစမ်းဖို့ တင်းကြပ်စွာ တားမြစ်ထားပါတယ်၊ အဲဒီအချိန်မှာ ဆိုက်ကီးဟာ သူ့ရဲ့အစ်မတော်တွေနဲ့လည်း အဆက်အသွယ်ပြန်ရနေပါပြီ။ အစ်မတော်တွေဟာ သူတို့ညီမထံ ကျူးပစ်လာနေတာကို မနာလိုဘဲ ညမှလာသူဟာ လူမဟုတ်ဘဲ တိရစ္ဆာန်တစ်ကောင်သာ ဖြစ်နိုင်တယ်၊ ရအောင်စုံစမ်းပါလို့ ဆိုက်ကီးကို တွန်းအားပေးခဲ့ပါတယ်။ အတန်တန်တိုက်တွန်းမှုများကြောင့် တစ်နေ့မှာတော့ ဆိုက်ကီးဟာ နတ်သား အိပ်ပျော်နေစဉ်မှာ မီးထွန်းပြီး ထကြည့်ခဲ့ပါတယ်၊

အဲဒီမှာ ကျူးပစ်နတ်သားရဲ့ သားနားတဲ့ရုပ်သွင်ကို မြင်တွေ့ခဲ့ရတာကြောင့် ဆိုက်ကီးဟာ များစွာနှစ်ထောင်းအားရပြီး အချိန်အတန်ကြာအောင် မှင်သက်နေမိတဲ့အတွက် မီးခွက်ကနေ ဆီပူစက်များဟာ ကျူးပစ်နတ်သားအပေါ် ကျရောက်ပြီး နတ်သားဟာ နိုးလာပါတော့တယ်၊ နိုးနိုးချင်း


www.burmeseclassic.com

www.burmeseclassic.com





မှာပဲ ဆိုက်ကီးအပေါ် စိတ်အရမ်းဆိုးပြီး အပြစ်တင်ကာ ရုတ်ချည်း ပျောက်ကွယ်သွားပါတော့တယ်၊


ဆိုက်ကီးဟာ သူ့ကို စိတ်ဆိုးသွားတဲ့ နတ်သားကို တောအနှံ့ ရှာဖွေပေမယ့် မတွေ့ရတော့ပါဘူး။ နောက်ဆုံး နတ်သမီး ဗီးနပ်စ်ရဲ့ နန်းတော်ကို စုံစမ်းပြီး လိုက်လာခဲ့ပါတယ်၊ ဗီးနပ်စ်နတ်သမီးထံရောက်တဲ့အခါမှာ ဗီးနပ်စ်က အစကတည်းကမှ ဆိုက်ကီးအပေါ် အမုန်းပွားနေတဲ့အတွက် မင်းသမီးလေးကို သာမန်လူတို့ မစွမ်းဆောင်နိုင်တဲ့ အလုပ်တွေ တစ်ခုပြီးတစ်ခု ခိုင်းစေပါတယ်၊

မှကွဲနောက်တစ်ခုမှာတော့ ဆိုက်ကီးမင်းသမီးလေးဟာ ကျူးပစ်သူ့အပေါ် စိတ်ဆိုးမှုပြေပျောက်စေဖို့အတွက် သာမန်လူသားတွေ မလုပ်နိုင်တဲ့ အလုပ်တွေကို တစ်ခုပြီးတစ်ခု ခဲခဲယဉ်းယဉ်းလုပ်ပြပြီး သူ့ရဲ့ချစ်သက်သေကို ပြသခဲ့တယ်လို့ ဆိုပါတယ်၊

နောက်ဆုံးမှာတော့ အချစ်စစ်မှန်ရင်၊ ဖူးစာမှန်ရင် အဆုံးမှာပေါင်းဖက်ရသည်ဆိုတဲ့အတိုင်း၊ ကျူးပစ်ဟာ မင်းသမီးလေး ဆိုက်ကီးကို သနားဂရုဏာစိတ်ပြန်ဝင်လာပြီး ချစ်သူနှစ်ဦးဟာ ပြန်လည်ပေါင်းဖက်ခဲ့ကြတယ်လို့ ဒဏ္ဍာရီမှတ်တမ်းမှာ တွေ့ရပါတယ်၊

ဒါကတော့ ဂရိလူမျိုးတို့ကိုးကွယ်တဲ့နတ်စာရင်းမှာ ပါဝင်တဲ့ နှလုံးသားရေးရာ မြားနတ်မောင်နတ်သား ကျူးပစ်အကြောင်းကို ဖော်ပြခဲ့ခြင်းဖြစ်ပြီး နောက်လတွေမှာတော့ ကျန်ရှိနေတဲ့ဂရိနတ်ဘုရားများရဲ့ အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်၊






www.burmeseclassic.com

www.burmeseclassic.com



## ဟောလိုးဝင်းကာလ အချစ်ရှာဖွေနည်းလမ်းများ



မကြာမီမှာ ဟောလိုးဝင်းအချိန်အခါကို ရောက်ရှိပါတော့မယ်။ ဟောလိုးဝင်းဆိုတာ သာမန်လူတစ်ယောက်အတွက် ဘာမှမဟုတ်ပေမယ့် ပညာရပ်တွေကို လိုက်စားသူများအတွက်ကတော့ တကယ့်နေ့ထူး၊ နေ့မြတ်ဖြစ်ပြီး တစ်နှစ်ပတ်လုံးမှာ အစီအရင်တွေပြုလုပ်ဖို့ အကောင်းဆုံးအချိန်အခါလည်း ဖြစ်ပါတယ်။

ဟောလိုးဝင်းကာလမှာ ပရလောကနဲ့ လူ့လောကကြားက ခြားထားတဲ့စည်းဟာ အပါးလျဆုံးအချိန်မှာ ရောက်နေပြီး သရဲ၊ တစ္ဆေများကို ဆင့်ခေါ်နိုင်ခြင်း၊ ပရလောကသားများနှင့် ဆက်သွယ်ခြင်း၊ တမလွန်မှ လူကြီးမိဘများကိုကန်တော့ခြင်းစတာတွေကို အများဆုံးပြုလုပ်ကြပါတယ်။

ဟောလိုးဝင်းအချိန်အခါဟာ အောက်တိုဘာလ (၃၁) ရက်နေ့ ညသန်းခေါင်ယံအချိန်ဖြစ်ပြီး ဟောလိုးဝင်းနဲ့ဆက်စပ်နေတဲ့ အလွယ်ကူဆုံး အစီအရင်နည်းလမ်းများကို လက်ဆောင်ပါးလိုက်ရပါတယ်။

(၁) အချစ်ဆန္ဒများပြည့်ဝစေသော နည်းလမ်း

အချစ်ဆန္ဒပြည့်ဝလိုသူများအနေနဲ့ကတော့ ဟောလိုးဝင်းည မတိုင်ခင် တစ်ညအလို၊ အောက်တိုဘာ (၃၀)ရက်နေ့ ညအိပ်ခါနီးမှာ စာရွက်





အပိုင်းအစတစ်ခုမှာ ကိုယ်ဖြစ်ချင်တဲ့ အချစ်နဲ့ပတ်သက်တဲ့ ဆုတောင်းတစ်ခုကိုရေးပြီး ခေါင်းအုံးအောက်ထားအိပ်ပါ။ (မဖြစ်နိုင်သော ဆုတောင်းမရေးရန်)။

ဟောလိုးဝင်းည၊ သန်းခေါင်အချိန်မှာတော့ အဲဒီစာရွက်အပိုင်းအစလေးကို မီးပုံထဲပစ်ထည့်ပါက အချစ်ဆုတောင်းပြည့်စေတယ်လို့ ဆိုကြပါတယ်။



(၂) ဖူးစာရှင်စစ်/မစစ် စမ်းသပ်ခြင်း

လက်ရှိ ကိုယ့်ရဲ့ချစ်သူဟာ ကိုယ့်ဖူးစာရှင် စစ်၊မစစ် ဆိုတာကိုလည်း ဟောလိုးဝင်းညမှာ စမ်းသပ်အဖြေရှာနိုင်ပါတယ်၊ ဒီလိုလုပ်ဖို့အတွက် ကိုယ့်ရဲ့ချစ်သူက ကိုယ့်ကို ပေးထားဖူးတဲ့ ရည်းစားစာကို ခေါင်းအုံး နဲ့တွဲချည်ပြီး ခေါင်းအုံးအောက်ထား ဟာ ဟောလိုးဝင်းညမှာ အိပ်စက်လိုက်ရမှာ ဖြစ်ပါတယ်။

ငွေ၊ ဖန်၊ ရဲတိုက်၊ ကျောက်မျက်ရတနာ စတာတွေကို အိပ်မက်မှာ မြင်မက်မယ်ဆိုရင် သူဟာ ကိုယ့်ရဲ့ဖူးစာရှင်အစစ် ဖြစ်ပါတယ်၊ သင်လည်း သူ့ကို တကယ့်အချစ်စစ်နဲ့ ချစ်ပါတယ်တဲ့။





www.burmeseclassic.com

www.burmeseclassic.com





တကယ်လို့ သစ်သား၊ အဝတ်စ ပန်းပွင့်များ၊ ဒါမှမဟုတ် ကုညီဝတ်စုံများကို အိပ်မက် မြင်မက်တယ်ဆိုရင်တော့ သူဟာ သင့်ဖူးစာရှင် အစစ် မဟုတ်သေးပါဘူး၊ အချစ်ရေးမှာလွဲချော်နေဦးမှာပါလို့ အဓိပ္ပါယ်ကောက်ယူနိုင်ပါတယ်၊

(၃) စောင့်မျှော်နေသူနဲ့ တွေ့ဆုံခြင်း၊

ဟောလိုးဝင်းညမှာ သင်အရမ်းတွေ့ချင်နေပါတယ်ဆိုတဲ့ သူနဲ့လည်း တွေ့ရနိုင်ပါတယ်၊ ညမအိပ်ခင် အင်ဓာတ်များတဲ့ ငါးသေတ္တာငါးကိုစားကာ ရေမသောက်ဘဲ အိပ်စက်ပါက သင်စောင့်မျှော်နေသူက သင့်ကို အိပ်မက်ထဲမှာ ရေလာတိုက်ပေးပါလိမ့်မယ်၊


(၄) အနာဂတ်လက်တွဲဖော်ပုံရိပ်ကို ကြေးမုံပြင်တွင် ပြသစေခြင်း၊



သင့်မှာချစ်သူမရှိသေးရင် သင့်ဖူးစာရှင်ရဲ့ပုံရိပ်ကို ကြည့်လိုပါသလား၊ ဟောလိုးဝင်းညမှာတော့ သင်လုပ်ဆောင်ကြည့်နိုင်ပါလိမ့်မယ်၊ ဒါဟာ ဟောလိုးဝင်းညတစ်ညထဲမှာသာ ရရှိနိုင်တာဖြစ်ပါတယ်၊







လုပ်ရမှာကတော့ အခန်းလွတ်တစ်ခန်းထဲမှာ မီးတွေ အကုန်မှိတ်ပြီး ဖယောင်းတိုင်မီးတစ်ချောင်းထဲသာ ထွန်းထားပါ၊ (မီးသတိတော့ အထူးရှိစေချင်ပါတယ်)

ပြီးရင် အခန်းထဲက မှန်တစ်ချပ်ကို စူးစိုက်ကြည့်ရင်း ပန်းသီးကို စားခြင်း၊ (ဒါမှမဟုတ်) ခေါင်းဖြီးခြင်းကဲ့သို့သော အမှုများမှာ စိတ်ကိုအာရုံစူးစိုက်ထားလိုက်ပါ၊ မှန်ကို စူးစိုက်ကြည့်ရင်း မျှားမကြာခင် အဲဒီ မှန်ထဲမှာ သင့်ရဲ့အနာဂတ်ဖူးစာရှင် ရုပ်ပုံလွှာဟာ ပေါ်ပေါက်လာနိုင်ပါတယ်၊ ပြီးတော့ အထူး သတိပြုရမယ့် အချက်တစ်ခုကတော့ ကိုယ့်ဖူးစာရှင်၊ လက်တွဲဖော်ကိုသိရပြီဆိုပေမယ့် နောက်မလှည့်ရှာပါနဲ့၊ သူ့ဖာသာသူ ကိုယ့်ထံရောက်ရှိလာတာကိုသာ စောင့်ဆိုင်းနေလိုက်ပါ၊ ဘာလို့လဲဆိုတော့ သင်ရှာဖွေလိုက်တာနဲ့တပြိုင်နက် သင့်ဖူးစာရှင်ဟာ ထာဝရပျောက်ကွယ်သွားနိုင်လို့ ဖြစ်ပါတယ်၊

အခုဖော်ပြခဲ့တာကတော့ အနောက်တိုင်းမှာ ဟောလိုးဝင်းညအသုံးပြုကြတဲ့ ရိုးရာနည်းများထဲမှ လုပ်ဆောင်ရလွယ်ကူထိရောက်စေသည့် နည်းလမ်းများဖြစ်ပါတယ်၊





www.burmeseclassic.com

# အငြင်းအခုန်ဖြစ်ထားသူနဲ့ အဆင်ပြေစေသောနည်း



လူ့ဘဝဖောတ်စုံဆိုတာ အကြောင်းအရာအစုံ၊ ပြဿနာ အထွေထွေ ရှိတတ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်ထားတာတွေ၊ အငြင်းအခုန်ဖြစ်ပြီး စကားမပြောကြတော့တာတွေလည်း ရှိကြမှာ အမှန်ဖြစ်ပါတယ်။

ဒီတော့ သင့်ရဲ့ချစ်သူနဲ့ပဲဖြစ်ဖြစ်၊ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းနဲ့ပဲဖြစ်ဖြစ် အငြင်းအခုန်၊ ပြဿနာတစ်ခုခုကြောင့် စကားမပြောတော့ဘူးဆိုပါတော့။ ဒီလိုအဆင်မပြေမှုကို ပြန်ညှိနှိုင်းချင်ပါတယ်၊ ဒါမှမဟုတ် သူ့စိတ်သဘောထားကို ပြောင်းလဲသွားစေချင်တယ်ဆိုရင် ဖော်ပြထားတဲ့အစီအရင်ကို လုပ်ဆောင်ကြည့်နိုင်ပါတယ်။

ပထမဆုံးအနေနဲ့ လိုအပ်တာကတော့ . .

ဖန်ပန်းကန်ပြား ခရမ်းရောင်တစ်ချပ်လိုအပ်ပါတယ်။ ဖြစ်နိုင်ရင် ခရမ်းရင့်ပိတ်ပိတ် ဖန်ပန်းကန်ပြားဖြစ်ရင် ပိုကောင်းပါတယ်။ ပြီးရင် ကိုယ်နဲ့ပြန်ညှိနှိုင်းချင်သူရဲ့ တစ်ယောက်ထဲရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံလည်း လိုအပ်ပါတယ်။







အခုခေတ်မှာဖုန်းတွေပေါ လာပြီး ဖုန်းထဲက ကင်မရာတွေလည်း ရိုလူ့ရှင်းကောင်းလာပြီဖြစ်တာကြောင့် ဘယ်သူမဆို သင့်အနေနဲ့ အမှတ်တရ ဓာတ်ပုံများ ရိုက်ယူထားသင့်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီလူနဲ့ ပြန်ညှိနှိုင်းဖို့လိုအပ်လာတဲ့အခါမှာ ဖုန်းထဲကပုံကို အဆင်သင့် ဓာတ်ပုံထုတ်ကူးနိုင်လို့ ဖြစ်ပါတယ်။

ခရမ်းရောင်ဖန်ပန်ကန်ပြားလည်း ရှိထားပြီ၊ ဓာတ်ပုံလည်း ရှိထားပြီဆိုရင်တော့ အစီအရင် စတင်လို့ရပါပြီ။ စီရင်ရမှာကတော့ သူ့ရဲ့ဓာတ်ပုံကို ဖန်ပန်ကန်ပြားပေါ်ကို သူ့ရဲ့မျက်နှာပိုင်းနဲ့အပ် ပြီး တစ်ကြိမ်ရှထားပေးပါ။ (၁၅)မိနစ်ခန့်ဖြစ်ပါတယ်။ အဲဒီလိုရှထားချိန်မှာ သူ့ဓာတ်ပုံကိုလက်နဲ့ဖိထားပြီး သူနဲ့ကိုယ်ဟာ ဘယ်လိုပုံစံမျိုးနဲ့ အဆင်ပြန်ပြေချင်တယ်ဆိုတာကို စိတ်ထဲကနေ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း တွေးပေးနေရပါမယ်။

ယုံယုံကြည်ကြည် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒါမျိုးလုပ်ဆောင်ပြီး မကြာမီမှာပဲ သင့်ထံကို သူ့ရဲ့တယ်လီဖုန်းခေါ်သံ(သို့မဟုတ်) ဆောင်းပန်တဲ့စာ၊ စကား၊ ပန်းခြင်းပစ္စည်းတွေ ရောက်လာပါလိမ့်မယ်။

ရောက်မလာသေးဘူးဆိုရင် နောက်တစ်ကြိမ် (၁၅)မိနစ်ခန့် အထက်ပါအတိုင်း ထပ်မံလုပ်ဆောင်ရပါမယ်။ (၃)ကြိမ်၊ (၃)ခါလုပ်ကြည့်လို့မှ မထူးခြားသေးရင် မိမိကိုယ်တိုင် သူ့ဆီကို ဖုန်းခေါ်ကြည့်လိုက်ပါ။ သူ့ရဲ့ကိုယ့်အပေါ် ခံစားချက်ဟာ အရင်လိုမဟုတ်တော့ဘဲ ပြောင်းလဲပျော့ပြောင်းသွားတာကို ထူးခြားစွာတွေ့ရပါလိမ့်မယ်။

# လဓာတ်စွမ်းအင်နဲ့ ဝင်ငွေကောင်းစေခြင်းအဆောင်



လဓာတ်စွမ်းအင်ကိုရယူပြီး လနတ်သမီးကိုပင့်ဖိတ်တာ ကိုယ့်အတွက် ငွေရေးကြေးရေး အဆောင်လုပ်ဆောင်နည်းနဲ့ ဝင်ငွေကောင်းစေတဲ့ အစီအရင်ကောင်း ဖြစ်ပါတယ်။ အရမ်းကို ထိရောက်မှုရှိတာကြောင့် ဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ဒါကို လုပ်ဆောင်ဖို့အတွက်ဆိုရင် ငွေအကြွေစေ့တစ်စေ့နဲ့ ရေဇလုံတစ်ခုလိုအပ်ပြီးတော့ အစီအရင်လုပ်မယ့်အချိန်ဟာ လသာနေတဲ့အချိန် ဖြစ်ရပါမယ်။ လုပ်ရမယ့်နေရာကတော့ လရောင် ကောင်းစွာကျရောက်နေတဲ့ တိတ်ဆိတ်ငြိမ်သက်ပြီး မိမိကို ဘယ်သူမှ အနှောင့်အယှက်မပေးနိုင်တဲ့ နေရာတစ်ခုမှာ ဖြစ်ပါတယ်။

အရင်ဆုံး ရေဇလုံတစ်ခုထဲမှာ ရေတစ်ဝက်ဖြည့်ထည့်လိုက်ပြီး နောက် ရေဇလုံထဲသို့ ငွေအကြွေစေ့လေးတစ်စေ့ ပစ်ထည့်လိုက်ပါ။ ဆက်လက်ပြီး မိမိရဲ့လက်ဖဝါးလေးများကို ရေပြင်ပေါ်သို့ ညင်သာစွာတင်လိုက်ပြီးနောက်မှာ ရေမျက်နှာပြင်လေးအောက်က ငွေအကြွေစေ့ကို လက်ဖဝါးနဲ့ ပွတ်တိုက်ပေးရပါမယ်။








ဟုတ်ပြီ . . . ပွတ်တိုက်ပြီဆိုပေမယ့် ရိုးရိုးပွတ်တိုက်လို့ မရပါဘူး။ အကြွေစေ့မှာရှိနေတဲ့ အေးမြမှု အမှုန်လေးများ၊ အက်တမ်လေးများ မော်လီကျူးလေးများကို ထိတွေ့စားရင်း ပွတ်တိုက်ကာ အကြွေစေ့၊ ရေပြင်နဲ့ကိုယ်ဟာ တစ်သားတည်း ဖြစ်နေပြီလို့ တွေးနေပါ။

အဲဒီလိုပွတ်တိုက်နေချိန်မှာလည်း အောက်ပါမန္တန်ကို ရွတ်ဆိုပေးရပါလိမ့်မယ်။

Lovely Lady of the Moon,

bring to me your wealth right soon.

Fill my hands silver and gold.

All you give, my hands can hold.

တစ်ကြိမ်တည်း မဟုတ်ပါဘူး။ သုံးကြိမ်တိုင်တိုင် ရွတ်ဆိုပေးရမှာ ဖြစ်ပါတယ်။

အစီအရင်လုပ်ရာမှာ မန္တန်ရဲ့အဓိပ္ပါယ်မသိဘဲ ရွတ်ဆိုတာထက် အဓိပ္ပါယ်သိရင်ပိုကောင်းတာကြောင့် အောက်ပါမန္တန်ရဲ့အဓိပ္ပာယ်ကို ဖော်ပြလိုက်ရပါတယ်။

"ချစ်စွာသော လနတ်သမီးအရှင်
ကျွန်ုပ်ဆီသို့ မှန်ကန်သော ချမ်းသာခြင်းကို
ဆောင်ကျဉ်းပေးတော်မူပါ . .
ကျွန်ုပ်လက်နဲ့ ငွေအကြွေကို
ရွှေအဖြစ်ချီးမြှင့်တော်မူပါ . .
အသင်ဆောင်ကျဉ်းသမျှကို ကျွန်ုပ်ခံယူပါမည်" လို့ ဖြစ်ပါတယ်။

ရွတ်ဆိုလို့အပြီးမှာတော့ ရေကို မြေကြီးပေါ် ( သို့မဟုတ်) ပန်းပင်တစ်ပင်ပေါ်သို့ သွန်းလောင်းလိုက်ကာ ငွေအကြွေစေ့လေးကိုတော့ အဘိုးတန်တဲ့ ဂန္တီရအဆောင်အဖြစ် ဆောင်ထားလို့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အသားအရေလှပစေကြောင်း နည်းလမ်းကောင်း



ထူးခြားဆန်းပြားတဲ့နည်းလမ်းနဲ့ လှပအောင်၊ ကြည်လင်တောက်ပအောင်လုပ်ချင်ပါတယ်ဆိုသူများအတွက် ဒီတစ်ခေါက်မှာတော့ လှပသွားအောင်လုပ်နိုင်တဲ့ အစီအရင်များထဲကမှ သင့်အသားအရေကို လှပကြည်စင်သွားစေမယ့် နည်းလမ်းလေးကို ဖော်ပြပေးလိုက်ရပါတယ်။

လုပ်ဆောင်ရမယ့် အချိန်က လသာနေတဲ့ အချိန်ဆိုရင် ပိုကောင်းပါတယ်။ ခက်လည်း မခက်ခဲလှပါဘူး။

ပထမဆုံးအနေဖြင့် ပန်းသီးတစ်လုံးကို အလျားလိုက်အလယ်တနေ ဓားနဲ့ပိုင်းလိုက်ပါ။ ပိုင်းပြီးတဲ့နောက်မှာတော့ ပန်းသီးနှစ်ခြမ်းထဲမှာ ငါးထောင့်ကြယ်သဏ္ဍာန်ပါနေတဲ့၊ အဲဒီလိုပုံမပေါ်ဘူးဆိုရင်တောင်မှ အစေ့အပြောက်ပုံစံလေးတွေ ငါးခုဝန်းရံနေတဲ့ပုံသဏ္ဍာန်ရှိသောအခြမ်းကို ကိုယ်ကြည်လင်လှပစေလိုတဲ့ အသားအရေနေရာကို ပွတ်သပ်ရင်း မန္တန်စာသားတစ်ခုကို ရွတ်ဆိုရပါမယ်။

"Apple, sacred fruit of the Goddess,

With this gift, I do Caress







The Pimple that brought me shame .

I Banish this zit in your name "

ဒီအစီအရင်ပြီးတဲ့အခါမှာ နောက်ထပ် ပန်းသီးတစ်ခြမ်းကျန်ပါဦးမယ်၊ အဲဒီတစ်ခြမ်းကို ဘာမှမလုပ်ပါနဲ့ ဒီအတိုင်းသာ ထားလိုက်ပါ။

ပြီးရင်နောက်ထပ်ပန်းသီးတစ်လုံးကို ထပ်ယူမယ်။ အဲဒီပန်းသီးကိုတော့ အထက်အောက်၊ ခေါင်လိုက်အလယ်ကနေ လှီးချလိုက်ပြီး အဲဒီထဲက မိမိနှစ်သက်ရာတစ်ခြမ်းကို မိမိ ကြည်လင်လှပလိုတဲ့ အသားအရေနေရာကို ပွတ်တိုက်လိုက်ရင်း နောက်ထပ်မန္တန်စာသားကို ရွတ်ဆိုပါမယ်၊

"I Love and accept myself as I am today.

Clear skin I summon to come my way.

By My will so Mote It Be three time three."

ရွတ်ဆိုပြီးမှာတော့ ပထမပန်းသီးတစ်ခြမ်းကို သင့်အိမ်ပြင်ပမှာရှိတဲ့ ပန်းပွင့်တဲ့အပင်တစ်ပင်ရဲ့အောက်မှာ မြှုပ်နှံလိုက်ပါ။

ဒုတိယပန်းသီးတစ်ခြမ်းကိုတော့ စမ်းချောင်း၊ ဒါမှမဟုတ် ရေစီးတဲ့မြစ်တစ်ခုထဲမှာ မျောချလိုက်ပါ။ အထူးသတိထားရမှာကတော့ မန္တန်ကို ရွတ်ဆိုနေတဲ့အချိန်မှာ ပျော့ပြောင်းနူးညံ့တဲ့ အသံအနေအထားနဲ့ ရွတ်ဆိုရမှာဖြစ်ပြီး ယုံကြည်စွာ လုပ်ဆောင်ပါက မကြာမီရက်သတ္တပတ်များအတွင်း သင့်ရဲ့အသားအရေဟာ ချောမောလှပလာမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





## လောင်းကစားနိုင်စေသော အစီအရင်



အလောင်းအစားပဲ ဖြစ်ဖြစ်၊ အခြားသူများနဲ့ယှဉ်ပြိုင်ကစားရာမှာပဲ ဖြစ်ဖြစ်၊ အစီအရင်လေးလုပ်ပြီးမှ ယှဉ်ပြိုင်လောင်းကစားခြင်းပြုမယ်ဆိုရင် နိုင်ခြေရာနှုန်းက ပိုမြင့်မားစေမှာ အသေအချာပါပဲ၊

ဘာလေးပဲဖြစ်ဖြစ် အလောင်းအစားပြုလိုက်ရမှ၊ ယှဉ်ပြိုင်လိုက်ရမှ စိတ်ကျေနပ်၊ စိတ်အားထက်သန်တဲ့လူများအတွက် သိထားသင့်တဲ့ လောင်းကစားခြင်းဆိုင်ရာမှာ အနိုင်ရရှိစေသော အစီအရင်တစ်ရကို ဖော်ပြပေးလိုက်ရပါတယ်၊

ပထမဆုံးအနေနဲ့ အစီအရင်လုပ်မယ့် နေရာပတ်ပတ်လည်ကို ဆားများနဲ့ စက်ဝိုင်းပုံသဏ္ဍာန်စည်းတားလိုက်ပါ။ ဒီလိုလုပ်ရတာဟာ သင်အစီအရင်လုပ်နေချိန်အတွင်း ဘယ်လိုအနှောင့်အယှက်၊ အတားအဆီးမှ ရောက်မလာနိုင်အောင် ကာကွယ်ထားရခြင်းပဲ ဖြစ်ပါတယ်။

ဆားစက်ဝိုင်းတားပြီးသွားရင်တော့ ခွက်အကြီးတစ်လုံးထဲကို တရုတ်နံ့နံ့နဲ့ ငှက်ပျောသီးငါးလုံးခန့်ကို အခွံနွှာပြီးထည့်ရပါမယ်၊ အဲဒီလို ထည့်ပြီးသွားရင်တော့ ခွက်ကိုကိုင်ကာ မိမိသွားမယ့်နေရာ၊ မိမိယှဉ်ပြိုင်မယ့်ပွဲပဲဖြစ်ဖြစ် ကျင်းပနေချိန်မှာ အနိုင်ရနေတယ်လို့ စိတ်ထဲမှာ မြင်ယောင်နေရပါမယ်၊





သင်ဟာ ငွေထုတ်ကြီးကို ကိုင်ထားတယ်၊ ငွေစက္ကူများကလည်း သင့်အပေါ်ကို တဖွဲဖွဲ ကျဆင်းနေတယ်လို့ စိတ်ထဲမှာ တွေးထင်ထားပါ။ ပြီးနောက် ခွက်ကြီးထဲကိုပဲ တရုတ်ဇီးသီးများကို ကြဲပက်ထည့်လိုက်ရင်းနဲ့ -

"ယခုအစားအသောက်များကို ကျွန်ုပ်ရဲ့ကံတရားနဲ့သက်ဆိုင်သော ရေလောကသားများအဖို့ လှူဒါန်းပါတယ်၊

လောင်းကစားအတွက်ကောင်းသောက်ကို ပေးတော်မူပါ"

လို့ရွတ်ဆိုပေးပါ။ ဆက်လက်ပြီး သံသရာသီးတစ်လုံးကိုလည်းပစ်ထည့်ပြီး ဆားရည်ကိုအသီးအနှံများ နှစ်မြုပ်သည်အထိ လောင်းထည့်ရပါမယ်၊

လောင်းထည့်ပြီးနောက်မှာတော့ အနောက်တိုင်းမန္တန်တစ်ပုဒ်ကို (၃)ကြိမ်တိတိရွတ်ဆိုပေးရမှာ ဖြစ်ပါတယ်၊

"Give me the victory I want,
give me the luck I seek,
give me the winnings I want,
give me the success I need."

ဒီလိုရွတ်ဆိုပြီးသွားရင်တော့ သင့်ရဲ့အစီအရင်ဟာ အထမြောက်အောင်မြင်ပြီဖြစ်ပြီး ဆားစက်ဝိုင်းကိုဖျက်၊ ခွက်ထဲမှပျော်ရည်ကို တစ်နေရာရာလွှင့်ပစ်ကာ လောင်းကစားပြုလုပ်မည့်နေရာ (မကြာမီ သင့်အောင်မြင်ဖြစ်လာတော့မည့်နေရာ) သို့ ထွက်ခွာရမှာဖြစ်ပါကြောင်း အသုံးလိုသူများအတွက် ဖော်ပြပေးလိုက်ရပါတယ်၊




www.burmeseclassic.com

www.burmeseclassic.com



## အနိုင်ကျင့်သူများရန်မှ ကာကွယ်ခြင်းနည်းလမ်း



ကိုယ့်ကို အနိုင်ကျင့်တဲ့သူရှိနေရင်၊ အနိုင်မကျင့်နိုင်အောင် ကိုယ့်ကို လာမစရဲအောင် ကာကွယ်ခြင်းအစီအရင်ကိုအသုံးပြုပြီး သူတို့အနိုင်ကျင့်နေတာကို ကာကွယ်နိုင်ပါတယ်။

ဒီအစီအရင်ဟာ အဓိကအားဖြင့် ကျောင်းတွေမှာ ကိုယ့်ထက် လူကောင်ကြီး၊ အတန်းကြီးပြီး အနိုင်ကျင့်ရမ်းကားသူများက ကျောင်းသားလေးတွေကို အနိုင်မကျင့်အောင် လုပ်ဆောင်ပေးပါတယ်။

ယခုအစီအရင်ကို လပြည့်ည အခါသမယရဲ့ညသန်းခေါင်ယံမှာ စီရင်ရမှာဖြစ်ပြီး လပြည့်ညး သန်းခေါင်ယံအချိန် နှစ်ဘက်ရေးသားနိုင်တဲ့ ကတ်ထူပြားတစ်ခုပေါ်မှာ Marker Pen နဲ့ -

"ငါ့ကို ဘယ်သူမှ အနိုင်မကျင့်စေရ"

ဆိုတဲ့စာကို ရေးသားရမှာဖြစ်ပါတယ်၊

အဲဒီလိုရေးသားတာဟာ အာကာစက် စာလုံးရေးထွင်းခြင်း ဖြစ်ပါတယ်။ အဲဒီလိုရေးပြီးတဲ့နောက် ကတ်ထူပြားရဲ့အခြားတစ်ဘက်မှာ ဖော်ပြထားတဲ့ ပုံထဲကအတိုင်း သင်္ကေတလေးကို ရေးဆွဲပေးပါ။







ဒီသင်္ကေတဟာ ရှေးဟောင်း မာယန်လူမျိုးတွေရဲ့ သုံ့ညအမှတ်တံဆိပ်၊ သင်္ကေတတစ်ခုဖြစ်ပြီး အီဂျစ်လူမျိုးတွေရဲ့မကောင်းဆိုးဝါးအားလုံးကို ဆန့်ကျင်နိုင်တဲ့ "တယ်လီစမန်" သင်္ကေတတစ်ခုလည်း ဖြစ်ပါသေးတယ်။

သင်္ကေတကို မီမီတို့ ကြိုက်နှစ်သက်ရာအရောင်နဲ့ ရေးဆွဲနိုင်ပြီးတော့ ရေးဆွဲအပြီး ကတ်ထူပြားကိုကိုင်ရင်း ကောင်းကင်ပေါ်ကိုတင်မြှောက်ကာ သင်္ကေတနဲ့ အာကာစက်စာသားတို့တစ်သားတည်းကျသွားပြီလို့ အာရုံပြုပေးရင်း -


"ငါ့ကို ဘယ်ကောင်မှ မနှောင့်ယှက်နိုင်တော့ဘူး . .

ငါ့ကို ဘယ်ကောင်မှ မနှောင့်ယှက်နိုင်တော့ဘူး . .

ငါ့ကို ဘယ်ကောင်မှ မနှောင့်ယှက်နိုင်တော့ဘူး . ."

လို့ အာကာသံပါပါ ရွတ်ဆိုလိုက်ပါ။

ဒီအဆင့်ပြီးရင်တော့ သင့်ရဲ့အစီအရင်ဟာ အောင်မြင်စွာပြီးမြောက်ပြီဖြစ်ပါတယ်။ ပြီးရင် သင်္ကေတနဲ့ အာကာစက်စာသားတို့ ရေးသားထားတဲ့ ကတ်ပြားလေး ကို သင်သွားလေရာဆောင်သွားတဲ့ ပိုက်ဆံအိတ်၊ ဒါမှမဟုတ် ခဲတံ၊ ဘောပင်များထည့်သော ကွန်ပါဘူးတောတွေထဲမှာထည့်ကာ ဆောင်သွားနိုင်ပြီး နောက်ရက်တွေမှာ သင့်အပေါ် ရန်စ စော်ကားနှောင့်ယှက်မှုများ တတ်နိုင်ဆုံး ကင်းဝေးလာပါလိမ့်မယ်။





www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာရေးအတွက် အပြာရောင်ဖယောင်းတိုင်




ကိုယ့်သူငယ်ချင်း၊ မိတ်ဆွေ၊ ချစ်သူတို့နေထိုင်မကောင်းဖြစ်နေ
ပြီဆိုရင် ဒီနည်းနဲ့ စီရင်ပြီး ကောင်းမွန်အောင်လုပ်ဆောင်ပေးနိုင်ပါတယ်
အာဂန္တု အရှားအနာ၊ ကိုယ်လက်ကိုက်ခဲ၊ ခေါင်းအုံ၊ ခေါင်းကိုက်လော
သာမက ဒီ့ထက်မကလည်း စွမ်းနိုင်ပါတယ်။

လိုအပ်တာက အပြာရောင် ဖယောင်းတိုင်တစ်ချောင်း ဖြစ်ပါတယ်
အပြာရောင်ဖယောင်းတိုင်ရပြီဆိုရင် အဲဒီ ဖယောင်းတိုင်အပေါ်မှာ နေထို
မကောင်းဖြစ်နေသူရဲ့နာမည်ကို အောက်ခြေကနေအပေါ်ကို အစဉ်လို
ရေးသွားပါမယ်။ ရေးပြီးသွားရင် အဲဒီဖယောင်းတိုင်ကို လူတစ်ယောက်
သဘောထားပြီး သူဖြစ်နေတဲ့နေရာဟာ ခြေထောက်ဆိုရင် ဖယောင်းတို
အောက်ခြေ၊ ဦးခေါင်းဆို ဖယောင်းတိုင်ရဲ့ထိပ်ပိုင်းတို့ကို အပ်နဲ့ထိုးဖော
လိုက်ပါ။ ပြီးရင် ကိုယ်အစီအရင်လုပ်တဲ့ စားပွဲပေါ်မှာ ထွန်းညှိထားလိုက်

မီးစာဟာ အပ်ဖောက်ထားတဲ့နေရာကို လောင်ကျွမ်းနေတဲ့အခ
မှာ ကိုယ့်စိတ်ထဲကနေ မကျန်းမာသူရဲ့ဝေဒနာတွေဟာ ဒီနေရာကနေ
ထွက်သွားပြီဆိုတာကို ယုံယုံကြည်ကြည်နဲ့ အာရုံပြုပေးရပါမယ်။ ဖယော
တိုင်အရည်ပျော်သွားသည်အထိ လုပ်ဆောင်ရပါမယ်။ ဒါဟာ ရိုးရာနည်
တွေထဲက အကောင်းဆုံးကျန်းမာရေးစီရင်နည်းတစ်ခုဖြစ်ပါတယ်။





# မီးခိုးရောင်

# လောကီပညာရပ်(၁၅)

www.burmeseclassic.com

www.burmeseclassic.com



## မီးခိုးရောင် လောကီပညာရပ်(၁၅)



မီးခိုးရောင် လောကီပညာ(၁၅)မှာ အစီအရင်လုပ်ဆောင်ဖို့ ကောင်းမွန်တဲ့ ဖယောင်းတိုင်အရောင်များရဲ့အစွမ်းသတ္တိထူးကို သိရှိစေဖို့နဲ့ ကိုယ့်ရဲ့စိတ်စွမ်းအင်ကိုပေါင်းစပ်ကာ စကြာဝဠာအတွင်း လိုရာရတောင်းနိုင်တဲ့အကြောင်းကို ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်၊

ဆယ်စုနှစ်အဆက်ဆက် ကိုယ့်ရဲ့လိုအင်ဆန္ဒများပြည့်ဝစေဖို့ ဖယောင်းတိုင်ထွန်းညှိခြင်း အစီအရင်များ ရှိခဲ့ပါတယ်။ ဖယောင်းတိုင်ကို မီးညှိလိုက်ပြီး မျက်လုံးကိုမှိတ်ကာ မိမိဖြစ်ချင်သောဆန္ဒများ (သို့မဟုတ်) ကျိန်စာတိုက်လိုသော၊ ဖြစ်စေလိုသောကိစ္စများကို ကေန်အမှန်စစ်စစ်ဖြစ်လာရမယ်လို့ မျက်စိထဲမှာ ထင်မြင်လာအောင်စိတ်ဆန္ဒပြုပြီး ရွတ်ဖတ်တောင်းဆိုနိုင်ပါတယ်၊

ဖယောင်းတိုင်ထွန်းညှိရာမှာ ကိုယ်လိုအပ်တာတစ်ခု(သို့မဟုတ်) ပေါ်ထွက်လာစေလိုတဲ့အဖြေကို မျက်စိထဲမှာမြင်နိုင်အောင် စူးစိုက်နိုင်တဲ့ စိတ်အားထက်သန်မှု ရှိနေရပါမယ်၊

ဖယောင်းတိုင်ကို အစအဆုံး မီးစာကုန်သည်အထိ ထွန်းညှိခြင်း၊







ကျိန်ဆိုခြင်း(သို့မဟုတ်) လိုရာဆန္ဒကို ပန်ရှုယ်ခြင်းဟာ အလွယ်ကူဆုံး အစီအရင်ဖြစ်ပြီး မိမိရဲ့ယုံကြည်စိတ်ထားနဲ့ မှန်မှန်ဘန်ကန်ဆောင်ရွက်နိုင်ခြင်းတို့အပေါ်မှာ မူတည်ပြီး အောင်မြင်မှုမှန် ရရှိစေမှာဖြစ်ပါတယ်၊

အရင်ဆုံး ဖယောင်းတိုင်တစ်တိုင်စီရဲ့ထူးခြားကွဲပြားတဲ့ အရောင်တွေဟာ တစ်မျိုးချင်းစီ ထူးခြားတဲ့ ဝိသေသ Symbol များရှိကြောင်းသိထားနိုင်ဖို့အတွက် ဖော်ပြပါမယ်၊

(၁) အဖြူရောင် ဖယောင်းတိုင်

အဖြူရောင်ဖယောင်းတိုင်ဟာ မှန်ကန်ဖြောင့်မတ်ခြင်း၊ သန့်စင်ခြင်းတို့ကို ကိုယ်စားပြုပါတယ်။ ကိုယ့်ဘက်က မှန်ကန်သန့်ရှင်းသောကိစ္စများမှာ ထွန်းညှိပြီး တိုင်တည်ကာ စီရင်တောင်းဆိုနိုင်ပါတယ်၊

(၂) အနီရောင် ဖယောင်းတိုင်

အနီရောင်ဖယောင်းတိုင်ရဲ့ကိုယ်စားပြုမှုကတော့ အချစ်၊ ကျန်းမာရေး၊ ဆန့်ကျင်ဘက်လိင်၊ စွမ်းအားကိစ္စရပ်တွေမှာ အများဆုံးအသုံးပြုကြပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com





(၃) အစိမ်းရောင် ဖယောင်းတိုင်

အစိမ်းရောင် ဖယောင်းတိုင်ကတော့ ငွေကြေး၊ ကံကောင်းခြင်း၊ မျိုးပွားနိုင်ခြင်းကိစ္စများနဲ့သက်ဆိုင်ပြီး ဒီလိုအစီအရင်များမှာ အစိမ်းရောင် ဖယောင်းတိုင်ကို အသုံးချရမယ်။

(၄) အမည်းရောင် ဖယောင်းတိုင်

အမည်းရောင်ဖယောင်းတိုင်ကတော့ မကောင်းသောအရာ၊ ပရလောကသားများကို ပင့်ဖိတ်ခြင်းစတဲ့ အစီအရင်များမှာ အများဆုံးသုံးစွဲကြပါတယ်။

(၅) အညိုရောင် ဖယောင်းတိုင်

အညိုရောင်က ညီမျှခြင်း၊ တုံ့ဆိုင်းခြင်းများနဲ့ သက်ဆိုင်ပြီး ကိုယ့်ရဲ့ လုပ်ငန်းတွေ တုံ့ဆိုင်းခြင်းများ ရှိလာတဲ့အခါမျိုးမှာ ထွန်းညှိစီရင်နိုင်ပါတယ်။

(၆) ပန်းရောင် ဖယောင်းတိုင်

ပန်းရောင် ဖယောင်းတိုင်ကတော့ အချစ်၊ ထာဝရတည်မြဲခြင်း၊ ဂုဏ်ပြုခြင်းတို့ကို ကိုယ်စားပြုပြီး အချစ်အတွက် အစီအရင်များ၊ ကောင်းချီးပေးလိုတဲ့၊ အိမ်မက်ပေးလိုတဲ့ ကိစ္စရပ်တွေမှာ အသုံးပြုပါတယ်။







(၇) ခရမ်းရောင် ဖယောင်းတိုင်

ခရမ်းရောင်ကတော့ ပါဝါ၊ လုပ်ငန်းတိုးတက်ခြင်း၊ ရည်မှန်းချက်စတဲ့ကိစ္စများနဲ့သက်ဆိုင်ပြီး ဒါတွေနဲ့ ပတ်သက်တဲ့အရာများမှာ အများဆုံး စီရင်အသုံးချကြပါတယ်။

(၈) လိမ္မော်ရောင် ဖယောင်းတိုင်

လိမ္မော်ရောင် ဖယောင်းတိုင်ကတော့ ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊ ပန်းတိုင်များနဲ့ သက်ဆိုင်ပြီး ကိုယ့်အတွက် သက်ဆိုင်တဲ့အရာများမှာ အသုံးပြုနိုင်ပါတယ်။

(၉) စိမ်းဝါရောင် ဖယောင်းတိုင်

မနာလိုခြင်း၊ ဖေါသအမျက်ထွက်ခြင်း၊ သဝန်တိုခြင်းများနဲ့ သက်ဆိုင်ပြီး ဒီလိုကိစ္စရပ်များမှာ အသုံးချနိုင်ပါတယ်။

(၁၀) မီးခိုးရောင် ဖယောင်းတိုင်

ညီမျှခြင်း၊ ငြိမ်သက်ခြင်း၊ အဆိုးမြင်ခြင်းတို့မှာ သုံးနိုင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com





(၁၁) အပြာရောင် ဖယောင်းတိုင်

လိုက်လျောညီထွေရှိခြင်း၊ သည်းခံခြင်းနဲ့ ကျန်းမာရေးကိစ္စများမှာ စီရင်အသုံးချနိုင်ပါတယ်။

(၁၂) အပြာရင့် ဖယောင်းတိုင်

စိတ်ဓာတ်ကျခြင်း၊ ပြောင်းလဲလွယ်ခြင်းတို့ကို ကိုယ်စားပြုပြီး အဲဒီအချိန်များမှာ စီရင်သုံးစွဲနိုင်ပါတယ်။

ပထမဆုံးအနေနဲ့ ဖယောင်းတိုင်ကို ထွန်းညှိတော့မယ်ဆိုရင် ကိုယ်ထွန်းလိုတဲ့ ဖယောင်းတိုင်နဲ့ ကိုယ့်ရဲ့လိုအပ်နေတဲ့ဆန္ဒတို့ဟာ တစ်ထပ်တည်းကျဖို့ လိုအပ်ပါတယ်။

ကိုယ်ထွန်းညှိမယ့် ဖယောင်းတိုင်ရပြီဆိုရင် ဖယောင်းတိုင်ကို မဆစ်ဆီ (ဈေးမဆစ်ဘဲ ဝယ်ထားတဲ့ဆီ)နဲ့ ဆီလူးပေးရမှာ ဖြစ်ပါတယ်။ သံလွင်ဆီကတော့ အကောင်းဆုံးဖြစ်ပါတယ်။

လုပ်ဆောင်ရမှာကတော့ အရင်ဆုံး ဖယောင်းတိုင်ရဲ့အလယ်ဗဟိုက စတင်ပြီး အစွန်းနစ်ဖက်ရောက်သည်အထိ သံလွင်ဆီနဲ့ ပွတ်သပ်ပေးပါ။

ဖယောင်းတိုင်ကို ဆီလူးနေတဲ့အချိန်မှာ ကိုယ်လိုချင်တဲ့ဆန္ဒကို စိတ်ထဲမှာ မြင်လာ၊ ပေါ်လာသည်အထိ တွေးတောပေးနေရပါမယ်။ ပြီးရင် ကိုယ့်ရဲ့လောကီပညာလုပ်ဆောင်တဲ့ စားပွဲပေါ်မှာ ဖယောင်း တိုင်ကို ထွန်းညှိလိုက်ပါ။



ကိုယ့်ရဲ့ကျိန်စာ (သို့မဟုတ်) ဖြစ်စေချင်တဲ့ ဆန္ဒကို ရွတ်ဖတ်ပါ။ ဒါမှမဟုတ်၊ မိမိ ရွတ်ဖတ်လိုတဲ့ ဂါထာမန္တန်ကို ပီပီသသရွတ်ဖတ်ပါ။

ကျိန့်တွယ်ဖို့ ရွတ်ဆိုဖို့အတွက် စကား ကြီးကြီးကျယ်ကျယ်တွေ၊ ကိုယ်ကိုယ်တိုင်အသံထွက်ရမှန်းမသိတဲ့ စကားလုံးတွေကို အလွတ် ကျက်မှတ်နေဖို့ မလိုပါဘူး။

ကိုယ့်ရဲ့ကျိန်စာ၊ ကိုယ့်လိုရာဆန္ဒအတွက် တောင်းဆိုမှုတွေကို ကိုယ့်ရင်ထဲကနေ ပီပီပြင်ပြင်နဲ့စစ်မှန်စွာပေါ်ပေါက်လာတဲ့ ကိုယ့်ရဲ့ကိုယ်ပိုင်စကားလုံးနဲ့ ရွတ်ဖတ်နိုင်ပါတယ်။

စိတ်အားပြင်းပြင်းနဲ့ ရွတ်ဆိုရမယ့်အကြောင်းအရာမျိုးဆိုရင် အသံအားပြင်းပြင်းနဲ့ ရွတ်ဆိုမယ်၊ ဒါမှမဟုတ် နူးညံ့သိမ်မွေ့စွာ တောင်းဆိုရမယ့်အရာမျိုးတွေကျရင်လည်း ညင်ညင်သာသာ ပြောဆိုပါမယ်။

ပြီးတော့ ကိုယ်လိုချင်တဲ့အရာကို မျက်စိထဲမြင်လာအောင် လုပ်ရပါမယ်။ စိတ်စွမ်းအားအပြည့်၊ ထက်သန်မှုအပြည့်နဲ့သာ လုပ်ဆောင်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့စိတ်စွမ်းအင်လှိုင်းများဟာ စကြာဝဠာထဲရောက်ရှိပြီး အကောင်အထည်အဖြစ် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

အထူးသိရှိထားရမှာကတော့ ဒါဟာ ဘုရားစင်မှာ ဖယောင်းတိုင်ထွန်းညှိပူဇော် ဆုတောင်းခြင်းမျိုးမဟုတ်ဘဲ ဖယောင်းတိုင်ရဲ့အရောင်စွမ်းအင်၊ ကိုယ့်ရဲ့ထက်သန်ဖြစ်ပေါ်လိုတဲ့ စိတ်စွမ်းအင်နဲ့ စကြာဝဠာရဲ့စွမ်းအင်တို့ ပေါင်းစပ်ပြီး တောင်းဆိုရယူတာဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



# မာယာမိုးညို..

လူရှိန်အောင်

ထိတ်လန့်စဖွယ်ကောင်းသော..။သနားစဖွယ်ကောင်းသော..။
အံ့ဩစဖွယ်ကောင်းသော..။မာယာမိုးညို ဇာတ်လမ်းကြီး..။



www.burmeseclassic.com

www.burmeseclassic.com





ညဆိုသော ညသည် မှောင်တောင်တောင်နှင့် ဂရောင်ဖတ်ကာ၊ အမှောင်ဇာတ်ကို ကနေလေပြီတကား။ မစို့မပို့ဖြာကျနေသော ကမ္ဘိကနီလရောင်သည် ညမဲမဲကြီးကို ပတ်ရွှဲနစ်ရွှဲလုပ်ဖို့ လမ်းကြောင်း ရှာနေလေပြီ။ ရှိုးမရဲ့တောလမ်းတစ်နေရာမှာ ဆိုပါတော့ ..။

"ဒက်...ဒက်...ဒက်"

ဝိုးစိုးပက်စက် ပစ်ဖောက်နေသော ဖြောက် (သေနတ်) သံများ။

"ဝုတ်...ဝုတ်...ဝုတ်"

ကကြိုးကကြောင် ဆိုးဟောင်နေသော ခွေးအာရောင်သံများ ပွက်ပွက်ကယ် ညံလို့..။

"လိုက်... လိုက်ဟေ့"

"မိရင်တော့လား၊ ကွာ..."

"မလွှတ်စေနဲ့ ကွ..."

"လိုက်...လိုက်...ဟေး"

အားကောင်းမောင်းသံ၊ ကြွက်ကြွက်ညံတို့၏ ဒေါမာန်တက်နေသော အော်သံဟစ်သံများ..။

"ဟောဟဲ...ဟောဟဲ"

အသက်လုပြေးရင်း မျက်လုံးတွေပြာတာတာ ဖြစ်လာတယ်။ အမောဖောက်ကာ လျှာခေါက်လာတယ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ တောင်ပိုင်ဘိုးဘိုးကြီးတွေ ကြည့်ကောင်းလို့ ကြည့်နေကြတာလား။ ငတိုပဲ ခေါ်ခေါ်၊ စောရပဲ ဆိုဆို၊ သူနီးပဲ ပြောပြော၊ မိုးညိုတို့က မငြိုငြင်ပါဘူး။ ငိုချင်တာပဲ သိတယ်၊ အမုန်းပြေးနေရတာကို။ ဘေးထွက်ဆိုးကျိုးပေးမည့် သေမင်းငင်သံတို့က ကပ်ပါလာဆဲ။ စိတ်မကုန်နိုင်ကြသေး။

"ပြေး...ပြေး"





"လွတ်အောင် ပြေး.."

ကိုယ့်ဘာသာကိုယ်အားပေးကာ၊ မိုးညို ဆက်ပြေးသည်။ နောက်ကြောင်း ပြန်မလှည့်စတမ်းပေါ့။

"ဒက်...ဒက်..."

လက်ကညော့ကာ ပစ်ခတ်နေသော သေမင်းခေါ်သံ ကျည်ဆံတွေ ... ဝလုကယ်ပျံလို့၊ သောကပါပဲ၊ မိုးညို ဒူးတွေ ခွေခေါက်လာတယ်၊ ဆက် ...နေလျှင် အကြောင်းကောင်းမှာ မဟုတ်၊ မိသွားလို့ကတော့ ဖွတ်ဖွတ် ...တ်ညက်ကြေကာ သူတို့လက်ထဲမှာ ဖွတ်ကနဲ အသက်ထွက်သွားမှာ၊

အဲ့တာကြောင့် ပေါ့၊ မိုးညို ဆက်သွန်ပါတယ်၊

"ဟယ်.."

မိုးညို ပြာလောင်ခတ်သွားပါတယ်၊ ရှေ့မှာ ချောက်ကမ်းပါးအနက် ...း ပြုတ်ကျသွားလျှင် အရိုးသပ်သပ်၊ အသားသပ်သပ်နှင့် မာလကီးယား ...မှာ ..၊ သေလို့ ဗီး(လ်)ရှိမှာ မဟုတ်၊ အချိန်က ပိစိလေးပဲ ရှိတော့တာ၊ ...ကြားက ဓားမြှောင်ကိုထုတ်၊ ကမ်းပါးအစပ်တွင် ရပ်ကာ၊ လက်မောင်းကို ...မြှောင်ဖြင့် -

"အား!.."

ထိုးချလိုက်သည်၊

သွေးများပေကျံနေသောဓားမြှောင်ကို ချောက်ကမ်းပါးအစပ်တွင် ...ားလိုက်သည်။ နောက်ဘက်သို့ ပြန်ဆုတ်ကာ သစ်ပင်ကြီးပေါ်ပြေးတက် ...ည်။ ထိပ်ဆုံးသို့ရောက်အောင် တက်သည်။ သစ်ရွက်တွေကြားမှာ ပုန်းနေ ...တ်သည်။

"အိုးကေ.."

အောက်ကကြည့်လျှင် မြင်နိုင်မှာ မဟုတ်၊ ရသမျှ ဘုရားစာတွေ ...ရွတ်၊ အသံတိတ်၊ ကွက်တိပါပဲ၊

"ဝုတ်...ဝုတ်...ဝုတ်"

မီးတုတ်ကိုယ်စီနှင့် လူအုပ် သုတ်ကနဲ ရောက်လာပြီး -

"ဟာ..သွေးတွေ"

"ဒီ..ဒီမှာ ဓားမြှောင်.."



www.burmeseclassic.com

www.burmeseclassic.com



မိုးညို သစ်ရွက်အကြိုအကြားမှ ငုံ့ကြည့်သည်။ မီးရောင်တို့သည် ယိမ်းကလျက်။

“မလွတ်မှန်းသိလို့ သတ်သေသွားတာ ..”

“အရှိန်လွန်ပြီး ကာလနာတိုက်သွားတာ ..”

“သူ့ရိုးစုတ် မမိလိုက်တာ နာသကွာ ..”

တစ်ယောက်တစ်ပေါက်၊ ပေါက်ပေါက်ဖောက်နေကြတာ ..။

“ဒိုင်း ... ဒိုင်း ... ဒက် ... ဒက်”

ကျည်ဆံတွေ ပျံတက်လာတယ်။ သစ်ရွက်၊ သစ်ခက်တွေ ရင် ပြတ်သတ်ကုန်တယ်။ မိုးမွှန်အောင်ဆဲဆိုကာ လူအုပ်သည် အဝေးသို့ သုတ်လေပြီတကား ..။ မိုးညို ကိုယ်စိတ်နှစ်ပါး သဟဇာတဖြစ်သွားပြီ အသက်ထွက်စရာ မလိုတော့ဘူးလေ။ သစ်ပင်ပေါ်မှ ဆင်းရန်ပြင်သည်

“ဟင်! ..”

မျက်လုံးထဲမှာ လက်ကနဲ၊ သစ်ရွက်တွေကို ဖယ်ကာကြည့်တယ်

“ဟယ်! ..”

ခပ်လှမ်းလှမ်း၊ မြေနိမ့်ချိုင့်ဝှမ်းမှာ မီးရောင်တွေ လက်လက်ထ ရွာလား၊ ဘုရားပွဲလား ဆိုင်းသံဗုံသံများ ကြားရသည်။ မိုးညို ပျော်တော်ဆ ဖြစ်သွားတယ်၊ လူရှိရင် ဝါးတီးရှိမယ်လေ၊ ပုန်းမကြောင်တော့ဘူးပေါ့။ အ ကောက်ဖို့ သောကရောက်စရာ မလိုတော့ဘူးလေ။

မိုးညို သစ်ပင်ပေါ်မှ ဆင်းသည်၊ သောကပါလား၊ လက်လက် နေတဲ့ မီးရောင်တွေ မမြင်ရတော့လို့ပါ။ သစ်ပင်တောအုပ်တွေနဲ့ ကွယ်သွ နိုင်တာပဲ၊ သို့ပေမယ့် မိုးညိုတွေးသည်၊ ဝါဝါးဆွဲဖို့ အဓိကလေ၊ နောက် ကြုံသလိုပေါ့။

လဖြစ်ရှုံးသော လသည် မစို့မပို့ကလေး ဖြာလို့၊ ဝိုးတဝါးလရော ကို အဖော်ပြုကာ၊ တောင်ခါးပန်း လမ်းယောင်ယောင်ကလေးအတိုင်း ဆ လာခဲ့သည်၊ နှင်းမှုန် နှင်းစက်တို့သည် ပက်ပက်စက်စက် ဖြာကျနေ ကျောက်စရစ်ပွန်းသော စမ်းချောင်းတိမ်တိမ်လေးများကို ဖြတ်လျှောက်လ ခဲ့သည်၊ ခင်တန်းလွန်သည်နှင့် မြက်ရိုင်းလွင်ပြင်ကျယ်ကြီးကို ဘွားကနဲ လိုက်ရသည်။





ဟိုမှာဘက်မှာတော့ တောအုပ်ကြီး၊ ငွေလမင်းကား တိမ်မဲညို အကြိုအကြားတွင် ဝင်စို့ထွက်စို့ လုပ်ကောင်းဆဲ၊ တောအုပ်လွန်တော့ ..

“ဟာ! ..”

ရွာ မဟုတ်၊ ဘုရားပွဲ မဟုတ်၊ လှည်းဝိုင်းကြီး ..။ မီးတုတ်တွေ ထွန်းထားသဖြင့် လင်းထိန်နေ၏၊ မိုးညိုရဲ့ရင်ခုန်သံတွေ ဗိုးသိုးဖက်သတ် ညံလို့ ..။ အမှောင်ကိုအားပြုကာ လှည်းဝိုင်းအစွန်သို့ တိုးကပ်လာခဲ့သည်၊

အဲ့မှာပဲ -

“... × ... × ... × ...”

“... × ... × ... × ...”

နန်းဝတ်နန်းစားနှင့် မိန်းမတစ်ယောက်၊ ဂစ်တာတစ်လက်နဲ့ ပွဲ(စ်) အချိုးမျိုးနဲ့ ရိုတ်နေတာ၊ ခက်တော့ ခက်နေပြီ ဆိုသလိုပါပဲ၊ ဟစ်နေတဲ့ သီချင်းက အင်းဂလိပ်သီချင်း၊ အသွက် ..။

စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲမှုကြောင့် သူမ၏ဆံနွယ်စတို့သည် လေဝယ် လူးလွန့်နေ၏၊ ဝတ်ထားတဲ့အဝတ်အစားနှင့် ဟစ်နေတဲ့သီချင်းက ဘယ်လိုမှ လမိုင်းမကာပ်၊ ဒါပေမယ့် လက်ကုန်ဖြစ်လို့ နားထောင်၍ ကောင်း သည်၊ မိုးညိုနား ဇီး(လ်)တက်သွားသည်။

ဆတ်စလူးခါတွန့်နေသော အစာကောက်ချင်စိတ်တွေ လေဖြတ် သွားပြီ၊ သူမ မောသွားဟန်တူ၏၊ ဂစ်တာကို သစ်ပင်တွင်မှီကာ၊ သစ်မြစ် ဆုံတွင်ထိုင်လျက် အမောဖြေနေသည်၊ ပိုးစုန်းကြူးကလေးများသည် ဝဲပျံ ထျက်၊ လေကညော့သဖြင့် တောပန်းတို့ရနံ့သည် ဖျော့ဖျော့ကလေး မွှေးကြိုင် နေ၏၊ ကျောခိုင်းထားသော သူမအနားသို့ မိုးညို တိုးကပ်လာခဲ့သည်၊ ခြေသံ ဖွဖွလေး၊ သူ့ရိုးခြေလှမ်းနဲ့ပေါ့။

“ဖျောက် × ...”

သစ်ကိုင်းခြောက်ကို တက်နင်းမိတာ၊

“ဟင်! ..”

သူမ အလန့်တကြား လှည့်ကြည့်တယ်၊ မိုးညိုက ဗိုသီဗလ်သီ ချော်နာလေးနဲ့ ..



www.burmeseclassic.com

www.burmeseclassic.com





"လူ..လူပါခင်ဗျ.."

ကိုယ်ထူကိုယ်ထ မိတ်ဆက်လိုက်သည်၊ သူမက ကျွတ်ကျွတ်အိတ်ကြွက်ကျွတ်ကျွတ်၊ သူမရဲ့အစုံ အထာမပြ၊

"လမ်းမှားလာတာ ထင်တယ်.."

အေးရာအေးကြောင်းပါဆို၊

အသံလည်း လှသလို၊ လှုကလည်း မိုက်ပါဘိ၊ နန်းဝတ်နန်းစားနှင့် သူမသည် ငါးရှိ ကိုယ်လုံး၊ ဂစ်တာရှိတ်၊ သူမရဲ့အဖုအထစ် အမို့အမောက်၊ အစွင့်အကားတို့သည် သူ့နေရာနှင့်သူ ကွက်တိ၊ ဂစ်တာကို ပိုက်ထားသော ဂစ်တာရှိတ်နှင့် မိန်းမချောသည် မှုမှုကလေးပြုံးကာ မိုးညိုရှိရာလာပြီး -

"ဗိုက်ဆာလို့လား.."

"ငင်!.."

မိုးညို ဂေါက်တောက်တောက်ကို ဖြစ်သွားတာ၊ စိတ်က သိပ်မနိုင်ချင်တော့၊ ဘတ်လဘိုင်လိုက်ချင်လာသည်၊ လရောင်ပြပြ၊ မီးရောင်ဖက်စ်မှာ သူမရဲ့လှသောမျက်နှာကို ပေါ်တင်ကြီး မြင်လိုက်ရတာကိုး၊

စွတ်စက်လှတဲ့ မိန်းမ၊ သူမ ရဲ့အလှကို တမဖွဲ့နိုင်တော့၊ စကားလုံးတွေ ကာလနာတိုက်ကုန်ပြီလေ၊ အဲ့လောက်လှတဲ့ မိန်းမပါဆိုနေ၊ မိုးညို အသိနှင့်သတိကို ထိန်းကာ -

"ဗိုက်...ဗိုက်ဆာလို့.."

စွတ်စက်လှသော သူမသည် မြင်သူတကာ "အာဘွား"ပေးချင်စိတ် နန့်နန့်တက်စေသော နှုတ်ခမ်းရဲရဲလေးကို မပွင့်တပွင့်ပြုံးပြီး -

"Wait a few minute . ."

ခဏစောင့် တဲ့၊ ဘိုလိုတုပ်သွားတာ၊ မကြာပါဘူး၊ စွတ်စက်လှတဲ့ သူမ ပြန်ရောက်လာပါတယ်၊ ထမင်းဇလုံကိုင်လို့..၊ သူမ တစ်ယောက်ထဲ မဟုတ်ဘူး၊ နှုတ်ခမ်းမွေးကားကား၊ ဗလတောင့်တောင့်နဲ့ လူကြီးတစ်ယောက် ကပ်ပါလာသည်၊ လူကြီးက -

"ဗိုက်ဆာလို့ ဆို.."





"ဟုတ်"

"စားလေကွာ.."

မိုးညို ထမင်းဇလုံကိုယူတယ်၊ သစ်ပင်အောက်မှာ ထိုင်စားတယ်၊ ဟင်းတွေမှန်းတော့ မသိဘူး၊ ပူပူနွေးနွေးဆိုတော့ စားကောင်းပါတယ်၊ ကြီး လှည်းဝိုင်းဘက် ပြန်ထွက်သွားပါတယ်၊ စွတ်စက်လှသော သူမက ခစ်ခစ်ရယ်ကာ -

"ဖြည်းဖြည်းစား..စားပိုးနင်လို့ ရှောသွားဦးမယ်"

ပြီးတော့ ဘူးသီးခြောက်ကိုပေးသည်၊ မိုးညို ရေကိုအငမ်းမရ သောက်တယ်၊ အစာကောက်ချွဝသွားသော အထာဖြင့် ဂေ့ကနဲ လေချဉ်တက်သည်၊

"ကျေးဇူးပျာ..."

စကားလုံးမှဲ့ စွတ်စက်လှသော ဂစ်တာရှိတ်သူမက -

"ခစ်...ခစ်"

ရယ်ကာ -

"ဖွာဦးမလား.."

စီးကရက်ဘူးကို ပေးသည်၊

"ခံတွင်းချဉ်နေတာနဲ့ ကွက်တိ"

မီးတုတ်တွင် မီးတို့ကာ ဖွာရှိုက်သည်၊ လှည်းဝိုင်းဘက်သို့ ဒိုင်နို လေး ဖမ်းရှိုးလိုက်သည်၊ လူတွေ အိပ်ပျော်နေကြ၏၊ စောင်တွေခြုံလို့ သောက်သံပေးလို့၊ ကပေါက်တိကပေါက်ချာ နင်းကျသံတဖြောက်ဖြောက် သည် အတောမသတ်တော့၊ ညဟာ ညကြီးမင်းကြီးစတိုင်ဖြင့် ခမ်းနားနေဆဲ၊

"အု...အူ...အူး"

ဆွဲဆွဲငင်ငင်အူလိုက်သော တောခွေးတို့၏အာရောင်မှုကြောင့် မိုးညို ကျောချမ်းထဲစိမ့်သွားသည်၊ ကြောက်စလူးခါသွားတာပါ၊ သောကပါပဲ၊ ရွာ လူကြီးသူမတွေရဲ့ပုံတမ်းစကားပုံပြင်တွေကို ဘတ်ကနဲ သတိ ရမိတာကိုး၊

တစ္ဆေ၊ သရဲ၊ နာနာဘာဝ၊ ကျတ်ပုံပြင်တွေပေါ့၊

"ယုံလို့တော့ ဟုတ်ဘူးနော်...မေးကြည့်ချင်တယ်"

"မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ကျွတ်တွေလားလို့ .."

ပေါ်တင်ကြီးကို မေးတာ၊ စွတ်စက်လှသော သူမသည် မငြိုငြင်၊ လွှင်လွှင်ကလေး ရယ်ကာ -

"တောကြီးမျက်မဲထဲမှာ ဒီလိုအဝတ်အစားတွေနဲ့ဆိုတော့ ထင်မှာပဲလေ .. ရှင်တောင် သတ္တိကောင်းလို့ ထွက်မပြေးတာ"

"ဇာတ်ဆရာအရှုံးက .."

"ဇာတ်ဆရာ .."

"ဟုတ်တယ် .. ကျွန်မတို့က ဇာတ်အဖွဲ့လေ၊ ဟိုဘက်တောင်ခြေမှာရှိတဲ့ရွာမှာ ဇာတ်ကမလို့၊ တောင်ကျရေတွေကျနေတာနဲ့ ဒီမှာသောင်တင်နေတာရှင့်"

စွတ်စက်လှသောသူမက လှည်းဝိုင်းဘက်ငေးကာ -

"လှည်းပေါ်က သေတ္တာတွေ မြင်လား ..၊ ဇာတ်သေတ္တာတွေပေါ့"

မိုးညိုက စွတ်စက်လှတဲ့ သူမရဲ့မျက်နှာကို ငေးရင်း -

"ဝတ်တော့ နန်းဝတ်နန်းစား ... တီးတော့ ဂစ်တာ ... ဆိုတော့ အင်းဂလိတ်သီချင်း ... မြင်ရ ကြားရတာ ဟတ်ကော့ကြီး .."

ပြောပြီးပြီးနော်၊ စွတ်စက်လှသော သူမက ရယ်ရင်လည်း မိုက်ပါတယ်ဆို၊

"ခစ် .. ခစ် .. ဇာတ်ဆရာက အရှုံးပါဆို"

"အာ .. ဇာတ်ဆရာက ဂေါက်သီး ... ဟုတ်လား"

ဂစ်တာရှိတ်၊ စွတ်စက်ချော သူမရဲ့မျက်စောင်းသည် မိုးညိုရဲ့ဟတ်ကို လာမှန်သည်၊

"အနုပညာနဲ့ပတ်သက်လာရင် ရှုံးသွပ်တာလေ၊ လေ့ကျင့်တာတောင် တကယ်ကသလို၊ လေ့ကျင့်နိုင်းတာ ရှင်းပလား"

မိုးညို ဝါးကနဲသမ်းတယ်၊ ထမင်းဆိပ်တက်ပြီး ကျိုးရျင်ပြီပေါ့၊

"ယုံလိုက်ပြီ ဗျာ .."

မိုးလင်းဖို့ လိုသေးသည်၊ သစ်ပင်ရင်းမှာ နပ်ဖို့ဆုံးဖြတ်လိုက်တယ်၊

"ကောကျိုးမယ် ဗျာ ... ဝါး"

အိပ်ပျော်သွားတယ်၊ အိပ်မက်တွေတောင် မက်လို့၊ အိပ်မက်ထဲမှာ





မှ မိုးညိုက ရှေ့တိုက်စိုး ဖြစ်နေတယ်၊ မောင်းမအလန်းလေးတွေနဲ့ပေါ့၊ အဲ့မှာပဲ -

"အစ်ကို ... အစ်ကို"

လှုပ်နှိုးသံကြောင့် မိုးညို လန့်နိုးသွားတယ်၊

"ဟင် ... မင်း ... မင်း"

စွတ်စက်လှတဲ့ သူမ၊ နန်းဝတ်နန်းစားနဲ့ မဟုတ်တော့၊ အရပ်ဝတ်အရပ်စားနဲ့၊ ဘာပဲဝတ်ဝတ် ချောစမောတာပါပဲ၊

"ဘာလဲ ဟင်! .."

စွတ်စက်လှ၊ ချောစမောသူမက မျက်နှာအနှမ်းလေးဖြင့် -

"ညီမကို နိုးပြေးပါလား .."

"ညင် .."

လာပြန်ပြီ၊ မိုးညိုရဲ့ရင်ခုန်သံတွေ ဒိန်းကနဲ၊ သူ့ခိုးကို မိန်းမ နိုးခိုင်းနေတာကိုး၊ ရင်ခုန်တာပေါ့နော့၊ စွတ်စက်လှ၊ ချောစမောသူမက ပတ်ဝန်းကျင်ကို ဖမ်းရှိုးကာ -

"ဇာတ်ဆရာက အရှုံး .. နောက်ထပ်ရှုံးတာ ရှိသေးတယ် ... အကျာရှုံး .. ညီမကို ခြေတော်တင်ဖို့ ကြိုးစားနေတာ ကြာပြီ၊ အဟင့် .."

ချောစမောသော သူမ ပုလဲလေးပြီး ပါးနှစ်ဖက်မှာ မျက်ရည်စတွေနဲ့ပေါ့၊

"ဒီလူယုတ်မာကြီးရဲ့လက်ထဲမှာ ညီမရဲ့ဘဝက ရေတိမ်နစ်တော့မှာ .. ကယ်တတ်သလို ကယ်ပါတော့ အစ်ကိုရယ် .. နော် .. အဟင့် .."

ဘာကြောင့်မှန်း မသိ၊ မိုးညို ဇီး(လ်)တွေ ဆောင့်ဆောင့်တက်လာပါတယ်၊ စွတ်စက်ချောစမောသော သူမက ကယ်ချင်စရာကြီးကို၊ မိန်းမတစ်ယောက် အဖတ်တင်တာပေါ့နော့၊

"အဲဒီ လူယုတ်မာကြီးရော .."

"သူ့မယားငယ်လေးနဲ့ အိပ်ပျော်နေပြီ"

မိုးညိုက သူမရဲ့လက်ကို ဗိုင်စိုးဗိုင်နင်းဆွဲကာ -


"လိုက်ရဲလား .."

"အရလား အစ်ကို .."



www.burmeseclassic.com

www.burmeseclassic.com

ကဲ.. မိုးညို မိန်းမ တစ်ယောက် အဖတ်တင်ပြီ။

အပုတ်ရှိန်၊ နွားရိုင်းသွင်းရှိန်၊ ညီအစ်ကို မသိတသိအရှိန်၊ သမီးနဲ့ အအေးများရှိန်၊ ပေရှည်ပါတယ်ဗျာ၊ မိုးချုပ်တော့မည်ဆိုရင် ပြီးတာပါပဲ၊ ဟုတ်ဘူးလား။

"အာခေါင်နီ" ကျေးရွာကလေးမှာပေါ့။ သူကြီးမင်း၏သမီးချောကလေး စာဥသည် အိမ်ရှေ့ခရေပင်ကြီးအောက်တွင် ပန်းကောက်နေ၏။

ပြီးတော့ ခရေမြစ်ဆုံကြီးပေါ်တွင်ထိုင်ကာ၊ ခရေပန်းလေးများကို သီကုံးနေလေ၏၊ အမှတ်တမဲ့ပါပဲ၊ စာဥရဲ့လှပဝိုင်းစက်သော မျက်ဝန်းလေးများသည် ရွာအပြင်တောင်တန်းဆီသို့ ဖက်ကနဲ ရောက်သွားပါတယ်။

"အယ်.."

"ဟယ်တော်.."

သီလက်စ ခရေပန်းကုံးလေး ဘုတ်ကနဲပြုတ်ကျသွားပါတယ်။

"ဘာကြီးလဲတော့.."

မျက်တောင်မခတ်စတမ်း ငေးရင်း -

"ဖေဖေ သူကြီးရေ... ဖေဖေသူကြီး.."

"ဘွားဘွားရေ... ဘွားဘွား.."

စွတ်စက်အော်တာ၊ အပျိုမဒန်းလေးဆိုပြီး ပဲများမနေပါဘူး။

"မီးလေး... ဘာဖစ်"

"ဥဥ.. ကင်းကိုက်တာလား ဟဲ့"

သူကြီးမင်း ဦးမာဒင်နှင့် ဘွားအေကြီးသည် နစ်ဆောင်ဖြိုင် အိမ်ကြီး၏ကျွန်းလှေကားအတိုင်း ပြေးဆင်းလာကြသည်၊ စာဥကလေးက ရွာအပြင်တောင်တန်းဆီသို့ -







"ဟို ...ဟိုမှာ"

လက်ညှိုးထိုးပြသည်၊

"ဟင်!.."

"ဟယ်!... ဘုရား.. ဘုရား"

သူကြီးမင်း ဦးမာဒင်နှင့် ဒေါ်ပန်းမှုန်တို့မှာ ပါးစပ်အဟောင်းသား၊ မဲမှောင်သော တောင်တန်းတစ်နေရာမှာ လင်းလက်တောက်ပနေတာကို။ ရောင်စုံမီးလုံးကလေးများသည် လွန့်လူးပ်ရှားနေလေ၏။ သေးရာမှ ကြီးသွားလိုက်၊ ကြီးရာမှ သေးသွားလိုက်နှင့် လှချင်တိုင်းလှနေတော့တာ၊ လေးထောင့်၊ လခြမ်း၊ စက်ဝိုင်းပုံစံမျိုးမျိုး၊ သူရင်းငှား ငထွားက -

"စုန်းမီးတောက်တာပါကွာ.."

ဆယ်အိမ်ခေါင်း ချက်ဖောင်းက -

"တိတ်စမ်းကွာ.."

ဟု ငေါက်လိုက်သဖြင့်နှစ်တောင်သား ဖက်ပုသွားသည်၊

"မီးလေး.."

"ရှန်.. ဖေကြီး"

"အိမ်ထဲဝင်တော့ကွယ်"

"ကြည့်လို့ကောင်းတယ် ဖေကြီးရဲ့... ရောင်စုံလက်လက်နဲ့"

"လာပါ မြေးရယ်.."

ဘွားအေကြီးက မြေးချောလေးကို ဆွဲခေါ်သွားသည်၊

စာဥ ကြည့်ကြည့် ကြည့်ကြည့်နှင့် ပါသွားသည်၊ အိမ်အပေါ်ထပ်ပြတင်းမှနေ၍ တောင်တန်းဘက်လှမ်းကြည့်သည်၊ ဘာမှမရှိတော့၊ မှောင်အတိ၊ ဆယ်အိမ်ခေါင်း ချက်ဖောင်းက -

"အဲတာ.. သူစိုးငမိုးရဲ့အိမ်နားမှာနော် ..၊ ငမိုး မူးမူးရူးရူးနဲ့ မီးရှို့နေတာ... အား... လား... လား"

သူကြီးမင်းက နားရင်းအုပ်ထည့်လိုက်တာကို၊ ချက်ဖောင်းခေါ်ကို ရှုတ်သွားကာ၊ သူကြီးမင်းက ဟောက်စားသံကြီးဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"ငမိုးက တောင်ထဲမှာလေ .."

"တောင်က ထွက်ပြေးလို့ရတယ်လေ ... သူကြီးရဲ့"

သူကြီးမင်း ဦးမာဒင်ဘာမှ မပြောတော့၊ မှောင်အတိဖြစ်နေသော တောင်တန်းဆီသို့ ငေးလို့၊

◉

လေပြေလက်တော့သဖြင့် စရေပန်းလေးတွေ ဖျော့ဖျော့ကလေး ကြွေနေပါတယ်၊

"ဖွား.."

"ဘာလဲ ဥဥရဲ့.."

စာဥကလေး မှိုင်းညို့ညို့တောင်တန်းများဘက် ငေးကာ -

"ညကလက်လက်လက်လက်နဲ့ မြင်ရတာတွေက ဘာတွေလဲ ဟင်! ... စုန်းမီးတောက်တာ ဆို"

ဘွားအေကြီးက စရေပွင့်ကလေးများကို သိရင်း -

"စုန်းမီးတောက်တာ မဟုတ်ပါဘူးကွယ်"

"ဒါဖြင့် .."

"ကျတ်မီးလို့ ခေါ်တယ်ကွဲ့"

"ကျတ် ... ဘာလဲ ... ဘာကျတ်လဲ ဖွား .."

ဝေလေလေ လေပြေမှာ စရေတွေ ကြွေနေဆဲ၊

"ကျတ်ဆိုတာ ပြိတ္တာတွေပေါ့ကွယ် ... ပြိတ္တာလေးမျိုးရှိတယ်ကွယ့်၊ မြေးလေး နားရှုပ်မှာစိုးလို့ အမျိုးအစားတွေကို မပြောတော့ဘူး၊ အဲဒီ ပြိတ္တာတွေကို အသေးစိပ်လိုက်ရင် (၁၂)မျိုးတောင် ရှိတာကွယ့်"

စာဥကလေး ဝဲကျလာသောစရေပန်းကို ဖမ်းတယ်၊ မမိပါ၊ စရေပန်းလေး လွတ်ထွက်သွားပါတယ်၊

"အဲဒီကျတ်က ဘာပြိတ္တာလဲ ဟင် ! ... ဖွား"

"မဟိန္ဒိကပြိတ္တာအမျိုးအစားထဲမှာပါတာလို့ ပြောရင်ရတယ်ကွယ့်"

စာဥကလေးက သီပြီးသားစရေပန်းကုံးလေးကို ငှက်ပျောဖက်ပေါ်တွင် အသာအယာတင်သည်၊





"ကမ္ဘာဇနီတန်ခိုးအသင့်အသင့်ရှိကြတယ်ကွဲ့၊ ဒါကြောင့် ကျတ်တွေဟာ မြို့တွေ၊ ရွာတွေ၊ ပွဲလန်းသဘင်တွေ ဖန်ဆင်းပြနိုင်ကြတယ်လေ"

အဘွားက သူသိသမျှကို ရှင်းပြသည်၊

"ဒါဆို မနေ့ညက မြင်ရတဲ့ မီးရောင်တွေက .."

"ကျတ်မီးပေါ့ကွယ် ..၊ သူတို့တွေ ပျော်လို့ မြူးထူးတော့ကစားတာကို မှတ်လိုက်ပေါ့ မြေးရယ် ..၊ အများကြီး မတွေးနဲ့ ခေါင်းရှုပ်တယ်ကွဲ့"

"ဟုတ် ... ဖွား"

ဒါပေမယ့်ပေါ့၊ စာဥကလေး တွေးနေဆဲ၊ မျက်လုံးကလေးက အကြောင်ပေကြောင်နဲ့၊

◉

နင်းတွေက အပျော်တမ်းဝေနေတာ မဟုတ်ဘူး၊ မတော်မနမ်းနမ်းတန်ဝေနေတာ၊ သူကြီးမင်းတို့ မိသားစု မအိပ်နိုင်ကြသေးဘူး၊ သောက်ချမ်းအေးတာကိုး၊

အိမ်ရှေ့မှာ ကောက်ညှင်းပေါင်းစားရင်း မီးလှုံနေကြတာ၊ တောင်ကြီးတွေ ခြုံလို့၊ အဲ့မှာပဲ -

"သူကြီး ... သူကြီး"

လူတစ်ယောက် ငေါက်ကနဲ ဝင်လာပါတယ်၊

"ဟင် ... မင်း ... မင်း"

"ဟယ် ... ကိုကိုမိုးညို"

စာဥကလေးရဲ့ရင်ခုန်သံတွေ ပလုံ ပလုံ ညံသွားပါတယ်၊ မိုးညိုဟာ တော့ဆိုပေမယ့်ရုပ်ကချော့တယ်၊ စော်ကြည်ဘဲရုပ်၊ စာဥကလေးတို့ ထွန်းနှင်လူးတဲ့ရုပ်ပေါ့၊ သူကြီးမင်းက မိုးညိုကို မသင်္ကာကြည့်ကြည့်ရင်း -

"တောင်ဖောက်ပြေးလာတာလား ကွ .. ဟေ"

"ကြည့် ... ကြည့်လိုက်"

စာရွက်တစ်ရွက်၊ သူကြီးကိုပေးတယ်၊

"ကာသီလွန်းလို့ အပြင်ကို မထွက်ချင်ပါဘူး၊ သူကြီးရယ် .. သင်္ချိုက အတင်းနှင်ထုတ်တာလေ၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



စာဥကလေးက မိုးညိုကို ကောက်ညှင်းပေါင်း၊ ရေနွေးကြမ်းဖြင့် ဧည့်ခံ၏။ သူကြီးမင်းက သက်ပြင်းကို အရှည်ကြီးချသည်။

"လွှတ်စရာ ဒီလောက်ရှားသလား ဟ . .၊ သူ့မိုးကိုမှ လွှတ်ရတယ်လို့ . . . ခွီး"



သူကြီးမင်း ပေါ်တင်ကြီး ပေါက်ကွဲနေတာ . .။ မိုးညိုထောင်က လွှတ်တာ မှဒီတာ မပွား နိုင်ရှာပါဘူး။ သူ့ဒေါသကနဲ့သူ လေ။ စာဥက မိန်းကလေးတန်မယ့် မိုးညိုကိုပေါ်တင်ကြီး ဧည့်ခံနေတာကိုး ကြည့်လေ။ အရောင်လက်လက်တောက်နေတဲ့ စာဥရဲ့မျက်လုံးတွေက မိုးညိုဆီမှ ခွာကိုမခွာတာ။

"ကျွန်တော် သတင်းလာပို့တာပါ ခင်ဗျ"

"ပြန်တော့ . ."

ဖွတ်ကြီးကိုနှင်တာ။

"သူကြီး . ."

"ပြန်တော့ဆို . ."

"ကျွန်တော် မိန်းမရနေပြီ ဗျ . ."

"ဟေ . . . အဟုတ် . . . တကယ်"

သူကြီး စိတ်ချမ်းသာသွားပြီ၊ စာဥရဲ့နောင်ရေး စိတ်အေးရပြီကိုး။ စာဥကလေးမှာ ငိုမဲ့မဲ့၊ သူ့အသည်းကို ပုရွက်ဆိတ်ကိုက်ခံလိုက်ရတာကိုး။

"လက်ဖွဲ့လာပေးဦးမယ် ကွ . ."

"ကျေးဇူးပါ . ." ဟုဆိုကာ မိုးညိုပြန်သွားလေတော့၏တကား။


☯

လှည်းယာဉ်ကြော့ကို သူကြီးမင်းဦးမာခင်ကိုယ်တိုင် မောင်းလာတာ၊ ရောင်စုံတောပန်းများကို ဝေနေအောင်ပန်ထားသော စာဥသည် လှည်းနောက်မြီးတွင် ခြေထောက်တွဲလောင်းချကာ လိုက်ပါလာ၏။ သီချင်းတကြော်ကြော်အော်လို့၊





လေးမြေရွာရှိ အမျိုးတွေ၏အလှူ ပြန်လာကြတာ၊ ရွာအဝင်ဝရောက်တော့ နေ့တော်လေးမှောင်နေပါပြီ။



"ဖေဖေကြီး . ."

"ပြောလေကွဲ့ . ."

စာဥက ရွာအပြင် တောတန်းအစပ်နှင့် မီးမှိုးတွေအုနေသော အိမ်တစ်လုံးကို လက်ညှိုးထိုးပြကာ -

"ကိုကိုမိုးညိုရဲ့အိမ်လေ . ."

"အဲတော့ ဘာဖြစ် . ."

"သူ့မိန်းမကို သွားကြည့်မယ်လေ"

"မှောင်နေပြီကွဲ့ . . နောက်နေ့မှ"

"ဟင့်အင်း . . . နော်"

လှည်းပေါ်မှခုန်ချကာ၊ ထွက်ပြေးသည်၊ မိုးညိုရဲ့အိမ်ဆီသို့၊

"ဒီဟာမလေးနှယ် . . ဖွတ်"

သူကြီးမင်း လှည်းကို ကြုံသလိုရပ်သည်၊ သမီးချောအနောက်သို့ လိုက်သွားလေတော့၏။ မြေနီလမ်းဟောင်းကလေး၏တစ်ဖက်ဆီတွင် ချုံနွယ်များ စေ့ကပ်စွာ ပေါက်ရောက်လျက်ရှိသည်။

အချို့နေရာများတွင် အကိုင်းချင်းယှက်လိမ်ကာ၊ လမ်းကို အုပ်မိုးထားလျက်ရှိ၏၊ ကွေ့ကောက်လိမ်ဖယ်သည့် လမ်းဆုံးတော့ မိုးညို၏အိမ်ကို တွေ့ရသည်၊ ခြံတံခါးသည် ပိတ်လျက်သာ။ စာဥကို မတွေ့ရ၊ မိုးညိုခြံအနောက်တွင် ပန်းခြံရှိသည်၊ ပန်းကြိုက်မလေးစာဥ ပန်းတောထဲရောက်နေလောက်ပြီ။

"မိုးညို . . . ဟေ့ကောင် . . . မိုးညို"

သူကြီး၏ အသံဩဩကြီးသည် ဝန်းကျင်တစ်ဝိုက် ပဲ့တင်ရိုက်သွားလေ၏၊ မကြာပါဘူး။

"လာပြီ . . သူကြီး . . လာပါပြီ"

ခြံအတွင်းမှ မိုးညိုရဲ့အသံကို ကြားရသည်၊ တံခါးကို ဖွင့်ပေးသည်၊



www.burmeseclassic.com

www.burmeseclassic.com


"လမ်းကြုံဝင်လာတာဆိုတော့ လက်ဖွဲ့မပါဘူးဟ"

"ရပါတယ် သူကြီးရဲ့.."

သူကြီးမင်းရောက်လာလို့ မိုးညိုကလွှတ်ပြီး ပျော်နေတာ၊ မယား အရောအလှကို ကြွားခွင့်ကြုံပြီလေ၊ ဒါ အခွင့်အရေးလေ၊ မိုးညို မိန်းမရတာ တစ်ပတ်ကျော်ပါပြီ၊ အရက်အကြောက်ကြီးတဲ့ မယားက ရွာထဲထွက်တာ မဟုတ်ဘူး။

"ဘယ်မှာလဲကွ... မင်းမိန်းမ... ငင်"

သူကြီးမင်းရဲ့ပါးစပ်ကြီးဟောင်းလောင်းကြီးကို ဖြစ်သွားတာ၊ နုတ်ခမ်းမွှေးကြီးတွေ ထောင်တက်သွားမတတ်၊ အသက်ရှူဖို့ မျက်တောင်ခတ်ဖို့အောင်ကို မေ့သွားတာ၊

ဖန်မီးအိမ်ကို မရဲ့တရဲ့လေးကိုင်ထားတဲ့ မိုးညိုရဲ့မယားက စွတ်စင်လှနေတာကို။ သူမရဲ့အလှကို တမဖွဲ့နိုင်ပါဘူး။ စကားလုံးမဲ့အောင် လှတာ ပါဆိုနေ၊

"သူ... သူကလေးက ဘူလေးလဲဟ"

မယားအလှအတွက် မဟာအရေး ဂုဏ်မောက်နေသော မိုးညိုက -

"မာယာ...တဲ့"

"ဪ...အေး...အေး"

သူကြီးမင်းစိတ်ထဲမှာ မနာလိုတိုရှည်ဖြစ်နေတာပါ၊ သူ့ရဲ့ မယားက မဟာ အရေး လှနေတာကို။

"မိန်းမ.."

"ရှုန်...ကိုကို"

"သူကြီးမင်း ဦးမာဒဝ်လေ.."

မာယာဆိုသော မိန်းမချောလေး က -

"ဟုတ်ကဲ့ပါရှင့်၊ တွေ့ရတာ ဂုဏ် ယူမိပါတယ်ရှင့်၊ သူကြီးမင်း ရှင့် အဲ့မှာပဲ -

ပန်းတွေပွေ့ပိုက်ထားသည့် တဉကလေးသည် -

"ဖေဖေသူကြီးရေ.."

ပြေးဝင်လာရျော့၏။





"ဟင်!.."

မာယာကိုမြင်လိုက်သည်နှင့် တဉကျွတ်စဉ်လို ဖြစ်သွားတာ၊ ပွေ့ပိုက်ထားသော ပန်းများမြေခလေပြီ၊

"ဒါ...ဒါကြီးက.."

"ငါ့မိန်းမလေ... မိုက်တယ်မို့လား.. အဖေ"

ကြောက်စိတ်ဖြင့် တုန်တက်နေသောတဉသည် မျက်နှာကို သတ်ဝါးဖြင့် အုပ်ထား၏၊ လက်ချောင်းလေးများကြားမှ မရဲတရဲကြည့်နေသည်၊ ကြောက်သံတုန်တက်တက်လေးဖြင့် -

"လူ...လူမှမဟုတ်တာ.."

"ဟဲ့...သမီး"

သမီးချောရဲ့စကားကြောင့် သူကြီးမင်း မျက်နှာပျက်သွားပါတယ်၊ မိုးညိုကရယ်ပြီး -

"ငါ့မိန်းမက နင့်ထက်လှလို့မနာလိုဖြစ်နေတာမို့လား၊ ပြောစမ်း.. တောင်မလေး"

တဉ မာယာကိုမကြည့်ရဲပါ၊ မျက်နှာကိုလက်နှစ်ဖက်ဖြင့် အုပ်ထားဆဲ၊ မာယာက လှပစွာပြုံးကာ တဉ၏အနားသို့ တိုးကပ်သွားသည်၊

"ညီမလေးက ချစ်စရာလေးကွယ်.."

ဆွဲဆောင်မှုရှိသော မာယာအသံကို တဉ မလွန်ဆန်နိုင်ပါ၊ မျက်လုံးကို မရဲတရဲဖွင့်ကြည့်လိုက်တယ်၊

"အား!.."

ဘာကိုမြင်သည် မသိ၊ ငယ်သံပါအောင် အော်သည်၊ လဲကျသွားသည်၊ တဉ သတိကိုလစ်သွားတာ၊

☯

ရွာနီးချုပ်စပ်မှာ နာမည်ပျံနှံတဲ့ သမားတော်တွေကိုပင့်ပြီး ကုတယ်၊ မြို့က ဆရာဝန်ပေါင်းစုံကိုလည်း မေ့မထားပါဘူး။ ငွေလမ်းခင်းပြီး ကုပါတယ်၊ ဒါပေမယ့်ပေါ့၊ တဉကလေးမျာ သွက်သွက်ခါအောင်ဂေါက်သွားပါတယ်၊ ဂေါက်သီးမလေး ဖြစ်သွားရှာပါပြီ၊

www.burmeseclassic.com





သူကြီးမင်းခမျာ . . သမီးချော လေးအတွက် သောကဖြစ်ဖွယ် နွံနစ်လို့ ကောင်းဆဲ၊

"သူကြီး . . . သူကြီး . ."

မုဆိုးမဒေါ်ပိုင်းစိန် ပြေးဝင်လာ ပါတယ်၊ ငိုကြီးချက်မနဲ့ -

"ကယ်ပါသူကြီးရဲ့ . . . အဟင့်"

"ဘာဖြစ်လာတာလဲ ဟဲ့"

ဒေါ်ပိုင်းစိန်က ပုဆိုးထုပ်ကို ဖြည် ပြသည်၊

"အစက ပိုက်ဆံတွေပါတော့ . . . အီး . . ဝါး"

သူကြီးမင်းက သူ့သောကကို မေ့သွားတယ်၊ ဒေါ်ပိုင်းစိန်ရဲ့သောတ က ပိုပြီးလတ်ဆတ်နေတာကို။

"အိမ်ကနွားပေါက်လေးကို လာဝယ်ကြတယ်"

"ဘယ်သူတွေလဲဟ"

"သူစိမ်းတွေ . . သူတို့က ပိုက်ဆံတွေအများကြီးပေးပြီး ဝယ်တော့ ရောင်းလိုက်တာပေါ့ . . . အဟင့်"

"ကောင်းတာပေါ့ဟ"

ဒေါ်ပိုင်းစိန်က နပ်နပ်ကို ဘတ်ကနဲ သုတ်တယ်၊

"မကောင်းဘူး၊ သူကြီးရဲ့ . . . အဟင့်"

"ဟေ . . ဘာလို့ . ."

"သူတို့ပေးခဲ့တဲ့ပိုက်ဆံတွေက . . . ကြည့် . . . ဒီမှာ သစ်ရွက်တွေ ဖြစ်ကုန်ပြီ . . . ဘယ့်နှာလုပ်ကြမလဲ . . . အီး . . . ဝါး"

"ဟေ . . . အဟုတ်ကြီး"

သူကြီးမင်း မျက်လုံးပြူးသွားတယ်၊ အလိမ်အညာဖြစ်စဉ်တွေ ဟာ ရှိးဟိုးနေပါပြီ၊ ဗဟုသုတမရှိလို့၊ အားနာလို့၊ လောဘတက်လို့ ခံကြ ရ တာပါ၊ ခုကြည့် ပိုက်ဆံတွေက သစ်ရွက်တွေ ဖြစ်ကုန်ဆိုပဲ၊ တော်တော်လေး





ကို ဆန်းတာ၊ တစ်သက်နဲ့တစ်ကိုယ် မကြားဘူးခဲ့ပါ၊ ခုတော့ သူကြီးမင်း ခေါင်းတိုးလေပြီ၊ အဲ့မှာပဲ -

"သူကြီး . . . သူကြီး"

ဆယ်အိမ်ခေါင်းချက်ဖောင်း ပြေးဝင်လာ၏ ၊

"ဘာလဲဟ"

ရွာထဲမှာ ပွက်လောရိုက်လို့၊ ကာလေးငိုသံ၊ ခွေးဟောင်သံတွေဖြင့် ခြောင်းကို သတ်နေတာ၊

"ကျား . . . ကျား"

"ဟော ! . ."

သူကြီးမင်း သေရှင်စော် နံဟောင်သွားပါတယ်၊ ရွာထဲ ကျားဝင်ဆို ခဲ၊ တောနင့်တောင်နင့်နီးပေမယ့် ရွာထဲ ကျားမဝင်ခဲ့ပါ၊ ခုတော့ -

"ကိုးတောင်ကျားကြီး . . သူကြီးရဲ့ . ."

သူကြီးမင်းသည် နစ်လုံးပြူးကိုကိုင်ကာ ရွာထဲသို့ ပြေးထွက်လာ ခဲ့သည်၊ ရွာမြောက်ပိုင်း ရောက်တော့ . .၊

"အောင်မလေး . . . သားရဲ့"

ဒေါ်ဘုမရဲ့ငိုသံ၊ သားတော်မောင်မှတ်ကြီးကား ကျားဒဏ်ရာဖြင့် အသက်ပျောက်နေပြီတကား၊

"တတ်မင်းသမီးတွေ၊ ဘိုင်စကုတ်မင်းသမီးတွေ ကြည့်ဖူးပါတယ် ဗျာ၊ သူတို့လှတယ်ဆိုတာ ဒီမိန်းမ အိပ်နေသလောက်ပဲရှိတာဗျ၊ သောက် တျိုးနည်းလှတဲ့မိန်းမ . . . စက်စက်ယိုအောင်ချောတဲ့ မိန်းမဗျ"

မာယာ၏အလှကို ဦးဖိုးကွန်းက သို့ကလိုညွှန်း၏၊ ဦးဖိုးကွန်းနှင့် မိုးညိုတို့က စပ်မည်ဆိုလျှင် ဆွေမျိုးတော်ပါတယ်၊

"တောထဲကအပြန် မောတာနဲ့ မိုးညိုရဲ့အိမ်မှာခဏဝင်နားမိတာ လေ၊ မိုးညိုရဲ့မိန်းမပေါ့၊ ပြောလိုက်ဆိုလိုက်တာ တက်ကက်လန်နေ တာ ပဲ . . . ရုပ်နဲ့ မလိုက်ဗျာ"

သူကြီးမင်းက -



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာတွေအာရှောင်မှန်းမှ မသိတာ"

ဦးဖိုးကွန်းက မျက်နှာစွက်ကြီးကို မဲ့ရွဲ့ကာ -

"မယုံရင် သွားကြည့်လိုက်ကြကွာ၊ အိမ်ဆိုပေမဲ့ စုတ်ပြတ်သတ်နံဟောင်နေတာကွ ... အဆိုးဆုံးက ဘုရားစင် မရှိတာပဲ"

"အဲသလောက်တောင် !.."

ရပ်မိ ရပ်ဖတစ်ယောက်က စကားဝင်ထောက်သည်။

"ဟုတ်လို့လား ဟ"

သူကြီးမင်းမှာ အံ့အားသင့်လို့ မဆုံးတော့။

"အမျိုးတော်နေတာနဲ့ စေတနာနဲ့ ဆုံးမမိတာပါကွာ ..၊ အိမ်ရှင်မဆိုတာ အိမ်ကို သန့်သန့်ရှင်းရှင်းထားရမယ်။ ဘုရားစင်မရှိတာ မသင့်တော်ဘူးလို့ ပြောလိုက်ရော"

သူကြီးမင်းက -

"မိုးညို မိန်းမက ဘာပြောလဲ .."

ဦးဖိုးကွန်းက ကြောက်စိတ်မပြယ်သေးဟန်ဖြင့် ပုခုံးနှစ်ဘက်တို့ တွန့်ပြသည်။

"ဓားနဲ့ ပြေးထိုးတာဗျ"

"ဟေ !.."

"အဲ့လိုကြီး"

အားလုံးမှာ အံ့အားသင့်လို့။

"မိုးညို အဆွဲမြန်လို့ဗျို့.."

ထိုစဉ်မှာပင် တာဥသည် အိမ်ထဲမှ ပြေးထွက်လာပြီး -

"လူ မဟုတ်ဘူး"

"လူ မဟုတ်ဘူး" ဟု အော်ဟစ်နေလေတော့တည်းတကား။

၀

ငွေလမင်းသည် သစ်ကိုင်းသစ်ခက်တွေကြားမှာ ခြေချုပ်မိနေ၏။ တိမ်မဲညိုတို့၏ပယောဂကြောင့် ရွာကလေး၏ဝန်းကျင်သည် မှောင်မလိုလင်းမလိုနှင့် ဟက်ကော့ကြီး ဖြစ်နေလေ၏။





"အ...အ...အ"

ကျက်သရေ တစ်စက်တစ်လေမှမရှိတဲ့ ညကြီးပါ။ ကျီးတွေက အချိန်မတော် အာရှောင်နေတာကို။ ကျီးပြိုတဲ့ ညကြီးပေါ့။

"အု...အု...အူး"

အမင်္ဂလာခွေးအူသံတို့သည် အတောမတတ်တော့။ ကြောက်အားပိုနေသော ရွာသားများသည် ဘုရားစာကိုယ်စီရွတ်လို့။

"လာနေပြီ...လာနေပြီ..."

အိပ်ပျော်နေတဲ့တာဥ ယောင်ပြီးအော်နေတာပါ။ မြေးဖြစ်သူကို စိတ်မသက်သာစွာကြည့်ကာ၊ အဖွားအခန်းထဲမှ ထွက်လာခဲ့သည်။

သားဖြစ်သူအား -

"မိုးညိုတို့ လင်မယားရွာရောက်တဲ့ညမှာ ကျက်မီးတွေ မြူးတယ်။ ခြံတံဆံတွေ သစ်ရွက်တွေဖြစ်ကုန်တယ်၊ ကလေးတွေ ညညဆိုလန့်ငိုတယ်။ ရွာထဲ ကျားဝင်တယ်။ အမည်တပ်လို့မရတဲ့ရောဂါတွေနဲ့ ရွာသားတွေ သေကုန်တယ်"

သူကြီးမင်းက ရွာအပြင်အမှောင်ထုကို ငေးလို့။ ကြွေးမီးခြစ်ကြီး ခြစ်ကာ၊ အဖွားက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိဖွာရှိုက်သည်။ ရေနံဆီခွက် နီကျင်ကျင်အလင်းမှာ ဆေးလိပ် ငွေ့တွေ ယောက်ယက်ခတ်လို့။

"မိုးညိုရဲ့မိန်းမဟာ .. မိန်းမရှောဆိုတာ အားလုံးက လက်ခံကြတယ်ကွဲ့"

အဘွားက ဆေးလိပ်ပြာကို ခြွေတယ်။

"မြေးလေးတာဥကြတော့ .. မင်း တို့ငါတို့ မြင်သလို မမြင်ဘူးကွဲ့၊ လူမဟုတ်ဘူးတဲ့ကွယ်"

အဖွား အင့်ကနဲ ရှိုက်သည်။

"မြေးလေးသွက်သွက်ခါအောင် ရူးသွားပြီလေ ... ငါ့သား"

သူကြီးမင်းက မိခင်ကြီးအား ငေးကြည့်ပါသည်။

"ငါ့သားက ဒီရွာရဲ့သူကြီးနော်၊ ယုံကြည်အားကိုးလို့ သူတို့ရဲ့ ခေါင်းဆောင်တင်ထားကြတာ၊ အခု ငါ့သားညံ့တာနဲ့ ရွာပျောက်မှာ၊ ငါ့သား တာဝန်ရှိရမယ်၊ လုပ်သင့်လုပ်ထိုက်တာ လုပ်ရမယ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com


သူကြီးမင်းဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ကြီးချလိုက်ပါတော့သည်။



"ဟား...ဟား...ဟား"

ကြောက်မယ်ဖွယ်ရယ်သံဆိုးကြီးက ကောင်းကင်ကို ဘိနပ်ရှပ်တိုး စီးလာသည့်အတိုင်း ရွာကလေးရဲ့ကောင်းကင်ယံမှာ ပဲ့တင်ရိုက်လို့နေ၏

"အ...အ...အ"

အာရှောင်နေသော ကျီးအုပ်အဝေးသို့ သုတ်လေပြီ၊

"အု...အူ...အူး"

ကျက်သရေမဲ့သော ခွေးအူသံများက အသည်းပျက်ချင်စရာ၊

ရွာလမ်းမဘက်မှ အသံဗလံများ၊ မီးတုတ်အလင်းရောင်များ ခြေသံများသည် သူကြီးမင်း၏အိမ်ဘက်သို့ ဦးတည်နေ၏၊

"ဟား...ဟား...ဟား"

လေမတိုက်ရဘဲနှင့် သစ်ပင်တွေ ယိမ်းထိုးနေ၏၊ သစ်ပင်တွေရဲ့ ရယ်သံလား၊ ကြိုးတုပ်ခံထားရသော မိုးညိုသည် ချက်ဖောင်းဦးဆောင် သော ကာလသားတွေကြားမှာ ပါလာသည်၊ အောက်လင်းမီးတွေဖြင့် လင်း ထိန်နေသော သူကြီး၏ခြံထဲသို့ ဆွဲခေါ်လာကြသည်၊ ချက်ဖောင်းက -

"သူ့မိန်းမမျက်နှာက ကြောက်စရာကြီး ..သူကြီးရဲ့.."

ကဗျာသမား ဖိုးပိန်က -

"ဟော ... ဟော ရယ်သံတွေကြားလား၊ သူ့မိန်းမလိုက်လာ တာဗျ"





ဟုတ်ပ ..၊ ကျောချမ်းကြောက်မက်ဖွယ် ရယ်သံဆိုးကြီးက ရွာထဲ မှာ လည့်ပတ်ပြေးလွှားနေတော့တာ၊ သူကြီးမင်းသေနတ်ကို -

"ဒိန်း !...ဒိန်း !"

မိုးပေါ်ထောင် ဖောက်ထည့်လိုက်သည်၊ သေနတ်တော့ ကျယ်သား၊ ရယ်သံတွေ တိကနဲ ကာလနာ တိုက်ကုန်ပါတယ်၊ ဒူးထောက်ထားသော မိုးညိုသည် မျက်နှာအိုလေးကို ဗိုသီဗတ်သီ ပြင်ဆင်ကာ -

"ကျွန်တော့မှာ ဘာအပြစ်ရှိလို့လဲ၊ သူကြီးရယ .."

"ဟား...ဟား...ဟား"

သူကြီးမင်းက ဝမ်းခေါင်သံကြီးဖြင့် ရယ်သည်၊

"ရှုးချင်ယောင်ဆောင်နေတာလား ... ငမိုး"

"ဗျာ ! .."

မိုးညို မျက်နှာစွက်က တကယ့်သနားစရာ အဆင်ကလေး၊ မျက်လုံး လေး ပေကြောင်ပေကြောင်နဲ့၊

"ဟိုမှာ ကြည့်လိုက်စမ်း .."

"ဟင် !"

"ဟာ !"

"ဟယ် !.."

အာမေဋိတ်သံတွေ ပလုံပွက်ကုန်သည်၊ အားလုံးရဲ့မျက်လုံးတွေ က သူကြီးမင်း လက်ညှိုးညွှန်ရာ အော်တိုရောက်သွားတာကို၊ ရွာအပြင် ဘက်ဆောင်စဉ်တောင်တန်းတစ်လျှောက်မှာ အရောင်တွေတောက်နေတာလေး လက်လက်လက်လက်နဲ့၊ ရောင်စုံ၊

သက်ဝင်လှုပ်ရှားနေတဲ့ ရောင်စုံမီးတန်းတွေပါ၊ သေးသေးလေး တွေ ကြီးကြီးကြီးတွေရော၊ နိမ့်လိုက်မြင့်လိုက်၊ ဝေ့လိုက်ရိုက်လိုက်နဲ့၊ ပျာတ်မီးတွေလေ၊ ကျတ်တွေ ပျော်နေကြတာပါ၊

"အင်း.."

စာဥ အိပ်ရာမှလန့်နိုးသည်၊ အပြင်သို့ ပြေးထွက်လာကာ၊ ကျွင်း မီးတန်းကို တွေတွေကလေး စိုက်ကြည့်သည်၊ စိတ်လွတ်ကိုယ်လွတ်ရယ် သည်၊ မိုးညိုကို လက်ညှိုးထိုးကာ -



www.burmeseclassic.com

www.burmeseclassic.com



“သူ…သူ့မိန်းမအမျိုးတွေ…ရွာထဲရောက်နေပြီ…

ရွာ…ရွာပျက်တော့မယ်…အား !..”

စာဥ မရှိမဆန့်အော်ဟစ်ကာ၊ သတိလစ်လဲကျသွား၏ ။

“သူကြီး…ကျွန်တော်”

မိုးညိုရဲ့အသံက ရောင်းမကုန်သော အီကြာကွေးလို ပျော့ဖတ်ခွေခေါက်နေပါပြီ၊ သူကြီးက ခါးကိုထောက်၊ လက်ညှိုးဖတ်ဖတ်ထိုးရင်း -

“နင့် မိန်းမက လူမဟုတ်ဘူး”

“ဗျာ !..”

“လူယောင်ဆောင်ထားတဲ့ နာနာဘာဝ…ကျတ်”

“သူကြီး..”

အသံကုန်အော်ကာ၊ မိုးညိုမတ်တပ်ရပ်ဖို့ ကြိုးစားသည်၊ မရ… ချက်ဖောင်းက ဒူးခေါက်ရွက်ကို တက်နင်းထားတာကိုး၊ သူကြီးက ဟား… တိုက်ရယ်မောရင်း -

“မယားဆိပ်တက်ပြီး မင်းက မွှန်နေတာကိုးဟ၊ နင့်မိန်းမနဲ့တွေ့… ငှါသမီးလေးရှုးရတယ်၊ ရွာထဲ ကျားဝင်တယ်၊ လူသေတယ်ကွာ၊ သူစိမ်းတွေ… ရွာထဲဝင်ပြီး ဈေးဝယ်တယ်၊ ပိုက်ဆံတွေက သစ်ရွက်တွေ ဖြစ်ကုန်တယ်ကွာ”

သူကြီးမင်း ခေါ်ဖောင်းပြီး စွတ်တင်းပြောနေတာတွေ၊

“အချိုကလေးတွေဆို အကြောက်လွန်ပြီး သေကုန်ပြီလေကွာ”

မိုးညိုက သူကြီးကို မျက်နာငယ်လေးဖြင့် ငေးကြည့်နေပါသည်။

“သူ…သူကြီးရယ်..”

ကျတ်မီးတန်းတွေကိုငေးရင်း သူကြီးက -

“ငါ့ကောင်တွေကို ကင်းပုန်းဝပ်ပြီး မင်းရဲ့အိမ်အဝင်အထွက်… စောင့်ကြည့်ခဲ့တယ်၊ မှောင်ပြီဆိုတာနဲ့ အပုတ်နံ့က ဟောင်နေတာပဲ၊ မင်းရဲ့ ခြံထဲက ထွက်လာတဲ့ကောင်တွေဟာ ရုပ်ပျက် ဆင်းပျက်တွေ၊ အဲဒါ နာနာဘာဝ၊ မကောင်းဆိုဝါးတွေကွ၊ မင်းသိလား..”

“အု…အု…အု…”

သံရှည်ဆွဲအူလိုက်သော ခွေးအူသံများ၊ ကျက်သရေတုံးပါ…

“ဖလပ်…ဖလပ်…ဖလပ်…ဒိုး”





“ဟား…ဟား…ဟား”

လေမတိုက်ရဘဲနှင့် ယိမ်းထိုးနေသော သစ်ကိုင်းသစ်ခက်တွေ ကြားမှာကပ်ပါလာသော ရယ်သံဆိုးကြီး၊ မိုးညိုက အသနားခံ၊ လေသံပိစိ …ဖြင့် -

“အဲဒါတွေက တိုက်ဆိုင်မှုတွေပါ၊ ကျွန်တော့်မိန်းမနဲ့ မဆိုင်ပါ… သူကြီးရယ်..”

သူကြီးမင်း ဇတ်ကနဲ ထိုင်ချလိုက်တယ်၊ ပြီးတော့ မိုးညိုရဲ့ပုခုံး… ခပ်ကြမ်းကြမ်း လှုပ်ရမ်းလိုက်ပြီး..

“ဘာ…တိုက်ဆိုင်မှု…ဟုတ်လား”

သူကြီးမင်းက သူ့မျက်နှာကို မိုးညိုမျက်နှာနှင့် နီးတစ်ပြားစာ …သိ တိုးကပ်ကာ -

“မင်း ဘာလူမျိုးလဲ..”

“ဗ..ဗမာ”

“ဘယ်ဘာသာ ကိုးကွယ်တာလဲကွ..”

“ဗုဒ္ဓဘာသာ”

သူကြီးဆောင့်တွန်းလိုက်သဖြင့် မိုးညိုလဲကျသွားသည်၊ မြေကြီးပေါ် …လှုးလို့၊

“ဒါဆို မင်းရဲ့အိမ်မှာ ဘုရားစင်ရှိလား”

“ဗျာ !..”

အဲဒါ ကွိုင်၊ အကြီးအကျယ် မိုးညို တိုင်ပတ်ပြီ၊

“ဖြေလေကွာ”

“ဟို…ဟို…သူကြီး”

သူကြီးမင်း စိတ်မသက်သာစွာ ရယ်တယ်၊ လဲကျနေသောမိုးညို …ဆွဲထူသည်၊ မိုးညိုရဲ့ပါးတွင် ကပ်နေသောဖုန်မှုန့်များကို လေဖြင့်မှုတ် …ရင်း..

“ဒါတိုက်ဆိုင်မှုလား ကောင်လေး၊ မှတ်ထားကွ..နာနာဘာဝဆို… ဘုရား၊ တရား၊ သံဃာနဲ့ နီးနီးကပ်ကပ်နေလို့ မရဘူးဟ၊ ချက်ဖောင်း”

“ဗျာ…သူကြီး”



www.burmeseclassic.com

www.burmeseclassic.com



"ပြန်နိုင်းလိုက်တော့"

"ဟုတ်"

ကာလသားများက မိုးညိုကို ကြိုးဖြည်ပေးသည်။ မိုးညို ခြံဝ[illegible] လျှောက်လာခဲ့သည်။ သူကြီးက ခြံဝသို့ လိုက်လာရင်း -

"ငမိုး"

မိုးညို တုန့်ကနဲ ရပ်ကာ လှည့်ကြည့်သည်။

"မင်း ဘာလုပ်သင့်တယ်ဆိုတာ ကိုယ်ဘာသာကိုယ် ဆုံးဖြတ်.. တစ်နာရီအချိန်ပေးမယ်"

"ဗျာ.."

"မင်းရဲ့ ဆုံးဖြတ်ချက်ကိုကြည့်ပြီး ငါဘက်က လုပ်သင့်လုပ်ထိုက်[illegible] တာ မှန်သမျှ လုပ်ရမှာပဲ၊ ကဲ ... သွားတော့"

မိုးညို အမှောင်ထဲသို့ ပြေးထွက်လာခဲ့သည်။

"ဟား...ဟား...ဟား"

ကြောက်မက်ဖွယ်ရာ ရယ်သံတို့သည် မိုးညို အနောက်သို့ပြေး လိုက်သွားချေ၏တကား။ ထူးဆန်းပါဘိ။

☯

ဝါဖန့်ဖန့်လရောင်အောက်မှာ မြွတ်ခါးသည် ပွင့်လျက်သား။ မိုး ပုရစ်အော်သံတို့မှအပ ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေ၏။ မိုးညို အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ မှန်အိမ်အလင်းရောင်ကြောင့် မြင်ကွင်းသည် ပြုပြုကလေး အမဲ အဖြူ ရောယှက်နေလေ၏။

"မာယာ ... မာယာ"

အရိပ်အယောင်ပင် မတွေ့ရ၊ ဘယ်ရောက်နေတာလဲ၊ မိုးညို[illegible] စိတ်တွေ ပွက်နေတဲ့ထမင်းအိုးလို ဖြစ်နေပါပြီ၊ မာယာ သူ့ကိုထားသွား[illegible] လား၊ မိုးညိုရဲ့ပါးပြင်မှာ မျက်ရည်တွေနဲ့ ..။

အိမ်အနောက်ဘက်ပန်းခြံသို့ လျှောက်လာခဲ့သည်။

"ဟင် !.."

လရောင်ဆမ်းထားသော ပန်းခင်းထဲမှာ မာယာ ပန်းရှုနေတာ







[illegible] ဆံပင်ဖားလျားချလို့၊ ကျောနိုင်းလို့၊ ကျတ်မီး [illegible]တွေကို ငေးနေတာ ပါလား။

"မာယာ"

မိုးညို မာယာဆီပြေးသွားသည်၊ ဒါပေ [illegible]ပေါ့။

"ဟား ... ဟား ... ဟား"

ရယ်သံဆိုးကြီးက သွေးပျက် လောက်ရဲ့

"ကျတ်"

ဟုဆိုကာ မျက်နှာကို ရှာကနဲလှည့်သည်။

"ဟင် !.."

မိုးညို ပက်လက်လန် လဲကျမတတ်၊ ရုပ်[illegible] ဆင်းပျက်ကြီး၊ အော် ဂလီဆန်ဖွယ် မျက်နှာကြီး၊ သွေးသံရဲရဲနဲ့၊ မိုးညို [illegible]ပျက်မသွားပါ။ နာနာ ဘာဝအသွင်ကြီးအား ..။

"မိန်းမ .."

ဆိုပြီး ပြေးဖက်သည်။ အားရ ပါးရ။

ငိုသံကြီးဖြင့် -

"ကိုယ့်ကိုယ်ကြောက်အောင် ဖန်ဆင်းပြတော့ မင်းပင်ပန်းမှာပေါ့ [illegible]ရယ် .."

အချစ်ကြောင့်လား၊ ရစ်ပတ်နှောင်ဖွဲ့ခဲ့သော သံယောဇဉ်ကြောင့် [illegible] မသိ၊ နာနာဘာဝကြီး တွေကနဲ ဖြစ်သွားသည်၊ သနားစဖွယ်ကောင်း [illegible] မာယာအသွင် ပြောင်းလဲသွားသည်။

"ကိုယ်မကြောက်ပါဘူး၊ မိန်းမရယ် .."

မာယာက မိုးညိုရဲ့ပါးပြင်မှမျက်ရည်စများကို သူ့လက်ပါးနုနုလေး [illegible] ပွတ်သပ်ပေးနေ၏။

"မင်းနဲ့စတွေ့ကတည်းက မင်းဟာ လူမဟုတ်ဘူးဆိုတာ သိနေလို့ပဲ"

မာယာရင်ထဲမှာ နင့်ကနဲ လှိုက်ခါသွားသည်။

"မာယာ .."

"ကိုကို .."



www.burmeseclassic.com

www.burmeseclassic.com



မိုးညိုက မာယာမျက်နှာလှလှလေးကို ငေးကာ -

"မင်း .. နာနာဘာဝဖြစ်နေတာကို ကိုယ်မကြောက်ဘူး"

မာယာသည် မိုးညိုကို ပွေ့ဖက်ထားရင်း အဝေးတောင်တန်းမှ ကျတ်မီးတန်းကို ငေးနေ၏။

"မင်းနဲ့ ဝေးရမှာပဲ၊ ကိုယ်ကြောက်တာ .."

မာယာ ရှိုက်ကြီးတငင် ငိုသည်၊ သူမကိုယ်သူမ အပြစ်တင်မိသည် ချစ်တတ်လွန်းသော ယောကျ်ားတစ်ယောက်ကို မာယာတွေနဲ့ ဖြားခဲ့ တာကို။

"တို့လင်မယားအဝေးကို ထွက်ပြေးကြမယ်လေ"

မာယာက မျက်ရည်အဝဲသားဖြင့် -

"နောက်ကျသွားပါပြီ ... ကိုကိုရယ်"

"သူတို့ မသိခင် ထွက်ပြေးကြမယ်လေ"

မာယာက ဖြူအပြင် အမှောင်ထုဆီသို့ တွေတွေလေးငေးကာ -

"လာနေကြပြီ .."

ပြောရင်း နားနှစ်ဖက်ကိုပိတ်ထားသည်၊ အသံဗလံများ နီးသထက် နီးလာပါပြီ။

"×××၊×××၊×××"

"×××၊×××၊×××"

မာယာ မရှိမဆန့် ခံစားနေရပါပြီ၊ ထွန့်ထွန့်လူးလို့။

"×××၊×××၊×××"

"×××၊×××၊×××"

"×××၊×××၊×××"

ရွာဦးကျောင်းဆရာတော်ဦးဆောင်သော သံဃာတော်များသည် ခြံကိုပိတ်ကာ ပရိတ်တရားတော်များ ရွတ်ဖတ်နေကြပြီးနောက်မှာတော့ သူကြီးဦးဆောင်သော ရွာသားများ။

"အား ! ..."

အသံဆိုးကြီးဖြင့် အော်ဟစ်ကာ၊ မာယာ လဲကျသွားလေပြီ မြေကြီးပေါ် လူးလိမ့်လို့၊ မိုးညို မခံစားနိုင်တော့ပါ။ ခြံဝသို့ပြေးထွက်ပြီး -





"တော်ကြပါတော့ ဗျာ .."

ငိုယိုတောင်းပန်၏၊ လှည့်ကြည့်လိုက်တော့ မာယာ မဟုတ်တော့ပါ။ ကြောက်မက်ဖွယ် အသွင်ကြီး၊ မရှိမဆန့် အော်ဟစ်နေတာ ..။

"တော်ကြပါတော့ .."

အရူးတစ်ယောက်လို အော်ဟစ်နေသောမိုးညိုကို ကာလသားတွေ က ဖမ်းချုပ်ထားသည်၊ မကြာပါချေ။ နာနာဘာဝအသွင်မှ မီးလုံးလေးလို ပြောင်းသွားသည်။

မီးလုံးနီနီလေးသည် မိုးညိုအပေါ်တွင် လှည့်ပတ်ပျံသန်းနေလေ၏၊ ပြီးနောက် တောင်ခြေကျတ်မီးတန်းရှိရာသို့ ထိုးတက် ပျံသန်းသွားလေ တော့သည်။

"မာယာ ... မာယာ"

"ငါ့ကို မထားခဲ့ပါနဲ့ကွာ"

ချုပ်ကိုင်ထားသော ရွာသားများကိုတွန်းဖယ်ကာ မိုးညိုပြေးလိုက် သွားသည်။

"မာယာ ... မာယာ"

မိုးညိုရဲ့အော်သံတို့သည် ရွာနှင့်ဝေးသထက် ဝေးသွားလေပြီး တောင်ခြေမှာ ကျတ်မီးတန်းကြီးမရှိတော့ပါ။

☯

"ပုံပြောပြ .."

ကလေးတွေက ပူဆာတိုင်း၊ ရေမှီနောက်မှီ လူကြီးသူမတွေက -

ထိတ်လန့်စဖွယ်ကောင်းသော ..

သနားစဖွယ်ကောင်းသော ..

အံ့ဩစဖွယ်ကောင်းသော ..

မာယာနဲ့ မိုးညိုအကြောင်းကို ပြောပြတတ်ကြပါသည်၊

ကြာတော့ -

"မာယာနဲ့ မိုးညို" ဟာ

ပုံပြင်တစ်ပုဒ် ဖြစ်သွားခဲ့တာပေါ့။




www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်လုံးအလှဘောင်းဘီကြောင့် ခါးအသေးဆုံးဖြစ်သွားရသူ



ကမ္ဘာ့ ခါးအသေးဆုံးအမျိုးသမီးအဖြစ် စံချိန်တင်ထားသူက (၁၉၃၇)ခုနှစ်မှာ မွေးဖွားခဲ့တဲ့ အမေရိကန်အမျိုးသမီး ကက်သီဂျုန် ဖြစ်ပါတယ်။ သူ့ရဲ့အရပ်အမြင့်ဟာ (၅)ပေ၊ (၄)လက်မသာရှိပြီး အံ့အားသင့်စရာအကောင်းဆုံးကတော့ သူမရဲ့ခါးဟာ (၁၅)လက်မ၊ (၃၈.၁) စင်တီမီတာသာ ရှိပါတယ်၊

ကက်သီဟာ မွေးရာပါ ခါးသေးတာမျိုးတော့ မဟုတ်ပါဘူး။ ဒီလို အံ့အားသင့်စရာကောင်းအောင် သူ့ရဲ့ခါးသေးသွားတဲ့အကြောင်းရင်းဟာ အစာအာဟာရချို့တဲ့မှု၊ ရောဂါဖြစ်တာတွေနဲ့လည်း သက်ဆိုင်ခြင်းမရှိပါဘူး။

အဓိကအကြောင်းရင်းကတော့ သူမရဲ့ကိုယ်လုံးဆိုက်ဒ် (၃၉-၁၅-၃၉) ဆိုတဲ့ အချိုးအစား ပေါ်လာရတဲ့အကြောင်းက လွန်ခဲ့တဲ့ (၂၅) နှစ်လောက်က တင်းကြပ်တဲ့ကိုယ်လုံးအလှ အတွင်းခံဘောင်းဘီဝတ်ဆင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပါတယ်။

သူဟာ ကိုယ်လုံးအလှဘောင်းဘီကို ရေချိုးတဲ့အခါမှာသာ ချွတ်လေ့ရှိတယ်လို့ သိရပါတယ်၊ ရာသီဥတုက မခံမရပ်နိုင်အောင် ပူပြင်းမှ







လောင်လာတဲ့ အခါမျိုးမှာသာ ဘောင်းဘီကို ခဏတာ ချွတ်ထားလေ့ရှိပါတယ်၊ သူ့ဆီမှာ အဲဒီလို အတွင်းခံဘောင်းဘီပေါင်း အထည် (၁၀၀)နီးပါး ရှိပါတယ် တဲ့၊

သူဟာ အရိုးနဲ့ကြွက်သား ဆိုင်ရာဆရာဝန် ဘော့ဘ်နဲ့ လက်ထပ်ထားပြီး ကလေးသုံးယောက်ရဲ့မိခင်လည်း ဖြစ်ပါတယ်။ ပထမဆုံး ကိုယ်ကျပ်အတွင်းခံဘောင်းဘီကို ဝတ်ဆင်ခဲ့တာကတော့ သူ့ရဲ့မင်္ဂလာဆောင်နေ့ မှာ ဖြစ်ပါတယ်၊

(၁၉၅၉)ခုနှစ်က ဖြစ်ပါတယ်၊ အဲဒီအချိန်တုန်းက သူ့အသက်ဟာ (၂၂)နှစ်အရွယ်သာ ရှိပါသေးတယ်၊ သူဟာ ကိုယ်ကျပ်အတွင်းခံတွေကို ဝတ်ဆင်ရတာ အရမ်းနှစ်သက်ခဲ့ပါတယ်၊ပြီးတော့ Gone with the wind နဲ့ Seven Brides for Seven Brothers ဇာတ်ကားတွေထဲက အမျိုးသမီးဇာတ်ကောင်တွေရဲ့ကိုယ်လုံး အချိုးအစားကိုလည်း အားကျနှစ်သက်ခဲ့သူ ဖြစ်ပါတယ်၊ နောက်ပိုင်းမှာ





www.burmeseclassic.com



တော့ သူ့ရဲ့အမျိုးသားနဲ့ ကက်သီတို့ဟာ ဝိတိုရိယခေတ်က ဖက်ရှင်တွေကို စိတ်ဝင်စားခဲ့ကြပါတယ်။

သူ့အသက် (၄၅)နှစ်ရောက်တဲ့အခါမှာတော့ ကိုယ်ကျပ်အတွင်းခံ ဘောင်းဘီတွေကို တစ်ချိန်လုံးဝတ်ဆင်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ သူ့ကလေးသုံးယောက်ကလည်း အရွယ်ကောင်းကောင်းရောက်နေပြီ ဖြစ်တဲ့အတွက် ဒီလိုလုပ်ဖို့ ဆုံးဖြတ်ခဲ့တာလည်းဖြစ်ပါတယ်။ ဒီလိုလုပ်ရခြင်းဟာ ခန့်ညားထည်ဝါမှု၊ ဆွဲဆောင်မှုရှိခြင်းတို့ကို ခံစားရရှိစေတယ်လို့ ယုံကြည်ကြောင်း ကက်သီက ပြောပါတယ်။

မြောက်ကာလီဖိုးနီးယားပြည်နယ်၊ မန်တီးအိုမှာနေထိုင်တဲ့ ကက်သီဟာ ကိုယ်ကျပ်အတွင်းခံများကိုဝတ်ဆင်ပြီး သူ့ရဲ့တစ်နေ့တာ လုပ်ဆောင်ဖွယ်ရာများကိုလုပ်ဆောင်ခဲ့ရာမှာလည်း ဘယ်လိုမှ အနှောင့်အယှက် မဖြစ်စေဘူးလို့ ဆိုပါတယ်။ သူဟာ အစားကို နည်းနည်းသာစားသောက်ရလေ့ရှိပေမယ့် ဖြစ်သလို၊ ကြုံသလိုစားရတာကို ပိုပြီး ကြိုက်နှစ်သက်ပါတယ်။

သူ့ဆီမှာ ကိုယ်ကျပ်အတွင်းခံနဲ့ အထူးပြုလုပ်ထားတဲ့ ရေကူးဝတ်စုံရှိတော့ ကမ်းခြေကိုလည်း ကိုယ်ကျပ်အတွင်းခံနဲ့ပဲ သွားလို့ရပါတယ်။ ခင်ပွန်းဘော့ပ်ကလည်း သူ့ဇနီးရဲ့အလွန်တရာမှ ထူးခြားလှတဲ့ခါးဟာ ဘာမှ ထိခိုက်မှုတစ်စုံတစ်ရာမရှိဘူးလို့ ယုံကြည်ကြောင်း မီဒီယာများကို ဖွင့်ဟ







ခဲ့ပါတယ်။

ဘော့ပ်ရဲ့အဆိုအရ ကက်သီကို ဓာတ်မှန် ရိုက်ကြည့်တဲ့အခါမှာ ကိုယ်ကျပ်ဝတ်စုံက သူ့ရဲ့ကျောရိုးကို ကူညီထောက်ပံ့ပေးတဲ့အပြင် ဝမ်းဗိုက် င်းမှာရှိတဲ့ အရာအားလုံးကိုလည်း ဆင်ပြေပြေ ရှိစေပါသတဲ့။ ကက်သီ ဟာ ကိုယ်ကျပ်အတွင်းခံတွေအတွက် ဒေါ်လာ(၁၀၀)မှ (၅၀၀) အတွင်း ကုန်ကျခဲ့ရပါတယ်။

ကက်သီရဲ့ ကိုယ်ကျပ်အတွင်းခံ ဝတ်ဆင်ထားတဲ့ပုံရိပ်တွေဟာ Life Magazine နဲ့ New York Times Style မဂ္ဂဇင်းတို့ရဲ့ ရွေးချယ်မှု စာမျက်နှာဆက်သို့လည်း ရောက်ရှိခဲ့ဖူးပါတယ်။ ပြောရမယ်ဆိုရင်တော့ ကက်သီဟာ အတွင်းခံဘောင်းဘီတွေ တစ်ချိန်လုံးဝတ်တာ များလွန်းတဲ့အတွက် သူ့ရဲ့ခါးဟာ အရမ်းကိုသေးကျုံ့သွားပြီး ကမ္ဘာ့ခါးအသေးဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်သွားခဲ့ခြင်း ဖြစ်ပါကြောင်း။





www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းဘခင်ကြီး မောင်တင့်တယ်၊
မယ်တော် ရွှေနပေတို့၏ဖြစ်ရပ်မှန် နတ်သမိုင်း၊
အိမ်တွင်းအုန်းဆွဲခြင်းနှင့် ပွဲတင်ခြင်း၊
ကွန်းနန်းအဝ် ပူဇော်ခြင်း၊ မယ်တော်ရွှေနပေပသနည်း၊
ကွန်းနန်းအဝ်ရာတွင် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများစွာဖြင့်..။





# အိမ်တွင်းမင်းမဟာဂီရိနှင့် မယ်တော် ရွှေနပေ

ရိုရိုမြေး

www.burmeseclassic.com

www.burmeseclassic.com





အိမ်တွင်းဘခင်ကြီးမင်းမဟာဂီရိဟာ စကားပင်မှာ မီးရှို့ပြီး အသတ်ခံရတာဆိုတော့ သူ့ရဲ့ခန္ဓာကိုယ်မှာ မီးလောင်တဲ့အကျရာတွေနဲ့ အလွန်ပူလောင်ပြီး သေခဲ့ရတယ်။ ဒါကို အရီးလေးတို့ သားတော်၊ သမီးတော်၊ ဆွေမျိုးတော်များက မေတ္တာရှေ့ထားပြီး ကြင်နာသနားသောစိတ်နဲ့ ဒီအပူတွေကင်းပါစေဆိုတဲ့စိတ်နဲ့ အုန်းရေကိုလှူဒါန်းခြင်းဖြစ်တယ်။ အုန်း ရေဆိုတာ အပူလောင်နာအတွက် အလွန်ကောင်းတဲ့ဆေးပေါ့ကွယ်။

"သမီး ..အေးအေးရေ"

"ရှင် ..အမေ"

"ဝါမဝင်ခင် အိမ်တွင်းအုန်း လဲရမယ်၊ အမေဈေးက အုန်းလဲဖို့ပစ္စည်းအစုံ ဝယ်လာခဲ့ပြီ။ အုန်းလဲဖို့ အရီးလေးဒေါ်ချစ်ကို သွားခေါ်လိုက်ပါ"

"ဟုတ်ကဲ့ ..အမေ"





မိခင်ကြီးက စေခိုင်းသဖြင့် အေးသီတာသည် အရီးတော်သူ နတ်ကတော် ဒေါ်ချစ်အိမ်သို့သွားရာ အစနဲ့သင့်ပင် ဒေါ်ချစ်နှင့်တွေ့ခဲ့သည်။

"အရီးလေး ..၊ အမေက အုန်းလဲချင်လို့ အရီးလေးကို ခေါ်ခိုင်းလိုက်တယ်"

"နင့်အမေကတော့ ခက်တာပဲ၊ အုန်းလဲတာများ .. သူ့ဖာသာ သူလဲလို့လည်းရတာပဲ ဥစ္စာ .."

"မသိပါဘူး၊ အရီးလေးရယ်၊ နတ်နဲ့ပတ်သက်တာဆိုတော့ နတ်ကတော်တင်မှ ဖွာန်းကရှိုင်းကျအောင်လို့ နေမှာပေါ့"

"အေးပေါ့အေ ..၊ သူက ငါ့အမျိုးဆိုတော့ ငါလိုက်လုပ်ပေးရတာပေါ့"

အရီးလေးက ပြောပြောဆိုဆို အဝတ်လဲပြီး အေးသီတာနှင့် လိုက်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ အုန်းဆွဲရန်စတင် ဆောင်ရွက်ခဲ့သည်။ သူမသည် အုန်းသီးကို ရေဖြင့်စင်ကြယ်စွာဆေးကြောပြီးနောက် ဆယ့်ရှစ်(၇)ရှစ်ပါသည့် ရွှေဘောင်းတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး အုန်းသီး၏အပေါ်ပိုင်းတွင် ဦးရစ်ခေါင်းပေါင်းသကဲ့သို့ ခိုင်မြဲအောင် စွပ်ပေးလိုက်ပါသည်။

အေးသီတာသည် ပညာရေးတက္ကသိုလ်မှ ဘီ၊ အီး၊ ဒီ ဘွဲ့ရပြီး အထက်တန်းပြဆရာမအဖြစ် အလုပ်ဝင်ခဲ့သည်။ သူမသည် အသက် (၂၂) နှစ်ခန့်သာ ရှိသေးသည်။ သူမသည် နတ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ကောင်းစွာနားမလည်သဖြင့် နတ်ကတော် ဒေါ်ချစ်အား သိလိုသမျှကို မေးမြန်းခဲ့ပါသည်။

"အရီးလေး ..အိမ်တွင်းနတ်ရဲ့နာမည်က ဘယ်သူလဲ"

"အိမ်တွင်းနတ်က မင်းမဟာဂီရိနတ်တဲ့ ..၊ လူ့ဘဝတုန်းက နာမည်က .."

"မောင်တင့်တယ်တဲ့ .."

"အိမ်တွင်းအုန်းဆွဲတယ်ဆိုတာ ဘာကြောင့်လဲ .. အရီးလေး"

"ဪ ..အိမ်တွင်းဘခင်ကြီးမင်းမဟာဂီရိဟာ စကားပင်မှာ မီးရှို့ပြီး အသတ်ခံရတာဆိုတော့ သူ့ရဲ့ခန္ဓာကိုယ်မှာ မီးလောင်တဲ့အကျရာတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အလွန်ပူလောင်ပြီး သေခဲ့ရတယ်။ ဒါကို အရီးလေးတို့သားတော်၊ သမီးတော်၊ ဆွေမျိုးတော်များက မေတ္တာရှေ့ထားပြီး ကြင်နာသနားသောစိတ်နဲ့ ဒီအပူတွေကင်းပါစေဆိုတဲ့ စိတ်နဲ့ အုန်းရေကို လှူဒါန်းခြင်း ဖြစ်တယ်။ အုန်းရေဆိုတာ အပူလောင်နာအတွက် အလွန်ကောင်းတဲ့ဆေးပေါ့ကွယ်၊ ဒါကြောင့် အေးရှမ်းအောင် အုန်းရေကို လှူဒါန်းခြင်း ဖြစ်တယ်"

"ဪ . . . ဒါကြောင့် အုန်းဆွဲတာလား"

"ဟုတ်ပါ့တော် . . . ဟုတ်ပါ့"

"ဒါနဲ့ . . . အိမ်တွင်းဘခင်ကြီးရဲ့ ဘောင်းတော်မှာ နတ်ရုပ်(၇)ပါး တွေ့တယ်။ အဲဒါတွေကရော ဘယ်သူတွေလဲ၊ အရီးလေး . ."

"အဲဒါ . . အိမ်တွင်းဘခင်ကြီးရဲ့ ဆွေတော်မျိုးတော်တွေပေါ့ကွယ်"

"ဘယ်လို ဆွေမျိုးတော်တယ်ဆိုတာ ရှင်းပြပါဦး"

"ဟိုးအရင်တုန်းကတော့ အိမ်တွင်းဘခင်ကြီး မင်းမဟာဂီရိနဲ့ နှမတော် စောမယ်လှလို့ခေါ်တဲ့ မမြတ်လှနှစ်ယောက်ထဲပေါ့။ နောက်သူ့ရဲ့ နှမထွေးလေး သုံးပန်လှလို့ ခေါ်တဲ့ ရှင်ထွေးလှရယ်၊ သူ့ရဲ့ဇနီးဖြစ်တဲ့ နဂါးမယ်တော် "ရွှေနပေ"ရယ်၊ အိမ်တွင်းဘခင်ကြီးနဲ့ မယ်တော်ရွှေနပေက မွေးတဲ့ သားနှစ်ပါးဖြစ်တဲ့ ရှင်ညီနဲ့ရှင်ဖြူရယ်၊ သုံးပန်လှကမွေးတဲ့ ရှင်နဲ့ဝိလို့ခေါ်တဲ့ မနဲလေးရယ်၊ စုစုပေါင်း နတ်(၇)ပါးပေါ့ကွယ်"

"မနဲလေးကို အေးသိတယ်၊ အရီးလေး . . သူက ကလေးနတ်ကလေးလေ၊ မနဲလေးကို ကလေးတွေက ချစ်ကြတယ်"

"ဟုတ်ပါ့တော် . . ဟုတ်ပါ့"

"ဒါနဲ့ . . အရီးလေး . . အိမ်တွင်းဘခင်ကြီးကို ဘယ်သူက မီးရှို့သတ်တာလဲ၊ ပြောပါဦး . .။ ဒါမှ ကိုယ့်အိမ်မှာ အုန်းဆွဲပူဇော်ထားတဲ့ အိမ်တွင်းဘခင်ကြီးရဲ့ရာဇဝင်ကိုသိမှာ . ."

"မှန်တာပေါ့ကွယ် . .။ ကိုယ့်အိမ်ပေါ်လာလည်တဲ့ ဧည့်သည်ရဲ့ အကြောင်းတောင် သိထားသင့်တာ။ အခုလို အိမ်ပေါ်မှာ အုန်းဆွဲထားတဲ့ အိမ်တွင်းဘခင်ကြီးရဲ့အကြောင်းကို သိသင့်တာပေါ့"

"ဟုတ်ပါတယ် အရီးလေးရယ် . .။ အေးလည်း အရမ်းသိချင်တာပဲ"

"အိမ်း . . အိမ်တွင်းဘခင်ကြီးရဲ့အဖြစ်ဟာ အင်မတန်သနားစရာ





ကောင်းတယ်ကွယ့်။ ဘခင်ကြီးရဲ့အကြောင်းကိုပြောရင် ဆွေစုနစ်ဆက်၊ မျိုးစုနစ်ဆက်ပြောမှ ပြည့်စုံတာ။ တစ်ခုထဲဖောက်ပြောလို့ မရပါဘူး"

"ဒါဆို . . အိမ်တွင်းဘခင်ကြီးနဲ့ ဆွေစုနစ်ဆက်၊ မျိုးစုနစ်ဆက် အကြောင်းပြောပြပါ . . အရီးလေး"

"ဒါဆို အရီးလေး သိသလောက်ပြောပြမယ်"

အရီးလေးဒေါ်ချစ်မှာ ဤသို့အစချီကာ အိမ်တွင်းဘခင်ကြီး မင်းမဟာဂီရိအကြောင်းကို ပြောပြခဲ့ပါသည်။

"အိမ်တွင်းဘခင်ကြီး မင်းမဟာဂီရိတဲ့"

လူအမည်ကား မောင်တင့်တယ် . .။

ရိုးသားသော ပန်းပဲဆရာလေးတစ်ယောက် ဖြစ်သည်။ သူသည် သင်းတွဲပြည် (ခေါ်) တကောင်းပြည်၌ နေထိုင်သော ပန်းပဲဆရာကြီး ဦးတင့်တော်၏သား ဖြစ်သည်။ သူ့တွင် မမြတ်လှနှင့် မထွေးဖြူ (ခေါ်) ရှင်ထွေးလှဟူသော နှမနှစ်ယောက်ရှိသည်။

မင်းမဟာဂီရိစတင်ဖြစ်ထွန်းရာကာလမှာ (အေဒီ ၃၄၄ - ၃၈၇) ပုဂံခေတ် သဉ်လည်ကြောင်မင်းလက်ထက်၌ဖြစ်ကြောင်း၊ တွင်းသင်းရာဇဝင်သစ်၌ ဖော်ပြထားပါသည်။ သက္ကရာဇ် (၂၆၆)ခုနှစ်တွင် သဉ်လည်ကြောင်မင်း ဖြစ်တော်မူသည်။ ထိုမင်းလက်ထက်က ရွာပေါင်း တစ်ဆယ့်ကိုးရွာကို ပေါင်း၍ လောကနန္ဒာ ကျောက်စကားအရပ်၌ မြို့တည်ကာ "သီရိပစ္စယာ"ဟု အမည်သမုတ်တော်မူခဲ့သည်။

ထိုအချိန် သင်းတွဲပြည်တွင် ပန်းပဲဆရာကြီး ဦးတင့်တော်၏သား ဖြစ်သူ ပန်းပဲဆရာလေးမောင်တင့်တယ်သည် အလွန်ပင် ခွန်အားဗလနှင့် ပြည့်စုံကာ ထက်မြက်သော စွမ်းပကားရှိသည်။ ဆင်ပြောင်ကြီးကိုပင် ချိုး၍ ပစ်နိုင်သော ခွန်အားရှိသည်။

တစ်နေ့သော် . .။

သူသည် ဓားလုပ်ရန်အတွက် သံကို မီးပူနေအောင်ဖုတ်ပြီးနောက် ပေပေါ်တင်၍ တူနှင့် ထုလိုက်ရာ -



www.burmeseclassic.com

www.burmeseclassic.com





"ဒိန်း!.."

"ဒိန်း!.."

"ဒိန်း!.."

ခွန်အားဗလကြီးမားလွန်းသဖြင့် တူထုသံမှာ နန်းတော်သို့တိုင်အောင် ဟိန်းသွားခဲ့သည်။ ထိုအခါ သင်းတွဲမင်းကြီးသည် ထိတ်လန့်တကြား ဖြစ်ကာ -

"ဝန်ကြီးမင်းတို့.. ကြောက်လန့်ဖွယ် မိုးထစ်ချုန်းသံကဲ့သို့ ကျယ်လောင်သောအသံကြီးကား မည်သည့်အရပ်မှ လာသနည်း၊ မည်သူပြုလုပ်သနည်း စုံစမ်းလော့.." ဟူ၍ ရာဇသံချမှတ်လိုက်ပါသည်။

ထိုအခါ ဝန်မင်းတို့အုပ်စုလည်း အသံလာရာသို့ လိုက်လံစစ်ဆေးသောအခါ.. ပန်းပဲဆရာလေးမောင်တင့်တယ်၏ တူထုသံဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းတို့သည် ဖင်းကြီးထံသို့ ပြန်ရောက်ပြီး..၊

"အရှင်မင်းကြီး မိုးချုန်းသံကဲ့သို့ ကြောက်မက်ဖွယ်အသံကြီးမှာ ပန်းပဲဖိုရှိရာအရပ်မှ လာခြင်းဖြစ်ပါသည်။ ဤအသံမှာ ခွန်အားဗလနှင့် ပြည့်စုံပြီး ဆင်ပြောင်ကြီးကိုပင် မတင်ကာပစ်ချနိုင်သည့် မောင်တင့်တယ် (ခေါ်) ပန်းပဲဆရာလေး၏တူထုသံဖြစ်ကြောင်းပါ ဘုရား.."

"ဤမျှ ကျယ်လောင်သည့် တူထုသံကိုထုနိုင်သူမှာ လွန်စွာ ခွန်အားဗလနှင့် ပြည့်စုံသူ ဖြစ်ရှိမည်"

"မှန်လှပါ ဘုရား.."

"သူ၏ တူထုသံပင် ဤမျှလောက် ဟိန်းထွက်နေလျှင်၊ သူ၌ ဆန္ဒရှိပါက ငါ၏ထီးနန်းကိုပင် သူ၏ခွန်အားဖြင့် အလွယ်တကူ သိမ်းပိုက်နိုင်မည် မဟုတ်ပါလော"

"မှန်လှပါ ဘုရား၊ သူသည် ခွန်အားကြီးမားသူဖြစ်၍ တစ်ချိန်ချိန်တွင် ထီးနန်းကိုသိမ်းပိုက်လိုပါက သိမ်းပိုက်နိုင်ကြောင်းပါ ဘုရား.."





"အိမ်း.. ဒီလိုခွန်အားရှိသူသည်၊ ငါ့ထီးနန်းအတွက် ဆူးညောင့်ခလုတ်ကန်သင်း ဖြစ်နိုင်သည်၊ ထိုအနှောင့်အယှက်ဖြစ်မည့် ရန်စွယ်ကို ကြီးထွားခင် အရင်ဆုံး သုတ်သင်ဖယ်ရှားမှဖြစ်မည်"

"မှန်ကြောင်းပါ ဘုရား.."

"ဒါဆိုရင် မောင်တင့်တယ်ကို ဖမ်းစေ.."

သင်းတွဲမင်းကြီးက ဤသို့ အမိန့်တော်ချမှတ်လိုက်သည်၊ သင်းတွဲစစ်သားများသည် မောင်တင့်တယ်ကို လာရောက်ဖမ်းဆီးရာ မောင်တင့်တယ်သည် တောကြီးအတွင်းသို့ ပြေးပုန်းအောင်းနေခဲ့သည်။

ထိုစဉ် နဂါးပြည်မှ ရွှေနပေဟူသော နဂါးမသည် နမန္တာနဂါးမျိုးဖြစ်၍ စက်တော်ရာရှိ နမန္တာနဂါးရှိရာသို့လာခဲ့သည်။ ထိုသို့လာစဉ် နဂါးပြည်၌ နဂါးနှင့်ရသည့် ရွှေကြို၊ ပန်းဖြူ၊ ပတ္တမြားဟူသည့် သမီးသုံးယောက်ပါလာခဲ့သည်၊

သမီးသုံးယောက်အား မန်းချောင်းတွင် ထားခဲ့ပြီး မြစ်ညာသို့ဆန်တက်လာရာ တကောင်းတောကြီးအတွင်းသို့ ရောက်လာခဲ့သည်။ ထိုတောကြီးအတွင်း၌ ပုန်းအောင်းနေသည့် မောင်တင့်တယ်နှင့် တွေ့ဆုံကာ ချစ်ကြိုက်သွားခဲ့သည်။ ၎င်းတို့နှစ်ဦး တောအတွင်း၌ပေါင်းသင်းနေစဉ် နဂါးမ၌ ပဋိသန္ဓေရှိခဲ့သည်၊

ထိုအချိန်တွင် သင်းတွဲမင်းကြီးမှာ မောင်တင့်တယ်ကို မဖမ်းနိုင်သဖြင့် စိတ်မအေးဘဲဖြစ်နေရာ မှူးမတ်ကြီးများနှင့်တိုင်ပင်ခဲ့သည်၊ ထိုအခါ မှူးမတ်ကြီးများက -

"မောင်တင့်တယ်ကို ရိုးရိုးဖမ်းလို့မရလျှင်၊ ဥပါယ်တမည်သုံးပြီး ဖမ်းရပါမယ် ဘုရား.."

"ကိုင်း.. ဒါဆို ဘယ်လို ဥပါယ်တမည်သုံးမလဲ"

"သူ၏နှမ မမြတ်လှကို မိဖုရားမြှောက်ရပါမယ်ဘုရား၊ မမြတ်လှကို အယုံသွင်းပြီး မောင်တင့်တယ်ကို "မြို့ကွပ်" ရာထူးပေးမည်ဆိုပြီး ခေါ်ခိုင်းတော်မူပါ ဘုရား"

"ကိုင်း... မှူးမတ်ကြီးတို့အကြံကား ကောင်းလေစွ၊ မှူးမတ်ကြီးတို့အကြံအတိုင်း ဆောင်ရွက်စေ.."



www.burmeseclassic.com

www.burmeseclassic.com





ထိုသို့ဖြင့် မမြတ်လှအား "စောမယ်ယာ" အဖြစ် မိဖုရားမြှောက်လိုက်သည်။ ထို့နောက် မောင်တင့်တယ်အား "မြို့ကွပ်"ရာထူးပေးလိုသဖြင့် ခေါ်ပေးစေလိုကြောင်း ဥပါယ်တမည်ဖြင့် ပြောခဲ့သည်။

ထိုအခါ မမြတ်လှလည်း ဝမ်းသာအားရဖြစ်ကာ၊ အစ်ကိုကြီးကို မြို့ကွပ်ရာထူးပေးမည်ဟုဆိုကာ ခေါ်လိုက်သည်။ မောင်တင့်တယ်လည်း နမတော်မှအခေါ်ရှိသဖြင့် မြို့သို့လိုက်လာရာ နဂါးမရွှေနပေမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့် တောထဲ၌ ကျန်ရစ်ခဲ့သည်။ နဂါးမလည်း ဥနှစ်လုံး ဖွားမြင်ခဲ့သည်။

မောင်တင့်တယ်သည် နန်းတော်သို့ရောက်သောအခါ အသင့်စောင့်ဆိုင်းနေသော မင်းချင်းတို့သည် ၎င်းကိုဖမ်းပြီး စကားပင်၌ကြိုးနှင့်ချည်ကာ ထင်းမီးသွေးများစုပုံ၍ ဗိုကျင်ထိုးသတ်ခဲ့သည်။ ထိုအကြောင်းကို မမြတ်လှကြားသောအခါ . . . ။

"ငါ့မောင်ကြီးသည် ငါ့ကြောင့်သေရသည်" ဟုဆိုကာ မီးပုံအတွင်းသို့ ခုန်ဆင်းလိုက်သည်။ မင်း၏ မာယာပရိယာယ်ကို နားမလည်ရှာသည့် မောင်တင့်တယ်မှာ စကားပင်၌ သေဆုံးသွားခဲ့သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကဗိလင်္ကာရ သတ်ပုံဆရာက "မင်း၏ ပရိယာယ်၊ တင့်တယ်၊ နားဝယ် မလည်ရှာ" ဟု စပ်ဆိုရေးဖွဲ့ခဲ့ပါသည်။

မိဖုရားစောမယ်ယာ မီးပုံအတွင်းခုန်ဆင်းလေသော် မင်းကြီးက လှမ်းဆွဲရာ ဆံထုံးကိုသာ မိလိုက်သည်။ သူမ၏ခန္ဓာကိုယ်မှာ မီးလောင်ကျွမ်းသွားသဖြင့် ဦးခေါင်းကိုသာ ရလိုက်သည်။ ထိုစကားပင်ရင်း၌ မောင်နှမနှစ်ယောက်စလုံး သေဆုံးခဲ့ရသည်။

၎င်းတို့နှစ်ဦးသည် သေဆုံးပြီးနောက် စကားပင်စောင့်နတ်ဖြစ်ကာ စကားပင်အောက်သို့ ဝင်ရောက်လာသည့် လူသူ ကျွဲ၊ နွားဟူသမျှ ဖမ်းစားရာ၊ ဝင်မိသမျှ အားလုံး သေဆုံးကုန်ကြသည်။ ထိုသို့ဖမ်းစားသဖြင့် လူသူ ကျွဲ နွားပိုင်ရှင်များက အုန်းအုန်းကြွက်ကြွက်ဖြစ်ကာ တိုင်တန်းသဖြင့် မင်းကြီးသည် စကားပင်ကို အမြစ်အရင်းကုန် ဆောင်တူးပြီးနောက် ဧရာဝတီမြစ်ထဲသို့ မျှောပစ်လိုက်သည်။

ပြည်သူပြည်သားများသည် နတ်ကို အိမ်ရှေ့တွင် နတ်တိုင်ထားပြီး ထင်ထင်ရှားရှား မကိုးကွယ်ဝံ့ကြသဖြင့် အိမ် အတွင်းသို့ပြောင်းကာ တိတ်တခိုး ကိုးကွယ်ခဲ့ကြသည်။ ရှေးယခင်က အိမ်သို့မပြောင်း နတ်ကိုးကွယ်မှု မရှိပေ။ နတ်မင်းဆိုး (၃၇) ပါးတို့၌ လောကနတ် တော်ဝင်မင်းများဆိုကာ ပူဇော်ပသခဲ့ကြသည်။

နဂါးမရွှေနပေလည်း ခင်ပွန်းသည်မောင်တင့်တယ်၏ သတင်းဆိုးကို ကြားရသောအခါ ရင်ကွဲနာကျ၍သေရာ နတ်ဖြစ်သွားခဲ့သည်။ ကျန်ရစ်ခဲ့သော ဥနှစ်လုံးမှ သားယောကျ်ားလေး နှစ်ယောက် မွေးခဲ့သည်။ ၎င်းတို့အမည်မှာ တောင်မကြီးရှင်ညီနှင့် မြောက်မင်းရှင်ဖြူ ဖြစ်သည်။

ထိုသို့ မျောသွားသော စကားပင်သည် ပုဂံသို့ရောက်ရှိသွားရာ သဉ္ဇလည်ကြောင်မင်းသည် ထိုစကားသစ်ထုံးကိုအမြတ်တနိုးပြု၍ ပုပ္ပားတောင်၌ ထားလေသည်။ ထို့အပြင် မောင်တော်၊ နမတော်အရုပ်ကို ရွှေဖဝါးရေး၍ နတ်ကွန်းဆောက်ကာ ကိုးကွယ်ခဲ့သည်။

နတ်က တောင်းဆိုသဖြင့် မောင်တော် နမတော်အရုပ်ကို ရွှေသားဖြင့်ထုလုပ်ပြီး အသုံးအဆောင်များဖြစ်သော ကွမ်းခွက်၊ လက်ဖက်အိုး၊ ဆွမ်းခံ၊ ကျိုင်၊ စည်းနီ၊ ခွက်ခွင်း၊ ဒုံမင်းရေခရားများပါ နတ်စင်၌ထားပေးခဲ့သည်။ ထို့နောက် သဉ္ဇလည်ကြောင်မင်း၏ကိုယ်လုပ်တော်များဖြစ်သော "ဘစလောက်၊ ဘန်ကောက်၊ ညောင်ဖျား၊ အာသာ၊ ရွှေသွယ်၊ သစ်စရ၊ ပုံ" စသည့် မိန်းမ(၇)ယောက်အား နတ်မောင်နှမ၏ အလုပ်အကျွေးအဖြစ် ထားခဲ့သည်။

ထိုမှစ၍ ရွှေစဉ်မျိုးဆက် နတ်ထိန်းရိုးရာမပျက် ကွမ်းဆက်ခံရသည်ပြုလုပ်ရပါတော့သည်။ သဉ္ဇလည်ကြောင်မင်း၊ ပုပ္ပားစောရဟန်းမင်း





www.burmeseclassic.com

www.burmeseclassic.com





လက်ထက်တွင် နတ်မောင်နှမအား ကျွဲ နွား၊ ဝက်၊ ကြက်တို့ဖြင့် တစ်နှစ် တစ်ခါ ပူဇော်ပသပြီး ကျွဲခေါင်း၊ နွားခေါင်း ကြက်ခေါင်း၊ ဝက်ခေါင်းတို့ကို ကြိုးနှင့်သီ၍ အိမ်ရှေ့နတ်တိုင်၌ ဆွဲထားခဲ့ကြသည်။

ဘုရင့်နောင် (ခေါ်) ဆင်ဖြူရှင် မင်းတရားကြီးလက်ထက်၌ ဤသို့ နတ်ပူဇော်ခြင်းကို အရှိန်မိဟန့်တားသဖြင့် တိရစ္ဆာန်တို့ကို သတ်ဖြတ်ပြီး နတ်တင်သည့်ကိစ္စများ ကွယ်ပျောက်ခဲ့သည်။

ထိုအခါ ပြည်သူပြည်သားများသည် နတ်ကိုအိမ်ရှေ့တွင် နတ်တိုင်ထားပြီး ထင်ထင်ရှားရှား မကိုးကွယ်ရဲကြသဖြင့် အိမ်အတွင်းသို့သွင်းကာ တိတ်တဆိတ် ကိုးကွယ်ခဲ့ကြသည်။ ရှေးယခင်က အုန်းသီးဖြင့် နတ်ကိုးကွယ်မှု မရှိပေ၊ နတ်ပန်းအိုး (ခေါ်) မြေအိုး၌ တောပန်း၊ တောင်ပန်းများထိုးကာ ပူဇော်ပသခဲ့ကြသည်။

အုန်းဆွဲကာ ပူဇော်ပသခြင်းကို မှန်တို့ဦ့ာနေ၌ အစောဆုံးတွေ့ရှိရပါသည်၊ နတ်သမိုင်းတချို့၌ ဖော်ပြထားသည်မှာ မောင်တင့်တယ်မှာ မီးလောင်၍ သေဆုံးသူဖြစ်သောကြောင့် မီးလောင်လူနာကို အုန်းရည် အုန်းသီးတိုက်ကျွေးကုသရသည့် မြန်မာ့ရိုးရာဆေးကုသမှုနည်းကိုစံမှီ အတုယူကာ တိရစ္ဆာန်များကို သတ်ဖြတ်ယစ်ပူဇော်ပွဲမလုပ်တော့ဘဲ အစားထိုးကာ အုန်းသီးနှင့်တင်မြှောက်ပသခြင်းဖြစ်သည်ဟု အဆိုရှိပါသည်။

မောင်တင့်တယ်၏နောက်ကြောင်းကို ပြန်ကြည့်သော် ..။

တစ်ခုသောဘဝတွင် ဆုတောင်းဘက် (၄)ဦးရှိခဲ့ဖူးသည်၊ ၎င်းနှင့် စုစုပေါင်း သူငယ်ချင်းငါးယောက်သည် ကိုယ်စိတ်နှစ်ပါးညီညွတ်စွာဖြင့် ပန်သစွာဆုတောင်းခဲ့ကြပါသည်။

၎င်းတို့မှာ (၁) အလောင်းစည်သူဖြစ်ပြီး ထိုစဉ်က မင်းသားဖြစ်သည် (၂) ရှင်အရဟံကား ပုဏ္ဏာသား ဖြစ်ခဲ့သည်၊ (၃) မင်းမဟာဂီရိနတ်မင်းကား သူဌေးသားဖြစ်ပြီး (၄) သက်မင်းငတုံမှာမူကား စစ်သူကြီးဖြစ်ခဲ့သည်၊ (၅)





ထီးလှိုင်ရှင် (ခေါ်) ကျန်စစ်သားမှာ မင်းဖြစ်ခဲ့သည်၊

အလောင်းစည်သူဖြစ်မည့် မင်းသား၏ဆုတောင်းမှာ -

"နောင်သောအခါ၌ သူခပ်သိမ်းတို့ကို အစိုးရသော မင်းဖြစ်ရပါလို၏" ဖြစ်သည်၊

ပုဏ္ဏားကား "မင်းရိုးရှည်စွာ၊ မင်းဆရာဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့သည်၊



သူဌေးကား "နောင်သောအခါ မင်းပူဇော်ခံရသည့်နတ်ကြီးတစ်ပါး ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့သည်၊

သက်မင်းငတုံလောင်းလျာ စစ်သူကြီးကာ "အနောက်တစ်ဝန်း ပိုင်ဆိုင် စိုးမိုးရပါလို၏" ဟု ဆုတောင်းဆုပြုခဲ့သည်၊

မင်းကြီးကျန်စစ်သားလောင်းလျာကား "မင်းဖြစ်ခဲ့ပြီး သူတို့လေးယောက်နှင့် ငါ မကွဲမကွာဖြစ်ရပါစေသတည်း" ဟု ဆုတောင်းပန်သခဲ့သည်၊

နောင်သောအခါ မင်းသားသည် အလောင်းစည်သူ၊

ပုဏ္ဏာသားမှာ ရှင်အရဟံ၊

သူဌေးမှာ - မင်းမဟာဂီရိနတ်မင်း၊

စစ်သူကြီးမှာ သက်မင်းငတုံဖြစ်၍ ရခိုင်ပြည်၌စိုးစံရသော မင်းဖြစ်ခဲ့သည်၊

မင်းကြီးမှာ ထီးလှိုင်ရှင် (ခေါ်) ကျန်စစ်သားဖြစ်လာခဲ့သည်၊

အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏အကူအညီဖြင့် ထေရဝါဒ သာသနာတော်ကြီးကို ထိန်ထိန်ညီးအောင် ထွန်းလင်းတောက်ပြောင်စေခဲ့သည့် မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သည်၊

မင်းမဟာဂီရိနတ်ကား အနော်ရထာမင်းကြီး တိုင်းခန်းလှည့်သည့်ခါ၌ လက်ယာဘက်မှလိုက်ပါ၍ စောင့်ရှောက်ခဲ့သည်ဟု အဆိုရှိပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၏လက်ဝဲဘက်တွင် သက်ရိုနတ်ကစောင့်ရှောက်ခဲ့ကြောင်း၊ တွင်းသင်းရာဇဝင်သစ်၌ ရေးသားဖော်ပြထားပါသည်။

တစ်ခါသော် သက်မင်းဝေတုံသည် တိုင်းစွန်ပြည်ဖျား၌ စစ်အင်္ဂါလေးပါးဖြင့် ကျန်စစ်သားမင်းကြီးအားပုန်ကန်ခြားနားရန် စီမံကွပ်ကဲလျက်ရှိလေသည်။ ထိုအခါ မင်းကြီးကြားသော် ရန်သူကိုနှိမ်နင်းအံ့ဟုစစ်ပြင်ရာ၊ ရှင်အရဟံနှင့် မင်းမဟာဂီရိနတ်မင်းက ...။

"မင်းကြီး ရေးကဆုတောင်းဖက်ဖြစ်၍ သက်မင်းအား စစ်မတိုက်သင့်ပါ" ဟုတားမြစ်ရာ မင်းကြီးကျန်စစ်သားက ...။

"နတ်မင်းကြီး ဆုတောင်းဖက်ဟူသော် ငါဆင်းရဲစဉ်က အဘယ့်ကြောင့် မကယ်တင်သနည်း" ဟု မေးမြန်းခဲ့သည်။

ထိုအခါ မင်းမဟာဂီရိနတ်မင်းက ...။

"မင်းကြီးကို အနော်ရထာမင်းကကြိုးဖြင့်ရှည်၍ လှံဖြင့်ထိုးသည့်ကာလ၌ကြိုးကိုထိုးမိစေပြီး ကြိုးပြတ်ရသည်မှာ ငါမဟုတ်တုံလော၊ တောင်ရှုန်ကျွန်း၌ စစ်ပျက်၍ပြေးရသည့်ကာလ ညဉ့်မိုက်မိုက်တွင် ဖွတ်ရေအကျီ ဝတ်ကာ မြင်းကျားနှင့် ခရီးညွှန်သည်မှာ ငါမဟုတ်လော ..။

မင်းစောလူးကို အနရာရှောင်၍ရိုးပြေးသောအခါ ရန်သူတို့ထက်ကြပ်လိုက်၍ မြစ်ကိုကူးရာတွင် ပင်ပန်းတော့မည်ဟု တွေးဆပြီး သောင်ပြင်အဖြစ်ဖန်ဆင်း၍ မြစ်ကွေးငှက်ယောင်ပြည်သည်မှာ ငါမဟုတ်လော ..။ ထိုမျှမက တံငါသားအဖယောင် ဖန်ဆင်း၍ လှေနှင့် ခအောင်သာသို့လိုက်ပို့သည်မှာ ငါမဟုတ်လော၊ မင်းကြီးဆင်းရဲ၍ စီးမြောင်ကျောင်း၌ အိပ်ဖျော်နေစဉ် နဂါးယောင်ဖန်ဆင်း၍ ပါးပျဉ်းဖြင့်ကာထားသည်မှာ ငါမဟုတ်လော" ဟု မေး၏။

မင်းမဟာဂီရိ၏ပြောစကားကို ကျန်စစ်မင်းကြီး ကြားရသောအခါ "နတ်မင်းပြောသမျှ အားလုံးအမှန်ရှည်းသာ ဖြစ်ပါသည်" ဟု ဝမ်းမြောက်ဝမ်းသာစကားဆိုလျက်၊ သက်မင်းဝေတုံအား တိုက်ခိုက်ခြင်းမပြုတော့ဘဲ အမျက်တော်ပြေကာ အေးချမ်းစွာ နေလိုက်သည်။ ရှင်အရဟံသည်လည်း သက်မင်းဝေတုံကို ဆုံးမစကားပြောကြားခဲ့ပါသည်။

အလောင်းစည်သူမင်းကြီးလက်ထက်တွင် သက်မင်းဝေတုံထကြွ





သောင်းကျန်းပြန်၍ မင်းကြီးကိုယ်တိုင်သွားရောက်ဖမ်းဆီးရာ သက်မင်းဝေတုံကို ဖမ်းမမိဘဲ ရှိ၏။ ထို့ကြောင့် သူရိုးဝေဋ္ဌကိုစေလွှတ်၍ ဖမ်းနိုင်းရာ ဝေဋ္ဌ၏စွမ်းရည်ဖြင့် သက်မင်းဝေတုံကိုဖမ်းမိကာ၊ သူ၏ဦးခေါင်းကိုဖြတ်၍ ဆက်သခဲ့သည်။

ထိုအခါ မင်းမဟာဂီရိနတ်မင်းက ...

"ဆုတောင်းဘက်ကို သတ်သည်မှာ အလွန်မှားသည်" ဟုဆို၏

"ဆုတောင်းဖက်ဖြစ်သော်လည်း ငါ၏တိုင်းစွန်ပြည်ဖျားကို ကျူးကျော်စော်ကားလာသောကြောင့်သာ ငါတားဆီးရသည်။ ငါ့အဆွေသေသည်ကို ငါအလိုမရှိ၊ ထို့အပြင် ငါ့အဆွေ အသေသတ်စေ ငါမစေ၊ မင်းတို့မှတ တိုင်းပြည်မြို့ရွာ သာယာအေးချမ်းအောင်သာ ငါပြုရသည်" ဟုဆို၏ ၊ ထိုအခါ မင်းမဟာဂီရိက ..။

"သက်မင်း ဝေတုံကို ပူဇော်လေ" ဟုဆို၏။

ထို့ကြောင့် သက်မင်းဝေတုံခေါင်းပြတ်ကို ရတနာပန်းတောင်း၌ တင်၍ မင်းကြီးနှင့်မျက်နှာချင်းဆိုင်ထားသော် တခြားဘက်သို့ မျက်နှာလှည့်သွား၏။ မင်းကြီးလည်း ၎င်းပြုမိသမျှ တောင်းပန်သည့်အနေဖြင့် တူရွှင်းတောင်ခြေရှိ ရှင်အရဟံရုပ်တုနှင့်အတူ သက်မင်းဝေတုံ၏ခေါင်းပြတ်ကို ထားရှိလျက် အပူဇော်ခံခဲ့ရပါသည်။

ခေတ်အဆက်ဆက်ကိုးကွယ်ရာ ရတနာပုံခေတ်တွင် နန်းဦးဆောင်ရှိ ရာဇပလ္လင်ဥကင်းအတွင်းဘက်ရှိ "သည်မ" တိုင်အတွင်း၌ မင်းမဟာဂီရိနတ်မိုးကို အမိုးသုံးထပ်ပြုလုပ်၍ တစ်ပင်တိုင်နတ်ကွန်း ဆောက်လုပ်ပေးခဲ့သည်။

အိမ်တွင်းသခင်ကြီးကို ယုံကြည်ကြသော မြန်မာလူမျိုးတိုင်းလိုလို အုန်းဆွဲခြင်း (သို့) ကွန်းနန်းအပ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။ တိုက်တာအိမ်နှင့်နေသူဖြစ်စေ၊ တဲဖြင့်နေသူဖြစ်စေ၊ အိမ်တွင်းလုံခြုံစေရန်၊ ဆင်းရဲချမ်းသာမရွေး နတ်အုန်းဆွဲကြပါသည်။ နတ်အုန်းမဆွဲသည့်အိမ်မှာ အလွန်ရှားပါသည်။

ဤသို့ ကွန်းနန်းအပ်ခြင်းဖြင့် အိမ်တွင်းအိမ်ပ၊ ကိုယ်တွင်းကိုယ်ပ နှစ်ဌာန၌ကျရောက်မည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်ကို မကျရောက်




www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဘေးရန်ကင်းရှင်းစေရန် အိမ်တွင်းဘခင်ကြီးမှ ကူညီစောင့်ရှောက်သည် ဟု ယုံကြည်ကြပါသည်၊ ထို့အပြင် စီးပွားလာဘ်လာဘများ တိုးတက်အောင် စောင်မနိုင်သည်ဟု ယုံကြည်ကြပါသည်၊



အိမ်တွင်း အုန်းဆွဲခြင်းနှင့် ပွဲတင်ခြင်း၊

အပြစ်အနာဆာကင်းသော အုန်းသီး(ကြွက်မြီးကောင်းကောင်း) တစ်လုံးကို ရေဖြင့် စင်ကြယ်စွာ ဆေးကြောပြီးနောက် အိမ်တွင် နတ်(၇)မျိုး ပါသည့် ဘောင်းတော်ကိုတပ်ဆင်ပြီး ရွှေဆိုင်း(သို့မဟုတ်) ကြိမ်ဆိုင်း တွင်ထည့်ကာ နန်းဆောင်၌ ချိတ်ဆွဲပါ။ ပြီးနောက် အမွှေးနံ့သာ ပက်ဖျန်း ပါ။ ဘောင်းတော်တွင် အောင်သပြေခက်များ၊ ရွှေပန်း၊ ငွေပန်းများ ဆက်သပါ။

ပွဲပြင်ရာတွင် ရှေးဦးစွာ ပွဲပြင်ဇလုံ၊ အုန်း၊ ငှက်ပျော၊ ပန်းတို့ကို သန့်ရှင်းစွာ ဆေးကြောပါ။ ဇလုံအတွင်းသို့ ငှက်ပျော(၃)ဖီး (ရခိုင်ငှက်ပျော) ထည့်၍ အလယ်တွင် အုန်းသီးကို တည့်မတ်စွာထားပါ။ စပယ်ပန်းများကို အုန်းညှာတွင် ချိတ်ပါ။ ငှက်ပျောသီးများအကြားတွင် လက်ဖက်၊ အောင်သပြေ ကွမ်းယာများ ညှပ်ထည့်ပါ။ အမွှေးနံ့သာများကို သပြေခက်ဖြင့် ဖျန်းပတ် ပါ။ ထမင်းနှင့်ပေါက်ပေါက် တစ်ပန်းကန်စီထည့်ပါ။

ကြွေပန်းကန်ထဲတွင် လက်ဖက်(ဆားမထည့်ရ)၊ အကြော်စုံပွဲ ပြင်ပါ။ သောက်တော်ရေဇန်ခွက်တွင် သောက်ရေဖြည့်ထားပါ။ နတ်





ဘပ်တောင်တစ်ချောင်း အသင့်ထားပါ။ မယ်တော် ရွှေနပေအတွက် နွားနို့ ဘစ်ဇန်ခွက် ထားပါ။ မနဲ့လေးအတွက် သကြားလုံးနှစ်လုံးနှင့် ဘဲဥနှစ်လုံး (သို့ မဟုတ်) ကြက်ဥနှစ်လုံး ပန်းကန်ပြားတစ်ချပ်၌ ထည့်ပါ။

အုန်းတော်ကို ယပ်သွင်း၍ ကွန်းနန်းအပ်ကာ ပသရပါသည်၊

"ကျွန်တော်မျိုးတို့နေရာ အိမ်ဂေဟာကို အမှန်ပင် စိုးမိုးပိုင်သ အစိုးရတော်မူသော အိမ်တွင်းဘခင်ကြီးနှင့်ဆွေတော်မျိုးတော်များ ဘုရား။ အရှင်တို့အား အုန်း၊ ငှက်ပျော၊ လက်ဖက်၊ အောင်သပြေ၊ စပယ်ပန်းနှင့် အတူ ယပ်ခြံရံလျက် ကွန်းနန်းအပ် ဆက်ကပ်ပသပါသည် ဘုရား..

ဤသို့ပသသည့် ကွန်းနန်းအလှူရှင် သားတော်ကြီး (နေ့သား အမည်)၊ သမီးတော်ကြီး (နေ့သမီးအမည်)တို့ကို ယနေ့မှစ၍ အိမ်တွင်းရေး၊ အုန်းမာရေး၊ လူမှုရေး ဆွေမျိုးမိတ်သင်္ဂဟအရေးမှစ၍ အရေးအားလုံးတို့ တွင် ချောမောပြေပြစ်တိုးတက်ကောင်းမွန်စေလျက် နိုင်မြဲတည်တံ့စေရန် ဘခင်ကြီးမှ ဦးဆောင်ရှေ့ရှုက်ပြု၍ စောင့်ရှောက်ကာကွယ်မစ ပေးမတော် မူပါ..

ယခုကဲ့သို့ ကွန်းနန်းအပ်လှူဒါန်းခြင်းမှာ အိမ်တွင်းဘခင်ကြီး တို့မိသားစုကို ယုံကြည်လေးစားအားကိုး၍ သဒ္ဓါတရားကြီးမားစွာဖြင့် ပသ ခြင်းဖြစ်ပါသည်၊ မတွန့်သော စေတနာ၊ ထက်သန်သော သဒ္ဓါတရားဖြင့် အထက်ထမ်းပိုး တို့၍ တိုး၍ လှူဒါန်းပသမည်ဖြစ်ကြောင်းပါ၊ သို့ပါ၍ သား တော်၊ သမီးတော်တို့မိသားစုကို ကူညီမှိုင်းမ စောင်မကြည့်ရှုတော်မူပါ။

ကိုယ်တွင်း၊ ကိုယ်ပ အိမ်တွင်း အိမ်ပ နှစ်ဌာနတို့၌ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ဖြစ်သော ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်၊ အန္တရာယ် ဟူသမျှ ဘေးရန် ကင်းရှင်းစေရန် ဘခင်ကြီးမှ ကူညီမစတော်မူပါ"

ထိုသို့ပြောဆိုပြီးနောက် ယပ်(၇)ချက် ဆက်သွင်းပါ။

"ယနေ့မှအစပြု၍ မိသားစု အိမ်ဂေဟာအတွင်းသို့ ကျော်ကြားသံ များ၊ ရွှေငွေ ရတနာ၊ စီးပွားချမ်းသာများ သွတ်သွင်းမစ မှိုင်းမပေးတော်



www.burmeseclassic.com

www.burmeseclassic.com



*မှုပါဘစင်ကြီး ခင်ဗျား"*

ထိုသို့ပြောပြီး အိမ်အပြင်လမ်းဘက်သို့ မျက်နှာမူ၍ ယပ်(၇) ချက်ခတ်ပါ။ မိမိတို့အကြံအစည်များအောင်၊ မအောင်ကြိုတင်သိနိုင်ရန် ကန်တော့ပွဲကို ဦးစွာမပါ။

ထို့နောက် "အလုပ်အကိုင် အကြံအစည် အောင်မြင်မည်ဆိုပါက၊ ဤကန်တော့ပွဲသည် ဝါးလွမ်းဆိုင်အလား ပေါ့ပါးပါစေသတည်း"

ဤသို့ပြောပြီး ကန်တော့ပွဲကို မပါ။

"ကံအကြောင်းမလှ၍ မအောင်မြင်မှုမရခဲ့သော် ကျောက်စိုင်အလား လေးပါစေသတည်း၊ ဤသို့ပြောပြီး ကန်တော့ပွဲကိုမပါ"

ဤသို့အစီအစဉ်ဖြင့် လုပ်ငန်းအကြံအစည် အောင်/မအောင် ကို ကြိုတင်သိနိုင်ပါသည်။



မယ်တော်ရွှေ နပေပသနည်း

ရွှေနပေရုပ်ထုပါသော ရေအင်တုံအတွင်းသို့ ရေကောင်းရေသန့် တစ်ဝက်ခန့် ထည့်ပါ။ ၎င်းရေအင်တုံ၌ စပယ်ပန်း၊ အောင်သပြေပန်းများ ကပ်လှူ ပူဇော်ပါ။ ရုပ်ထု၏ရှေ့၌ နွားနို့တစ်ဖန်ခွက်၊ ပေါက်ပေါက် တစ်ပန်းကန် ဆက်သပါ။

*"အမေ ရွှေနပေ(ခေါ်)နဂါးမယ်တော် ခင်ဗျား..၊ အမေ အေးအေး ချမ်းချမ်း နေနိုင်စေရန် ရေကြည်ရေကောင်းများ ဆက်သပါသည်၊ အမေ သုံးဆောင်ရန် နွားနို့စစ်စစ်နှင့် ပေါက်ပေါက်ပွင့်တို့ကို ဆက်သပါသည်၊ ခမ်းမြောက်ဝမ်းသာ သုံးဆောင်တော်မူပါ"*

*သားတော်၊ သမီးတော်တို့အား ချစ်ခင်သနား မေတ္တာထား၍ စီးပွားချမ်းသာ၊ ကံ့လုံ့ကြွယ်ဝရန် ကူညီမှိုင်းမ စောင့်ရှောက်ပေးပါ၊ ဘေး အန္တရာယ်ကင်း၊ ဘေးရှင်းစေရန် အမေ၏သန္နိဋ္ဌာန်အမျိုးမျိုးဖြင့် ကူညီဖယ်ရှားပေးပါ ခင်ဗျာ"*

ထိုသို့ပြောပြီး နွားနို့ဖန်ခွက်၊ ပေါက်ပေါက်ပန်းကန်တို့ကို ရှိသေစွာ ချိုင်မြောက်ပြီး ပုဆစ်ဒူးတုပ်ကာ ကွန်းနန်းအပ်ရပါသည်။

ကွန်းနန်းအပ်ရာတွင် ရှောင်ရမည့်အချက်များ

အိမ်တွင်းနတ်(၇)ပါး၏နန်းနှင့် နန်းအနီးတွင် ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး စသည်တို့ကို မပသရ၊ မီးကြောင့် အသက်ဆုံးရှုံးခဲ့ရသဖြင့် မီးကို မနှစ်သက်ချေ။

ကွန်းနန်းအား ဘုရားဆောင်၊ ရဟန္တာစင်၊ ဘိုးတော်မယ်တော် စင်များနှင့် တပြေးညီစွာ မထားရပါ၊ အနည်းဆုံး (၆)လက်မ (သို့) (၁)ပေ ခန့် နိမ့်၍ထားရသည်။

ခေါင်ရမ်း၊ စကားဝါပန်းမှအပ မည်သည့်ပန်းမဆို ပန်းအိုးထိုးနိုင် သည်၊ မနက်ပိုင်းတွင် အုန်းတော်လိုက်ကာဖွင့်၍ ယပ်(၇)ချက် ခပ်သွင်းပါ။

အုန်းတော်ကြွက်မြီးကို အိမ်အပြင်သို့ထားပါက လာဘ်ဝင်သည် ဟု အဆိုရှိပါသည်၊ ညနေမှောင်ရီပျိုးလျှင် ယပ်လေ (၇)ချက် ခပ်သွင်းပြီး လိုက်ကာကို ဆွဲပိတ်ပါ။

အထူးရှောင်ကြည်ရမည်မှာ ကွန်းနန်းအနီး (သို့) အိမ်ရှေ့ခန်း၌ ခင်စုံမယားဖက် မအိပ်ရပါ၊ နတ်ရှက်တတ်သောကြောင့် ဖြစ်ပါသည်။

သော်လည်းကြောင်းမင်းမှစ၍ ရှေးမင်းအဆက်ဆက် နတ်တော်လ ၌ပွားတောင်အရပ်တွင် နတ်ပွဲကို ပျော်ရွှင်စွာ ကျင်းပခဲ့ပါတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com



# ရေအောက်ထဲက ခရစ်တော်ရုပ်ထုများ



Christ of the Abyss ရုပ်ထုဟာ ပေါ်တိုဖီနို (Portofino) ရေပိုင်နက်ရဲ့ရေပြင်ထဲကနေ ပေါ်ထွက်နေပါတယ်။ အဲဒီနေရာဟာ ရေငုပ်ထ ကိုနှစ်သက်သူတွေအတွက် ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးနဲ့ လူသိအများဆုံး နေရာတစ်ခုဖြစ်လာနေပါပြီ။ ဒီ ခရစ်တော်ရုပ်ထုကို San Fruttuoso di Camogli ရဲ့ရေပြင်အောက်မှာထားရှိခဲ့တာ (၁၉၅၄) ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်မှာ ဖြစ်ပါတယ်။ ကော်စတာမိသားစုက ပြုလုပ်ခဲ့တာဖြစ်ပြီး ရုပ်ထုက (၁၈) မီတာခန့် မြင့်ပါတယ်။

ခရစ်တော်ရုပ်ထုကို ရေအောက်မှာထားဖို့ စဉ်းစားမိတဲ့သူ ကတော့ အီတလီရေငုပ်သမား (Duilio Marcante) ဆိုသူဖြစ်ပါတယ်။ သူ ဟာ ရေငုပ်ခြင်းပညာကို ရှေ့ဆောင်ခဲ့သူလို့လည်း ဆိုရပါမယ်။ (၁၉၄၇) ခုနှစ် မှာ ခရစ်တော်ရုပ်ထုထားရာ အနီးပတ်ဝန်းကျင်မှာ ထူးဆန်းစွာ ပျောက်ဆုံး သွားတဲ့ ပထမဆုံး Scuba Gear ကိုအသုံးပြုသူ အီတလီရေငုပ်သမား သူ့ သူငယ်ချင်း Dario Gonzatti ကို အမှတ်တရ ရည်ညွှန်းချင်တဲ့အတွက် ဒီလို အိုင်ဒီယာကို ရရှိခဲ့တယ်လို့ သိရပါတယ်။







ခရစ်တော်ရုပ်ထုဟာ ရေငုပ်သမား များမှာ ခံစားနေရတဲ့ သောကတွေအတွက် ညွှန်းဆိုရာ အမှတ်အသားတစ်ခုဖြစ်သလို၊ ရေအောက် အသက်ရှူကိရိယာကိုသုံးပြီး ရေငုပ်သူတွေအတွက် သင်္ကေတတစ်ခုဖြစ်လာခဲ့ပါတယ်။

ရုပ်ထုကြီးကိုဖန်တီးတဲ့နေရာမှာ ကိုက်ညီအပ်စပ်တဲ့ကြေးနီပမာဏရရှိဖို့အတွက် ပန်းပုဆရာ ဂူဒိုဂယ်လက်တီဟာ ဆုတံဆိပ်တွေ၊ ရေတပ်နဲ့ဆိုင်တဲ့ ရှေးပစ္စည်းတွေနဲ့ ခေါင်းလောင်းတွေကို ပေါင်းစပ်အရည်ကျိုခဲ့ပါတယ်။ တိုက်စားမှုတွေ မြင့်တက်လာခဲ့ရယ်၊ ကျောက်ဆူးကြောင့် ကျိုးကြေသွားရတဲ့ လက်တစ်ဖက်ကို အစားထိုးချင်တာကြောင့် (၂၀၀၃) ခုနှစ်မှာ အမြုတ်တန်းထိန်းသိမ်းဖို့အတွက် ပြီး ကုန်းပေါ်ကို ဆွဲတင်ခဲ့ကြပါတယ်။

သဘာဝအလှများနဲ့ သာယာလှပတဲ့ရေပြင်မှာ ငြိမ်းချမ်းရေး သင်္ကေတအဖြစ် ခရစ်တော်ရဲ့လက်အစုံဟာ အထက်မိုးကောင်းကင်ဆီသို့ မြှောက်ဆိုနေဟန်ပြုနေပါတယ်။ San Fruttoso ကမ်းခြေမှာတော့ နှစ်တိုင်းရဲ့ ဇူလိုင်လနောက်ဆုံး တနင်္ဂနွေနေ့တိုင်း ပင်လယ်ရေပြင်မှာ အသက်ဆုံးရှုံးသွားရတဲ့ သက်ရှိများအတွက်၊ ရေငုပ်သမားများအတွက် ပန်းသရဖူကို ရေအောက်မှာရှိတဲ့ ခရစ်တော်ခြေရင်းမှာထားခြင်းဖြင့် အထိမ်းအမှတ်ပြုလုပ်လေ့ရှိကြပါတယ်။

ဒါ့အပြင် ထပ်မံထူးခြားတဲ့အချက်တစ်ခုကတော့ ရေအောက်ထဲမှာ အခြားသောပုံစံတူ ကြေးသွန်းခရစ်တော်ရုပ်ထုတွေ ထပ်ရှိနေသေးတာပါပဲ။ ပါတယ်။ ရုပ်ထုတစ်ခုက ကာရေဗီယန်ပင်လယ်ထဲက ကျွန်းပေါ်မှာရှိတဲ့ Grenada မြို့တော်၊ စိန့်ဂျော့ကမ်းခြေနဲ့ မလှမ်းမကမ်းမှာ ရှိပါတယ်။ တတိယမြောက်ပုံစံတူကတော့ ဖလော်ရီဒါကီးစ်အထက်ပိုင်းက Key လာဂို နဲ့ အလှမ်းကွာတဲ့နေရာမှာ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပြာနှင့် အစီအရင်များ

ဝသုန်ဟိန်းထက်

- လိပ်ပြာချုပ်အင်းနှင့် အင်းခံ
- ကလေးများအတွက် လိပ်ပြာခေါ်အစီအရင်
- မဥ္စူသက ဝိယလိပ်ပြာအစီအရင်
- ဝိယ ရှေ့လိပ်ပြာဆေးတော်ကြီး
- ချစ်သူလိပ်ပြာမှန် ညှို့ကာခေါ်




www.burmeseclassic.com

www.burmeseclassic.com





●●●

လက်တွင် ရွှေလိပ်ပြာပုံ ထိုးထား၍ ဂူကွတ်ဂီယနှင့် စကားပြောလျှင် ဆေးမှုန့်အနည်းငယ်ဖြင့် လိပ်ပြာရုပ်ကို ပွတ်၍ပြောက တစ်ဖက်သား မခံနိုင်ပြီ။

ဗီယဉ်၌ အထူးထင်ရှားသော အပွင့်ဆေးတော်ကြီးပင်တည်း။

သို့သော် ကာမေသုက်ရောင်၍ သစ္စာရှိမှ ဆေးစွမ်းမည်ကိုလည်း သတိပြုပါ။

လိပ်ပြာသည် ချစ်မြတ်နိုးစရာ၊ စိတ်ကြည်နူးစရာသတ္တဝါတစ်ကောင်အဖြစ် သတ်မှတ်ထားကြရပါသည်။ "လိပ်ပြာ"ဟု ပြောလိုက်လျှင် ပန်းများကိုပါ မျက်စိထဲတွေးမြင်မိ၏။ ရောင်စုံပန်းများ ငွားငွားစွင့်စွင့် ဖူးပွင့်နေသာနေသော ပန်းဥယျာဉ်ထဲ၌ လိပ်ပြာများ ဝဲပျံနေကြပေလိမ့်မည်။

ချိုမြိန်သော ပန်းဝတ်ရည်များ စုပ်ယူသောက်သုံးရင်း လှပညင်သာစွာ လူးလာခေါက်တုန့် ဝဲပျံနေသော လိပ်ပြာလေးများကိုကြည့်ရင်း မြင်ရသူတို့၏ စိတ်နှလုံးသည် ဆွတ်ပျံ့သာယာကြည်နူးလာတတ်ကြစမြဲ။

သမီးရည်းစား ချစ်သူများ၏ နှလုံးသားဝေါဟာရ၌ "ချစ်လိပ်ပြာ" ဟူသော စကားလုံးအသုံးအနှုန်းကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် တွေ့ကြရပေလိမ့်မည်။ လိပ်ပြာသည် နှလုံးသားရေးရာကို ကိုယ်စားပြုအမှတ်သင်္ကေတအဖြစ် နေရာပေးထားခြင်းဖြစ်သည်။ နူးညံ့မှုကို လိပ်ပြာနှင့်လည်း နှိုင်းနှိုင်းတတ်ကြ၏။





ထို့ပြင် နာမ်လောကဝိညာဉ်ပိုင်းဆိုင်ရာ၌ မြန်မာလူမျိုးတို့သည် ဝိညာဉ်ကို "လိပ်ပြာ" ဟု သုံးနှုန်းတတ်ကြ၏။ ကြောက်စရာဖြစ်ရပ်တစ်ခုကို ဖြုန်းကနဲကြုံလိုက်ရ၍သော်လည်းကောင်း၊ မတော်တဆ ထိခိုက်မှုတစ်ခုခုကြောင့်လည်းကောင်း၊ သေအံ့မူးမူးရောဂါရှင် လူနာများ၌သော်လည်းကောင်း၊ သတိလစ်မိန်းမောသွားရလျှင် "လိပ်ပြာလွင့်"သည်ဟု သိနားလည်ထားကြသည်။ ခန္ဓာကိုယ်တွင်း၌ကိန်းအောင်းနေသော ဝိညာဉ်လိပ်ပြာသည်ပြင်ပသို့ခွေ့ထွက်ခွာသွားရခြင်းသဘောကို ဆိုလိုပေသည်။

ကလေးသူငယ်များတွင်လည်း "လိပ်ပြာချုပ်"အစီအရင်များ ပြုလုပ်ပေးတတ်ကြပေရာ အသုံးများတွင်ကျယ်သော အစီအရင်အချို့ကို ဆုတ်နုတ်ဖော်ပြပါမည်။

## လိပ်ပြာခေါ် အစီအရင်

ကလေးသူငယ်များအတွက် ဖြစ်ပါသည်။ ရောဂါဘယကင်းစေရန်၊ ညဘက် အထိတ်တလန့်မဖြစ်စေရန်၊ ပူးရူးဝါးဝါးထမငိုကြစေရန်တကြာ၊ မြေဖုတ်စသည်တို့ မဖမ်းစား၊ မနှောင့်ယှက်နိုင်စေရန် လိပ်ပြာခေါ် အစီအရင်များ ပြုလုပ်ပေးတတ်ကြပါသည်။

ဒေသအလိုက်၊ ရိုးရာယုံကြည်မှုအလိုက် မှုကွဲများစွာ၊ နည်းအထွေထွေရှိမည်ဖြစ်သော်လည်း အများသူငါ အလွယ်တကူပြုလုပ်စီမံနိုင်သော အသုံးတည့်၊ အသုံးဝင်သော လိပ်ပြာခေါ်အစီအရင်ကို ဤနေရာတွင် ဖော်ပြသွားပါမည်။

- ရက်ကောင်းနေသာအချိန်၌ သန့်စင်သော ငွေပြားတစ်ချပ်တွင် အောက်ပါဂါထာကို ရေးသားရမည်။ ရေးသားရာတွင် နှစ်တန်းဖြစ်စေ၊ သုံးတန်းဖြစ်စေ၊ တစ်တန်းတည်းဖြစ်စေ ရေးသားနိုင်သော်လည်း အဓိကအချက်မှာ အတိုအရှည်ညီရန် ဖြစ်၏။

ဥပမာ - လက်ဝဲမှ လက်ယာသို့ အစဉ်လိုက်၊ နှစ်တန်းဝင်အောင် ရေးမည်ဆိုပါက ထိပ်နှင့်ပိတ် မျဉ်းတစ်ကြောင်းတည်း ညီညာနေစေရန် ဖြစ်၏။ ထို့ကြောင့် မိမိအဆင်ပြေသလို ချိန်ဆ၍ စီမံပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ရေးရန် ဂါထာမှာ အောက်ပါအတိုင်းဖြစ်၏ ။

ဦ၊ သိန်းသောင်းကမ္ဘာ စကြာဝဠာ အုပ်၊ ဦ၊ သိန်းနှင့် သရေ မရေတွက်သောဘုရား လာ၍ထုတ်၊ ဦ၊ အနန္တ ဏ ဟွတ် ဟွတ်

ဤသို့ တစ်ကြောင်းနှင့်တစ်ကြောင်း အစွန်းမထွက်ရန် ညီညာစွာရေး၍ လက်ဖွဲ့လိပ်ပါ။ လိပ်ရာတွင် (ဦ၊) ဘက်မှစ၍ (လက်ဝဲမှ လက်ယာအတိုင်း) လိပ်သွားပါ။ ၎င်းလက်ဖွဲ့ကို ကြိုးတင်၍ ကလေး၏ခန္ဓာကိုယ် တစ်နေရာရာ၌ (၃)ရက် ချည်ထားပေးပါ။

(၃)ရက်ပြည့်လျှင် ပြန်ဖြုတ်ယူနိုင်ပါပြီ။ ကလေးအတွက် လိပ်ပြာခေါ် အစီအရင်ကား ဤနေရာတွင် ပြီး၏ ။

လိပ်ပြာချုပ်အင်းနှင့် အင်းဆံ

| | | |
|---|---|---|
| ဦ၊ | ယ | လာ |
| ပ | ဏ္ဍိ | ပ |
| ကွ | ယ | ကွာ |

အင်းဆံ

(ဦ၊ - ယကွ ယကွာ ပလာ ယန္တိ)

\- နေ့ကောင်းရက်သာ အချိန်ကောင်းရွေး၍ ဖော်ပြပါအင်းတို့ စီရင်ရေးဆွဲရမည်။ ရွှေပြား၊ ငွေပြား ရရာ၌ ရေးဆွဲစီရင်နိုင်၏ ။ အင်းဆိုင်ရာပြုဇွယ်ကိစ္စများပြီးပါက အဆိုပါ အင်းဆံဂါထာနှင့်ပင် (၃၇)အုပ်စုပ်၍ ၎င်းလက်ဖွဲ့ကို ကလေးသူငယ်၏ လည်ပင်း၌ ချည်ထားပေးပါ။







အစိမ်းသရဲ၊ မြေဖုတ်ပြိတ္တာ၊ ဘီလူး၊ စုန်း၊ နတ်ယုတ်၊ ရှာသူတို့ အနှောင့်အယှက်တော့ပါ။ ကလေးအတွက် ကြောက်ခြင်း၊ လန့်ခြင်းကင်း၍ ကျန်းမာ ပေလိမ့်မည်။ ချူချာလွန်းသော ကလေးများအတွက်လည်း အသုံး ပြုနိုင်ပါသည်။

မဋ္ဌူသက ပီယလိပ်ပြာအစီအရင်

အပြစ်အနာလွတ်သော စကားဝါပန်းတစ်ပွင့်ကိုယူ၍ ရွှေဖလား (သို့မဟုတ်) ငွေဖလားတွင် ထည့်ကာ ကလပ်ဖြင့်တင်ထားပါ။ စီရင်သောနေရာ၌ သန့်သော သင်ဖြူးဖျာခင်း၊ အပေါ်မှ နီးချောခင်း၊ ၎င်းအပေါ် ဖျင်ဖြူခင်းနိုင်ခင်းပြီးမှ စီရင်ပါ။

ဆရာပွဲဖြစ်သော အုန်း ငှက်ပျောသုံးဖီးပွဲ တစ်ပွဲလည်း ထိုးထားရမည်။ ထို့နောက် ဘုရားရှင်အား ဆွမ်း၊ ရေချမ်း၊ မီး၊ အမွှေးတိုင်၊ ပန်းမာလာတို့ဖြင့် ကောင်းစွာပူဇော်ပြီး ရိုသေစွာရှိခိုး၍ ငါးပါးသီလခံယူရမည်။

ထို့နောက်တွင်မှ ကလပ်ပေါ်မှ စကားဝါပန်းကို နံ့သာငါးပါးနှင့် သတ်ဖျန်းထုံမွှန်းပြီး မန္တန်(၃၇)အုပ်စုပ်၍ မန်းမှုတ်ရမည်။

ဦ၊ - ကယကာဋ၊ ရကွယန္တဂဟာ ဝိဇ္ဇာမင်း၊
ကြွရောက် စောင့်ရှောက်တော်မူပါ . .
ဦ၊ - လထထာယ၊ ယန္တာ မန္တရ ဝိဇ္ဇာမင်း၊
ကြွရောက် စောင့်ရှောက်တော်မူပါ . .
ဦ၊ - ဥပဠပဝ၊ အသိဂဟာ ဝိဇ္ဇာမင်း၊
ကြွရောက် စောင့်ရှောက်တော်မူပါ . .



www.burmeseclassic.com

www.burmeseclassic.com



ဉုံ - အမရှေ၊ လောဟပလိက ဝိဇ္ဇာမင်း၊
ကြွရောက် စောင့်ရှောက်တော်မူပါ..။
ဟု (၃၇) အုပ်မန်းပြီးနောက် ဆက်လက်၍..



(ဉုံ - သုစိတာနံ ပိယံဒိယံ ဇိဝိတံ) မန္တန်ဖြင့် (၁၀၀၀)စုပ်သော် "ပန်းလိပ်ပြာ"ဖြစ်၍ ပျံဝဲနေမည်။ ထိုအခါ အသာယာ ဖမ်းယူ၍ မဆစ်ဝယ်ထားသော နံ့သာဆီစစ်စစ်တွင် စိမ်၍ ဂါထာ(၄၇) ခေါက် ထပ်စုပ်ရမည်။

(ဉုံ - စံပယ် ခရား စံကား ကံ့ကော် စွယ်တော် ရင်ခတ် ဖက်ဆွတ်ပန်းပေါင်းအမွှေးတောင်းနှင့်၊ ရှင်ကောင်းပြာဖြူ မိဖြူငါသို့ချဉ်း။ မိဖြူ ငါသို့ကပ်၊ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်)
နဖူးဆံစတွင် လိမ်းသုတ်၍ သုံးနိုင်ပါပြီ။

အကျိုးကား ..

- ချစ်စေလိုသူ ချစ်လာရ၏ ၊ အမုန်းဝင်နေသူ ချေ့စကား ပြောလာရ၏ ၊ အငြိုးတေးရှိသူတို့ အငြိုးပြေ၏ ၊

- သို့သော် ဤဆေးတော်ကို အလောင်းအစားကိစ္စ၌ မသုံးရ။ လောင်းကစားကိစ္စ၌ အကျိုးမပေးပါ။

ကုန်ရောင်းစွံလိုက ရောင်းလိုသောကုန်တွင် အနည်းငယ်သုတ်။ မကြာကာလ၌ လျှင်စွာအရောင်းထွက်၏ ၊ နှုတ်ခမ်းတွင်လည်း သုတ်လိမ်း၍ ရောင်းပါ။ မိမိပြောစကားမှန်သမျှ အောင်မည်။ ယုံမှား မရှိလေနှင့်။

ရောက်ရာအရပ်၌လည်း ထူးခြားပေါ်လွင်စွာ မျက်နှာပွင့်၍ ချစ်သူ၊ ခင်သူ၊ ကူညီစောင့်ရှောက်သူများမည်။

အသုံးဝင်၊ အသုံးတည့်၊ အစွမ်းထက်သော "မဥ္ဇူသကနတ်ပန်းရှင် ပီယလိပ်ပြာ" ဆေးတော်ကြီးပင် ဖြစ်ပါသည်။





ပီယ ရွှေလိပ်ပြာ ဆေးတော်ကြီး



(ဥပသကာ၊ ပဲနံ့သာစေ့၊ နံ့သာငါးပါး၊ ထင်းရှူး၊ ပန်းညို၊ ကတိုး၊ စန္ဒာကူးနီ၊ စန္ဒာကူးအဖြူ၊ တန့်ဘလူး၊ နံ့သာဆီ၊ ဖုံမသိန်)

ဤဆေးများကို အညီအမျှ ၍ ညက်စွာကြိတ်ရမည်။ ကြိတ်ရန်မှာ ဘုရားရှေ့တွင် အုန်း၊ ငှက်ပျောတစ်ပွဲ၊ ဆွမ်းရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်ကပ်လှူပြီးမှ ညက်အောင်ကြိတ်ရန်ဖြစ်သည်။

ကြိတ်ပြီးဆေးများကို လဝန်းကဲ့သို့ ညီညာစွာ အပြားပြုလုပ်ထား ပါ။ ထို့နောက် သူရသတီကိုပင့်၍ ဆေးပြားတွင် (ဉုံ ဉုံ လာ) ဟုရေးပြီး အခြားတစ်ဘက်တွင် (ညက် ညက် လာ) ဟုရေးပြီးနောက် အောက်ပါမန္တန်ကို (၁၀၈)ခေါက် စုပ်ရမည်။

(ဉုံ - သီဝလိ သီဝလိ မန္တသီဝလိ မန္တသီဝလိ ဂန္ဓာထိ ဗုဒ္ဓေါ အဝိသတိ)

တဖန် ထပ်မံစုပ်ရန် မန္တန်ကား ..

(သူရသတီ အမည်ရှိ ဒေဝီနတ်သမီးသည် မမဇိဝှေ့ ကျွန်ပ်၏ နှုတ်ဖျား၌၊ ဒိနေ့၊ ဒိနေ့ နေ့တိုင်း နေ့တိုင်း တိဌာသု တည်စေသတည်း) ဖြင့် (၃၇)အုပ် စုတ်ရန် ဖြစ် သည်။

ထို့နောက် ထိုဆေးတော်ကို နံ့သာဆီနှင့်စိမ်ထား၍ ဆောင်နိုင်ပါ ပြီ။ ပီယပွင့်လိုသော် ထိုဆေးတော်ကို (၇)ခါအသက်အောင့်၍ လျှက်သွား ပါ။ အရာရာ သင့်စကားအတိုင်းသာ ဖြစ်ပေလိမ့်မည်။ တွေ့လျှင်မခံနိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com





လက်တွင် ရွှေလိပ်ပြာပုံထိုးထား၍ ကုတ္တိယနှင့်စကားပြောလျှင် ဆေးမှုန့်အနည်းငယ်ဖြင့် လိပ်ပြာရုပ်ကိုမှုတ်၍ပြောက တစ်ဖက်သား မင်းနိုင်ပြီ။ ဗီယဥ်း အထူးထင်ရှားသော အပွင့်ဆေးတော်ကြီးပင်တည်း။

သို့သော် ကာမေသုက် ရှောင်၍ သစ္စာရှိမှ ဆေးစွမ်းမည်ကိုလည်း သတိပြုပါ။

## ချစ်သူလိပ်ပြာမွှန် ညို့ကာဓေါ်


ဆက်လက်ဖော်ပြမည့်နည်းမှာ အဘဆရာကြီး မင်းသိမ်၏ နည်းစနစ်တစ်ခုဖြစ်ပါသည်။ အချစ်ရေးကိစ္စများ၌ စိတ်သောကရောက်နေရသူများ၊ အထင်လွဲ အမြင်လွဲကိစ္စများ၊ ချစ်ခင်လာပြီးမှ မုန်းစိတ်ဝင်သွားသူများ၊ အခြားတစ်ယောက်ဘက် ချစ်သူက စိတ်ယိမ်းယိုင်သွား၍ ခံစားနေရသူများ၊ လူကြီးမိဘများ သဘောမတူဘဲ အတင်းခွဲခံနေရသူများ စသော နှလုံးသားရေးရာ အဆင်မပြေမှုကိစ္စများ၌ သုံးနိုင်ပါသည်။

အစီအရင်ဟု ဆိုသော်လည်း ပုတီးစိပ်နည်း တစ်ခုပင်ဖြစ်၏။ ဤလိပ်ပြာရုပ်ကို အသုံးပြု၍ ဓာတ်ဆင်ကာ ညို့ယူသောနည်းဆိုလျှင်လည်း မမှားပါ။ လက်တွေ့အောင်မြင်ကြသည့် သာဓကများစွာလည်း ရှိနေပေရာ ကြွင်းကျန်မရှိရလေအောင် အောက်တွင် ဖော်ပြလိုက်ရပါသည်။

(၁၀၈)လုံး ပုတီးကို (၈)ပုံအတိုင်း နှစ်ထပ်ချ၍ အတွင်းအစေ့ အထပ်ထဲတွင် ကတ်ထူပြားတစ်ခု၌ "စမလိပ်ပြာပုံ" ဆွဲ၍ ချထားပါ။ ထို့နောက် ပုတီးတစ်ကုံးလုံးကို နှစ်သက်ရာပန်းများ (အမျိုးစုံ)ဖြင့် ပုတီးကို မမြင်ရသည်အထိ ဖုံးအုပ်ပါ။







ပန်းများသာ အုပ်ရမည်ဖြစ်ပြီး အရွက်၊ အညွန့်၊ အခက်၊ ရှားများ မပါစေရ။ ထို့နောက်တွင် မှ နောက်ထပ် (၁၀၈) လုံးပုတီးဖြင့် ပုတီးစိပ်ရန် ဖြစ်ပါသည်။

ပုတီးစိပ်ရန် ဂါထာမှာ .

ဥုံ . . ကုတ္တိ ရိက္ခာ မုရိတ္ဘာ အဟော အဖွတော၊

ဥုံ..ရာဇရိက္ခာ မုရိတ္ဘာ အဟော အဖွာတော) ဟူ၍ ဖြစ်၏၊

(၁၀၈)လုံး ပုတီးဖြင့် တစ်နေ့ ပုတီး(၇)ပတ်၊ (၇)ရက် ပြည့်အောင် မပျက်မကွက် စိပ်ရည်၊ စိပ်စဉ်မှာလည်း ရည်ရွယ်သူကို စူးရှစွာ အာရုံစိုက်ထားရမည်၊ အထူးသဖြင့် အာရုံထဲတွင် သူ့မျက်လုံးနှင့်ကိုယ့်မျက်လုံးဆုံနေအောင် အာရုံစိုက်နိုင်က အားပိုပြင်း၏ ၊ ပို၍ ထိရောက်၏ ၊ ပို၍ လျှင်မြန်၏ ၊

အာရုံစူးစိုက်မှု၊ ယုံကြည်လေးနက်မှုအပေါ် မူတည်၍ အကျိုးပေးသည်ဖြစ်ရာ အချို့မှာ ပုတီး(၅)ရက်ရောက်သောအခါ အလုံးစုံအောင်မြင်၍ စိတ်သောက ငြိမ်းခဲ့ကြရသော သာဓကများ ရှိပါသည်၊ အချို့မှာကား (၉) ရက်မြောက်နေ့တွင် စတင်အောင်မြင်မှုရကြပေသည်၊

ဂမ္ဘီရသမားများနှင့် ဝါသနာရှင်များအတွက် လေ့လာမှတ်သားထားသင့်သော နှလုံးသားရေးရာ အစီရင်ကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတော့သတည်း။




www.burmeseclassic.com

www.burmeseclassic.com



# ကုန်းတွင်းဆင်ကြီးများကြောက်ရသော ရေဆင်



ရေဆင်နဲ့ပတ်သက်လို့ တကယ်ရှိ၊ မရှိဆိုတာ အခုချိန်ထိ အငြင်းပွားနေကြဆဲ ဖြစ်ပါတယ်။ ဒါပေမယ့်ကုန်းပေါ်က ဆင်ဦးစီးတိုင်း မြစ်ထဲ၊ ချောင်းထဲမှာ သူတို့ဆင်တွေကို ရေချိုးခိုင်းတဲ့အခါတိုင်း ရေဆင်ကို အထူးသတိထား၊ သတိပြုကြလေ့ရှိပါတယ်။ ဆင်သမားတိုင်းကတော့ ရေဆင် အမှန်တကယ်ရှိတယ်လို့ ယုံကြည်ကြပါတယ်။

ရေဆင်ဟာ ရေထဲမှာ ငါးတစ်ကောင်လို နေထိုင်နိုင်ပါတယ်။ ကုန်းပေါ်မှာလည်း နာရီအနည်းငယ်ကြာသည်အထိ အသက်ရှူနိုင်ကြပါတယ်။ (၁၉၇၄)ခုနှစ်မှာ ဦးမောင်ကလေးထုတ်တဲ့ Burmese Timber Elephant ထဲမှာ ရေးသားချက်က ဆင်တစ်ကောင်ပုံသဏ္ဌာန်နဲ့တူတယ်၊ နှာမောင်းနဲ့ အစွယ်ကလေးများ ပါရှိပြီး အစွယ်အစားက လေးလက်မရှိတယ်။

တိရိစ္ဆာန်ဆေးကု ဦးဘမြိုင်ရရှိခဲ့တဲ့ ရေဆင်အမကတော့ အရောင်ဟာ မွဲပြာတယ်၊ ချောမွတ်တယ်၊ ခြေနဲ့လက်တို့ ပါရှိပါတယ်၊ ခြေချောင်းငယ် လေးချောင်းပါရှိပြီး ဆင်မတစ်ကောင်ရဲ့အစိတ်အပိုင်းလည်းပါဝင်ပါတယ်၊ သူတို့မှာ အသားစားတဲ့လက္ခဏာမရှိဘူး။ ရေမှော်များကိုသာ စား






သုံးပါတယ်။ ရေဆင်အထီး (အသေ)ဟာ မီးခိုးရောင်သန်းသော အဖြူရောင်ရှိပါတယ်၊ ခြေချောင်းလေးချောင်းပါရှိပြီး အဖြူရောင်အစွယ် တစ်လက်မစီရှည်ပါတယ်။ လုံးပတ်က မီးခြစ်ဆံချောင်းကဲ့သို့ ရှိပါတယ်၊ အစွယ်တာ အခေါင်းဖြစ်ပါတယ်။ ဆင်ထီးမျိုးပွားအင်္ဂါ အပြည့်အစုံနဲ့တွေ့ရပြီး ရေညှိ၊ ရေမှော်သာ စားသုံးပါတယ်။

ယနေ့အထိ ရေဆင်အခြောက်ကလေးများကို မြင်တွေ့နိုင်ပါတယ်။ တချို့ကတော့ ရေဆင်ဟာ ရေဝက်နဲ့တူတယ်လို့လည်း ဆိုပါတယ်။ ပုံသဏ္ဌာန်ဟာ ဆင်နဲ့မတူဘူးလို့ ဆိုကြသူများလည်း ရှိပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံမှာတွေ့ရတဲ့ ရေဆင်ကတော့ ပုံမှာဖော်ပြထားတဲ့အတိုင်း တကယ့်ဆင်အငယ်စားပုံစံလေးပဲ ဖြစ်ပါတယ်။ မြန်မာမှာ ရေဆင်များကို စစ်တွေ၊ သံတွဲ၊ တောင်ကုတ်မြို့တို့မှာ တွေ့ရှိနိုင်ပါတယ်။

ရဲဘော်သုံးကျိပ်ဝင် နာမည်ကြီး ဗိုလ်တာရာဟာ ဖျဉ်းမနားခရိုင်၊ ပဲခူးရိုးမအနောက်ဘက် သစ်တောတစ်နေရာမှာ ကျောက်ရေအိုင်အတွင်း ရေဆင်တစ်ကောင်ကို ဖမ်းမိခဲ့တယ်လို့ သိရပါတယ်။ ရေဆင်ကိုက်ရင် ကုန်းပေါ်က ဆင်တွေဟာ သေရပါတယ်။ ဆေးမမှီပါဘူး။ ရေဆင်ဟာ ကြောက်စရာအကောင်းဆုံး သတ္တဝါတစ်ကောင် ဖြစ်ပါတယ်။ ရေဆင်ရှိနေတဲ့ရေကန်ကို ကုန်းဆင်တွေဟာ သဘာဝအရသိကြပြီး ကန်ထဲကိုဆင်းခိုင်းရင် အကြောက်အကန် ငြင်းဆန်လေ့ရှိကြပါတယ်။ ဒါကို ဆင်ဦးစီးများ ကောင်းကောင်းသိကြပါကြောင်း။





www.burmeseclassic.com

www.burmeseclassic.com





# မြေအောင်းစုန်း

## မင်းဘုန်းသိခ်သူ

- သင်္ချိုင်းမြေမှ ရှင်သန်လာသူ (သို့မဟုတ်) မြေအောင်းစုန်း
- အနောက်နိုင်ငံများတွင် သင်္ချိုင်းမှထလာသော အရက်ကူလာ သွေးစုပ်ဖုတ်ကောင်များ ရှိသည်။
- ထို့အတူ ကျွန်တော်တို့ဆီမှာလည်း အရက်ကူလာထက် ထူးဆန်းသော ..





www.burmeseclassic.com

www.burmeseclassic.com





➤ ➤ ➤

"ကဲ … လူကလေး ရွာသားတွေအားလုံး စိတ်မကောင်း ရောပဲ ဖိုးခေါင်းဟာ သေပြီးတဲ့နောက် သုသာန်ကနေ မြေအောင်စုန်း (ဓ လူထွက်ကောင် ဖြစ်နေပြီ။ သူဟာ မြ ရေသောက်ပြီးတော့ အင်အားကြီးမား လာတာကွယ့်"

မြေအောင်စုန်း

အလင်းရောင် တဖြည်းဖြည်းပါးလျားလာသည်နှင့်အမျှ အမှော သည် တရွေ့ရွေ့ စိုးမိုးဝင်ရောက်လာပြီ ဖြစ်သည်။ တိတ်ဆိတ်သည်နှင့်အ ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ဖြင့် ကူးပြောင်းစပြုလာသော ပတ်ဝန်း ကျင်သည် ငြိမ်သက်လွန်းမက ငြိမ်သက်နေပြန်သောအခါ မကြာမီ အန္တရာယ် တစ်ခုကျရောက်တော့မည့် ငြိမ်သက်ခြင်းမျိုးဟု ဆိုရပေမည်။

သုသာန်သည် ကျေးငှက်မြည်သံ၊ မြွေဆိုးတွန်သံပင် မကြား လောက်အောင် လုံးဝငြိမ်သက် တိတ်ဆိတ်သွားပြန်သည်။ စောစော ပင် ကျေးငှက်တွေ သဘာဝမြည်သံကြားနေရသေးသည်။ ခပ်ဝေးဝေး တောတန်းတစ်နေရာမှာ နွားခေါက်သံကြားနေရသေးသည်။

အောက်ခြေရှင်းပြီး အပေါ်ပိုင်း သစ်ရွက်များ၊ သစ်ခက်များဖြင့် နေပြောက်မျှပင်မထိုးနိုင်သောကြောင့် ညနေပိုင်းရောက်လေ အမှောင် က သိသာစွာ ဝင်ရောက်လေဖြစ်သည်။ ဆောင်းရာသီ၏အငွေ့အသက်များ ပင် ဖြစ်လေသည်။ သုသာန်မြေသည် ဝမ်းနည်းဖွယ် တိတ်ဆိတ်နေပေသည်။

သို့သော် ငြိမ်သက်ဆိတ်ဆိတ်မှုကို လူတစ်စုက ချိုးဖောက်လိုက် ပေပြီ။ လူစုသည် စုစုပေါင်း အသက်သုံးဆယ်ခန့် ရှိပေလိမ့်မည်။ အမျိုး





သမီး နှစ်ဦး၊ သုံးဦးစသာပါဝင်ပြီး ကျန်သည်က ယောကျ်ားသားများချည်း ဖြစ်သည်။ သူတို့အားလုံး၏မျက်နှာများသည် ကြေကွဲစွာဖြင့် ညှိုးမှိုင်းနေ ကြသည်။ တချို့က အံကြိတ်ထားသည်။ တချို့က မျက်ရည်မကျအောင် စိတ်ကို ထိန်းထားသည်။ မိန်းမအချို့ကတော့ ငိုယိုလျက် ရှိုက်ကြီးတငင် ငို ကြွေးလျက် ..။

ရှေ့ဆုံးမှတစ်စုံတစ်ခုကို ရှေ့နောက်ထမ်းလာသော လူနှစ်ယောက် သည် ပုဆိုးကိုခပ်တိုတိုဝတ်ထားသည့် အားကောင်းမောင်းသန် လူငယ် နှစ်ယောက်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်နောက်မှာတော့ လူအုပ်သည် ခြေထောက်များကို ဆွဲထားသည့်ပမာ လေးလံသော ခြေလှမ်းများဖြင့် သင်္ချိုင်းမြေထဲသို့ ဝင်လာခြင်းဖြစ်သည်။

ရှေ့ဆုံးမှ လူငယ်နှစ်ယောက်သည် မိမိတို့ဖျာလိပ်ဖြင့် ပတ်ကာ ထမ်းလာသော ရှည်မျောမျော ပျော့ခွေခွေအရာဝတ္ထုကြီးကို အသင့်တူး ထားသော အလျား (၃)ပေကျော်ကျော်၊ အနံ (၇)ပေခန့်၊ အနက် (၃)ပေ ခန့်ရှိ မြေကျင်းအသစ် လတ်လတ်ဆတ်ဆတ်နေရာတွင် ညင်သာစွာ ချ လိုက်ပေသည်။ မြေဇာအသစ်၊ မြေကျစ်စာခဲ လတ်လတ်ဆတ်များက ကျင်း နှုတ်ခမ်းပေါ်ပြန့်ကြဲလျက်ရှိသည်။

"ကဲ … ကဲ အလောင်းကိုဖြေလိုက်၊ ကြိုးတွေ လျှော့လိုက်ကွယ့်"

အသက်အကြီးဆုံးလူတစ်ယောက်က ပထမဦးဆုံးပြောဆိုလိုက် ရော လူအုပ်ထဲမှလူတစ်ယောက်ထွက်လာပြီး ဖျာလိပ်ဖြင့်ပတ်ထားသော နှယ်ကြိုး၊ သင်အုန်းကြိုးများကို ဖြေချလိုက်ပြီး၊ ပတ်ထားသော ဖျာလိပ်ကို ဖွင့်လိုက်လေသည်။ အထဲတွင် ဒဏ်ရာများဖြင့် ယောကျ်ားတစ်ယောက် အလောင်း။

"အို.."

"ကျွတ် .. ကျွတ် .. ကျွတ်"

"ဖြစ်မှ ဖြစ်ရလေ .. ဖိုးခေါင်းရယ်"

လူအုပ်ထဲမှ အမျိုးသမီးများ၏ငိုရှိုက်သံက ကျယ်လောင်လာသည်။

"အောင်မလေး .. သားကြီးရဲ့ အမေတို့ကို ပစ်သွားပါပလားကွာ သား။ သူများအသက်ကို ကြွက်ကလေး ငှက်ကလေးလောက်တောင် တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



မထားတာ . .၊ ခုတော့ ဝင့်လည်ပြီပေါ့"

"အစ်ကိုလေးရေ၊ အသေဆိုးလှချည်ရဲ့ . . အစ်ကိုလေးရေ"

ငိုယိုသံတွေ စီညံစွာထွက်ပေါ်ရာ သုသာန်သည် အနီဌာရုံဖြင့် ပြန်လည် အသက်ဝင်သွားပြန်လေသည်။ လူစုသည် ဖျာပတ်ထားသော ပက်လက်အနေအထားဖြင့် ရုပ်အလောင်းရှိရာသို့စုဝေးကာ မျက်လုံးပေါင်း ပြောက်များစွာဖြင့် ကြည့်ရှုလိုက်ကြသည်။

အလောင်းကောင်သည် မျက်လုံးများပြူးထွက်ကာ ပါးစပ်သည် ခပ်ဟဟ အနေအထားဖြစ်သည်။ ဝေဒနာကို မချိမဆန့် ခံစားရင်း သွေးများ သွေးတမ်းသေဆုံးသွားရဟန် လက္ခဏာ ရှိသည်။

အဖြူနှင့်အပြာရောစပ်ထားသော အပေါ်အင်္ကျီတွင် သွေးများ ရွှဲ နစ်နေကာ ရင်ညွန့်နှင့် ဝမ်းဗိုက်ဆီးစပ်ဆီမှ ကျပ်လုံးခန့် ဒဏ်ရာအပေါက် ကြီးမှ သွေးညှိုပျစ်ပျစ်တွေနှင့် ဗိတ်ဆို့ကာ ခြောက်သွေ့နေပြီ ဖြစ်လေသည်။ ထိုကြီးမားသော ဒဏ်ရာကြီးနှစ်ခုနှင့်ပင် အသက်ရှင်စရာမမြင်နိုင်တော့ အလောင်းကောင်သည် ကြံ့ခိုင်ကြမ်းတမ်းသော ကိုယ်ခန္ဓာဖြင့် စိတ် ကြမ်း၊ ကိုယ်ကြမ်း၊ တောမုဆိုးတစ်ယောက် ဖြစ်ပေသည်။

အလောင်းကောင်ဆီမှ ညှီစို့စို့သွေးနံ့ရသဖြင့် ပတ်ဝန်းကျင်မှ မည်သည့်နေရာမှ ရုတ်တရက် လာဟန်မသိရသော ယင်ကောင်ကြီးများ သည် တဝီဝီမြည်ကာ စေးပျစ်ပျစ်သွေးများပေါ်နှင့် မျက်နှာပြင်ဆီသို့ ရစ်ဝဲ နေလေသည်။

"ကဲ . . အရီးလေးနဲ့နှင်းမြ၊ နှင့်အစ်ကိုကို နောက်ဆုံးဝအောင် ကြည့်ကြ ဟဲ့ . ."

"အောင်မလေး အစ်ကိုလေးရဲ့ . ."

"အသေဆိုးနဲ့သေရပါကော လူမိုက်ကြီးရဲ့ . ."

မိခင်ဖြစ်ဟန်တူသော အဘွားကြီးသည် ရုတ်တရက် ငိုရင်းတတ် သွားလေရာ မိန်းမအုပ်စုက ဝိုင်းဝန်းနာနစ်နေရသည်။


"သွားပေါ့ ဗိုးဒေါင်းရေ . . နောက်ဘဝမှ ပြန်ဆုံကြတာပေါ့"

"ဟီး . . ဟီး . ."

ယောက်ျားရင့်မာကြီးတွေက ငိုယိုသူ ငိုယို၊ နှုတ်ဆက်သူ နှုတ်







ဆက်ဖြင့် နောက်ဆုံး မြေတွင်းထဲသို့ ပြင်သာစွာချလိုက်ကြသည်။ ထို အချိန်တွင် ပတ်ဝန်းကျင်သည် မှောင်ရီပျိုးစပြုလာပြီ ဖြစ်သည်။ သုသာန် ထဲတွင် အိပ်တန်းဝင်သော ငှက်များသည် တဖွဲဖွဲရောက်ရှိလာကာ သူတို့ အုပ်စုကို စူးစမ်းဟန်ဖြင့် ငြိမ်သက်ကြည့်ရှုနေသည်။

၈

ပဲခူးရိုးမ အရှေ့ခွန်းစွန်းအရပ် . .၊ သက်ရင့်ကျောက်တောင်ကြီး များ၊ ထူထပ်နက်မှောင်သော သစ်တောကြီးများ၊ စိမ့်စမ်းလျှိုမြောင်ပေါ်များ ရှိသော ဒေသ၏ အလယ်တွင်ရှိသော ကျောက်ဆင်ရွာ . .၊

ကျောက်ဆင်ရွာသည် နာမည်နှင့် လိုက်လျောညီထွေစွာ ချို့ငှက်ဆန်းကြယ်မှုများ၊ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းများ၊ စုန်းကဝေ၊ နတ်တိုက်၊ စုန်းတိုက်၊ တစ္ဆေ၊ သရဲ၊ မှင်စာတို့နှင့် ပြောစမှတ်တွင်လောက် အောင် ဆန်းကြယ်သောနေရာဒေသ ဖြစ်ပေသည်။

ကျောက်ဆင်ရွာနှင့် မနီးမဝေးတွင် ရေတံခွန်ရှိသည်။ ရေတံခွန် သည် ရာသီဥတု (၃)မျိုးစလုံး၊ ရေအဆင်း မပြတ်ပေ၊ စိမ့်စမ်းလည်း ပေါ များလှကား ရေတံခွန်အောက်ခြေတွင် သက်ရှိ ဆင်အရွယ် ကြောက်မက် ဖွယ်ဝပ်နေသော ကျောက်ဆင်တစ်ကောင်ရှိသည်။ ကျောက်သားများ ၏ ချစ်ရော မွေ့ကာ ခပ်ဝေးဝေးမှ ကြည့်လျှင် သက်ရှိဆင်တစ်ကောင် ဝပ်နေ သည် ထင်မှတ်ရလောက်အောင် သက်ဝင်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ထိုနေရာတစ်ဝိုက်တွင် တောင်ယာခင်းစိုက်ပျိုးသူတို့သည် ညအခါတွင် အမည်မသိ တောဆင်ရိုင်းတစ်ကောင်၊ လမိုက်နှင့်လသာညများတွင် တောင်ယာခင်းများကို ဝင်ရောက်စားသောက်ဖျက်ဆီးသော တောဆင်ရိုင်းတစ်ကောင်ကို တွေ့ရလေသည်။

ထိုအခါ ရွာသူရွာသားများ လက်နက်ကိုယ်စီ၊ မီးတုတ်ကိုယ်စီဖြင့် ညတွင်းချင်း ညာသံပေး လိုက်လံဖမ်းဆီးကြသည်။ ဆင်ခြေရာတွေက ရေတံခွန်အနီးမှာပင် လက်စလက်န ပျောက်ကွယ်သွားသည်။ သို့နှင့် အနီးအနားသို့ လှည့်၍လိုက်လံရှာဖွေကြရာ ဝပ်နေသောကျောက်ဆင်ရုပ်ကြီးကို တွေ့လိုက်ကြသည်ဟု ဆိုသည်။

သူတို့သည် ဆင်ရုပ်ကြီးကို မသင်္ကာဖြစ်ကာ စေ့စေ့စပ်စပ် လေ့လာရှာဖွေကြရာ ကျောက်ဆင်ရုပ်ကြီး၏ အနီးတစ်ဝိုက်နှင့် နှာမောင်းအစွယ်၊ ပါးစပ်များကို ယာခင်းထဲမှ သီးနှံများ၊ စပါးနှံအပိုင်းအစများ တင်ပြီနေသည်ကို တွေ့လိုက်ကြရလေသည်။

"ဒီကျောက်ဆင်ရုပ်ပဲ အသက်ဝင်လာပြီး ယာခင်းထဲ ဝင်စားတာဖြစ်မှာပဲ ဟေ့.. ရွာပြန်ပြီး သံကြိုးကောင်းကောင်းတွေ ပြန်ယူကြ ဟေ့.. ဒီကောင်ကို မလှုပ်ရှားနိုင်အောင် သံကြိုးနဲ့ချည်ပြီး ထုံးစတ်ထားမယ်"

"အေး.. ကောင်းတယ်၊ ကောင်းတယ်"

သို့နှင့် ကျောက်ဆင်ရုပ်ကို သံကြိုးများဖြင့် ချည်နှောင်ကာ မလှုပ်ရှားနိုင်အောင် ချည်နှောင်ထုံးစတ်လိုက်ကြသည်။ သို့သော် နောက်တစ်နေ့ ညဘက်များတွင် ရေတံခွန်ဆီမှ ဆင်အော်သံကြားရသည်ဟု ဆိုသည်။ ဆင်၏ဒေါသတကြီး ရှုန်းကန်အော်ဟစ်သံသည် တောတစ်ရလုံး ဆူညံကာ ပဲ့တင်ထပ်သွားသည်ဟု ပြောကြသည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ရွာသားများသည် ကြံ၊ ဖရုံသီး စသည့် ဆင်စာများကို သယ်ဆောင်ကာ ကျောက်ဆင်ရုပ်အနီးတွင် ပုံထားကြသည်။ ထိုနေ့ညတွင် ဆင်အော်သံလည်း မကြားရတော့၊ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ဤကား ကျောက်ဆင်ရွာနှင့်ပတ်သက်၍ ထုံးဆန်းဖွယ်ရာများပင် ဖြစ်သည်။

ကျောက်ဆင်ရုပ်သည် အခြားထူးဆန်းဖွယ်ရာများနှင့်လည်း



မြေအောင်းစုန်း



ပြည့်စုံ နေပေသေးသည်။ ဆင်ရုပ်၏ပတ်ပတ်လည်တွင် သီးနှံများကိုချထားလျှင် မည်သည့်ပြဿနာမှ မဖြစ်သော်လည်း၊ တောလိုက်မုဆိုးများအဖို့ ရရှိပစ်ခတ်လာသော သားကောင်အသေကောင်များ၊ အရိုးများကို ကျောက်ဆင်ရုပ်၏ပတ်ဝန်းကျင်တွင် ချထားခြင်း၊ စွန့်ပစ်ထားခြင်းများ ဖြစ်ခဲ့ပါမူ ကြီးမားသောပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံတတ်သည်ဟု ဆိုကြသည်။ ကံမကောင်းလျှင် အသက်ဆုံးရှုံးတတ်သည်ဟု ပြောဆိုတတ်ရှိသည်။

ဖိုးခေါင်းသည် ရက်စက်ကြမ်းကြုတ်သော တောလိုက်မုဆိုး တစ်ယောက် ဖြစ်သည်။ မုဆိုးချင်း စည်းမကမ်းသူလည်းဖြစ်သည်ဟု နာမည်ဆိုးနှင့်ကျော်ကြားနေသူပင်။ တောတိရစ္ဆာန်များကို အသက်မွေးဝမ်းကျောင်းအရ အမဲလိုက်သည်ထက် သတ်ရဖြတ်ရသည်ကိုပင် ဝါသနာကြီးသူ၊ နှစ်ခြိုက်သူပင်။ မျောက်ကလေးများကို ဖမ်းမိလျှင် အရှင်လတ်လတ် လည်ချောင်း သွေးဖောက်ကာ သွေးစိမ်းရှင်ရှင်ကို မော့ချင်းသောက်တတ်သည်။ သူ၏ရက်စက်မှုကို မိဘ ညီအစ်ကို မောင်နှမများက တားမြစ်သော်လည်းမရဘဲ သူ၏ညှို့ဆိုးကို မဖျောက်သူဖြစ်သည်။

ဖိုးခေါင်းမသေဆုံးမီ တစ်ရက်က နေ့လယ်ဘက်ကြီး တောလိုက်ထွက်သွားသည်။ နေမဝင်မီ တောဝက်ပေါက်တစ်ကောင်ရရာ အိမ်ပြန်လာစဉ် တောနက်ကြီး၏အစပ် ရေတံခွန်အနီး ရောက်လာလေသည်။ ရေတံခွန်သို့ရောက်လျှင် တောဝက်သေကိုချကာ ရေတစ်ဝကြီးရျိုးရင်း ပါလာသော ရက်အရက်ကို သောက်သည်။ ယူဆောင်လာသော ဆတ်သားခြောက်နှင့်မြည်းသည်။

သို့နှင့် ရေချိုးပြီးသောအခါ တောဝက်သေကိုထမ်းရင်း ကျောက်ဆင်ရုပ် နံဘေးမှ လျှောက်လာသည်။ အိမ်အပြန်တောဝက်တစ်ကောင်နှင့်မျက်နှာပန်းလှကာ အရက်ကလေးကလည်း ခပ်တွေတွေနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ကျောက်ဆင်ရုပ်ကို တစ်ချက်မျှ စွေစောင်းကြည့်လိုက်သည်။

ထိုအခါ ကျောက်ဆင်ရုပ်က ဖိုးဒေါင်းကို အမြီးထောင်ပြလိုက်သည်ဟု ထင်လိုက်သည်။ သူမျက်မှောင်ကုတ်ကာ ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ကာ ဆင်ရုပ်ကို သေသေချာချာ ပြန်ကြည့်သည်။ ကျောက်ဆင်ရုပ်က သူ့ကို နှာမောင်းမြှောက်ပြသည်ဟု မှုန်ရီဝိုးတဝါးညနေခင်းမှာ သူမြင်လိုက်သည်။ ဇဝေဇဝါ ဖြစ်သွားသည်။ သက်မဲ့ကျောက်ဆင်ရုပ်က သက်ရှိသတ္တဝါနယ် အမြီးလှုပ်၊ ကိုယ်လှုပ် ဖြစ်နိုင်ပါမည်လား။ ဒါမှမဟုတ် တောဝက်သေကို အပမှီလာလေသလား။

ဖိုးဒေါင်းသည် ခပ်တွေတွေ ရပ်နေသည်။ ရှိသမျှ ခွန်အားတွေကို ညှစ်ထုတ်ကာ တစ်စုံတစ်ခုအော်ဟစ်ရန် ကြိုးစားသော်လည်း သူ၏အသံက လည်ချောင်းဝတွင် တင်းကြပ်ပိတ်ဆို့ကာ မေးရိုးတွေ နိုင်မာလာပြီး နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ်တုန်လာသည်။ စောစောက သောက်ထားသော အရက်၏မူးယစ်စေသော အရသာပင် ရုတ်ခြည်း ပျောက်ကွယ်သွားလေပြီ။ ဒါပေမယ့် သူ့စိတ်ကိုတင်းလိုက်ကာ ဆူပွက်နေသော သွေးကြောတွေ တည်ငြိမ်မှုရှိအောင် ကြိုးစားလိုက်သည်။

"ဟင်း..ဟင်း..မင်းလည်း တောထဲက ဗိုလ်၊ ငါကလည်း ရွာထဲမှာ နာမည်ကျော်မုဆိုးပဲ၊ ခုနေ ငါထွက်ပြေးရင် သိက္ခာကျပြီပေါ့။ ဟား..ဟား..ဟား..လာထား..လာထားစမ်း.."

ဖိုးဒေါင်းသည် ပြောပြောဆိုဆိုဖြင့် တောဝက်သေကို ကျောက်ဆင်ရုပ်၏ ဦးကင်းပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက် တောလိုက်သေနတ်ကိုပစ်ချကာ ဆင်ရုပ်၏နှာမောင်းကို သေးကော့ပန်းလေသည်။

"ကဲ..မှတ်ထား..အမြီးထောင်ပြပါဦးလား၊ နှာမောင်းလှုပ်ပြပါဦးလားကွ"

အမှန်တော့ ဆင်နှင့်ဝက်သည် ဓာတ်တူ နာမ်တူ ဖြစ်လိမ့်မည်ထင်သည်။ တောဝက်၏ ပုံသဏ္ဌာန်သည် ဆင်နှင့် သဏ္ဌာန်တူသည်။ တောဝက်သည် အိမ်ဝက်ကဲ့သို့ နှုတ်သီးမတိုဘဲ နှုတ်သီးရှည်သည်။ ဆင်အငယ်စားနှင့်တူသည်။

ဖိုးဒေါင်းသည် တောဆင်ရိုင်းကျောက်ရုပ်ကို မကြားဝံ့ မနာသာ





အောင်ပြောဆိုကာ အနီး၌ အိပ်ပျော်သွားလေသည်။ သတိလက်လွတ် အိပ်ပျော်သွားခြင်း ဖြစ်သည်။

❂

နောက်တစ်နေ့ မနက်စောစောတွင် တောသွားတောလာ ဟင်းရှာသော ရွာသားနှစ်ဦးသည် ကျောက်ဆင်ရုပ်အနီးတွင် ဒဏ်ရာများဖြင့်လဲကျကာ ညည်းညူနေသော ဖိုးဒေါင်းကို အမှတ်မထင် တွေ့လိုက်ကြသည်။ ထိုအခါ ဖိုးဒေါင်းသည် ဖြစ်ကြောင်းကုန်စင်ကို ခပ်ယဲ့ယဲ့မျှ စကားပြောနိုင်သေးသည်။ ထို့နောက် သတိလက်လွတ် မေ့မြောသွားကာ အသက်ထွက်သွားလေသည်။

"အသက်မထွက်ခင်မှာ ဖိုးဒေါင်းက စကားပြောနိုင်ပါသေးတယ်ခင်ဗျာ၊ ဆင်ရုပ်ကြီးနဲ့ ဦးကင်းပေါ်မှာ တောဝက်သေလည်း တွေ့ရပါတယ်။ ဖြစ်တာလို့ ပြောပါတယ်၊ ပြီးတော့ နောက်ဆုံးစကားမပြောနိုင်တော့ဘဲ ဆင်ရုပ်ကြီးကိုလက်ညှိုးထိုးပြီး သတိလစ်သွားလိုက်တာ နောက်ဆုံးတော့ အသက်ပါသွားတာပါပဲ ခင်ဗျာ။

ဒါနဲ့ကျွန်တော်တို့လည်း ကျောက်ဆင်ရုပ်ကြီးကို သေသေချာချာ ကြည့်လိုက်တော့မှ ကြောက်စရာပဲဗျို့ ကြောက်စရာမှ တကယ်ကြောက်စရာ ..ကျောက်ဆင်ရုပ်ကြီးရဲ့ကျောက်စွယ်ကြီးနှစ်ဖက်ဟာ သွေးတွေပေနေတာ တွေ့ရတော့တယ် ခင်ဗျ။ ဒီတော့ ဖိုးဒေါင်းရဲ့လည်မျိုနဲ့ဆီးစပ်မှာ ရထားတဲ့ ဒဏ်ရာကြီးနှစ်ခုက ဆင်စွယ်ကရတဲ့ဒဏ်ရာ ဖြစ်နိုင်တယ်ထင်တယ်"

"သူကတော့ ဆင်ရုပ်ကြီးကိုလက်ညှိုးထိုးပြီး သတိလစ်သွားတာပဲ"

တစ်ယောက်က ဝင်၍ရှင်းပြသည်။ သို့နှင့် ဖိုးဒေါင်းအလောင်းကို ရွာကို သယ်လာကြသည်။ ရွာ၏ထုံးစံအရ လူသေကိုရွာထဲ အသွင်းမခံဘဲ သချိုင်းတွင်ထားကာ နေ့ချင်းပြီးမြေမြှုပ်သင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်။

❂

ရက်ပေါင်းများစွာကြာသွားပြီးနောက် ရွာကလေးသည် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးကာ လုပ်ငန်းဆောင်တာများဖြင့် ပြန်လည်စေစည်သွားပြန်ေ
သည်၊ ဖိုးခေါင်း၏ကိစ္စကိုလည်း မေ့ဓမ့ပျောက်ပျောက် ဖြစ်သွားသည်၊

တစ်နေ့တွင် ကျောက်ဆင်ရွာမှ ရွာသူကြီးဘထွေးနှင့် သူ၏တူတော်
သူ ရွှေတလေးတို့သည် တခြားရွာမှ နာရေးတစ်ခုသို့ သွားရောက်ပြီး တော
လမ်းကို ဖြတ်ကာ ပြန်လာကြသည်၊ အချိန်မှာ နေဝင်ရီတရော အမှောင်
ပျိုးခါစအချိန် ဖြစ်သည်၊ နွားရိုင်းသွင်းချိန်ကာလ . . ၊

သူတို့တူဝရီးနှစ်ဦးတို့သည် ရွာသို့ အလျင်အမြန် ပြန်လာကြ ခြင်း
ဖြစ်သည်၊ မိုးချုပ်စပြုလာပြီဖြစ်သဖြင့် ရွာအစွန်ပတ်ဝန်းကျင်သည် ခ
သွားလာရာတွင် အန္တရာယ်များလှသည်၊ တောတိရစ္ဆာန်များ၏အန္တရာယ်
က မသေးလှပေ၊

တူဝရီးနှစ်ယောက်သည် ဆောင်ဓားကိုယ်စီ၊ လှံကိုယ်စီဖြင့် တော
လမ်းကို သတိဝီရိယဖြင့် ဖြတ်လာကြခြင်း ဖြစ်သည်၊ ရွာသို့ ရောက်ခါနီး
ပြီး မကြာမီ ကျောက်ဆင်ရွာကိုရောက်ရန် သချိုင်းကိုဖြတ်ရမည်၊ သည်လ
နှင့်လျှောက်လာရာ သချိုင်းအစပ်သို့ ရောက်လာသည်၊ သချိုင်းမြေသည်
မှောင်ရီပျိုးစ နေဝင်ရီတရောဖြစ်ရာ သစ်ပင်ကြီးများပေါ်တွင် အိပ်တန်း
ကျေးငှက်များကာ တဖွဲဖွဲဝင်ရောက်လာကြပေပြီ၊

သူကြီးဘထွေးသည် သချိုင်းမြေထဲဝင်ရောက်လာသည်နှင့်
လွန်ခဲ့သော တစ်လခန့်က ထူးဆန်းစွာ သေဆုံးသွားသော ဖိုးခေါင်း
မျက်စိထဲ ကွက်ခနဲမြင်လိုက်ကာ ဓားလွတ်ကိုကျစ်ကျစ်ပါအောင် ဆုပ်တ
လိုက်သည်၊

ဟိုးဝေးဝေး သချိုင်းထောင့်တစ်နေရာတွင် အသုဘပို့သူမျာ
နားခိုရန်ဆောက်လုပ်ထားသော ဇရပ်အိုသည် တိတ်ဆိတ်ငြိမ်သက်ခြင်း
ဖြင့် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေပေသည်၊

အဝေးမှကြည့်သော် ဇရပ်အိုကြီးသည် တစ္ဆေကြီးငုတ်တုတ် ထိုင်
နေသည်နှင့် တူသည်၊ လေတစ်ချက် ဆောင့်တိုက်လိုက်တိုင်း သံချေ
ချောင်နေသော ဇရပ်ခေါင်မိုးသည် တကျွိကျွိမြည်ကာ တစ္ဆေကြီး သွားကြိတ်
သံနှင့်တူလှပေသည်၊ လေပြေသည် တောအုပ်ကိုဖြတ်ကာ တရှီရှီမြည်
နေရာ မြွေဆိုးတွန်သံနှင့်တူသည်၊





"ရွှေတလေးရေ . . ခြေလှမ်းသွက်သွက်လှမ်းကြစို့၊ တဖြည်းဖြည်း မှောင်လာပြီကွ"

မြေကြီးထဲမှနေကာ မြေမျက်နှာပြင်ပေါ်သို့ မြေလွှာအစိုင်အခဲတွေကို တွင်းနှုတ်ခမ်းသို့ တွန်းတင်ကာ တဖြည်းဖြည်း တွားတက်လာသော သတ္တဝါတစ်ကောင်၊ လူပုံလိုလို မျောက်ကြီးလိုလို၊

သူတို့နှစ်ယောက်သည် ခပ်သွက်သွက်ခြေလှမ်းများဖြင့် သချိုင်းမြေနှင့် အဝေးဆုံးရောက်အောင် ခပ်သွက်သွက်လှမ်းလျှောက်နေသည်၊ ထိုစဉ် သစ်ပင်အုပ်ကြီးအောက်ဘက်ဆီမှ ဖွာခနဲ ဖွာခနဲ သဲမြေတွေ လွင့်စဉ်သံကို ကြားလိုက်ရသည်၊

"ဘာသံပါလိမ့် . ." လေတိုးတိုက်သံလည်း မဟုတ်ပေ၊ သူတို့ နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်၊ ထိုစဉ် မြေကြီးယက်သံတွေက ရပ်တန့်မသွားဘဲ တဖွားဖွား ထွက်ပေါ်နေခဲ့သည်၊

သူတို့သည် ခြေလှမ်းကိုတုန့်ခနဲရပ်လိုက်ကာ လက်နက်များကို သတိအနေအထားဖြင့် ဆုပ်ကိုင်လိုက်ကြတော့သည်၊ "အန္တရာယ်လား . ." ရွှေတလေးသည် သူကြီးဘထွေးကိုမေးဆတ်ပြကာ "ဘာလဲ" ဟူသော သဘောဖြင့် အဓိပ္ပါယ်ပါပါ ကြည့်လိုက်မိသည်၊

ဤတောရွာသချိုင်းတွင် သုသာန်စောင့်ဟူ၍ သီးခြားမရှိပေ၊ နာရေးကိစ္စ ဖြစ်ပေါ်လာပါက ရွာမှပင် တစ်ယောက်တစ်လက် ကြုံသလို ကူညီနိုင်းပင်းကြခြင်းသာ ဖြစ်သည်၊ ယခု ထိုနေဝင်ရီအချိန်ကာလမှာ လူစုလူဝေး မရှိဘဲ တိတ်တဆိတ် တူးဆွနေသော၊ ယက်ထုတ်နေသောအသံမှာ ထူးခြားလှသည်၊ သူတို့နှစ်ယောက်စလုံးသည် ရှေ့လည်း မတိုးနိုင်၊ နောက်သို့လည်း မဆုတ်နိုင်ဘဲ ချုံကွယ်တစ်ခုကို အကာအကွယ်ယူကာ တိတ်တဆိတ် စောင့်ကြည့်နေမိသည်၊

တုတ်တုတ်မျှပင် မလှုပ်ရဲကြ၊ ဝါးနှစ်ပြန်၊ သုံးပြန်မျှသာ ဝေးကွာသောနေရာမှ တရှဲရှဲအသံများသည် ရပ်တန့်မသွားဘဲ မြေမှုန်၊ သဲမှုန်များသည် တွင်းနှုတ်ခမ်းပေါ်သို့ လွင့်ပျံနေကြပြန်သည်၊ ထိုစဉ် သစ်ပင်ကြီးတစ်ပင်ပေါ်မှ အိပ်တန်းပျံငှက်တစ်ကောင်၏ဂီးခနဲအော်မြည်ကာ လန့်ဖျပ်ပြေးပျံသွားသောအသံကို ရင်တုန်သဖွယ် ကြားလိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတာလေး ငါသိပြီ။ ငါ သိပြီ။ ဒါ လူကြီးတွေပြောခဲ့ဖူးတဲ့ မြေတွင်းအောင်းစုန်း (ခေါ်) လူထွက်ကောင်ကွ။ စုန်းကဝေတွေမှာ မျိုးရိုးရှိသလို၊ သူတို့မှာလည်း မျိုးရိုးရှိတယ်။

သူတို့ကို စုန်းအနွယ်ဝင်လို့ ပြောရလိမ့်မယ်။ ဒီ... အသေကောင်ဟာ အသိုးနေပြီ၊ လူစိတ်ပျောက်နေပြီ။ သွား ကြစို့ရဲ့..။"

"ရွှေတာလေး.. သတိနဲ့နေပေါ့ ဘာကောင်လဲ မသိဘူးကွ၊ မြေကြီးတွေကိုယက်ထုတ်နေတာ ထူးခြားသပေါ့၊ တောခွေးတွေ အလောင်းဖောက်စားနေတာလား မသိဘူး ဟ"

"အဘရာ..၊ တောခွေးက အုပ်စုလိုက်နေတာလေ၊ နေဦး.. လုံနဲ့ ထိုးမယ်"

"ဟာကွာ.. နေဦးလေကွာ.. ဘာမှန်းမသိ ညာမှန်းမသိ"

မြေကြီးတွေက ဆတ်၍ တဖွားဖွားလွင့်ပျံနေဆဲ..။ သူတို့နှစ်ယောက် လက်နက်ကိုယ်စီပြင်ကာ အသံတွေထွက်ရာဆီသို့ ခြေဖွနင်းကာ တိတ်တဆိတ် နားထောင်စောင့်ကြည့်နေကြသည်၊

"အကောင်တစ်ကောင်ပဲကွ ရွှေတာလေး..၊ အလောင်းဖော် တာနေတာ.."

မြေကြီးတွေ တွင်းနှုတ်ခမ်းပေါ်သို့ လွင့်ပြန်နေပုံမှာ ယက်ထုတ်နေသည့်ပုံစံမဟုတ်ဘဲ ကဏန်းများ၊ မွေးများကဲ့သို့ မြေကြီးထဲကနေ မြေပြင်ပေါ်သို့ တွန်းပို့ယက်တင်နေသောအနေအထား ဖြစ်နေသည်၊

"ဘာလဲ ဟ.."

"တစ်မျိုးပါလား..၊ ဒီနေရာမှာ ဖိုးဒေါင်းကို မြှုပ်ခဲ့တာလေ"

"ဟုတ်တယ် အဘ..၊ ဖိုးဒေါင်းမြေပုံက ဖြစ်နေတာ"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့ဩတကြီး ကြက်သေသေနေမိကြလေသည်၊ ရုတ်တရက် စကားမပြောနိုင်၊ အသက်ရှူဖို့ကိုပင် မေ့လျော့ကာ ချွေးစေးတွေပြန်လာကြ၏၊ နောက်ပြန်ဆုတ်ရမည်လား၊ ရှေ့တိုးရမည်လား၊ မဝေခွဲနိုင်တော့ပေ၊

"ရွှေတာလေး ကြည့်.. ကြည့်.. မြေကြီးထဲကနေ တိုးထွက်လာတာကွ"







"ဟင်! ဟုတ်..ဟုတ်.."

အံ့ဩထိတ်လန့်မှုကြောင့် သူတို့နှစ်ယောက်စလုံး၊ အင်အားများဆုတ်ယုတ်လာကာ ဒူးများအလိုလို ညွတ်သွားသလို ခံစားလိုက်ရ၏၊ သူကြီးဘတွေး၏ခေါင်းမှာ ခေါင်းပေါင်းသဘက်သည် ပြေကာလျော့ကျသွား၏၊

ရွှေတာလေးသည် လက်ထဲမှကိုင်ထားသော လွယ်အိတ်ကို ရောင်ရမ်းကာ လွှတ်ချလိုက်မိသည်၊ အံ့ဩတုန်လှုပ်မှုသည် စောစောကရှိနေသော ရဲရင့်စိတ်ကို တွန်းဖယ်ကာ ရင်ထဲမှ ဆင်ခြင်တုံတရားသည် ဗလာတင်းလင်းပြင် ဖြစ်သွားသည်၊ နှစ်ယောက်စလုံး၏ရင်ခုန်သံများသည် ဗုံအီးသံလို တဒိန်းဒိန်းမြည်လာသည်၊

မြေကြီးထဲမှနေကာ မြေပြင်ပေါ်သို့ မြေလွှာအစိုင်အခဲတွေကို အွင်းနှုတ်ခမ်းဝသို့ တွန်းတင်ကာ တဖြည်းဖြည်း တွားတက်လာသော သတ္တဝါတစ်ကောင်၊ လူဝံလိုလို မျောက်ကြီးလိုလို၊

ရွှေတာလေးသည် မျက်လုံးပြူး၊ ပါးစပ်ဟကာ ကြည့်ရင်း -

"အ.... အ.. အမလေး ဖုတ်.. ဖုတ်.. ဖုတ်ဝင်လာပြီ၊ လူသေကောင်က ဖုတ်ဝင်လာပြီ"

"ဟေ့ကောင်.. တိုးတိုးကွ.. အပမှီလာတာ ထင်တယ်"

"ကြောက်.. ကြောက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com





အသုဘမြေမြှုပ်ရာ မြေကြီး ထဲမှ တွင်းနှုတ်ခမ်းပေါ်သို့ တိုးထွက်တက်လာသော သတ္တဝါကြီးသည် တစ်ကိုယ်လုံး သဲမြေ ရွှံ့စေးတွေပေကျံနေပြီး အမွေးအမှင်များ ပေါက်နေကာ အတို အဖြူနှင့် အပြာကွက် လုံချည်တိုကို ဝတ်ဆင်ထားသော သတ္တဝါတစ်ကောင် သာတည်း။ လူစင်စစ်မှ ဖုတ်တစ္ဆေဘဝ သို့ကူးပြောင်းသွားသော လူတစ်ယောက် သာတည်း။

"အဘ . . ဖိုးခေါင်း . . ဖိုး ခေါင်း . . ဖိုးခေါင်းက ကျောက်ဆင်သတ်လို့ . . သေလို့တောင် မြေမြှုပ်လိုက်တာပဲ အဘ၊ အခု ဘယ်လိုဖြစ်ပြီး အသက်ရှင်၊ အမွေးတွေ ရှည်ထွက်လာရတာလဲ ဟင်! . .၊ လူကြီးကလည်း ထွားကြိုင်းလာလိုက်တာ . . အမလေး . . လေး"

သူကြီးဘထွေးသည် အနည်းငယ် စဉ်းစားဟန်ပြုသည်၊ ခေါင်းတစ်ချက်ညိတ်ကာ -

"ရွှေတလေး ငါသိပြီ . . ငါသိပြီ၊ ဒါ လူကြီးတွေပြောခဲ့ဖူးတဲ့ မြေတွင်းအောင်းစုန်း (ခေါ်) လူထွက်ကောင်ကွ၊ စုန်းကဝေတွေမှာ မျိုးရိုးရှိသလို၊ သူတို့မှာလည်း မျိုးရိုးရှိတယ်၊

သူတို့ကို စုန်းအနွယ်ဝင်လို့ ပြောရင်ရတယ်၊ သွားကြစို့ရဲ့ . . ဒီ အသေကောင် အပမှီနေပြီ၊ လူစိတ်ပျောက်နေပြီ၊ ဒို့ကို အန္တရာယ်ပေးနိုင်တယ်၊ လာ . . လာ ခြေသံမကြားစေနဲ့"

"ဟုတ်ကဲ့ . . အဘ"

သူတို့နှစ်ယောက်သည် အသက်ပင် ရဲရဲမရှူဝံ့ကြတော့ဘဲ တိတ်ဆိတ်ညင်သာသော ခြေလှမ်းများဖြင့် သုသာန်၏အရှေ့ဘက်၊ ကျောက်ဆင်ရှာရှိရာသို့ ခြေကုန်သုတ်ကြလေသည်၊

ထိုအချိန်တွင် သုသာန်ပတ်ဝန်းကျင်သည် အမှောင်အောက်သို့ ရောက်ရှိသွားပြီ ဖြစ်၏၊ မြေကြီးထဲမှ တိုးထွက်လာသော ဖိုးခေါင်း (သို့မဟုတ်) အပမှီနေသော ဘဝပြောင်းသွားသော အမွေးရှည်ရှည်၊ ထွားကြိုင်းသန်မာသော ခန္ဓာကိုယ်နှင့်သတ္တဝါကြီးသည် အနောက်တောင်ထောင့်အရပ်ဆီသို့ ရွေးရှုကာ အမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်၊



သူကြီးဘထွေးနှင့် ရွှေတလေးသည် ခေါင်းပေါင်းကို ကျွတ်မကျအောင် ကျစ်ကျစ်ပါအောင်ပေါင်း။ လုံချည်တိုတို ဒူးခေါင်းထိ ဝတ်၊ ခွယ် အိတ်ကို စလွယ်သိုင်းလွယ်၊ လက်နက်များတို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ သုသာန်နှင့် ဝေးရာဆီသို့ . .၊ မြေအောင်းစုန်းနှင့် ဝေးရာဆီသို့ . .၊

၆

သူကြီး ဦးဘထွေး၏အိမ်ဝိုင်းထဲတွင် လူငယ်လူရွယ်နှင့် ရပ်မိရပ်ဖများ စုစုဝေးဝေး ရောက်ရှိနေကြသည်၊ ရေနွေးကြမ်းသုံးဝိုင်းခန့်နှင့် ဆေးလိပ်တိုက်ဝန်းဝန်း ရှိသည်၊ လသာရက်မို့ အိမ်ရှေ့တလင်းပြင်တွင် လရောင်ဖြာကြက်လျက်ရှိရာ နေ့ခင်းပမာ ထင်သာမြင်သာအောင် သာယာလျက်ရှိသည်၊ အရွယ်စုံ ပါဝင်သည်၊

အသက် (၈၆)နှစ်အရွယ် ဘဖိုးကွန်းက ရှေ့မှီနောက်မှီပုဂ္ဂိုလ်ဖြစ်ခဲ့သည်သာမက လောကဓာတ်ကျောင်းလည်း တက်ရောက်သင်ကြားခဲ့ရာ သူကြီးဘထွေးနှင့် ရွှေတလေးတို့ မနေ့ညနေက တွေ့မြင်ခဲ့ရသည့် ကြောက်မက်ဖွယ် အခြေအနေများကို ဖော့လာကာ သူသိသလောက်ကို ပြောပြ ရှင်းလင်းမည်ဖြစ်ပါသည်၊ စကားဝိုင်းကလေးတစ်ခု ဖြစ်သည်၊

ဘဖိုးကွန်းသည် လည်ချောင်းတစ်ချက်ရှင်းရင်း ကွမ်းကိုမြုံ့ကာ ကြည်လင်တိုးသဲ့သော အသံဖြင့် စတင်ပြောလေသည်၊

"လောကမှာ ကိုယ်မသိတာတွေ၊ လက်တွေ့နဲ့ တိုင်းတာမရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာတွေ အများကြီးပဲ၊ စကားကို လိုရင်းပဲ ပြောပြကြပါစို့ကွယ်၊ ကို ဘာသာချင့်ချိန်ပြီး လက်ခံပေါ့၊ လူစင်စစ်ကနေ ကျားဘဝကို ရောက်သွား တာတွေ ကြားဖူးကြမှာပါ၊ ဘကြီးတို့ ကမ္ဘာပေါ်မှာ ဟိုးအာဖရိက တောန ကြီးထဲမှာ လူစင်စစ်ကနေဝံပုလွေဖြစ်သွားတဲ့ ထူးဆန်းတဲ့မျိုးနွယ်စုရှိတယ်

သူတို့အုပ်စုဟာ လပြည့်နေ့ကျရင် ဂါထာမန္တန်တွေ ရွတ်ဖတ်ပြီး အုပ်စုလိုက် ဝံပုလွေဘဝကို ရောက်ရှိသွားကြတယ်၊ ဝံပုလွေဖြစ်သွား ဆိုရင် လူတွေနေထိုင်တဲ့ ရွာတွေထဲဝင်ပြီး တွေ့ရာမြင်ရာ ကိုက်ဖြတ် တာပဲ၊ ဥရောပမှာ အင်္ဂလန်၊ ပြင်သစ်လို နိုင်ငံတွေမှာတောင် သွေးစုပ်ဖု ကောင်တွေ ရှိတယ်၊ သချိုင်းမြေတွင်းထဲကထလာပြီး လူအရှင်လတ်လ တွေကို သွေးစုပ်လေ့ရှိတဲ့ ဖြစ်ရပ်တွေဟာ တစ်ကမ္ဘာလုံးမှာ မရိုးနိုင် အတ်လမ်းတွေပါ၊ တကယ်လား၊ ဒဏ္ဍာရီလားဆိုတာ ခုထိဘယ်သူ မဖြေရှင်းနိုင်ဘူးလေ . .။

နောက်ပြီး အာဖရိကမှာ ဇားပြုတ်ဟာ မကောင်းဆိုးဝါး ဝင်စားတယ်လို့ ယုံကြည်မှု ရှိနေကြတုန်းပဲ၊ ဘကြီးတို့ မြန်မာပြည် တော့ လူစင်စစ်ကနေ ကျားဘဝပြောင်းသွားတဲ့ သမန်းကျားဆိုတာ တယ်လို့ ယုံကြည်နေဆဲပဲ၊ အဲဒီတိရစ္ဆာန်တွေကိုတော့ စဉ်းစဉ်းစား ဆင်ခြင်ကြည့်စေချင်တယ်၊

လူစုထဲမှ လူငယ်တစ်ယောက်က -

"အဘ . . ကိုဖိုးခေါင်းကိစ္စ ပြောပြပါဦး"

"ပြောမယ်လေ . . ခု အစပျိုးနေတာပေါ့၊ တကယ်တော့ ဖိုး ဟာ မြေကြီးထဲက မိစ္ဆာကောင်၊ ဒါမှမဟုတ် စုန်းအနွယ်ဝင်တစ်မျိုးဖြစ်တ လို့ ယူဆလို့ရပါတယ်၊ တစ်မျိုးအားဖြင့် ငါတို့နယ်မှာခေါ်နေကြတဲ့ လူထွ ကောင်ဆိုတာမျိုးပဲ၊ လူထွက်ကောင်ဆိုတာ မြေကြီးထဲက ဒုတိယအကြိ ပြန်လည်ရှင်သန်ပြီး မြေကြီးထဲကထွက်လာတဲ့၊ ထူးဆန်းတဲ့ပုဂ္ဂိုလ် ပြောလို့ရတယ်၊ တို့ဆီမှာ "လူထွက်ကောင်"၊ ဒါမှမဟုတ် "မြေတွ အောင်းစုန်း၊" ဆိုတာ အမှန်ရှိခဲ့တယ်၊ မယုံမရှိနဲ့ကွယ် . .။

ဒီမှာတော့ မြေအောင်းစုန်း၊ လူထွက်ကောင်ဆိုတာ လူစင်စ နေ ဘဝပြောင်းသွားတာလို့ ပြောချင်တယ်၊ သူတို့က သေပြီးပြီဆို၊ မြေ





တ်ပေမယ့် တစ်ခါထဲဘဝပြောင်းသွားတာ မဟုတ်ဘူးလေ၊ မြေကြီးထဲ ရောက်ပြီး လပြည့်ညရောက်ပြီဆိုတာနဲ့ ဇာတိပြတော့တာပေါ့၊ လပြည့် ညရောက်ပြီး လမွန်းတည့်ပြီဆိုတာနဲ့ သချိုင်းမြေအောက်ကနေ ရှန်းထ

ာတော့တယ်၊ အနောက်နိုင်ငံက သွေးစုပ်ဖုတ်ကောင်လိုမျိုးပေါ့၊ အဲ . . သူတို့က သချိုင်းကနေ ရှန်းထလာပြီ ဆိုတာတည်းက လူစိတ်ပျောက်သွား ာ၊ အဲ . . ဒါပေမယ့် သူတို့မှာ ဇာတိ ဖြစ်တဲ့ မြေအောင်းစုန်းဆိုတာ သေးတယ်"

"ထူးဆန်းလိုက်တာ ဗျာ၊ ပြောပါဦး၊ အဘ"

"ဟုတ်ပါရဲ့ . . အံ့ဩစရာပဲ . . အဘ"

> မြေအောင်းစုန်းဟာ တိရစ္ဆာန် စိတ်အပြည့် ဖြစ်သွားပြီဆိုတာနဲ့ သည်ထက် အစ်အားကြီးမားလာအောင် မြစ်ရေတကြိုး သောက်မှ ကိစ္စပြီးမယ်လေ၊ မြစ်ရေ (သို့မ ဟုတ်) စမ်းချောင်းရေတံခွန်စတဲ့ ရေရှင်ဖြစ် ရမယ်၊ ရေသေကိုသောက်လို့ ကိစ္စမပြီးသေး ဘူးကွယ် . . လူကလေးတို့ရဲ့၊ အဲ . . ရေရှင် ကိုသောက်ပြီးပြီဆိုတာနဲ့ တောထဲမှာ အင်အား အကြီးဆုံး သတ္တဝါဖြစ်သွားပြီ။

ဘဖိုးကွန်းသည် အသံကြည်လင်စွာဖြင့် ဆက်၍ ပြောလေသည်၊

"သူတို့ဟာ လူ့ဘဝမှာကတည်းက စုန်းမျိုးဆိုတာ မသိကြတာ တယ်၊ သေပြီးမှ ကိုယ့်ကိုကိုယ် မြေအောင်းစုန်းမှန်း သိကြတာ၊ သူတို့ ာ ဇာတိစိတ်ကြောင့် မိမိရပ်ရွာထဲကို ပြန်မသွားကြတော့ဘဲ ပြန်ဝင်ဖို့ နိုင်ကြတော့ဘဲ တောထဲမှာ ကြုံသလို၊ လှည့်လည်နေထိုင်ရင်း အင် တွေပြည့်ဖြိုး ခန္ဓာကိုယ်မှာ အမွေးရှည်ကြီးတွေ ပေါက်လာတော့တယ်၊

အဲ . . လူထွက်ကောင်မျိုးရိုးမှန်ရင် နှစ်ခါသေကြရတယ်ကွယ့်၊ သက်မှာ နှစ်ခါသေတဲ့လူမျိုးဆိုတာ လူထွက်ကောင်(ခေါ်) မြေအောင်း တွေမှာပဲ ရှိတယ်ကွယ့်၊ လောကမှာ တစ်သက်မှာနှစ်ခါသေရတဲ့ လူမျိုး ာ သူတို့ပဲကွယ်၊

တောထဲမှာ လှည့်လည်ကျက်စားနေထိုင်ရင်း၊ အကြောင်းတစ်စုံ ကြောင့် ဒုတိယအကြိမ်သေသွားမှ ကကယ်သေသွားတာပါ၊ တော ဆန်းကြယ်တယ်၊ လောကမှာ ကိုယ်မသိတာတွေ အများကြီးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မသိလို့ မရှိဘူး၊ မဖြစ်ဘူး မပြောနဲ့၊ လောကမှာ မဖြစ်သေးတာတွေ အများကြီးရှိသေးတယ်၊ ဒီ့ထက် ဆန်းကြယ်တာတွေ ရှိသေးတယ်၊ ငါ့မြေး တို့..”

လူငယ်တွေ ငြိမ်သက်တိတ်ဆိတ်ကာ ရေငုံနှုတ်ပိတ်၊ စကားမဆို နိုင်ကြ၊ အံ့ဩတကြီးဖြင့် ဘဖိုးကွန်းကို ငေးစိုက်ကြည့်နေမိကြသည်။

“အဘ ဆက်ပြောဦးမယ် .. လူလေးတို့၊ အဲဒီလူထွက်ကောင်း ဘဝကူးပြောင်းပြီး အရှင်လတ်လတ်ကြောက်မက်ဖွယ် ရိုင်းစိုင်းရက်စက်တဲ့ မျိုးစိတ်သစ်တစ်ခုကို ပြောင်းသွားတာ မဆန်းဘူးလားကွယ်။

အဲ .. ဒါပေမယ့် သူ့စိတ်က တိရစ္ဆာန်ရိုင်းတစ်ကောင် ဖြစ်သွား ပေမယ့် လူစိတ်တစ်ဝက် ရှိသေးတယ်၊ အဲဒီအရှိန်မှာ တိရစ္ဆာန်စိတ်ဖြစ်ပြီး တောရိုင်းသတ္တဝါထဲမှာ အင်အားအရှိဆုံးဖြစ်အောင်လုပ်ရမယ့် ကိစ္စတစ်ခု ကို သူ့အသိစိတ်က အလိုအလျောက် သိနေတယ်၊ အဲဒီကိစ္စဆောင်ရွက် ပြီးသွားရင် မြေအောင်းစုန်း ကိစ္စပြီးသွားပြီလေ”

“သူက ဘာဆက်လုပ်ရမှာလဲ ဟင် ! .. အဘ”

တစ်ယောက်ကထ၍ မေးသည်။

“ပြောပါ့မယ်ကွယ် ..၊ မြေအောင်းစုန်းဟာ တိရစ္ဆာန်စိတ်အပြည့် ဖြစ်သွားပြီဆိုတာနဲ့ သည့်ထက် အင်အားကြီးမားလာအောင် မြစ်ရေထဲ ကြီးသောက်မှ ကိစ္စပြီးမယ်လေ၊ မြစ်ရေ (သို့မဟုတ်) စမ်းချောင်း ရေ တံခွန်စတဲ့ ရေရှင်ဖြစ်ရမယ်၊ ရေသောကို သောက်လို့ ကိစ္စမပြီးသေးဘူး ကွယ် .. လူကလေးတို့ရဲ့ အဲ .. ရေရှင်ကို သောက်ပြီးပြီဆိုတာနဲ့ တောထဲမှာ အင်အားအကြီးဆုံး သတ္တဝါဖြစ်သွားပြီ။

ဒါ လူစင်စစ်က ဘဝပြောင်းသွားတာနော်၊ သေပြီးမှ ဘဝပြောင်း လဲသွားတာ၊ ဘယ်လောက် ထူးဆန်းသလဲ၊ အဲဒီအခါကျမှ လူစိတ်ပျောက် သွားပြီကိုး၊ အဲဒီအခါကျမှ သူက သူ့ရဲ့ကြောက်မက်ဖွယ်ကောင်းတဲ့ စွမ်းအင်ကိုအသုံးချပြီး တောထဲကသတ္တဝါတွေကိုလိုက်ပြီး ရန်ရှာတော့ တာပဲ ဟေ့ ..၊ သူနဲ့ တွေ့ပြီဆိုရင် ဆင်တို့ ဝက်ဝံတို့တောင် ရှောင်ပြေး တယ်၊ သူက ရိုးရိုးတိရစ္ဆာန်ထက် အဆပေါင်းများစွာ သန်မာပြီး အင်အား ကြီးသွားတာကိုး ..”







“ကြောက်စရာကြီး ဗျို့ ..”

“ဟုတ်တယ်၊ ကိုဖိုးခေါင်း အဲ့သလို ဖြစ်သွားပြီပေါ့”

“ဒို့ကတော့ သူရဲ့ လှုပ် ရှားမှုကို စောင့်ကြည့်ရဦးမှာပေါ့ ကွယ်၊ အဲ .. တကယ်ပဲ မြေအောင်း စုန်း ဖြစ်သွားတာလား၊ ဒါမှမဟုတ် အပမှီ သွားသလားဆိုတာကို .. တော့ ဖုတ်ဝင်သွားသလား၊ ငါ စောင့်ကြည့်ကြစို့ရဲ့ ..”

တို့ရွာက လူတွေ တောထဲ ... ာင်ထဲ အမဲလိုက်သွားတာတို့၊ ဟင်းရွက်ကြွေရွက် သွားခူးတာတို့၊ ... ခုတ်တာတို့ကို သတိထားစေချင်တယ်၊ သိပ်ပြီး တောနက်ထဲဝင်တာ ... င့်မရဲစေချင်ဘူး၊ သွားတာ လာတာရှိရင် လက်နက်နဲ့ အုပ်စုလိုက် ... စေချင်တယ်၊ အဲဒါလေး အဘပြော ချင်ပါတယ်၊ မြေအောင်းစုန်း ရှိ ... ယ်ဆိုတာလည်း ဘိုးဘွားတွေ လက်ထက်ကတည်းကပါ၊ မကြုံဘူးလို့ ... ဖြစ်နိုင်ဘူး မပြောပါနဲ့၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး၊ မဖြစ် ... သေးတာပဲ ရှိတာပါ။ ကဲ .. သိချင်တာလေးတွေ မေးပါ”

ဒီလိုနှင့် ရွာသားများနှင့်အတူ အသက်အကြီးဆုံး အတွေ့အကြုံ ... ဆုံး ဘဖိုးကွန်း၏ မြေအောင်းစုန်း၏ လူထွက်ကောင်ကိစ္စများနှင့်ပတ် သက်၍ မေးခွန်းများမေးခြင်း၊ ဖြေကြားခြင်းဖြင့် ညနေချမ်းအချိန်ကလေး ... လွန်မြောက်စေပေတော့သည်။

❂

ဒီလိုနှင့် ရွာကလေးသည် ရွာ၏ပတ်ပတ်လည်တွင် စည်းရိုးလုံခြုံ ... င် ကာရန်ခြင်း၊ နေ့ညအလှည့်ကျ ကင်းစောင့်ခြင်းဖြင့် ရွာ၏လုံခြုံရေး ... အသိစိတ်ဖြင့် ကာကွယ်မှုကို စတင်ပြုလုပ်လာလေသည်။ အရေးကြီး ... ည့် ရွာ၏ဝင်ပေါက်၊ ထွက်ပေါက်တွင် တွင်းတူးကာ ခြောင့်ထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ထောင်ချောက်များ ဆင်ထားခြင်းဖြင့် ကြိုတင်ကာကွယ်မှု ပြု… လာကြသည်။

ရှာသူ၊ ရှာသားများသည် သွားသတိ၊ လာသတိဖြင့် မဖြင်… သော အန္တရာယ်တစ်ခုကို သတိဝီရိယဖြင့် နှိုးကြားဆင်ခြင်လာကြသ… ဝီရိယသည် ပိုသည်မရှိ၊ နေဝင်ပြီဆိုသည်နှင့် မည်သူမျှ အိမ်ပြင် မထ… တော့၊ သူကြီးဘထွေးက ဆော်ဩထားပြီး ဖြစ်သည်။

ဒီလိုနှင့် ရက်သတ္တပတ်နှစ်ပတ်ခန့်ကြာသော ညဦးယံအချိန်… ရွာကလေးသည် ထူးဆန်းကြောက်မက်ဖွယ်ကောင်းသော နေ့တစ်နေ့… မလွဲမသွေ ရောက်ရှိလာပေတော့သည်။

☯

ထိုညက လမသာ၊ တသာ အလင်းရောင် မှုန်ဝါးဝါးည ဖြစ်သ… ညနေ (၆) နာရီခန့်မှစ၍ ရွာပတ်လည် သစ်ကြီးဝါးကြီး သစ်ပင်ကြီး… ပေါ်တွင် အိပ်တန်းတက်နေသော ကျီးများသည် ရုတ်တရက် လန့်ပြီး… အမှောင်ကောင်းကင်ညတွင် မိမိတို့နိုနားရာသစ်ပင်သို့ ပြန်မကပ်ကြ… ဆူညံစွာ "အာ" ကြရင်း ဝဲပျံနေသည်။ သချိုင်းထဲရှိ ခွေးအများ၊ မြေတွ… အောင်းတိရစ္ဆာန်များသည် ငြိမ်သက်ခြင်းမရှိကြဘဲ မကြာမီစတွန့်… အတွင်း မြေကမ္ဘာပြိုကျတော့မည့်အလား ယောက်ယက်ခတ်ကာ ပြေး… နေကြသည်။

ခွေးအအုပ်စုသည်ဒေါသတကြီးဖြင့် သချိုင်းမြေရှိမြေလွှာ… ကို ယက်ထုတ်ကာ သံပြိုင်ညီညာစွာ အူကြ၊ ဟောင်ကြသည်မှာ ရွာထဲ… မကောင်းဆိုးဝါးအုပ်ကြီးဝင်လာသကဲ့သို့ ထင်မှတ်ရသည်။ ထိုအခါ ကျေ… ဆင်ရွာကလေးသည် ရွာထဲတွင် လူစုံတက်စုံရှိနေပါလျက်နှင့် ဗလာကျ… နေသော ဇရပ်တစ်ဆောင်ကဲ့သို့ တိတ်ဆိတ်သွားတော့သည်။

အချို့က မီးခွက်၊ မီးအိမ်များကို ငြိမ်းသတ်ကြသည်။ အချို့… ကလေးချော့သိပ်နေခြင်းကို ရပ်တန့်လိုက်ကြသည်။ အပျိုမကလေး… က သီချင်းကို မဆိုဝံ့ကြကုန်တော့၊ သူတို့အားလုံးအမှောင်ထဲတွင် ငြိမ်… တိတ်ဆိတ်ကြသည်။





ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖောက်ထွက်လျက်..

"အူ..ဝူး..ဝူး"

သချိုင်းထဲမှ ပေါ်ထွက်လာသော ဒေါသတကြီး ကြောက်မက်ဖွယ် …သံကြီး၊ ထိုအော်သံကြီးနှင့် မရှေးမနှောင်းမှာပင် တောခွေးများ၊ ခွေးအ… အော်သံ အူသံများ။

"အူ..ဝုတ်..ဝုတ်"

"ဝူး..ဝူး"

အူသံတွေ နောက်မှ တအုံတမကြီး ပြေးလိုက်သွားသံ၊ ကောင်းကင်မှ …များ၏ဆူညံစွာ အော်ဟစ်မြည်တွန်ရင်း ထက်ကြပ်မကွာလိုက်ပါသွား…သံ၊ ကျောက်ဆင်ရုပ်ကြီးနှင့် ရွာပြင်သုသာန်ဆီသို့ တစ်စုံတစ်ခုသည် …တုံ့ခေါက်ပြန် သွားလာနေဟန်ရှိသည်။

ထိုရွေ့လျားနေသော အရာကြီးဆီသို့ ထပ်ကြပ်မကွာလိုက်ပါရင်း …ခွေးများ၊ ခွေးအများ၊ ငှက်များသည် ကြောက်မက်ဖွယ် ဆူညံနေခြင်း …သည်၊ တစ်ကောင်နှင့်တစ်ကောင် အလုအယက်တိုးဝှေ့နေကြရင်း …ခါတရံ နာကျင်စွာ အော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ဖုန်းခနဲကိုင်၍ ရိုက်လိုက်သံနှင့်အတူ "အု" ခနဲအသံထွက်ကာ …သက်သွားသော တိရစ္ဆာန်တစ်ကောင်၏အသံကို ကြားလိုက်ရသည်။ …ကြာလျှင်..

"ဂိန်..ဂိန်..ဂိန်"

"ဝု"

"အု"


တိရစ္ဆာန်များ၏ မရိုးမဆန်းအော်သံ၊ ဝက်ဝံအော်သံလိုလို၊ ကျား…ဟာန်ဖီသံလိုလို ကြားရပြီး တဖုန်းဖုန်းအသံ ထွက်ပေါ်လာသည်။ ထို့…တက် မရိုးမဆန်း အသက်ငင်သောအသံ..။

ရွာသားများသည် မိမိတို့၏နေအိမ်အသီးသီးမှ အပြင်သို့ ပြန်မ…ထွက်ဝံ့ကြဘဲ အိမ်ထဲမှနေကာ ရရာလက်နက်၊ တောလိုက်သေနတ်များ… အသင့်ကိုင်ကာ အခြေအနေကို စောင့်ကြည့်အကဲခတ်နေကြသည်။ …သူတစ်ဦးတစ်ယောက်ကမျှ လူစွမ်းကောင်းလုပ်ကာ မထွက်ဝံ့ရှေး…



www.burmeseclassic.com

www.burmeseclassic.com

ရွာအပြင်တွင် ကြောက်စမန်းလိလိဖြစ်ပေါ်နေသော ကာလ အခါ၏အရေးအခင်းများကား မည်သို့သော အခင်းအကျင်းဖြစ်ပေသနည်း ရှိရှိသမျှ တောတိရစ္ဆာန်နွားရိုင်းများသည် ရွှံ့သွပ်ကာ တစ်ကောင်နှင့် တစ် ကောင် အသေအကြေ တိုက်ခိုက်နေကြပြီလော။ ဒါမှမဟုတ် ကမ္ဘာပျက် နီး ရေမြေပြုနိမိတ်များပင်လော။ အတိတ်တဘောင်များပင်လော။

သူကြီးဘထွေးသည် ခါးတွင် ကျည်ခါးပတ်ကိုပတ်၊ တောစီး ကိုစီး၊ နစ်လုံးပြူးသေနတ်ကြီးကို အရဲသင့်ကိုင်တွယ်ကာ ပုဏ္ဏားကွယ် ထိုင်ရင်း အခြေအနေကို စောင့်ကြည့်နေသည်။ သူ၏ဘဝတစ်လျှောက် ဤသို့သော ညဦးယံပင့်ပကွမျိုးကို တစ်ကြိမ်မျှ မကြုံဘူးသေးချေ။ ဤ လောက် ချောက်ချားဖွယ်ကောင်းသောည မဖြတ်သန်းဘူးပေ။

သူကြီးသည် အိပ်မက်ယောင်သူပမာ ထိုင်ရာမှထကာ အပြင်သို့ ငေးမောကြည့်နေမိသည်။ ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် ငြိမ်သက်ကာ၊ ထူထဲသော အမှောင်အောက်တွင် အရာဝတ္ထုများသည် တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘဲ ငြိမ်သက်နေကြသည်။ သူကြီးကတော် ချောင်းဟန့်သံ ထွက်ပေါ်လာသည်။ အိမ်ရှေ့မန်ကျည်းပင်ထက်မှ ည ငှက်တစ်ကောင် "ဂီး" ခနဲ အော်သံနှင့်အတူ ပျံထွက်သွားသံ။ ထိုစဉ် ဘက်ဆီသို့ပြေးလွှားလာသော ခြေသံကြီးတစ်စုံ၊ ခြေသံနှင့်အတူ တ တည်း သစ်ကိုင်းသစ်ခက်များ ကျိုးကြေမှုသံ . . ။





"ဝုန်း"

ထောင်ချောက်ထဲသို့ တစ်စုံတစ်ရာသော သားကောင်ပြိုလဲကျ သွားသံ . . အော်သံ . . ။

"အား ! . . . ရှူး"

လူတစ်ယောက် နာကျင်စွာ အော်ညည်းသံလိုလို၊ သွေးရူး သွားတန်းအသံကြီးသည် ညယံကိုဖောက်ကာ ကြောက်မက်ဖွယ်ပေါ်ထွက် လာသည်။ သူကြီး၏ရင်သည် လေဆင်နှာမောင်းအဝှေ့ခံလိုက်ရသကဲ့သို့ တစ်ခဲ့ကလျှား တုန်လှုပ်ချောက်ချားသွားသည်။

"တစ်ခုခုပဲ . . ထောင်ချောက်ထဲ ကျသွားပြီ"

မှန်ပေသည်။ ရွာအပြင်ခြံစည်းရိုးစပ်တွင် လျှို့ဝှက်သိပ်သည်းစွာ တပ်ဆင်ထားသော ထောင်ချောက်ထဲသို့ ကျရောက်သွားသော မည်သည့် တိရစ္ဆာန်မဆို မည်သူမဆို အသက်ရှင်၍ ပြန်တက်လာရိုး ထုံးစံမရှိပေ။ ထောင်ချောက်အောက်ခြေနှင့် ပတ်ပတ်လည်တွင် သံချောင်း၊ လှံတံ၊ ရှား စောင်းချွန်၊ ဝါးချွန်များက ရက်စက်ကြမ်းကြုတ်သော သက်မဲ့လက်နက်များ ဖြစ်သည့်အလျောက် မည်သူ့ကိုမျှ အသက်ချမ်းသာပေးလိမ့်မည် မဟုတ်။

ထောင်ချောက်ထဲသို့ တစ်စုံတစ်ရ ကျသွားခဲ့ပြီးနောက် တော တိရစ္ဆာန်များ၏အသံများသည် လည်းကောင်း၊ ညဥ့်ငှက်များ၏လှုပ်ရှား ပျံသန်းသံသည်လည်းကောင်း၊ ငြိမ်သက်တိတ်ဆိတ်သွားလေသည်။ သူကြီးဘထွေးသည် သက်ပြင်းရှည်ကြီးကို လေးလေးပင်ချလိုက်ရင်း မီးအိမ် ကို ငြိမ်းလိုက်သည်။ သူကြီးကတော်၏အိပ်ရာထဲမှ လူးလွန့်လှုပ်ရှားသံပါ တိတ်ဆိတ်သွားသည်။

စေးမျှစ်ထူထဲသော ညသည် ထောင်ချောက်တစ်ခုထဲသို့ကျရောက် သွားပြီဟု ရွာကလေးက ထင်မြင်ယူဆရင်း အေးစက်တိတ်ဆိတ်စွာ ငြိမ် သက်သွားပြန်သည်။

၆


နံနက်အာရုဏ်ကျင်းသည်နှင့် ရွာအပြင်ထွက်၍ အလုပ်လုပ်ကြ သော ရွာသားအချို့၏ တဆင့်စကားတဆင့်နားဖြင့် ကြောက်မက်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com





ကောင်းသည့် ဖြစ်ရပ်များသည် ရွာ
လေးအတွင်းရှိလူအားလုံးကို ခြောက်
လှန့်လိုက်သလို၊ ရုတ်ခြည်းပျံ့နှံ့
စက်သွားလေသည်။

ရွာအပြင်ဘက်တွင် ထော
နောင်းလေသည့် မြင်သာစွာ တိုး
ဝတ်လျက်ရှိသည်။ ရွာသားအား
မြင်လိုက်ရသည့်မြင်ကွင်းကြီးကား
တောတိရစ္ဆာန်များ အတုံးအရုံးသေဆုံး
နေကြသော မြင်ကွင်းကြီးဖြစ်
တည်း၊ မည်သည့်အင်အားကြီး တ
တစ်ယောက်၏လက်ချက်ပေနည်း။

ညောင်ကျတ်ပင်ကြီး၏ပင်ခြေတွင် အဝါတွင် အနက်ပြောက်များဖြင့်တန်ဆာဆင်ထားသော ကျားသစ်တစ်ကောင်သည် ဦးခေါင်းကြေမွခွေခွေကလေး အသက်ပျောက်နေသည်။ တစ်စုံတစ်ခုက ကျားသကိုကိုင်ကာ ပင်စည်နှင့်ရိုက်သတ်ထားဟန်တူသည့် လက္ခဏာ ရှိပေသည်

ပင်စည်တွင် သွေးစွဲတွေ ပေကျံနေသည်။ အနီးရှိ ချုံပုတ်တစ်ခုတွင် ဝံပုလွေတစ်ကောင် လျှာတန်းလန်းထွက် ဝမ်းဗိုက်ပွင့်ကာ အူများအထွေးလိုက်ကျပြီး ပက်လက်လန်နေသည်။ ထို့အတူ တောခွေး၊ ဝံပုလေးငါးကောင်ကို သစ်ပင်ခြေရင်း ချုံပုတ်များ၏အပေါ်တွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် သေဆုံးနေကြသည်ကို ထိတ်လန့်ဖွယ် တွေ့လိုက်ကြသည်

ထို့ထက်ဆိုးသည်ကား၊ အမွေးအညိုရောင်ရှိသော ဝက်ဝံကြီးတစ်ကောင် မြေကြီးပွပွထဲတွင် ခေါင်းတိုးဝင်ကာ သေဆုံးနေသည်။ သေနေပုံကလည်း ဆန်းကြယ်လှသည်။ တစ်စုံတစ်ခု အင်အားကြီးသော အရာကြီးတစ်ခုကခြေထောက်မှကိုင်ကာ မြေကြီးထဲထိုးစိုက်ထားသည့် လက္ခဏာတစ်ရပ်ပင်။

ရွာသားများသည် လက်နက်များကိုယ်စီကိုင်ကာ ပုံသဏ္ဍာန်မျိုးဖြင့် သေဆုံးနေကြသော တောတိရစ္ဆာန်ရိုင်းများကို မဝံ့မရဲ လေ့လာရေ





ကျောက်ဆင်ရုပ်ရှိရာသို့ တဖြည်းဖြည်း တိုးကပ်လာကြသည်။ သူတို့သည် လပ်မနင့်တဆက်တည်း ကျောက်ဆင်ရုပ်အနီးတွင် ရောမမြေတွင်း ထောင်ချောက်ကြီးတစ်ခုကို ဖန်တီးထားကြသည် မဟုတ်ပါလော။

အပေါ်ယံမြေပါးပါးဖုံးထားသော ထောင်ချောက်သည် ခြေရာတ်ရာပျက်ကာ အပေါက်ကြီးဖြစ်လျက်ရှိသည်ကို မြင်လိုက်ရခြင်းဖြင့် ချောက်ထဲတွင် တောတိရစ္ဆာန်ရိုင်းတစ်ကောင်ကျသေနေပြီကို အတတ်သိလိုက်ကြရပေပြီ။

ရွာသားလူငယ်များသည် တွင်းနက်ကြီးအပေါ်မှ ဖုံးထားသော ထောင်ချောက်မြေလွှာပါးပါးကို သတိဝီရိယဖြင့်ဖယ်ရှားကာ ထောင်ချောက်ထဲသို့ ဆင်းလိုက်ကြလေသည်။

သူတို့မြင်လိုက်ရသည့် မြင်ကွင်းကား . . ။

၆

ကြီးမားထွားကြိုင်းလှသော အညိုရောင် အမွေးရှည်ရှည်နှင့် လူဝံကြီးတစ်ကောင်သည် ဝါးရုံ၊ လုံတံများ၊ သံမှိန်းများ၏ကြားတွင် ခန္ဓာကိုယ်အနှံ့ပေါက်ထွက်စူးဝင်ကာ မရှုမလှ သေဆုံးနေသော မြင်ကွင်းကြီးပင်တည်း။ ခန္ဓာကိုယ်နေရာအနှံ့မှ သွေးတွေ စိမ့်ယိုကာ ခြောက်သွေ့နေပြီဖြစ်သည်။

သူတို့သည် မြင်နေကျ ဝက်ဝံခန္ဓာကိုယ်ထက် သုံးဆမျှကြီးမားထွားကြိုင်းလှသည့် ရောမလူဝံကြီးကို တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှပင် မြင်ဖူးကြဟန် မတူချေ။ သူတို့သည် ရင်ဘတ်တွင် ဝါးရွန်ထုတ်ချင်းပေါက် ရေတ်သီးသီးတဲ့ကဲ့သို့ စိုက်ဝင်နေသောသတ္တဝါကြီးကို ငေးမောကြည့်ရင်း အခြားကမ္ဘာဂြိုဟ်တစ်ခုခုမှ ရောက်လာသည့် မျိုးစိတ်သစ်သတ္တဝါန်းကြီးပမာ အံ့သြတကြီး လေ့လာကြည့်ရှုနေကြပေသည်။

အပ်သွားပမာဏမျှရှိသော အညိုရောင်အမွေးကြမ်းကြီးများ၊ ဆိုင်ခန့် ရှည်လျားသော ဝါကျင်ကျင်အစွယ်ကြီးများ၊ ဖန်ခေါ်လီလုံး ပြူးထွက်နေသော မျက်လုံးကြီးများသည် သတ္တဝါရှိလှပါပြီဆိုသော ဆိုးရင့်မကြီးတစ်ယောက်ကို ဒူးချင်းရိုက်စေသည်။ ကြောက်ခမန်းလိလိ စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တောင်ခြောက်မြေတွင်းထဲကျနေသော ရောမလူ လိုလို၊ မျောက်ဝံလိုလို ရောမအကောင်ကြီးကို မြေပေါ်သို့ ဆွဲတင်နိုင်ရန် လျော်ကြိုး၊ နွယ်ကြိုးများဖြင့် ကြိုးစားကြသည်။ သတ္တဝါကြီး၏ ခန္ဓာကိုယ် ကို ကြိုးပေါင်းစုံနှင့်ရစ်ပတ်ကာ လူအင်အားများစွာဖြင့် ဆွဲတင်ကြသည်။

မြေပေါ်သို့ စက်ရာစက်ဆစ်ရောက်လာသောအခါ . .

"သေသေချာချာ ကြည့်ကြစမ်း ဟ . .၊ ညက အော်သံကြီးနဲ့ကျနေ တာ ဒင်းကိုး . ."

"လူလိုလို . . မျောက်ကြီးလိုလို ဟေ့"

"ဟုတ်တယ် . .၊ သူ့မျက်နှာက လူတစ်ယောက်နဲ့ တူသလိုပဲ ဟေ့"

စုဝေး၍ မျိုးစုံဝေဖန်သုံးသပ်နေကြသော လူအုပ်ကြီးထဲသို့ ဘဖိုး ကွန်း၊ သူကြီးဘထွေးသို့ ရောက်လာကြသဖြင့် အားလုံးက သတ္တဝါကြီးကို ကြည့်ရှုနိုင်ကြရန် လမ်းဖယ်ပေးလိုက်ကြသည်။ လူအုပ်ထဲတွင် မိန်းမနှင့် ကလေးများက ပိုများလိမ့်မည်ထင်သည်။

"ဘဖိုးကွန်းနဲ့ သူကြီးလာကြတယ် ဟေ့ . .၊ လမ်းဖယ်ပေးကြဦး"

"ဘဖိုးကွန်း ဒီလောက်ထွားကြိုင်းသန်မာတဲ့ လူလိုလို၊ မျောက် လိုလိုသတ္တဝါကြီးကို ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးပါဘူး၊ အဘရာ၊ ရွာပြင် ကသေနေကြတဲ့ တိရစ္ဆာန်တွေက သူ့လက်ချက်ပဲပေါ့နော်"

ဘဖိုးကွန်းသည် သတ္တဝါကြီး၏အနားသို့ ရဲရဲဝံ့ဝံ့တိုးကပ်သွား ကာ ခပ်တွေတွေစိုက်ကြည့်လိုက်လေသည်။ ထို့နောက် ခန္ဓာကိုယ်တစ်ခုလုံး ကို မကြောက်မရွံ့ကိုင်တွယ်လှေ့လာကြည့်ရှုသည်။ ရရှိထားသော သေနတ် စသည့် ဒဏ်ရာများကို အမွေးထူထူကို ဖယ်ရှားကာ စူးစမ်းလေ့လာသည်။

နောက်ဆုံး ဘဖိုးကွန်းရဲ့မျက်နှာဟာ အံ့သြထူးခြားစွာနှင့် အ အရာ ပြောင်းသွားတာနှင့်အမျှ ညှိုမှောင်တဲ့ မျက်လုံးတွေဟာ ရုတ်တရက် သေးကြုံ့သွားသည်။

သူသည် သတ္တဝါကြီး၏လည်ပင်း၊ လက်ဖျံများကို အသေးစိတ် လှန်လျှောကြည့်နေရာမှ လွှန်မင်းစွာ အံ့သြတကြီး အမူအရာဖြင့် . .

"ကဲ . . ကလေးတွေကော လူကြီးတွေကော အားလုံးပဲ ဟေ့ ဒီအကောင်ကြီးက ရိုးရိုးသာမန်တိရစ္ဆာန်ကြီးမဟုတ်ဘူး။ အင်မတန် ထွ





အား ကြီးလာပြီ . ."

"ဟင် . ."

"ဘာကောင်ကြီးလဲ ဟင် ! . ."

လူအုပ်ထဲမှ အာမေဋိတ်သံတွေ ထွက်ပေါ်လာသည်။ အားလုံး၏ မျက်လုံးများသည် အသက်ကုန်နေပြီဖြစ်သော တိရစ္ဆာန်ကြီးဆီသို့ ရောက် ရှိ အာရုံကျသွားကြသည်။

"ဘယ် . . ဘယ်လို"

သူကြီးဘထွေး၏ အသံ . .၊

ဘဖိုးကွန်း၏မျက်လုံးညိုများသည် မျိုးသိပ်ထိန်းချုပ်မှုများနှင့် အတူ တိရစ္ဆာန်ကြီး၏လက်ဖျံတစ်နေရာကို စူးစိုက်ကြည့်ကာ -

"ဒီအကောင်ကြီးက သာမန်တိရစ္ဆာန်ရိုင်းကြီးမဟုတ်ဘူး။ မြေ အောင်းစုန်း၊ ဒါမှမဟုတ် "လူထွက်ကောင်"။ ရွာပြင်တိရစ္ဆာန်တွေက သူ့ လက်ချက်ကြောင့် သေကုန်ကြတာပေါ့"

"ဟင်"

"ဗျာ"

"အို"

"မြေအောင်းစုန်း၊ လူထွက်ကောင် ဟုတ်လား . .၊ ဒါဆို သရိုင်း ဘုန်းက ထလာတာပေါ့"

"ဟုတ်တယ်ကွယ့်၊ မြေအောင်းစုန်းလို့ခေါ်ကြတဲ့ လူထွက်ကောင် ပဲကွယ်"

အာမေဋိတ်သံတွေပြိုဆင်းသွားပြီး အားလုံးဟာ နောက်သို့ ဆုတ် လိုက်ကြသည်။

"ဒီအကောင်ကြီးက မြေအောင်းစုန်း(လူထွက်ကောင်)ဆိုတာ သေချာတယ်။ သူ့ရဲ့ခြေလက်တွေကို သေသေချာချာ ကြည့်စမ်း။ တိရစ္ဆာန် ရိုင်းတစ်ကောင်ရဲ့ လက်ခြေတွေနဲ့ မတူဘူး။ လူဝံတွေ မျောက်ဝံတွေရဲ့ လက်ချောင်းခြေချောင်းတွေနဲ့လည်း မတူဘူး။ သေသေချာချာကြည့်ကြ လူတစ်ယောက်ရဲ့ခြေတွေ လက်တွေ လက်ချောင်း ခြေချောင်းတွေအတိုင်း ပဲ တွေ့တယ် မဟုတ်လား . .၊ သူ့မျက်နှာကလည်း လူတစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သေသေချာချာ ကြည့်ကြပေါ့"

အားလုံး၏စူးစမ်းသောအကြည့်များသည် ဘဖိုးကွန်းနှင့် သတ္တဝါကြီးဆီကို တစ်လှည့်စီကြည့်နေကြရာမှ ယုံရခက်ခက်၊ ဇဝေဇဝါ မျက်နှာများဖြင့် တွေဝေနေပုံရသည်။ သူတို့သည် ယောင်နနဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဘ .. ပြောတာ မှန်ပါတယ်၊ မျက်နှာက လူတစ်ယောက်နဲ့ တူသလိုပါပဲ"

ဘဖိုးကွန်းသည် တစ်ချက်မျှ ပြုံးလိုက်သည်။ သူသည် ရွာသားပရိသတ်ကြီးကို ခိုင်မာသော သက်သေပြချက်တစ်ခုကို မိမိရရ လက်ဆုပ်လက်ကိုင်ရရှိထားဟန်ဖြင့် ပြုံးလိုက်ခြင်းဖြစ်ပေသည်။

"ဒီမှာ ကြည့်ကြဦးကွယ့် ..၊ သည့်ထက်ခိုင်မာတဲ့ သက်သေသာဓက တစ်ခု"

အားလုံး၏ မျက်စိစူးစူးတွေက ဘဖိုးကွန်းညွှန်ပြတဲ့ သတ္တဝါကြီး၏ဘယ်ဘက်လက်ဖမိုးဆီကို ရောက်သွားသည်။

"ဒီမှာ တွေ့လား .. ဆေးမှင်ကြောင်ထိုးထားတယ်"

"ဟင်"

"အို .."

"ဟုတ်တယ် ..၊ တိရစ္ဆာန်ကြီးက ဆေးမှင်ကြောင်နဲ့ပါလား"

"ဆန်းတယ် ဟေ့ ..၊ မြေမြှုပ်ပြီးမှ သချိုင်းမြေအောက်က ထွက်လာတာပေါ့"

အားလုံး၏မျက်ဝန်းများသည် သတ္တဝါကြီး၏ဘယ်ဘက်လက်ခုံပေါ်သို့ စူးစမ်းကျရောက်သွားပြီး အာမေဍိတ်အသံများ ထွက်ပေါ်လာသည်။

"ဖိုးခေါင်း"

"အို .. "ဖိုးခေါင်း" လို့ လက်ခုံမှာ ဆေးမှင်ထိုးထားပါလား"

ဘဖိုးကွန်းသည် တည်ငြိမ်စွာဖြင့် မတ်တပ်ရပ်လိုက်လေသည်။

"ကဲ ...လူကလေးတို့ ရွာသားတွေအားလုံး စိတ်မကောင်းစရာပဲ ဖိုးခေါင်းဟာ သေပြီးတဲ့နောက် သုသာန်ကနေ မြေအောင်းစုန်း (ခေါ်) လူထွက်ကောင် ဖြစ်နေပြီ၊ သူဟာ မြစ်ရေသောက်ပြီးတော့ အင်အားကြီးထွားသာတာကွယ့် ..၊

ဒါကြောင့် ညက ရွာပြင်ကတိရစ္ဆာန်တွေ သူ့ကိုဝိုင်းကိုက်ကြပေမယ့် မနိုင်ဘူးလေ။ ကျားသစ်တော ဝက်ဝံတော ယှဉ်နိုင်လို့လား ..၊ ဝံပုလွေတော ခွေးအတွေရော နိုင်လို့လား၊ တောင်ချောက်နဲ့တွေ့လို့သာ သူသေရတာ၊ နို့မို့ဆို ရွာပျက်ပြီပေါ့၊ ရွာပျက်ပြီ ဘယ်တိရစ္ဆာန်မှသူ့ကို မယှဉ်နိုင်ဘူး၊ မရှိမဆုံ့စံရမှာပဲ၊ ကဲပါကွယ် ..၊ သူ့ကိုဖျက်ပြီး သူ့အသားကိုစားသောက်ဖို့ စိတ်မကူးကြပါနဲ့၊ မြေတွင်းတူးပြီး မြှုပ်လိုက်ကြရအောင်၊ စိတ်မကောင်းစရာပဲ ..၊ လူတွေကို သင်္ဂြိုဟ်သလို၊ ငါတို့တလေးတစား သင်္ဂြိုဟ်လိုက်ကြရအောင်ကွယ်"

ဘဖိုးကွန်းသည် ဖိုးခေါင်းတစ်ဖြစ်လဲ ရှောမသတ္တဝါကြီး၏ ဘယ်ဘတ်လက်ခုံပေါ်မှာ "ဖိုးခေါင်း"ဟူသော လူ့ဘဝ ဘုရားပွဲဈေးတန်းမှထိုးနှံလာသည့် ဆေးမှင်ကြောင်ကိုကြည့်ကာ ကရုဏာဖြင့် တိုးတိတ်စွာ ပြောလိုက်ပေသည်။

လူ့အုပ်ထဲမှ ဖိုးခေါင်း၏နမကာလေး၊ နင်းမြေ ငိုရှိုက်သံ၊ အားလုံးအုမကို နှစ်သိမ့်စကားဆိုသံများ၊ စုတ်သပ်သံများ၊ အံ့ဩဝမ်းနည်းသံများ။ ဘဖိုးကွန်း၏အပြောသဘောဆောင်သော သက်သေပြချက်၊ တွေ့ရှိချက်များကို မည်သူမျှ ငြင်းဆိုကန့်ကွက်ခြင်း မရှိပေ၊ သတ္တလောကကြီးသည် လျှို့ဝှက်ဆန်းကြယ်မှုများနှင့် နက်နဲပွေလီလှပေသည်။

ပုံပြင်ဆန်ဆန် ကြားဖူးနေမိသည်။ မြေအောင်းစုန်း (ခေါ်) လူထွက်ကောင်ဆိုသည့်အရာကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ခဲ့ကြပေပြီ၊ ထိုအတူ ရွာပြင်ရှိ ကျောက်ဆင်ရုပ်ကြီးနှင့် ဆက်စပ်မှုရှိနိုင်သော အံ့ဩထူးဆန်းသည့် မြေအောင်းစုန်း (ခေါ်) လူထွက်ကောင် အမှန်တကယ်ရှိပါသလား၊ အမှန်ပင် သေဆုံးကွယ်လွန်ပြီးလျှင် မြေအောင်းစုန်းဖြစ်သွားသည့် မျိုးနွယ်ဆိုတာ ရှိပါသလား၊ ဒါဟာ တော်တော်ပင်ဖြစ်နိုင်ခဲ၊ ကြုံနိုင်ခဲတဲ့ ဖြစ်ခဲတိစ္ဆသို့ ထင်ပါသည်။

လောကဟာ လက်လှမ်းမမီတဲ့အကြောင်းတရားတွေနှင့် ပြည့်နှက်နေပါသည်။ သင်မယုံကြည်လျှင် ပုံပြင်ဟု မှတ်ယူနိုင်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



# အဆိပ်ပြင်းတဲ့ ပင်လယ်မြွေများ



ပင်လယ်နဲ့ ရေငံအမျိုးအစားမှာ နေထိုင်တဲ့ မြွေအမျိုးအစားဟာ ဂျပ်မြွေတို့ပဲ ဖြစ်ပါတယ်။ ရေမြွေကိုက်လို့ မသေနိုင်ဘူးဆိုကြပေမယ့် ဂျပ်မြွေကိုက်လို့ကတော့ ကုသနည်းလမ်းများ မသိရင် အသက်ဆုံးရှုံးသည်အထိ ကြုံတွေ့ရနိုင်ပါတယ်။

ဂျပ်မြွေတို့ဟာ လူကို တမင်တကာတော့ မကိုက်တတ်ပါဘူး။ ရေထဲမှာ နေရာအနှံ့ရှိတတ်ပေမယ့် လူကိုရှောင်ရှားပြီး သွားလာတတ်ပါတယ်။ တစ်ခါတရံမှာ မြစ်ထဲ၊ ချောင်းထဲမှာ ရေချိုးနေတဲ့လူကို လူမှန်းမသိဘဲ ပေါင်၊ ခြေသလုံး၊ ခါးတို့ကို ရစ်ပတ်ထားတတ်ပါတယ်။

ဂျပ်မြွေရစ်ပတ်ထားတာကို လူကသိတဲ့အခါမှာ အသာငြိမ်နေလိုက်ရင်ပဲ ဂျပ်ဟာ သူသွားလိုရာကို ရစ်ပတ်မှုဖြေပြီး သူ့အလိုလို ထွက်သွားတတ်ပါတယ်။ ဒါမှမဟုတ်ဘဲ လူကကြောက်လန့်တကြား ဂျပ်ကို ဖုတ်ခတ်ဖယ်ရှားနေမယ်ဆိုရင်တော့ ဂျပ်ဟာ တင်းကြပ်စွာ ရစ်ပတ်ထားပြီး ဦးခေါင်းကို ခါရမ်းနေတတ်ပါတယ်။

ဂျပ်မြွေရဲ့အစွယ်ဟာ ချေရဲ့အစွယ်လိုပဲ အပြင်ကိုထွက်နေတာကြောင့် အစွယ်ဟာ အသားနဲ့ ငြိတတ်ပါတယ်။ ဂျပ်မြွေဟာ ဘယ်တော့မှ





ကိုက်တတ်ပါဘူး။ ဒီလို ဂျပ်မြွေရဲ့အစွယ် ရာနဲ့ ငြိသွားတဲ့ဒဏ်ရာဟာလည်း သက်ကယ်ရှ အလောက်သာ ရှိပါတယ်။



ဒါပေမယ့် ချက်ချင်း အဆိပ်တက်တတ်ပါတယ်။ ဒါပေမယ့် ဂျက်မြွေကိုက်ချိန် နာကျင်မှုလောင်ခြင်း မရှိပါဘူး။ ပါးစပ်ထဲမှာ ချွဲပစ်စေးကပ်လျက် မျက်စိများမှုန်လာကာ စကားလည်း မပြောနိုင်ဘဲ လွန်စွာ အိပ်ချင်လာပါတယ်။ ပြုစုသူများအတွက် အရေးအကြီးဆုံးကတော့ လူနာကိုမအိပ်အောင် မျက်နှာကို ရေပက်ခြင်း၊ လည်ကုပ်ကို ဆုပ်နယ်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားပေးခြင်းတို့ကို ပြုလုပ်ပေးရပါတယ်။

တကယ်လို့ လူနာကို မအိပ်အောင်လုပ်လို့မရဘဲ အိပ်ပျော်သွားပါက နောက်ဆုံးမှာ အဲဒီလူနာဟာ အိပ်ပျော်ရာမှ ထာဝရမနိုးခြင်းနဲ့ အိပ်ပျော်ပြီး အသက်ရှုလည်း ရပ်သွားပါတော့တယ်။

ဂျပ်မြွေများကို မြင်ဖူးသူ အတော်နည်းပါးပါတယ်။ သူတို့ဟာ တစ်ကောင်နဲ့တစ်ကောင် အရောင်အဆင်း၊ အရှည်အသွေးမတူကြပါဘူး။ ကိုယ်ဟန်နဲ့ ဦးခေါင်းနေပုံတို့လည်း အမျိုးမျိုးကွဲပြားကြပါတယ်။ ဂျပ်ပြားမျိုး ဂျပ်လုံးမျိုးဆိုပြီးလည်း ခွဲခြားနိုင်ပါတယ်။

ဂျပ်ပြားနဲ့ ဂျပ်လုံး အမျိုးအစားများကတော့ ..

ဂျပ်ပြားများမှာ ဂျပ်မွဲ၊ ဂျပ်နက်၊ ဂျပ်ဝါ၊ ဂျပ်နှ၊ ဂျပ်ညိုမှိုင်း၊ ဂျပ်ရောင်ရွှေဝါနဲ့ ဂျပ်လုံးအမျိုးအစားများကတော့ ဂျပ်လုံး၊ ဂျပ်ရက်ဖောက်၊ ဂျပ်ငန်းတို့ ဖြစ်ကြပါတယ်။ ဂျပ်မြွေကိုက်ရင် ပင်လယ်ရေမြစ်ကို ဝါးမြိုသောက်ခြင်းဖြင့် ပျောက်တတ်ပါတယ်။ တချို့ကတော့ လတာနန်းကို ပြုတ်ဖြင့် ကော်စားခြင်းဖြင့် ပျောက်တတ်တယ်လို့လည်း အဆိုရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



- သန့်လျင်ညောင်သုံးပင်သချိုင်းမှ ဖြစ်ရပ်ဆန်းကြယ်၊
- သချိုင်းကုန်းဈေးကောက်မှ အသက်ပြန်ဝင်ရာတွင် မှားယွင်းခဲ့သောအခါ... အချင်းများစရာ၊ အံ့ဩဆန်းကြယ်စရာ၊ ပဟေဠိပေါင်းများစွာဖြင့်...။



# ပုတ်တာဓမ္မ
# ရှုပ်ပလေ သည့်ဇာတ်လမ်း

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com





သန်လျင် ညောင်သုံးပင်သင်္ချိုင်းတွင် ဖြစ်ရပ်ဆန်းကြယ်ဤ ဖုတ်တစ္ဆေဇာတ်လမ်းသည် ထူးထူးခြားခြားတကယ်ပင် ဖြစ်ပျက်ခဲ့ လေသည်။

"အောင်မလေး ... အလောင်းကြီးက လှုပ်လာတယ်၊ အလောင်း ကြီးက လှုပ်နေတယ်"

ကြောက်လန့်တကြား အော်ဟစ်လိုက်သော တမီးလ်ကုလား လူမျိုးဆာမီ၏အော်သံကြောင့် သန်လျင်ညောင်သုံးပင်သင်္ချိုင်းဝန်းကျင် ရှိ မသာပို့သူများ ထိတ်လန့်ချောက်ချားသွားကြရသည်။

မသာပို့သူများထဲမှ အားငယ်ကြောက်ရွံ့တတ်သူ မိန်းသားအ အလောင်းစင်နှင့် ခပ်ဝေးဝေးပြေးသူပြေး၊ ရှောင်သူရှောင် ဖြစ်ကုန်၏။ သင်္ဂြိုဟ်ရန် ပြင်ဆင်ထားသည်ကို လာရောက်ကြည့်ရှုနေသော ကလေ ငယ်တချို့ပြေးရင်းလွှားရင်း လဲကျကုန်သည်။

ငွေကြေးပြည့်စုံသော "မာရီယပ်ပါး"၏အသုဘမို့ ကုလားမသာ တွေထဲမှာ အစည်ကားဆုံးမသာ ဖြစ်၏။ ငွေမျိုးကလည်း တောင့်သ လိုက်လံပို့ဆောင်သူ များလှပေသည်။ သေဆုံးသူ မာရီယပ်ပါး၏ယော "ချင်းနယား"မှာ ပေါင်းသင်းဆက်ဆံရေးကလည်း ကောင်းလှသူမို့ မိတ်ဆွေ အပေါင်းအသင်းက များပြားလှသည်။





သေဆုံးသူ မာရီယပ်ပါးကို သူမ နေထိုင်သော ညောင်သုံးပင် ရွာမှ သူမတို့မျိုးနွယ် တမီးလ်လူမျိုးများသာမက မြန်မာများတဝါ ခင်မင် ရင်းရင်းနှီးနှီးရှိကြသည်။ သေဆုံးသည့်အချိန်မှာ အသက် ငယ်ကျော်သာရှိသေး၍ ငယ်ငယ်ရွယ်ရွယ်နှင့်သေရသည်ဟု အားလုံး ဖြောလို့မဆုံး ဖြစ်ကြရသည်။

ယင်းကြောင့်ပင် မာရီယပ်ပါးအသုဘသည် ကုလားမသာတွေ ထဲမှာ အစည်ကားဆုံးဖြစ်၏။ အလောင်းပြင်သူ ဆာမီအော်သံကြောင့် တွင် ကြောက်လန့်ချောက်ချားသွားကြသော်လည်း -

"ဟုတ်တယ် ဗျာ့ ..၊ မာရီယပ်ပါးအလောင်းကြီးက လှုပ်နေတယ်"

အလောင်းကို သေသေချာချာကြည့်ပြီး၊ တစ်ယောက်က အခိုင် အမာ လှမ်းအော်သည်။ ဆာမီမှာ မာရီယပ်ပါးကို မီးသင်္ဂြိုဟ်ရာတွင် အမိက ဝန်ယူထားသူမို့ ရဲဆေးတင်ထား၍ အရက်ရှိန်ကလေးက ထုံးစံအတိုင်း ထွေထွေ၊ ကုလားဖြစ်ဖြစ်၊ ဗမာဖြစ်ဖြစ် ကျေးရွာတွေမှာက အသုဘ သင်္ဂြိုဟ်ရမည့်သူတွေထဲမှာ ထိုသို့သော ခပ်ထွေထွေ ခပ်ပေပေ များမျိုးက အများသား။

မာရီယပ်ပါးအလောင်းကြီးက တကယ်ပင်လှုပ်နေလေပြီ။

◉

အလောင်းစင်ကို သူတို့လူမျိုးထုံးစံအတိုင်း ဝေါ်ပုံသဏ္ဌာန်မျိုး ၍ ငှက်ပျောပင်၊ ဆာရီရောင်စုံ၊ ကုလားပန်းမျိုးစုံဖြင့် လှလှပပ ပြင်ဆင် သည်။ ငွေကြေးတတ်နိုင်သူမို့ မျိုးကောင်း ရွှေငှက်ပျောပင် လေးပင် အဖူးသီးကင်းစများနှင့် ထမ်းရလာသောထမ်းစင် လေးဘက်လေးတန် တွင် အလှတန်ဆာဆင်သည်။

"ဗမာသေ အိပ်လို့ရ ..၊ ကုလားသေ ထိုင်လျက်ရ .." ဟူသော ဆို က ပြောစမှတ်စကားရှိသကဲ့သို့ မာရီယပ်ပါး၏အလောင်းကို ထိုင် လျက် အနေအထားဖြစ်အောင် ကြိုးများနှင့်ဆိုင်း၍ ပြင်ဆင်ထားသည်။

မသာ၏အလှအပကို ဝင့်ထည်စေရန် သနပ်ခါး၊ နနွင်းများ ထားလျက် ပန်းများဝေဆာနေအောင် ပန်ပေးထားသည်။ ပွဲနှင့်ပွဲထိုင်



www.burmeseclassic.com

www.burmeseclassic.com





အဝတ်အစား အဖိုးတန်နှင့် ဖဲသား
ပြောင်လက်နေသော ပွင့်ရိုက် ဆာရီ
ရောင်တောက်တောက်ကြီးကိုလည်း
လွှမ်းထားသည်။

ညောင်သုံးပင်ရွာအပိုင် ထ
ကုလားလူမျိုးများနေထိုင်ရာ အပိုင်းမှ
ညောင်သုံးပင်သချိုင်းရှိရာသို့ သူတစ်
တစ်လဲ ပုံးထမ်း၍ အသုဘချလာကြသည်
အသုဘ၏ရှေ့မှာ ကုလားဗုံကို တစ်ဗုံဗုံ
ဗန်းဗန်းတီး၍ ကုလားနဲ့သံက တစ်ရွဲရွဲ
၏၊ ပိုက်ဆံတတ်နိုင်သူမသာမို့ သူတို့
အတိုင်း အပြော အဆို အငိုတွေနှင့် ရွဲရွဲပျစ်ပျစ် ငိုချင်းချလာသော
သည်မတွေလည်း ပါလာသည်။ အသုဘချလာပုံက စိတ်ဝင်စား
လမ်းတစ်လျှောက်လုံး ဧရိုးကြုံသူ လမ်းသွားလမ်းလာတွေတောင်
ကြည့်ဘဲ မနေနိုင်။

သေဆုံးသူ မာရီယပ်ပါး၏အစ်ကိုတော်တစ်ယောက်မှာ ထို
က ရဲတပ်ဖွဲ့တွင် ရဲတစ်ဦးဖြစ်၍ အပေါင်းအသင်း မကင်းရာမကင်း
မို့ ရဲအချို့ကပင် လိုက်ပါသည်။

မာရီယပ်ပါး၏ယောကျ်ား ချင်းနယားမှာလည်း ညောင်သုံး
၏ကုလားပိုင်းမှာ အရေးပါအရာရောက်သော ရာအိမ်ခေါင်းဖြစ်
ညောင်သုံးပင်ရွာ၏သူကြီးဖြစ်သော မြန်မာလူမျိုး ဦးတင်ကြီးလည်း
သာ၊ သူ့အဖွဲ့နှင့် လိုက်လံပို့ဆောင်သည်။

ထိုစဉ်က သန်လျင်မြို့၏အဓိက သချိုင်းဖြစ်သော ညောင်သုံး
သချိုင်း၏တောင်ဘက်တွင် ပယောဂ လောကီပညာရပ် အစီအရင်တွေ
နာမည်ကြီးနေသော ညောင်သုံးပင်ဘုန်းကြီးကျောင်းကလည်း ရှိသည်

ထိုဘုန်းကြီးကျောင်းရှေ့မှ မာရီယပ်ပါး၏အသုဘကို ရွာဖြင့်
ရှိသော ညောင်သုံးပင်သချိုင်းသို့ ခပ်ဖေမ်းနားနားချလာခဲ့ကြခြင်းပင်၊

ထိုစဉ်က ညောင်သုံးပင် သုသာန်ကျောင်းဆရာတော်ကြီး





ယ်ရရ မဟုတ်၊ ပရိယတ္တိစာပေကျမ်းဂန် တတ်ကျွမ်းထူးချွန်သလို၊
ဋ္ဌိကျင့်စဉ်၌လည်း အထူးထင်ရှားစံထားလောက်သော ဆရာတော်
ဖြစ်သည်။

ဆရာတော်သည် ငယ်စဉ်အခါက လောကီအစီအရင်များ၊ ဂန္ဓာရီ
ညာရပ်များဘက် လိုက်စားခဲ့ဖူးသဖြင့် ထိုလမ်းသည် တစ်ဘဝနှင့် နိဗ္ဗာန်
ချက်မှောက်ပြုရန် နှောင့်နှေးသောလမ်းဖြစ်သဖြင့် အသက်အရွယ်အရ
ယ်ခဲ့ကာ တပည့်တပန်းများ၊ ထိုလမ်းလိုက်စားလိုသော ရဟန်းငယ်
အား ပညာရပ်အချို့ ဆင့်ဝေပေးပြီး တရားဘာဝနာ၊ ဝိပဿနာ အလုပ်
၌ ကြိုးပမ်းအားထုတ်နေရိုန် ဖြစ်၏။

ဆရာတော်တပည့် ရဟန်းငယ် ဦးစန္ဒာဘာသ (ထိုစဉ်က ဦးဇင်း
ဆိတ်၊ ယခုအခါတွင် ကြပ်တွင်းအရှေ့ကျောင်းဆရာတော်) သည်
ညာင်သုံးပင် ဆရာတော်ထံမှ ထိုလောကီဂန္ဓာရီပညာအချို့ကို ဆင့်ပွား
ခဲ့တာ ပယောဂ၊ စုန်း၊ အနှောင့်အယှက်မျိုးစုံကို ကုစားအောင်မြင်
ကြားနေသည်။ (ယခု ဤစာရေးနေချိန်တွင် သက်တော် (၁၀၀) တန်း
သို့ရောက်ရှိနေပြီး ထိုပညာရပ်များကိုစွန့်လွှတ်၍ သူ၏အထက်
ညာင်သုံးပင်ကျောင်း ဆရာတော်ကြီးကဲ့သို့ ဝိပဿနာကျင့်စဉ် ကျင့်ကြံ
ထုတ်လျက် ရှိလေပြီ)

ကျွန်ုပ်၏အဘိုးမှာ ထို ဦးဇင်းမုတ်ဆိတ်၏တပည့်ဖြစ်ခဲ့ဖူးရာ –

"ဗိုလ်မုတ်ဆိတ်တို့က စုန်းကဝေ တစ္ဆေသရဲတွေကို နိုင်သလား
ပြာနဲ့ . .၊ လပြည့်လကွယ်ညနေတွေမှာ သချိုင်းကုန်းထဲက စုန်းမီးတွေ
လာပြီး တောက်စားပလ္လား ပညာပြိုင်နေကြရင် ကျောင်းဝက လူရပ်
ဘဲ့နေရာကနေ မြေကြီးပေါ် ခြေမနဲ့ စည်းတစ်ချက်တားပြီး စည်းကို
ခင့်နဲ့ပေါက်ရင် အဲဒီစုန်းမီးတွေ အောက်ကိုပြုတ်ကျကုန်တာ . .၊ ငါတို့
ောင်းသားတွေ ကိုယ်တွေ့ပဲကွ . . ." ဟု၍ ပြောခဲ့ဖူးလေသည်။

၎င်းအပြင် အဘိုးနှင့်သက်တူရွယ်တူ ဘုန်းကြီးကျောင်းနေဘက်
ယ်ချင်းတွေထံမှ ဦးဇင်းမုတ်ဆိတ် စီရင်ထားသော ဆေးတောင့်အညီ
လဖြင့် မျက်စိကိုကွင်းပေးပြီး သချိုင်းထဲကိုကြည့်ခိုင်းလျှင် ပရလော
ဇ ဖုတ်၊ တစ္ဆေ၊ မှင်စာနှင့် ဖြိတ္တာကြီးများ သချိုင်းအုတ်ဂူပေါ်တွင်ကြား၊



www.burmeseclassic.com

www.burmeseclassic.com





မြေပုံတွေကြား သွားလာလှုပ်ရှားနေသည် မြင်ရသည်ဟု ကြားခဲ့ရသည်
ယခုလည်း မာရီယပ်ပါးအသုဘ ချလာစဉ်အခိုက် ညောင်သုံး
ကျောင်းရှေ့မှ ဖြတ်သန်းသွားရာ ဦးဇင်းမုတ်ဆိတ်နှင့်တကွ ကျောင်း
သံဃာများ၊ ကျောင်းသားများ သတိမပြုမိဘဲ မနေနိုင်စရာဖြစ်သွား
မာရီယပ်ပါး၏အလောင်းထမ်းစဉ်ဝေါ်ပေါ်မှာ ထူးခြားဖြစ်စဉ်
ညောင်သုံးပင် သချိုင်းထဲမှာ ရှတ်ရှတ်သဲသဲဖြစ်နေရိုက် မာရီယပ်
အစ်ကိုရဲကြီး ချန်ဒရာက ရဲဝီပီ ဗြိမ်သက်အောင် ကြိုးပမ်းနေရသည်
ချန်ဒရာမှာ တမီလ်ကုလားရဲဖြစ်နေသည့်အပြင် လက်နက်မကိုင်ရ
ဒိုက်ကီရဲဖြစ်နေ၍ သိပ်ပြီး ဩဇာအာဏာသက်ရောက်မှုက မရှိ။
လွတ်လပ်ရေးမရခင်ခေတ်က ပုလိပ်တပ်ဖွဲ့တွင် (ဆပ်ကျော
ရဲသင်တန်းကျောင်းရှိသော မြို့ကြီးများတွင် ခဝါသည် အဝတ်လျှော်
သည့် ဒိုဘီကုလားများ၊ ထမင်းဟင်းချက်သူများ၊ စက်ချုပ်သူများတို့
နေရာ၊ သူ့လူမျိုး အဆက်အသွယ်အလိုက် အလုပ်ပေးထားကာ ပု
တပ်ဖွဲ့အတွင်း သွင်းထားလေ့ရှိရကား လွတ်လပ်ရေးရပြီးနောက် ပုလိပ်
မှ ရဲအဖွဲ့သို့ ကူးပြောင်းလိုက်သော နိုင်ငံရေးအစိုးရခေတ်ကာလများ
လည်း ချန်ဒရာသည် ရဲတပ်ဖွဲ့ဝင်ဒိုက်ကီ ဖြစ်လာ၏။
ထိုသို့သော ဒိုက်ကီရဲဖြစ်ပေမည့် အထင်မသေးလေနှင့် .၂
ခြံစွေ့တာ စားသောက်ပြီး ငွေစုတတ်သောကုလားမို့ ရဲတပ်ဖွဲ့အိမ်
သည်လိုင်းမှာ ငွေတိုးချေးစားသည်၊ မာရီယပ်ပါး၏ယောက်ျား ချင်းန





ငွေကြေးချမ်းသာသူဖြစ်၍ ဒိုက်ကီချန်ဒရာ ယောက်ဖထံက ငွေလှည့်သုံးပြီး
ကုလားကာ အတိုးပွားစီးအောင် လုပ်ဆောင်နိုင်၏။
သူညီမ ယခုသေဆုံးသူ မာရီယပ်ပါးသည်ပင်လျှင် ညောင်သုံးပင်
မှာ ငွေတိုးချေးစားသူ ဖြစ်၏၊ ထို့ကြောင့်လည်း မာရီယပ်ပါးအသုဘ
နှင့် ဒိုဘီရဲ ချန်ဒရာ၏မျက်နှာနှင့် သန်လျင်မြို့ပေါ်က ရဲတပ်ဖွဲ့ဝင် အချို့သာ
ရဲအဖွဲ့သားတို့၏ဇနီး မြန်မာအမျိုးသမီးများပင် ပါလိုက်သေးသည်။
အသုဘချသည့်နေ့မှာပင် ဆိတ်သုံးကောင်သတ်ပြီး ညောင်သုံးပင်
ကုလားဘုရားကျောင်းမှာ ကျွေးသဖြင့် လူက ထင်မှတ်ထားသည်ထက်ပင်
၍ စည်းကားလှလေသည်။

☯

မာရီယပ်ပါးအလောင်းကို မီးသင်္ဂြိုဟ်မည်မို့ တစ်လံထင်းတုံးကြီး
ကို ထပ်၍ထပ်၍ အစီအရီတင်ထား၏။
ထင်းတုံးကြီးတွေဘေးနားမှာ ထမ်းလာသော အလောင်းစင်ကို
၍ ချထားသည်၊ ဆာမိသည် ထင်းတုံးများကို မီးရှို့ရန် ရေနံဆီ ဖြန်း
ဆို အလောင်းစင်ဘက်မှ ရှိုးရှိုးရှွတ်ရှွတ်အသံကြားလိုက်ရ၍ ငုံအကြည့်
မာရီယပ်ပါး၏အလောင်းကြီး တလှုပ်လှုပ် ဖြစ်လာတာကို မြင်လိုက်ရ
း ဖြစ်၏။
ပထမတော့ မီမီများမှား၍ဖြစ်သည်လား ဟူသော သံသယမျက်လုံး
ကြည့်သည်၊ လှုပ်တာမှ သိသိသာသာကြီးလှုပ်လေတော့ ဆာမိသည်
သယမှ ကြောက်စိတ်များဆီသို့ကူးပြောင်း၍ အလန့်တကြား အော်ဟစ်
း ဖြစ်၏။
"အမလေး ... မာရီယပ်ပါးအလောင်းကြီးက လှုပ်နေတယ်ဗျ .."
လူတွေက ဆာမိအော်သံကို ဒီကောင်မူးမူးနှင့် အော်ဟစ်နေသည်
အချို့ထင်သည်၊ ဆာမိရဲ့ဆေးတင်ထားသဖြင့် သတ္တိကတော့ မခေး
လာသော မာရီယပ်ပါး၏အလောင်းကြီးကို သေသေချာချာ ကြည့်
ည်၊ မာရီယပ်ပါး၏ ယောက်ျား "ချင်းနယား"မှာလည်း အလောင်းစင်
သားမှာ ရပ်နေသူမို့ သူ့မိန်းမအလောင်းကို အံ့အားတသင့်လှမ်း၍ စူးစမ်း



www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်မိသည်။

ဟုတ်ပါသည်။ မာရီယပ်ပါ၏အလောင်းက လှုပ်နေသည်။ [illegible]
လျက်အနေအထား လက်တွဲလောင်းကြီးကနေ လက်များရှေ့သို့ ကြွ[illegible]
လာပြီး လက်နှစ်ဖက်စလုံး ဆန့်တန်းလာသည်မှာ ကုလားဖုံသံတီ[illegible]
အလိုက် စည်းလိုက်ဝါးလိုက် ထင်မှတ်ရသည်။ လက်ပါမက မျက်လုံး[illegible]
ပြူးထွက်နေသော ခေါင်းကြီးမှာလည်း ဟိုယိမ်း သည်ယိမ်း နတ်ဝင်[illegible]
လို ဖြစ်လာနေပြီ။

"ဟုတ်တယ်ဟေ့ .. ဟုတ်တယ်၊ အလောင်းကြီးက လှုပ်ရုံ[illegible]
မကဘူး၊ လက်ကြီးတွေပါ ဆန့်လာပြီ၊ ဘယ်သူ့ကို အလောင်းကြီးက[illegible]
စားမလိုလဲ မသိဘူး။ ပြေးကြဟေ့ ..၊ ပြေးကြ .."

ရုတ်တရက်ဆိုတော့ ကြောက်လန့်တကြား အော်ကြ၊ ဟစ်[illegible]
သတိပေးကြ၊ သေသူမာရီယပ်ပါ၏ယောကျ်ား ချင်းနယားအဖို့ [illegible]
အတော်ချစ်ရှာသူမို့ မျှော်လင့်မထားသော ထိုအဖြစ်ကြောင့် လန့်ရမ[illegible]
ဝမ်းသာရမလား၊ ဝေခွဲ၍ မရအောင်ဖြစ်သွားသည်။ မည်သို့မျှ မတော်[illegible]
သော မသာပို့လူအချို့လန့်၍ ပြေးသူ ပြေး၊ မပြေးသော်လည်း ခြေလှ[illegible]
တပြင်ပြင်ဖြစ်နေသူတွေနှင့် အရောရော အထွေထွေ ရှိလှသည်။

အချိန်ကလည်း မိုးအကုန်၊ ဆောင်းအကူးမို့ ရာသီဥတု[illegible]
ကြည်ကြည်လင်လင် မရှိလှ။ နောင်းဝဿန်၏နှုတ်ဆက်မိုးက သည်း[illegible]
မည်းမည်းကြီး၊ ရွာချတော့မလို အုံ့ဆိုင်းလျက်ရှိနေသဖြင့် ကုလားမ[illegible]
ချိန် ညနေခင်းမှာပင် မှောင်ကြီးကျချင်သလို ဖြစ်နေ၏။

ညောင်သုံးပင်သချိုင်းမှာ သချိုင်းတည်စက ပေါက်ရောက်ရှိ[illegible]
နေသော ညောင်သုံးပင်ကိုသာ အစွဲပြု၍ ညောင်သုံးပင်သချိုင်းဟု ခေါ်[illegible]
ကြသော်လည်း နှစ်ပေါင်းများစွာကြာမြင့်လာသောအခါ ညောင်သုံးပင်တ[illegible]
ညောင်ပင်မြေး၊ မြစ်၊ တီ၊ ကျွတ် ညောင်ပင်မျိုးနွယ်ဆက် ပြန့်ပွားချင်တို[illegible]
ပြန့်ပွားနေသဖြင့် ညောင်သုံးပင်သချိုင်းကြီးအတွင်း ညောင်တောကြီး[illegible]
ကာ ပို၍ အုံ့မှိုင်းညို့ဆိုင်းနေပြန်၏။

အတီးအမှုတ် အကအခုန် အဆိုအပြော သုခမသမား ဗုံဆ[illegible]
နဲ့ဆရာ၊ ရကွင်းဆရာတို့မှာလည်း ညောင်သုံးပင်ရွာထွက် တောချက်အ[illegible]





[illegible]ကြောင့် အထူးရှာန်ဝင်စားလျက် ကုလားဖုံသံ တဒုန်းဒုန်း၊ တုလာ[illegible]
[illegible]တီးတတာတာဖြင့် ခေါင်းကလေးတွေ ငဲ့ကာ ငဲ့ကာ၊ ခြေလှမ်းတွေ
[illegible]ညာ အဆုတ်အတက် လှမ်းလိုက် ဆုတ်လိုက်၊ ရှေ့တိုးနောက်ငင်၊
[illegible]ဝါကိုသွင်းပြီး တီး၍ကောင်းနေကြတုန်း။

ရာသီဥတုထုံထိုင်းထိုင်း၊ အုံ့မှိုင်းမှိုင်းကြားတွင် ပတ်ဝန်းကျင်
[illegible]ညို့ဆိုင်းဆိုင်း အခြေအနေနှင့် လှုပ်ရှားလာသော အလောင်းတောင်
[illegible]ကြောင့် ကုလားဖုံသံမှာ သာယာမှုဖြစ်ဖို့ထက် ကြောက်လန့်ချောက်ချား
[illegible]ဝင် ပို၍ ကောင်းနေပြန်တော့သည်။

မာရီယပ်ပါ၏အလောင်းကြီးမှာ လက်ကြီးဆန့်တန်းရာက ခေါင်း
[illegible]ပါ လှုပ်လာနေပြီ၊ လှုပ်သည်မှ သာမန်လှုပ်သည် မဟုတ်၊ ဘယ်ညာ
[illegible]ခမ်းလှုပ်သည်၊ မျက်လုံးကြီးတွေမှာလည်း ပြူးသည်ထက် ပြူးထွက်
[illegible]၏ ၊ သချိုင်းကုန်း၏ အမင်္ဂလာ မသင်္ချိုင်းစရာမြင်ကွင်းကို ဘယ်ပြန် ညာ
[illegible] ကြည့်ရှုခံစားနေရသလို ဖြစ်၏။

"အမလေး ... လူသေအလောင်းကြီးက ဖုတ်ဝင်လာပြီတော့.."

မိန်းမတွေထဲကတစ်ယောက်က ကြောက်လန့်တကြား လှမ်း
[illegible]အော်သည်။ မာရီယပ်ပါ၏ယောကျ်ား ချင်းနယားက အခြေအနေကို အကဲ
[illegible]ခတ်နေသည်။ မာရီယပ်ပါသေသည်မှာ သုံးရက်ပင်ရှိပြီ၊ တမီးလ်ကုလားတို့
[illegible]အတိုင်း အလောင်းကိုပြင်ဆင်ပြီး အိမ်တွင်းမှာပဲထားသည်။

ဆွေမျိုးသားချင်းညီအစ်ကို မောင်နှမတွေ တရန်းရှန်းကြားမှ
[illegible]မှိနောက်မို မိန်းမကြီးတွေက ရှိုးရာမပျက်၊ တဖွဲ့တနွဲ့ တစမ်းတနား
[illegible]လိုက် ပြောလိုက် ငိုလိုက် လုပ်နေစဉ်တုန်းကတောင်မှ မာရီယပ်ပါ၏
[illegible]အလောင်းသည် တုတ်တုတ်မျှ မလှုပ်ခဲ့။

ခု .. ညောင်သုံးပင်သချိုင်းရောက်မှ ဘယ်လိုဖြစ်သွားရတာလဲ၊
သူတို့ပြောသလို ဖုတ်ဝင်လာတာများလား ...။

☯

ဆွေမရှိ၊ မျိုးမရှိမို့ ဒီမသာက မျက်နှာငယ်လှသည်။ ခြောက်[illegible]
[illegible]ည် နိုင်လှသည်။ ခြောက်ကပ်ကပ်နိုင်ဆို အလောင်းကိုမြှုပ်ရမည့်သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြေနေရာမှာလည်း ဆင်းရဲသားဘုံနေရာမျိုး ဖြစ်သည်။ ညောင်သုံး
အောက်သချိုင်းမှာ မြှုပ်နှံရပေမည်။

ညောင်သုံးပင်သချိုင်းမှာ သန်လျင်မြို့စတင်တည်စဉ်ကပင်
အင်္ဂါနှင့်အညီ ပါဝင်လာသောသချိုင်း ဖြစ်သည်။ သချိုင်း၏ဧရိယာအကျ
အဝန်းမှာ ထိုစဉ်က မြို့ဖွန်ဖြစ်၍ ချဲ့ချင်တိုင်း ချဲ့ထားသည်။

သန်လျင်မြို့၏တောင်ဘက်စွန်းဖြစ်သော ကြပ်တွင်းတော
အရှေ့ဘက်၊ ကျိုက်ခေါက်ဘုရားလမ်း၏အရှေ့ဘက်ခြမ်းမှ ယခု သမ
တက္ကသိုလ်လမ်းတစ်လျှောက် အောက်ဘက် စမ်းချောင်းကလေးတိုင်
ရောက်၏။ ယခု လှူကုံတန်မျက်နှာကြီးတို့ ဂေါက်ရိုက်ကစားနေကြ
ဂေါက်ကွင်း၏အရှေ့ဘက် ဖြစ်၏။

နွေအခါ စမ်းချောင်းကလေးမှာ လူသွားလမ်းဖြစ်လျက်၊ မြေ
ဘက် သန်လျင်ကမ်းနားဆိပ်မှ တောင်ဘက်စွန်း ကျိုက်ခေါက်ဘုရား၊
ဘက်ပတုံးစမ်း တာဝသို့သွားရာ သဲလမ်းဖြစ်နေတတ်သည်။ ယခု
တာဝဘက်သည် အရှေ့ပိုင်းတက္ကသိုလ် ဖြစ်နေလေပြီ။

ညောင်သုံးပင်သချိုင်း၏ ထူးခြားချက်ကတော့ အပေါ်သ
အောက်သချိုင်း ခွဲခြားထားခြင်းပင်။

အပေါ်သချိုင်းမှာ ငွေကြေးတတ်နိုင်သူ၊ လှူကုံတန်များ မြေ
ဝယ်နိုင်သူများကိုသဂြိုဟ်ပြီး အောက်သချိုင်းမှာ ငွေကြေးမတတ်နိုင်
မြေမဝယ်နိုင်သူများကို သဂြိုဟ်လေ့ရှိသည့် ဆင်းရဲသားသချိုင်း ဖြစ်သ
လူတွေ၏စရိုက်က သေတာတောင် မသာကို အဆင့်အတန်းခွဲထားသ

အပေါ်သချိုင်းမှာ ဘုန်းတော်ကြီးများ သရဏဂုံတင် သီလ
တရားဟောရာသံယာစင်နှင့် အသုဘပို့သူများတရားနာရန် သချိုင်းဇရပ်
ဟီးနေအောင်ရှိသော်လည်း အောက်သချိုင်းမှာ ဇရပ်ယောင်တဲက
တစ်လုံးပင် မရှိ။

ထိုအချိန်က လူအဆက်ပြတ်သော ဘေးပတ်ဝန်းကျင် တော
လှိုကြီးများမှုညအချိန် တောခွေးများ အလောင်းတွေဖော် စားသောက်
ကြသဖြင့် လူခေါင်းခွံတွေ၊ အရိုးစတွေ၊ ဟိုတစ်ချောင်း သည်တစ်စ
ထွက်နေတတ်သော ပစ္စလက္ခတ်သချိုင်း ဖြစ်သည်။







အပေါ်သချိုင်းနှင့် အောက်
သချိုင်းကို ကုလားသချိုင်းကကြားမှ ခြား
ထားသည်။ ခြံစည်းရိုးနှင့် အပီအပြင် ပိုင်း
ခြားထားခြင်းမဟုတ်ဘဲ အများသိ အမှတ်
အသားတစ်ခုခု ရေတွင်းပျက်၊ အုတ်ဂူကြီး
ကြီးမားမားတစ်လုံးနှင့် သတ်မှတ်ခွဲခြားထား
ခြင်းသာ..။

ကုလားသချိုင်း၏ညောင်ပင်ကြီး
အောက်တွင် ကုလားနတ်ရုပ်လား၊ သရဲရုပ်
လား မသိ၊ ကြောက်စရာ လန့်စရာ ရုပ်တုများ
ရှိ၏။ အချို့ကိုယ်တုံးလုံး၊ အချို့လျှာတစ်လစ်၊
အချို့လူသတ်လက်နက် ခက်ရင်းခွ တင်းဘုတ်ကြီးတွေကိုင်လျက် တစ်မျိုး
သမ်းလျက် တစ်မျိုး။

ထိုကုလားသချိုင်းမှာ မွတ်ဆလင်သချိုင်းတော့ မဟုတ်။

မွတ်ဆလင်သချိုင်းမှာ ဒါရ်ဂါရပ်ကွက်မှာ သီးသန့်ရှိသကဲ့သို့
တရုတ်သချိုင်းမှာလည်း ညောင်သုံးပင်ရွာမအထက်ပိုင်း ယခုအောင်ချမ်းသာ
အပေါ်ကုန်း ခရစ်ယာန်သချိုင်း၏အနီးမှာ ရှိနေ၏။

ညောင်သုံးပင်အောက်သချိုင်းမှာ ဆင်းရဲသားမသာများကို သဂြိုဟ်
သလို၊ ဆေးရုံမှ အမည်မသိရောက်လာသော ပိုင်ရှင်မဲ့အလောင်းများနှင့်
ငွေကြေးချို့တဲ့၍ မသာမချနိုင်သော အလောင်းများကိုပါ လာရောက်သဂြိုဟ်
ရာသချိုင်း ဖြစ်၏။

ထိုညနေက အပေါ်ဘက်ကုလားသချိုင်းမှာ စည်စည်ကားကား
ဆိုင်းသံ၊ ဗုံသံ၊ ငိုချင်းသံတွေနှင့် ပြိုင်ဆိုင်ဆူညံနေသလောက် ညောင်သုံး
ပင်အောက်သချိုင်းမှာ မသာချမည့် "လက်ချမီး" အသုဘမှာ ခြောက်ကပ်
ဘပ် မျက်နှာငယ်လွန်းလှသည်။

သေဆုံးသူလက်ချမီးမှာ သန်လျင်မြို့ခံ မဟုတ်။ အာဂန္တု မသာ
ဖြစ်၏။ သုံးခွဘက်ကုလားစုရွာကလေးမှ သန်လျင်ဆေးရုံသို့လာတက်ရင်း
သန်လျင်ဆေးရုံမှာ သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှနာလက်ချမ်းအနေဖြင့် သန်လျင်မြို့သို့ ဆေးရုံတက်မှုတစ်ကြိမ် ရောက်ဖူးခြင်းပင်။ လက်ချမ်းတို့အဆက်အနွယ်များမှာ မြန်မာတောင်သူ လယ်သမားများနှင့်မခြား၊ တောမှာ လယ်လုပ် ငါးဖမ်း ဆားချက်အလုပ်များလုပ်ကြ၍ "ကွင်းကုလားများ" ဟု ခေါ်ဆိုသော အမျိုးအနွယ်ထဲက ဖြစ်သည်။

သန်လျင်ဆေးရုံကြီးမှာ ဟံသာဝတီခရိုင်ရုံးစိုက်ရာ ခရိုင်ဆေးရုံကြီးမို့ ဟံသာဝတီခရိုင် အရှေ့ခြမ်း၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့များ အပြင် ဟံသာဝတီခရိုင်အနောက်ခြမ်းဖြစ်သော တွံတေး၊ ကွမ်းခြံကုန်းမြို့တို့မှ ရောဂါအခြေအနေအရ လာရောက်ကုသလေ့ရှိသော ဆေးရုံကြီးမို့ ထိုစဉ်က ခရိုင်ဆေးရုံအကြီးစား ဖြစ်၏။

ယင်းကြောင့်လည်း သုံးခွကွင်းတွေဘက်ရွာမှ လက်ချမ်းမှာ ဖျားနာပြီး သန်လျင်ဆေးရုံကြီးသို့ပို့ဆောင်ကုသခံရာမှ မနက်ပိုင်းက ကွယ်လွန်ခဲ့၍ ဆွေမျိုးမရှိ၊ ဇီဇာရဲ့မနေတော့ဘဲ သူ့ယောက်ျားဖြစ်သူ "မန်းနီ" နှင့်လက်ချမ်းဘက်က ဆွေမျိုးနှစ်ယောက်အစီအစဉ်ဖြင့် အောက်သချိုင်း၌ သဂြိုဟ်ရန် ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်၏။

လက်ချမ်း၏အလောင်းကို ဆေးရုံလူသေဆောင်မှ ထုတ်၍ အလောင်းသယ်သေတ္တာဖြင့် လူသေဆောင်အလုပ်သမား "ဗလကြီး" က ရှေ့မှ ဆွဲယူလာရသည်။ နောက်မှ လက်ချမ်းယောကျ်ား မန်းနီနှင့်ဆွေမျိုးနှစ်ယောက်၊ လူသေအလောင်းတစ်ကောင်း ဒါပဲပါ၍ ခြောက်ကပ်ကပ်နိုင်နေခြင်းပင်။

ဗလကြီး၏လူသေအလောင်းဆွဲလှည်းပေါ်မှာ ထုံးစံအတိုင်း စားမြိန်စာတစ်ထုပ်နှင့် ပေါက်တူးပေါက်ပြား ပါလာသည်။ စားမြိန်စာထုပ်ဆိုတာက ကုလားပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် အလောင်းမြေချရာ၌ သေသူကို နောက်ဆုံးကျွေးမွေးရန် ထုတ်ပေးလိုက်သော စားသောက်စရာအထုပ်။

ဒါပေမယ့် ဗလကြီးတို့လို ခပ်ရှုတ်ရှုတ်လူတွေအတွက် အရက်နှင့် မြည်းစရာအမြည်း ဖြစ်သွားတတ်၏။ ဘဝတစ်ပါးသို့ပြောင်းသွားသော ပရလောကသားက အငွေ့စား၊ သူတို့က လက်တွေ့စားများ ဖြစ်၏။

အလောင်းသဂြိုဟ်မြေမြှုပ်ရာတွင် စားမြိန်စာထုပ်၊ မြေကျင်းတူး





ရန် ပေါက်တူးပေါက်ပြားများနှင့်ဗလကြီးအတွက် မပါမဖြစ်ပါရသည့်မှာ လုပ်အားရှိဖို့ မသာအလောင်းအား ပယ်ပယ်နယ်နယ်ကိုင်တွယ်ရဲရန် ရဲဆေးအဖြစ် အရက်လည်း လိုအပ်သည်။ ဒါကိုလည်း မသာရှင်မန်းနီးတ ပျက်မကွက် ဝယ်ပေးထားရသည်။ ညောင်သုံးပင်ကျေးရွာမှ နိုးရာမပျက် ချက်လုပ်သော တောအရက်ပင်တည်း။

လက်ချမ်းတို့အလောင်းလှည်းက မာရီယပ်ပါး အသုဘထက် တစ်နာရီစောပြီး အောက်သချိုင်းသို့ ရောက်ရှိနေသော်လည်း သချိုင်းရောက်မှ အလောင်းမြှုပ်နှံရန် မြေကျင်းတူးနေရသဖြင့် မာရီယပ်ပါး၏ အသုဘရှုအလာနှင့် သွားဆုံနေရခြင်း ဖြစ်၏။

ပြီးတော့ လက်ချမ်းအလောင်းမြှုပ်နှံဖို့ နှောင့်နှေးကြန့်ကြာမှု တစ်မျိုးကလည်း ရှိသေးသည်။

အောက်သချိုင်းမှာ စမ်းချောင်းအနီး စိမ့်စမ်းတွေရှိနေ၍ ခုလို မိုးပြတ်သေးသောအချိန်မျိုးမှာ ကျင်းထဲကရေတွေ ထွက်ထွက်လာခြင်းပင်။ ဆင်းရဲသားမသာများကို သေတာတောင် ရေက လိုက်နှစ်ချင်သေးသည်။

"ဆရာကြီး . . . ဆရာကြီး ကျင်းထဲကရေတွေ ခပ်ပစ်ပေးပါဗျာ၊ ကျွန်တော် အရက်နောက်တစ်လုံး ထပ်ဝယ်ပေးပါ့မယ်။ ကျွန်တော့်မိန်းမ သေပြီးကာမှ ရေမွန်းနေမှာ စိုးလို့ပါဗျာ . . ."

ဗလကြီးကတော့ လူသေသွားမှတော့ ရေမွန်းတော့ ဘာဖြစ်သလဲဟု ပြောလိုက်ချင်သော်လည်း ချက်အရက်တစ်လုံးတန်ခိုးကြောင့် ပြောမထွက်ဘဲ ကျင်းထဲက စိမ့်ထွက်လာသော ရေများကို ရွှံ့နှစ်တွေနှင့် အတူ ဝေါ်ပြားနှင့် ဝတ်ကျေတန်းကျေ၊ ဟန်ဆောင်ပန်ဆောင် ပက်တင် ပေးနေရသည်။

ယင်းသို့ အချိန်ကြန့်ကြာနေရခြင်းကြောင့် "မာရီယပ်ပါး၏ ချက်နာကြီး အသုဘ" ရှုလာချိန်နှင့်သွားဆုံနေရခြင်း ဖြစ်၏။ လက်ချမ်း အလောင်းထည့်ထားသည့် အလောင်းတင်သံသေတ္တာ အခေါင်းလှည်းကို အုံးမည့်ကျင်းနံဘေးနေရာတွင် ယှဉ်ရပ်ထားပြီး ဗလကြီးသည် အရက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ငုံမော့လိုက်၊ တူးလိုက်၊ ရေတွေ ပက်ထုတ်လိုက်၊ အရက်တစ်ငုံမော့လိုက် ဟန်ကျနေသည်။

လက်ချမီးယောက်ျား မန်းနီးကလည်း "ကွင်းကုလားဗိဗီ" အလုပ်ကြမ်းသမားမို့ဝင်၍ အကူအညီပေးနေသည်။ သူ့မိန်းမကို မြန်မြန်သဂြိုဟ်ပြီး ရွာသို့ပြန်ရန်စိတ်သာ ရှိတော့သည်။

"ဒုန်း..ဒုန်း..ဒုန်း.."

သူတို့မြေကျင်းတူးနေစဉ် မသာလှည်း သံသေတ္တာအခေါင်းထဲမှ တဒုန်းဒုန်းထုသံကြားရ၍ မသာလှည်းနံဘေးမှ ရပ်နေသော ဆွေမျိုး နှစ်ယောက်လန့်ပြီး အလောင်းလှည်းနားက ခုန်ထွက်ပြေးကြပြီး ခပ်လှမ်း လှမ်းရောက်မှ မသာလှည်းကို ကြောက်လန့်တကြား လှမ်းကြည့်ကြ၏။

"ဒုန်း..ဒုန်း..ဒုန်း.."

မသာလှည်းအတွင်းမှ ထုသံကိုကြားလာရခြင်းက ကိုယ့်နားကို ကိုယ် မယုံနိုင်စရာ။

"ဒုန်း..ဒုန်း..ဒုန်း.."

အသံကသိသိသာသာမို့ ကျင်းတူးရာကို ကူညီနေသော လက်ချမီးယောက်ျား မန်းနီးပါကြားသွားလေပြီ။ မန်းနီး မသာလှည်းကို လှမ်းကြည့် နေစဉ် ကျင်းထဲက ဗလကြီး ခေါင်းထောင်လာသည်။

ထိုစဉ် မသာလှည်းပေါ်က သံဖြူသေတ္တာခေါင်းအဖုံးကြီးပွင့် ထွက်လာကာ အခေါင်းနံဘေးကို "ဖြန်းကနဲ" ကျသွားသည်။ အခေါင်းထဲမှ တွန်းဖွင့်လိုက်သော လက်နှစ်ဖက်ကို ထိတ်လန့်ချောက်ချားစရာ လှမ်းမြင် လိုက်ကြရသည်။

ကျင်းပေါ်မှ မန်းနီ အံ့အားသင့်ကြောက်လန့်သွားစဉ် ကျင်းထဲမှ ဗလကြီးမှာ ပေါက်တူးရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး လူသေတင် မသာလှည်းပေါ်က အဖြစ်အပျက်ကို လှမ်းကြည့်သည်။

"အဲဒါ..သချိုင်းမှာ ဖုတ်ဝင်လာတာ၊ မသာမ..ငါ့နာမည် ဗလကြီးတဲ့၊ နင့်လိုမသာတွေ မြေမြှုပ်ပစ်တာ အလောင်းပေါင်းတစ်ရာကျော် နေပြီ၊ ငါ့ကိုစမ်းလို့ ဘယ်ရမလဲ..၊ နင့်ကို နှစ်ခါပြန်သေအောင်၊ ငါ သတ်ပစ် မယ်.."







ဗလကြီးမှုးလည်းမှူး၊ ကြောက်လည်းကြောက်ပြီး ခြိမ်းခြောက် ရေရွတ်တာ အလျှင်စလို မြေကျင်းပေါ်ခုန်တက်သည်။

"ဝုန်း.."

"ဗွမ်း.."

မြေကျင်းနှုတ်ခမ်းသားတွေ ရေနုးနေသဖြင့် ကျင်းနှုတ်ခမ်းပေါ် ခြေအရောက်မှာ မြေကြီးပဲ့ကျပြီး ဗလကြီး သူတူးထားသော မသာကျင်းထဲ ပြန်ပြုတ်ကျသွား၍ ရွှံ့ရေတွေနှင့်အလူးလူး ဖြစ်သွား၏။ သို့သော် ကျင်းပေါ်မှ မန်းနီးက ကျင်းထဲပြုတ်ကျသွားသော ဗလကြီးကို လက်ကမ်းပေးပြီး ဆွဲတင်လိုက်ရသည်။

ထိုအချိန်တွင် အခေါင်းအတွင်းမှ မသာလက်ချမီးက ထထိုင် လိုက်နိုင်ရေပြီ၊ အသက်အရွယ်အားဖြင့် နှစ်ဆယ်ဝန်းကျင် ငယ်ငယ်ရွယ်ရွယ်၊ သန်သန်မာမာ သေဆုံးခဲ့ရသည်မို့ လှုပ်ရှားမှု သွက်လက်မြန်ဆန်လွန်းလှသည်။ မသာလှည်းအခေါင်းထဲက ငုတ်တုတ်ထထိုင်သလို၊ သူရောက်နေသည့် ပတ်ဝန်းကျင်ကိုလည်းစူးစမ်းသလို စိမ်းစိမ်းကြီးစောင်း၍ ကြည့်သည်။

"ဟင်း!..ငါ့ကို ဘယ်ခေါ်လာကြတာလဲ၊ ဘယ်ကို ခေါ်လာကြသလဲ.."

အခေါင်းထဲမှထထိုင်လျက်က မြေပြင်ပေါ်မှ လက်ဝါးကပ်တိုင် မှတ်တိုင်အချို့၊ မြေပုံမို့မို့များ၊ ကျင်းများကိုမြင်ပြီး သဘောပေါက်သွားခဲ့လေသည်။

"ဟွန်း!...ဒါသချိုင်းပဲ၊ ညောင်သုံးပင်သချိုင်း မဟုတ်လား။ သချိုင်းတောင်မှ အစုတ်ပလုတ်အောက်တန်းစားတွေ မသာချကြတဲ့ အောက်သချိုင်း။ ဟင်း ...လုပ်ရက်ကြပါပေ့၊ ငါ့ကိုသေပြီဆိုပြီး ဒီအောက်တန်းစားသချိုင်းမှာ မသာချကြမလို့ပေါ့လေ...၊ အမလေး..လုပ်ရက်ကြ



www.burmeseclassic.com

www.burmeseclassic.com


ပါပေ့၊ ငါမသေခင်က တစ်မျိုး၊ ငါသေပြီထင်တော့ တစ်မျိုး .. ရက်စက်လိုက်ကြတာ အီး .. ဟီး .. ဟီး .. အီး .."

မသာက ဝမ်းပန်းတနည်း မျက်ရည်လည်ရွှဲနှင့် ကြွေကြွေကွဲကွဲ ငိုသည်။

"အဟီး .. ဟီး .. ဟီး .. ငါ မသေသဘူး၊ ငါ့ကို အိမ်ပြန်ခေါ်ကြပါ။ ငါ့ကို သင်္ချိုင်းကုန်းမှာ မထားခဲ့ကြပါနဲ့၊ ငါသရဲကြောက်လို့ပါ။ အဟီး .. ဟီး .. ဟီး .. ဧည့်သည်ထဲမှာ ကျန်ခဲ့တဲ့ ငါ့အိမ်ကို ပြန်ပို့ပေးကြပါ၊ ငါ့ကို သနားကြပါ .."

အံ့အားသင့်ပြီး ကြောက်လန့်စရာဖြစ်သော်လည်း မန်းနီးမှာ သူ့မိန်းမလက်ချမီးအား ချစ်သူမို့ ဘာလုပ်ရမှန်းမသိအောင် ယောက်ယက်ခတ်သွားသည်။ ဗလကြီးက သူ့စိမ်း ..၊ သွေးမတော် သားမစပ်သူမို့ ဖုတ်ဝင်သည်ဆိုပြီး ပေါက်တူးနှင့် မသာကို ရတ်သတ်မည် တကဲကဲလုပ်နေ၍ ဆွဲလိုက်၊ တားလိုက် လုပ်နေရသေးသည်။

"မလုပ်ပါနဲ့ အစ်ကို .. ကျွန်တော်ရှိုးပါတယ်၊ ကျွန်တော့်မိန်းမ တကယ်မသေလို့ အသက်ပြန်ရှင်လာတာပါ။ သူ့ကိုချော့မော့ပြီး ကျွန်တော်အိမ်ကို ပြန်ခေါ်သွားပါ့မယ်၊ ခုသင်္ချိုင်းကုန်းကိုရောက်နေတော့ အကြောက်လွန်ပြီး ပြောမိပြောရာတွေ ပြောနေတာပါ .."

☯

"မလုပ်ကြပါနဲ့ကွာ ..၊ ငါ တောင်းပန်ပါတယ်၊ ငါ့မိန်းမ မာရီယပ်ပါး သေကံမရောက်သေးလို့ အသက်ပြန်ရှင်လာတာ နေမှာပေါ့။ မင်းတို့သေး ကို ဖယ်ကြ .. ဖယ်ကြ .."

ညောင်သုံးပင်အပေါ်သင်္ချိုင်းမှ မာရီယပ်ပါး၏ယောကျ်ား ရှင်း နယားမှာလည်း အယုံအကြည်မရှိသူများကို အမျိုးမျိုးဖျောင်းဖျပြီး ပြောဆို နေရသည်။

အလောင်းစင်ပေါ်က မာရီယပ်ပါးမှာ အောက်သင်္ချိုင်းက လက်ချ မီးလို လွတ်လွတ်လပ်လပ် ရုန်း၍မရ၊ ထိုင်လျက်သား အလောင်းတန်ဆာ ဆင်မသာချလာခဲ့သူမို့ ခြေတွေ လက်တွေနှင့် ခန္ဓာကိုယ်အား ပြိုလဲမကျ





ရန် ကြိုးနှင့်ဆိုင်းအရျည် ခံထားရသည်၊ ယင်းကြောင့် လှုပ်နိုင်သလောက် လှုပ်ပြီး ပါးစပ်ကလှမ်းအော်သည်။

"ငါ့ကို ကြိုးဖြည်ပေးကြပါ၊ ငါ မသေသဘူး၊ ငါ့ရွာကို ငါခဏပြန် သွားတာ ..၊ ခုငါ ပြန်လာပြီ၊ ငါ့ကို ကြိုးဖြည်ပေးကြ၊ ငါ့ရွာရှိတဲ့ သုံးခွကို ပြန်မယ် .."

အသက်ပြန်ရှင်သည်ဆိုပေမည့် ညောင်သုံးပင်နှင့် သုံးခွမြို့ ရွာများ၊ မှားယွင်းပြောဆိုနေခြင်းကို ခုလို အရေးတကြီးအချိန်မှာ မည်သူမျှ သတိမထားလိုက်မိကြသော်လည်း မာရီယပ်ပါး၏အစ်ကို ဒိုဘီရဲကြီး ရှန် ဒရာက သတိထားလိုက်မိသည်၊ လူတွေ ရှုတ်ရှုတ်သဲသဲ ဖြစ်နေချိန်မှာ ရဲကြီးရျန်ဒရာနှင့် ရဲသားအချို့ ညောင်သုံးပင်ရွာသူကြီး ဦးတင်ကြီးနှင့် အဖွဲ့ ရှိနေ၍သာ တော်တော့သည်။

"အားလုံးငြိမ်ငြိမ်နေကြပါ ..၊ မဆိုင်တဲ့လူတွေ ပြန်ကြ၊ ရှုတ်ရှုတ် သဲသဲ မလုပ်ကြပါနဲ့၊ ဒီကိစ္စ ငါကိုယ်တိုင် ရှင်းပေးမယ် .."

ဒိုက်ရဲ ရျန်ဒရာက မာရီယပ်ပါး၏အစ်ကိုအရင်းမို့ သူ့ညီမအလောင်း နားကပ်သွားပြီး သေချာအောင်မေးသည်။

"ညီမလေး .. နင်တကယ်မသေသဘူးနော်"

မာရီယပ်ပါးသည် သူ့အစ်ကိုရဲဝတ်စုံနှင့်ရျန်ဒရာကို စိမ်းစိမ်းကြီး ကြည့်ကာ -

"အို .. ဒီပုလိပ်ကြီးကလည်း မသေလို့ အသက်ရှင်နေတဲ့ဟာ ..၊ ဘာတွေ လာမေးနေတာလဲ .."

ရျန်ဒရာ သူ့ညီမလေး မာရီယပ်ပါး သူ့ကို ယခင်က ပုလိပ်ကြီးဟု ခေါ်ခေါ်ပြီးစသည့်အဖြစ်ကို သတိရပြီး တကယ်မသေသဘူးဟု ယုံကြည်သွား၏ ၊ ရဲက ရဲအတွေး၊ မသာက မသာအမြင်၊

သူ့ညီမလေးကို မသေဘဲ သင်္ချိုင်းကုန်းမှာ အရှင်ကြီးရှိလျက်နှင့် သူ မသင်္ဂြိုဟ်နိုင်၊ မပစ်ထားရက်ခဲ့နိုင်၊ အစ်ကိုဖြစ်သူရျန်ဒရာက အလောင်း စင်နားမှာရပ်နေသော မာရီယပ်ပါး၏ယောကျ်ားယောက်ဖဖြစ်သူ ရှင်းနယား ကို လှမ်းကြည့်သည်၊ ရှင်းနယားသည်လည်း သူ့မိန်းမနှုတ်က တကယ်မသေ သူးဆို၍ အိပ်မက်မက်သလို ဖြစ်နေရာက -


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်မလဲ အစ်ကိုချန်ဒရာ ..၊ သူမှ တကယ်မသေသေး တာပဲ၊ သူ့ကို အိမ်ကို ပြန်ခေါ်သွားကြရုံပေါ့ဗျာ .."

ချင်းနယား၏စကားအဆုံးမှာ အစ်ကိုဖြစ်သူချန်ဒရာက အသင့်ပါ လာသော ဓားမြှောင်ဖြင့် အလောင်းကိုဆိုင်းထားသောကြိုးများကို လှီးဖြတ် ပေးလိုက်သည်။ ကြိုးတွေပြတ်သွားသဖြင့် မာရီယပ်ပါ၏အလောင်းစင်ပေါ်မှ အလျင်အမြန် ဆင်းသည်၊ သူ့ကို ခြုံလွှမ်းပေးထားသော အဖိုးတန်ဆာရီ ကြီး ကျွတ်ကျန်နေသည်ကိုပင် ဂရုမစိုက်နိုင်။

အောက်သချိုင်းဘက်ကို လှမ်းကြည့်ပြီး ပြေးရန် ခြေလှမ်းပြင် သည်။ ယောက်ျားဖြစ်သူ ချင်းနယားကတော့ ဘာမှမသိ။ သူ့မိန်းမ အသက် ပြန်ရှင်လာပြီး ထမ်းစင်ပေါ်ကဆင်းလာတာကို ဆီးပွေ့မလို့ ဝမ်းသာစိတ် နှင့် ဟန်ပြင်သည်၊

"မိန်းမ .. မိန်းမ၊ နင်တကယ် မသေဘူးနော်၊ ဝမ်းသာလိုက်တာ မိန်းမရယ် .."

မာရီယပ်ပါ၊သည် ချင်နယားကို တစ်ခါမှမတွေ့ဖူးသည့် လူတစ် ယောက်လို ကြည့်သည်။ သူမကို ဆီးဖက်ရန်လုပ်လိုက်သည့် ချင်းနယား၏ ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်၊

"ဘာ ... မိန်းမလဲ .. ဖယ်စမ်း၊ ငါ့ယောက်ျားလည်း မဟုတ်ဘဲနဲ့၊ ငါ့ယောက်ျားက ဟိုအောက်သချိုင်းမှာ .."

ပြောရင်း အောက်သချိုင်းဘက် ပြေးမလို လုပ်သည်၊

အစ်ကိုဖြစ်သူချန်ဒရာက သူ့ညီမဖြစ်သူကိုလှမ်းဆွဲပြီး သတိပေး စကား ဝင်ပြောသည်၊

"ညီမလေး သတိထားပါ၊ ချင်းနယားက ညီမလေး ယောက်ျားပဲ .."

ထိုစဉ် အောက်သချိုင်းဘက်မှပြေးတက်လာသော အဝတ်အစား ကပိုကရိုနှင့် လက်ချမ်းကို လှမ်းတွေ့လိုက်ကြရပြန်သည်၊

"ငါ့ယောက်ျား ချင်းနယားဘယ်မှာလဲ . .၊ ငါ့ကိုသေပြီဆိုပြီး အောက်သချိုင်းမှာ မသာချဖို့ တစိမ်းတွေနဲ့ပစ်ထားတဲ့ ချင်းနယား ဘယ် မှာလဲ ဟေ့ .."

လက်ချမ်းအော်ဟစ်ရင်း လူအုပ်ကြားထဲ ဖြတ်ဝင်လာသည်၊







လက်ချမ်းနောက်မှာ လက်ချမ်း ယောက်ျား မန်းနီးကလည်း ထပ်ချပ်မကွာ ပြေးလိုက်လာသည်၊ ပြီးတော့ ပါးစပ်မှလည်း ဘတွတ်တွတ် အော်သည်၊

"လက်ချမ်း .. လက်ချမ်း၊ မဟုတ် တာတွေ မလုပ်နဲ့၊ နင့်ယောက်ျား မန်းနီးက ငါ၊ နင်မသေဘူးဆိုရင်ပြီးတာပဲ၊ လာ ... လာ ငါနဲ့ ပြန်လိုက်ခဲ့၊ ငါတို့ ရွာပြန်ကြမယ် .."

မန်းနီးကအော်ဟစ်တားဆီးရင်း လက်ချမ်းနောက်မှ လိုက်အလာ၊ အပေါ်သချိုင်း မှရှန်းကန်ပြီး ပြေးထွက်လာသော မာရီယပ် ပါနှင့် ပက်ပင်းသွားဆုံတော့သည်၊

ထိုအခါ မာရီယပ်ပါ၊က ဝမ်းပန်းတနည်းဖြင့် -

"အမယ်လေး မန်းနီးရယ် ..၊ ငါ့ယောက်ျားကို ငါရှာလိုက်ရတာ၊ ငါ့ကိုသေပြီဆိုပြီး ခေးရုံကနေ ပစ်သွားတာပေါ့လေ၊ ဘယ် .. ဒီလိုပစ်သွား လို့ရမလဲ၊ လာ ... လာ ဒီကလူတွေ သိပ်ရှုပ်တယ်၊ ပုလိပ်တွေကော ဘာ တွေကော ငါတို့ရွာကို အမြန်ပြန်ကြမယ် .."

မာရီယပ်ပါ၊ အလျင်စလိုပြောပြီး မန်းနီးကို သူ့ယောက်ျားအဖြစ် ပြေးဖက်သည်၊ လက်ချမ်းကလည်း မာရီယပ်ပါ၊လိုပင် မာရီယပ်ပါ၏ယောက်ျား ချင်းနယားကို လူအုပ်ကြီးထဲမှာတွေ့အောင်ရှာကာ ချင်းနယားဆီပြေးသွား သည်၊

"ဟင် .. ယောက်ျား၊ နင်တော်တော် အသုံးမကျတဲ့ကောင်၊ ငါ့ကို သေပြီဆိုပြီး ပစ္စလက္ခတ် အောက်သချိုင်းကိုပို့တာပေါ့လေ၊ ငါ နင့်ကိုမုန်း တယ်၊ အဟီး .. ဟီး ဝမ်းလည်းနည်းတယ်၊ ညောင်သုံးပင်အိမ်ကို ပြန် ရောက်မှ နင်နဲ့ ငါနဲ့သိမယ် .. အဟီး .. ဟီး .. ဟင့် .."

လက်ချမ်းက ပြောရင်းငိုချကာ ချင်းနယားကို ပြေးဖက်သဖြင့် ချင်းနယားမှာ ရုန်းဖယ်ရမလို ပြန်ဖက်ရမလို ဖြစ်နေပြန်သည်၊ ယောက်ျား နှစ်ယောက်စလုံးမှာ သူတို့ကိုရန်တွေ့ရင်း ပြေးဖက်သော မိန်းမနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးကို ယခင်ကမြင်ဖူးမထားကြ၍ ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြသည်။

လူအုပ်ကြီးမှာလည်း ထူးခြားသော ထိုဖြစ်ရပ်ကြောင့် စောစော ကထက်ပိုပြီး ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ ထိုအချိန်မျိုးမှာ ဒိုက်ရဲ့ ချုပ်ဒရာနှင့် သူ့အပေါင်းအသင်းရဲများရှိနေ၍ ထိုကိစ္စကို သင်္ချိုင်းကုန်းမှာ ရုတ်ရုတ်သဲသဲမဖြစ်အောင် ထိန်းသိမ်းနိုင်ကြ၍ အတော်ပင်ဖြစ်သွား၏။

"ဒီကိစ္စကတော့ ထူးခြားတဲ့ကိစ္စပဲ ...၊ ဒီသင်္ချိုင်းမှာ ရှင်းလို့လည်း မဖြစ်ဘူး။ အသုဘပို့တဲ့သူတွေထဲက မဆိုင်တဲ့လူတွေ ပြန်ကြပါ။ ကာယကံ ရှင်တွေလည်း ဂါတ်တဲကို လိုက်ခဲ့ကြပါ၊ ဂါတ်ထဲရောက်မှ ပြဿနာရှင်း တာ အကောင်းဆုံးပဲ"

ရဲကြီးချုပ်ဒရာက ဒိုဘီရဲပီပီ Police Case ပုလိပ်မှုခင်းအဖြစ်နှင့် ရှင်းချင်သည်၊ ညောင်သုံးပင်ကျေးရွာသူကြီးမင်း ဦးတင်ကြီးကမူ -

"ငါ့ရွာအပိုင် သင်္ချိုင်းမှာဖြစ်တဲ့ကိစ္စ၊ ငါ့ရွာမှာ ရှင်းလို့မဖြစ်ဘူး လားကွာ၊ ရှင်းလို့မရမှ ရုံးတွေဂတ်တွေမှာ ရှင်းကြတာ မကောင်းဘူးလားကွ"

ညောင်သုံးပင်ကျေးရွာကျန်းမာရေးမှူး ဒိုပိုး ဦးကျော်ညွန့်ကလည်း ဆေးရုံဝန်ထမ်းတစ်ဦးမို့ ဆေးရုံစကားပြောလာပြန်သည်။

"နှစ်ယောက်စလုံးသေပြီးမှ ပြန်ရှင်ကြတာမို့ ဆေးရုံကို အရင်ပို့ ပါဗျာ၊ ဆေးရုံကျမှ ဆရာဝန်ရဲ့စစ်ဆေးချက်ကိုအတည်ယူပြီးတော့ လုပ်သင့် တာလုပ်ကြပါ.."

လတ်တလောမှာ ဘာလုပ်ကြရမှန်းမသိကြဘဲ မသာနှစ်ကောင် သေပြီးမှ ရှင်လာရသည့်ဖြစ်ရပ်အတွက် ဆုံးဖြတ်ပြောဆိုမှုတွေ ကိုယ့်အမြင် နှင့်ကိုယ် ပေါ်လာကြသည်။ ထိုစဉ် ညောင်သုံးပင်ကျေးရွာသူကြီး ဦးတင်ကြီး မှာ အသက်အရွယ်ကလည်း ကြီး၊ သူကြီးဝါကလည်း ရင့်၊ ညောင်သုံးပင် သု သာန် ကျောင်းဘုန်းကြီး၏တပည့်လည်း ဖြစ်ခဲ့ဖူးသည့်အားလျော်စွာ ရုတ်တရက် ရလာသော စိတ်ကူးနှင့် ဤသို့အကြံဉာဏ်ပေးလေသည်။

"ခုကိစ္စဟာ ရိုးရိုးကိစ္စမဟုတ်ဘူးကွ။ သေတဲ့လူနှစ်ယောက်စလုံး သင်္ချိုင်းကုန်းရောက်မှ ပြန်ရှင်လာတာဆိုတော့ အမှောင့်ပယောဂ တစ်ခုခု ရင်လည်း ဖြစ်နိုင်တယ်။ ပြီးတော့ သူတို့ပြန်ရှင်လာပုံကလည်း ထူးခြား တယ်၊ သုံးစွက လက်ချမ်းဝိညာဉ်က ညောင်သုံးပင်က မာရီယပ်ပါး၊





မှာဝင် ..။ ညောင်သုံးပင်က မာရီယပ်ပါးဝိညာဉ်က သုံးစွက လက်ချမ်းဆီ မှာဝင်ဆိုတော့ ခုတောင်မှ သူတို့ လင်တွေမှားကုန်ကြပြီ၊ နောက်ကြာရင် ဘာတွေထပ်မှားကြဦးမလဲ မသိဘူး။ အဲဒီတော့ ဒီကိစ္စဘက်မှာ အထူးပေါက် ရောက် ကျွမ်းကျင်တဲ့ ညောင်သုံးပင် သုသာန်ကျောင်း ဆရာတော်ဆီကို သွားကြမယ်.."

"ဟုတ်တယ် .. သူကြီးပြောတဲ့အတိုင်းလုပ်တာ ကောင်းတယ်၊ တော်ကြာသေပြီးမှ သင်္ချိုင်းကနေပြန်ရှင်လာတဲ့သူတို့နှစ်ယောက်ကိစ္စ၊ မြို့ ထဲရောက်သွားပြီး သတင်းတွေပျံ့နှံ့သွားရင် ဒီ့ထက်ဆိုးသွားနိုင်တယ်"

သူကြီးဦးတင်ကြီးက သူ့ပိုင်နက်မှာဖြစ်သောအမှုကိစ္စမို့ သူ့ဘက်မှ အလေးသာသွား၏။ ကာယကံရှင်နှစ်ဦးဖြစ်သော မာရီယပ်ပါးနှင့်လက်ချမ်း တို့ကို သူတို့ယောကျ်ားအဖြစ် ဖက်တွယ်ထားသော ယောကျ်ားနှစ်ဦးနှင့် အတူ ညောင်သုံးပင်သုသာန်ကျောင်းဆီသို့ အတင်းတွန်းပို့ခေါ်ဆောင်လာ ခဲ့ကြရတော့သည်။

"ဘယ်လိုလူတွေလဲမသိဘူး ..၊ ကိုယ့်ယောကျ်ားနဲ့ကိုယ်ပြန် သင်းတာ ..၊ ဘုန်းကြီးကျောင်းကို အတင်းပို့နေတယ် .."

လက်ချမ်းက မကျေမနပ်ဖြင့်အပြော မာရီယပ်ပါးကလည်း အားကျမခံ ..။

"ဟုတ်တယ်နော် .. ညီမလေး၊ သူများအိမ်ထောင်ရေးကို ဝင် နှောင့်ယှက်တဲ့ ဒီလူကြီးတွေ ရဲကြီးတော့မှာပဲ .."

မသာကနေ ပြန်ရှင်လာသည်ဆိုသော ထိုမိန်းမနှစ်ယောက်၏ အတိုင်အပေါက် ညီနေသောစကားတွေကြောင့် ပတ်သက်မိသူတွေ အသည်း ယားရော၊ ရင်ထိတ်စရာတွေ ဖြစ်နေ၏၊ ထိုအချိန်မှာ ညနေ နွားရိုင်းသွင်း ချိန်မို့ ညောင်သုံးပင်သင်္ချိုင်းဝန်းကျင်တွင် ကြောက်စရာ အမှောင်ထုက ကြီးစိုး ဝင်ရောက်လာလေပြီတည်း။




www.burmeseclassic.com

www.burmeseclassic.com



# အမြီးထဲမှာ အစာသိုလှောင်ထားသော တောက်တဲ့




တောက်တဲ့ဟာ ဂမ္ဘီရဆန်တဲ့ သတ္တဝါဖြစ်ပါတယ်။ တောက်တဲ့
ပတ်သက်ပြီး ခေတ်စားနေတာကတော့ သူ့ရဲ့အန်ဖတ်ဟာ HIVရောဂါပိုး
ပျောက်ကင်းစေပါသတဲ့။ တောက်တဲ့မှာ နှစ်မျိုးရှိပြီး ကျောက်တောက်တဲ့
နဲ့ ဖားတောက်တဲ့ဆိုပြီး ရှိရာမှာ ကျောက်တောက်တဲ့ကသာ တန်ဖိုးရှိတာ
ဖြစ်ပါတယ်၊ ကျောက်တောက်တဲ့မှာလည်း အမျိုးအစား သုံးမျိုးထပ်ခွဲပြီး
အမဲမျိုးရယ်၊ အဝါရစ်နဲ့ အမဲရစ်ဆိုတဲ့အမျိုးရယ်၊ အာနီလျှာနီဆိုတဲ့အမျိုး
အာနီလျှာနီကသာလျှင် ဆေးဖက်ဝင်အန်ဖတ်ကို ရရှိတာဖြစ်ပါတယ်။

တောက်တဲ့ရဲ့သက်တမ်းဟာ အနောက်နိုင်ငံတွေမှာဆိုရင် အနှစ်
လေးရာကနေ အနှစ်ရှစ်ရာအထိရှိပြီး မြန်မာနိုင်ငံက တောက်တဲ့တွေ
တော့ အနှစ်နှစ်ရာကျော်အထိ အသက်ရှည်ကြပါတယ်။ တစ်ပေလောက်
ရှိတဲ့တောက်တဲ့အကြီးစားတွေရဲ့ ပေါက်ဈေးက အရမ်းမြင့်မားပြီး သူ့ရဲ့
အန်ဖတ်(၂၅)ကျပ်သားကို သိန်း(၇၀၀)အထိ ပေါက်ဈေးရှိပါတယ်။
တောက်တဲ့အမြီးကနေ သုံးလတစ်ကြိမ် အဆီတစ်မျိုးလည်း ထွက်ပါသေး
တယ်၊ အဲဒီအဆီကို မျက်လုံးကိုကွင်းရင် မျက်စိကွယ်နေသူတောင် ပြ







မြင်ရတယ်ဆိုတဲ့ ဂမ္ဘီရဆန်းကြယ်မှုများစွာရှိပါတယ်။

တောက်တဲ့အကြီးစားတွေကို ဖမ်းမယ့်သူများဟာ ဖမ်းချင်သလို ဖမ်း၊ ကြမ်းချင်သလို ကြမ်းလို့ မရပါဘူး။ တောက်တဲ့ဟာ သူ့လျှာသူကိုက်ပြီး အဆုံးစီရင်သွားတတ်ပါတယ်။ ဒါကြောင့် ဖမ်းဆီးမယ့်သူဟာ မဖမ်းခင် သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ဝင်ပြီးမှ ဖမ်းရပါတယ်၊ ပြီးရင် ပုစွန်ခြောက်ကျွေးပြီး မွေးမြူရပါတယ်၊ တောက်တဲ့ဟာ သဘာဝအရ (၁၅)ရက် တစ်ကြိမ် အန်လေ့ရှိပြီး သူ့အန်ဖတ်ကို ရေတ်ကောင်းစေ့လောက်ပမာဏ HIV ပိုးရှိသူကို ကိုးရက်ဆက်တိုက်ကျွေးရင် ရောဂါပျောက်ကင်းပါတယ်။ (အပြည့်အစုံကို ဆဋ္ဌမအာရုံမဂ္ဂဇင်း - အမှတ်(၃)၊ ဖြိုဟ်မွှေတဲ့တောက်တဲ့မှာ ဖော်ပြခဲ့သည်)

တောက်တဲ့ဟာ ဖွတ်ပုတက်အမျိုးအစားဝင်ဖြစ်ပြီး ကမ္ဘာပေါ်ရှိပူနွေးသောနေရာတိုင်းမှာ တွေ့ရှိနိုင်ပါတယ်။ သူတို့ရဲ့အမြီးကိုကိုင်လိုက်ရင် လွယ်ကူစွာ ပြတ်ထွက်နိုင်ပါတယ်။ ပြတ်သွားတဲ့နေရာကနေ အမြီးသစ်ပြန်ထွက်တတ်ပါတယ်။ တောက်တဲ့ရဲ့အမြီးထဲမှာ အာဟာရဓာတ်များကို သိုလှောင်ထားပြီး အစာရှားပါးတဲ့အချိန်မှာ သိုလှောင်ထားတဲ့ အာဟာရကို စားသုံးပါတယ်။

တောက်တဲ့ဟာ အစုံစားသတ္တဝါဖြစ်ပြီး လူများကိုကိုက်ရင် အဆိပ်တက်တတ်ပါတယ်။ တောက်တဲ့တံတွေးနဲ့ထိရင် အဆိပ်တက်တတ်ပါတယ်။ နေ့အခါမှာ ငြိမ်သက်စွာပုန်းအောင်းနေတတ်ပြီး ညဘက်ရောက်တော့မှသာ အပြင်ထွက်လေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော

# ကြေးအိုးကလေး..

ရွှေဥဒေါင်း





ဝိညာဉ်စီးနေသော ကြေးအိုးကလေး..။ ကြောက်စရာကောင်းသော ကြေးအိုးကလေး..။ ထူးဆန်းသော ကြေးအိုးကလေး ဇာတ်ကြောင်း..။

www.burmeseclassic.com

www.burmeseclassic.com





➤ ➤ ➤

တိုက်ရှင်သခင်မသည် အ...

အဆင်းလှ၍ အရွယ်ငယ်ငယ်ရှိရာ ...

ယောကျ်ားမှာ ဥစ္စာကြွယ်ဝသော

အဘိုးကြီး တစ်ယောက်ဖြစ်ကြောင်း

ဘိုမသည် မျောက်မ များစွာထား...

ကြောင်း၊ လင်ငယ်များအနက်တစ်ယော...

မှာ သေဆုံးရာဝန်ဖြစ်ကြောင်း…။

ထူးဆန်းသော ကြေးအိုးကလေး

"ဝတ်လုံတော်ရ ဦးလှမောင်၏

ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ"

(အောက်ပါအဖြစ်အပျက်များမှာ ဦးထွန်းရင်သည် ကိစ္စတစ်ခု နှင့် ရန်ကုန်မြို့သို့ လာရောက်စဉ်အခါက ဦးလှမောင်ထံမှ ကြားသိခဲ့ သော အဖြစ်အပျက်များ ဖြစ်လေသည်။)

ဝတ်လုံတော်ရ ဦးလှမောင်သည် ဝတ်လုံစာမေးပွဲကို အောင်မြင် ခဲ့ပြီးနောက် ဘိလပ်မှ ပြန်လာ၍ ရန်ကုန်မြို့ရှိ ဝါရင့်သော ဝတ်လုံကြီး တစ်ဦးထံ တပည့်ခံ၍ ၎င်း၏ လက်ထောက်အဖြစ်ဖြင့် လုပ်ကိုင်သင်ကြား လျက်ရှိနေစဉ် ပိုက်ကွတ်ရုံးအနီးအနား၌ အိမ်ခန်းများ ရှာဖွေလျက်ရှိ လေ၏။

သို့ရာတွင် ၎င်းရပ်ကွက်၏တိုက်ခတို့မှာ အဆမတန်ဈေးကြီး မြင့်လှသည်ဖြစ်၍ ဝတ်လုံကြီးထံမှရရှိသော လခငွေနှင့် ငှားရမ်းနေထိုင် ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍နေထိုင်ရခြင်းမှာ အစစအရာရာ ကျပ်တည်း





လှသည်ဖြစ်သောကြောင့် မောင်လှမောင်သည် တိုက်ခချိုသာသော အခန်း တစ်ခုကို ထောက်လှမ်းစုံစမ်းလျက်ရှိနေစဉ် မိတ်ဆွေတစ်ဦးက ဖယ်သာ လမ်းရှိတစ်ခုသော တိုက်ကြီး၌သုံးထပ်တွင် အခန်းကြီးတစ်ခန်း အားလပ် လျက် ရှိကြောင်း၊ ၎င်းတိုက်ရှင်မှာ မြန်မာပြည်၌မရှိသော ဘိုမတစ်ယောက် ဖြစ်၍ ဘိလပ်သို့ ပြန်သွားကြောင်း၊ ၎င်းအခန်းကိုငှားရမ်းလိုခဲ့လျှင် ၎င်း၏ ကိုယ်စားလှယ်ထံသွားရောက် ငှားရမ်းနိုင်ကြောင်းနှင့် ပြောဆို၍ ကိုယ်စား လှယ်၏အမည်နေရပ်တို့ကို ညွှန်ကြားလေသည်။

မောင်လှမောင်သည် အဆိုပါအခန်းသို့ သွားရောက်၍ ဒရဝမ်အား အခန်းကိုဖွင့်စေပြီးလျှင် ဝင်ရောက်ကြည့်ရှုရာ ၎င်းအခန်းမှာ အလွန်တရာ သပ်ရပ်၍ ဥရောပတိုက်သားတို့၏အသုံးအဆောင် အိမ်ထောင်ပရိဘောဂ တို့နှင့် ပြည့်နက်လျက်ရှိလေရာ မောင်လှမောင်က ဒရဝမ်အား ထိုအိမ်ထောင် ပစ္စည်းများ၏အကြောင်းကို မေးမြန်းသည်တွင် ဒရဝမ်က ၎င်းအခန်းကို ငှားရမ်းသူ သည် အိမ်ထောင်ပစ္စည်းများကိုလည်း သုံးစွဲနိုင်ကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ မောင်လှမောင်မှာ မိမိ၌ အိမ်ထောင်ပစ္စည်း လုံလောက် စွာမရှိသေးသည်ဖြစ်၍ အလွန်တရာ အဆင်သင့်သည်ပင် မှန်သော်လည်း ထိုအခန်းကြီး၏ ကျယ်ဝန်းသပ်ရပ်ပုံနှင့် အိမ်ထောင်ပစ္စည်းများ၏ စုံလင် ခမ်းနားပုံတို့ကို ထောက်ချင့်လိုက်သောအခါ အမှန်မုချ ဈေးနှုန်းကြီးမြင့် မည်ဟူ၍ မှတ်ထင်သောကြောင့် မိမိအင်အားနှင့် တတ်နိုင်ပါမည်လော ဟု ချိန်ဆလျက် ရှိလေ၏။ သို့ရာတွင် ကိုယ်စားလှယ်အားမေးမြန်း၍ ကြည့် လျှင် သွန်နိုင်မည် မဟုတ်ဟု သဘောရသောကြောင့် ကိုယ်စားလှယ်ထံသွား ရောက်ခဲ့လေ၏။

ကိုယ်စားလှယ်နှင့်တွေ့ဆုံမိလျှင် တိုက်လခကို မေးမြန်းကြည့် ရှုရာ ၎င်းတောင်းဆိုသော အခနှုန်းမှာ မောင်လှမောင် ခန့်မှန်းသော အခ နှုန်း၏ သုံးပုံတစ်ပုံမျှ မရှိသည်ဖြစ်သောကြောင့် မောင်လှမောင်သည် အလွန်အံ့ဩလျက် ဤမျှလောက် အလွန်အမင်းအဖိုးချိုသော တိုက်ခန်း သည်ကား အပြစ်အနာအဆာ တစ်စုံတစ်ရာပါရှိရမည်ဟု သံသယမကင်း ဖြစ်သည်နှင့် အခန်း၏အကြောင်းကို ကိုယ်စားလှယ်အား မေးမြန်းများ ထုတ်လေရာ အခန်းရှင်မှာ ဘိုမဖြစ်ကြောင်း၊ ယခုအခါ ဘိလပ်၌နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ယခင်က ၎င်းအခန်း၌ ဘိုမကိုယ်တိုင်နေထိုင်ခဲ့ဖူးကြောင်းနှင့် ပြောဆိုသောအခါ မောင်လှမောင်က ဘိုမပြန်သွားပြီးသည့်နောက် ၎င်း အခန်း၌ မည်သူများ ငှားရမ်းနေထိုင်ပါသနည်းဟု မေးမြန်းရာ ဘိုလင်မယား တချို့ ငှားရမ်းနေထိုင်ဖူးကြောင်းနှင့် ပြန်ပြောလေ၏။

ထိုအခါ မောင်လှမောင်သည် ဤမျှလောက် အဖိုးအခချိုသော အခန်းကြီးကိုရပြီးမှ စွန့်လွှတ်၍သွားကြသည်ကို သာ၍ပင် စိတ်မကျေနပ် ပြန်သည်ဖြစ်သောကြောင့် ထိုအိမ်ငှားတို့သည် အဘယ်အကြောင်းကြောင့် ပြောင်းရွှေ့၍ သွားကြလေသနည်းဟု မေးမြန်းပြန်ရာ ကိုယ်စားလှယ်က မိမိလက်၌ ကိုင်ထားသော ခဲတံကို လိမ့်ကာလိမ့်ကာကစားလျက် အဘယ် အကြောင်းကြောင့် ပြောင်းသွားကြသည်ကို မိမိသေချာစွာ မသိကြောင်း နောက်ဆုံးပြောင်းသွားသောသူတို့မှာ မကျန်းမမာသဖြင့် လေညှင်းခံသွား ကြသည်ဟု မိမိကြားသိရကြောင်းစသည်ဖြင့် ပြန်ပြောလေ၏။

ထိုအခါ မောင်လှမောင်သည် မည်သို့ပင်ဖြစ်စေ၊ တစ်လတန်သည် နှစ်လတန်သည် စမ်းသပ်နေထိုင်တော့မည်ဟု တိုက်လခတစ်လအတွက် စရံငွေကို ပေးကမ်းပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။ ဟိုတယ်သို့ရောက် လျှင် မိမိတို့ရပ်ရွာမှ ငယ်စဉ်ကနိုင်းစေလာခဲ့သော တပည့်ဘိုးတေကိုစာဖြင့် ရေးသားမှာထားပြီးလျှင် ၎င်းဘိုးတေဆိုက်ရောက်သည်နှင့် တပြိုင်နက် ၎င်းတိုက်ခန်းသို့ ဆရာတပည့်နှစ်ယောက် ပြောင်းရွှေ့နေထိုင်ခဲ့ကြလေ၏။

သုံးလေးရက်ခန့်မျှ နေထိုင်မိကြလျှင် မောင်လှမောင်သည် ဘို တယ်မှာကဲ့သို့ အနေအထိုင် ကျဉ်းကျပ်ခြင်းမရှိဘဲ ကိုယ့်အိမ်ကိုယ့်ယာနှင့် လွတ်လပ်ချောင်ချိစွာ နေထိုင်ရသည်ကို အလွန်တရာ နှစ်သက်ချမ်းမြေ့ လျက် ရှိလေ၏။ သို့ရာတွင် မောင်လှမောင်သည် ဘိလပ်၌လည်းကောင်း ရန်ကုန်ဟိုတယ်၌လည်းကောင်း၊ ဥရောပတိုက်သားများ စားသောက်သည့် အတိုင်း ဘိုထမင်း၊ ဘိုဟင်းကို စားသောက်လာခဲ့သဖြင့် လျှာကျင့်ပါနေ သည် ဖြစ်သောကြောင့် တပည့်ဘိုးတေချက်ပြုတ်သော မြန်မာထမင်း ဟင်းများကို မြိန်ရက်စွာ မစားသောက်နိုင်ဘဲရှိလေ၏။

ထိုအတောအတွင်း မိမိဆရာဝတ်လုံကြီးကလည်း လခအနည်း ငယ်တိုးတက်ပေးကမ်းသည်ဖြစ်သောကြောင့် ဘိုအိမ်၌ ချက်ပြုတ်ဖူးသော





ထမင်းချက်ကုလားတစ်ယောက်ကို ရှာဖွေငှားရမ်းရန် ဘိုးတေအား စေခိုင်း လေ၏။ ထိုအခါ ဘိုးတေက အလွန် တရာ အဆင်သင့်ကြောင်း၊ ဤတိုက် ရှင်ဖြစ်သော ဘိုမ နေထိုင်စဉ်အခါက ၎င်း၏ ထမင်းချက်ဖူးသော ဘန်ဂါလီ ကုလားအဖိုးကြီးတစ်ယောက်သည် ယမန်နေ့ကပင် ဤတိုက်သို့ လာရောက် ၍ ထမင်းချက်ကုလား အလိုရှိခဲ့ပါလျှင် လုပ်ကိုင်လိုသည် ပြော၍ အမည်နေရပ် ကိုပါပြောထားခဲ့ကြောင်းနှင့်ပြန်ပြောလေ လျှင် မောင်လှမောင်သည် ကုလားကြီး ကိုခေါ်စေ၍ စမ်းသပ်ချက်ပြုတ်စေရာ အလွန် ကျွမ်းကျင်နားလည်ကြောင်း ကို တွေ့ရှိရသဖြင့် ငှားရမ်းလိုက်လေ၏။

ကြေးအိုးသည် အစုံကို ယပ်၍ မီးအား တယ်ချောင်း၍ ကြည့် သကဲ့သို့ မီးတို့ယာအား ထင်မိလေ၏ ထိုရှာတွင် မောင်လှမောင်သည် မကြံနိုင် သည့်အရာကို မိမိထင်မိသည်ဟု များစွာ ရှေမားအော် မိမိနှင့်ထိပ်တိုက်မှုလျှင် ဆော်ဒါ မုပင်းတစ်လုံးကို ရှာယူ၍ ဝန်ခွက်၌ရော စပ်၍ ငုံသောက်ပြီးနောက် အိပ်ခန်းသို့ ဝင်သွားလေ၏။

တစ်ညသ၌ မောင်လှမောင်သည် ကုလားကြီးချက်ပြုတ် ပြင်ဆင် သော စားစရာ ညစာများကို မြိန်ရှက်စွာစားသောက်ပြီးနောက် ကုရှင်များ ထုထပ်စွာခင်းထားသော ပက်လက်ကုလားထိုင်ကြီးတစ်ခုပေါ်တွင် ပက် လက်လှန်ခါထိုင်လျက် ဆေးပြင်းလိပ်ကိုဖွာလျက် စာတစ်အုပ်ကို ဖတ် လိုက်၊ အနီးရှိ စားပွဲဝိုင်းပေါ်မှ ကာဖီတစ်ခွက်ကို သောက်လိုက်နှင့် ကြည် ရွှင်ချမ်းမြေ့သော အမူအရာနှင့်ရှိနေလေ၏။

ကာဖီတစ်ခွက်ကုန်ပြီးနောက် မဝသေးသည်နှင့် မောင်လှမောင် သည် ဘိုးတေကိုခေါ်၍ နောက်ထပ် ကာဖီတစ်ခွက်ဖျော်ယူခဲ့ရန်ပြောပြီး နောက် စာအုပ်ကိုဆက်လက်၍ ဖတ်နေလေ၏။ မောင်လှမောင်သည် ဝတ္ထုစာအုပ်တွင် အလွန်စိတ်စွဲလျက်ရှိသည်ဖြစ်စေသောကြောင့် ဘိုးတေ သည် ကာဖီခွက်နှင့်ဝင်လာသည်ကို သတိမမူမိဘဲ ကာဖီအေးသောအခါ တစ်ခါတည်းကျိုက်၍ချပြီးလျှင် စာအုပ်ကို ဆက်လက်ဖတ်ပြန်လေ၏။

အတန်ငယ် ညောင်းညာသောအခါမှ နာရီကိုကြည့်လိုက်ရာ ဆယ့်နှစ်နာရီထိုးပြီးသည်ကို အံ့ဩစွာနှင့်တွေ့ရှိရပြီးနောက် အသောက်



www.burmeseclassic.com

www.burmeseclassic.com



အစား၌ အနည်းငယ်ဝါသနာပါသည်ဖြစ်၍ အိပ်ခါနီးတွင် ဝီစကီ အနည်းငယ် သောက်ရန် ဇန်ခွက်ကို ငှဲ့လေ၏။ ၎င်းနောက် ဆော်ဒါပုလင်းများကို ကြည့်ပြန်ရာ ပုလင်းတို့မှာအလွတ်ချည်းဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ဘိုးတေကိုနှိုးရန် အားနာသဖြင့် မီးဖိုချောင်သို့ ဆော်ဒါပုလင်းရှာရန် ထွက်လာခဲ့လေ၏။

၎င်းတိုက်ခန်းသည် သုံးထပ်၌တည်ရှိ၍ အပေါ်ဆုံးအထပ်ဖြစ်လေရာ တိုက်မိုးပေါ်တွင်ရှိသော ကောင်းကင်မှန်ပေါက်မှ လမင်း၏အရောင်သည် မီးဖိုသို့ တိုးဝင်လျက်ရှိလေ၏။ ထိုအခါ မီးဖိုတံခါးသည် ပွင့်လျက်ရှိရာ မီးဖိုပေါ်၌ ထင်ထားသော ကြေးအိုးကလေးတစ်လုံးပေါ်သို့ လမင်း၏အရောင်သည် တည့်တည့်ထိုးလျက်ရှိသည်ကို မောင်လှမောင်သည် အဝေးမှပင် မြင်ရလေ၏။

ထိုခဏ၌ ကြေးအိုးသည် အဖုံးမပွင့်တပွင့် ရှိနေသောကြောင့် မောင်လှမောင်မှာ အိပ်ချင်မူးတူးရှိနေသဖြင့် ကြေးအိုးသည် အဖုံးကိုလှပ်၍ ပိပိအား တမင်ချောင်း၍ ကြည့်သလိုလို ယီးတီးယားတား ထင်မိလေ၏။ သို့ရာတွင် မောင်လှမောင်သည် မဖြစ်နိုင်သည့်အရာကို ပိပိထင်မိသည်တုများစွာ ဂရုမထားဘဲ မီးဖိုခန်းသို့ဝင်ပြီးလျှင် ဆော်ဒါပုလင်းတစ်လုံးကို ရှာယူ၍ ဇန်ခွက်၌ရောစပ်၍ ငှဲ့သောက်ပြီးနောက် အိပ်ခန်းသို့ဝင်ခဲ့လေ၏။

အိပ်ရာပေါ်တွင် စောင်ခြုံ၍ကွေးရင်း ဤမျှလောက် ကျကျနန ပြင်ဆင်ထားသော အိမ်ခန်းကြီးကို အဘယ်ကြောင့် အဖိုးချိုသာစွာနှင့် ငှားရမ်းနိုင်ဘိသနည်း၊ ထိုဘိုမသည် မည်သူလေနည်း၊ သူ့မှာ ယောက်ျားသနာများ ရှိလေသလောစသည့် စဉ်းစားစိတ်ကူးကာ အိပ်ပျော်၍သွားလေ၏။

နာရီ ပြန်တစ်ချက်ထိုးသည်နှင့် တပြိုင်နက် မောင်လှမောင်သည် ဝမ်းတွင်းမှ အူအသည်းကျွမ်းလောင်ဘိသကဲ့သို့ ပြင်းပြသောဝေဒနာကို ခံစားလျက် အိပ်ရာမှနိုးလာပြီးနောက် အသက်ရှူကျပ်လှသဖြင့် ရှိုက်ကာရှိုက်ကာ အိပ်ရာပေါ်၌ လိမ့်တွန့်လူးလိမ့်လျက်ရှိနေရာ ချွေးပေါက်တို့မှာလည်း နဖူးပြင်၌ ဇီးကင်းခန့်ပမာဏ ကျလျက်ရှိလေ၏။

တစ်ခဏမျှ ကြာလျှင် အပြင်းအထန် ချောင်းဆိုးပြန်သည်ဖြစ်





သောကြောင့် မခံရပ်နိုင်အောင်ရှိသဖြင့် ဘိုးတေကိုနှိုးမည်ဟု အိပ်ရာမှ အနိုင်နိုင်ကြဲ၍ ထလျက်ရှိစဉ် ဘိုတေးသည် အခန်းထဲသို့ဝင်လာပြီးလျှင် ဘရုဏာရှိသော မျက်နှာထားနှင့် မိမိ၏ဆရာအားကြည့်လျက် တောကိုနှိပ်ကာ . .

"ဘာဖြစ်တာလဲ ဆရာ . . ၊ ဆရာ ချောင်းဆိုးလွန်းအားကြီးလို့ ကျွန်တော်လန့်နိုးပြီး လာခဲ့ပါတယ်၊ တော်တော်နေသာရှိပြီလား ဆရာ" ဟု ကြင်နာသော အမူအရာနှင့်ပြောသောအခါ မောင်လှမောင်က မည်သို့မျှ ပြန်မပြောနိုင်သေးဘဲ ဘရန်ဒီအနည်းငယ်ကိုယူခဲ့စေရန် စေခိုင်းလိုက်လေ၏။

ဘိုးတေသည် ဘရန်ဒီအနည်းငယ်ကို ဖန်ခွက်နှင့်ယူလာ၍ သွားစေလုဘနန်းရှိနေသော မောင်လှမောင်၏ခံတွင်းသို့ အတင်းလောင်း၍ သွင်းလေရာ မောင်လှမောင်သည် အတန်ငယ် သက်သာခွင့်ရသည်နှင့် ခေါင်းအုံးများပေါ်၌မှီကာ ရှိုက်၍ ရှိုက်၍ ရှုလျက်ရှိလေသည်၊ တပည့်ဘိုးတေလည်း ဆရာ၏ ဝမ်းကြော၊ ဘေးကြော စသည်တို့ကို တတ်သရွေ့ မှတ်သရွေ့ နှိပ်နယ်လျက်ရှိရာ မောင်လှမောင်သည် ကောက်၍ရဘိသကဲ့သို့ ရုတ်တရက် ချောင်တခင် ဖြစ်ပေါ်ရခြင်း၏အကြောင်းကို ဆင်ခြင်တွေးတောလျက်ရှိလေ၏။

၎င်းနောက် ဝေဒနာသည် တဖြည်းဖြည်း ပျောက်သွားသည် ဖြစ်သောကြောင့် ချွေးများစိုရွှဲလျက်ရှိသော စွပ်ကျယ်အင်္ကျီနှင့် ရှပ်အင်္ကျီတို့ကိုချွတ်ပစ်၍ အသစ်လဲလှယ်လျက်ရှိရာ . .

တပည့် ။ "ဘယ့်နယ်လဲ ဆရာ၊ ပျောက်သွားပြီလား၊ ဘယ့်နယ် ရုက်ချင်းကောက်ရသလို ဖြစ်ရတာလဲ ဆရာ . .၊ ညဦးတုန်းက အကောင်းကြီးကပဲ"

ဆရာ။ ။ "အေးကွယ် . .၊ အသည်းကို မီးနှင့် မြိုက်သလို ပူလိုက် လောင်လိုက်တာ၊ ငါဖြင့် ကီစွချောချော အောက်မေ့မိတယ်၊ အခုတော့လည်း လူကောင်းပကတိ ဖြစ်သွားပြန်ပြီကွဲ့"

တပည့်။ ။ "ထူးထူးဆန်းဆန်း ရှိလိုက်တာ ဆရာ. .၊ ကျွန်တော်မှာ ရုနင်ကများဖြင့် အပုံကြီး စိုးရိမ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ ။ "နေဦးကွဲ့၊ ငါ အစားမှားမိတယ်၊ ငါညက ဘာများစားသလဲ"

တပည့်။ ။ "ဝက်နံရိုး စွပ်ပြုတ်ကယ်၊ အမဲသားဘီစတိတ်ကယ်၊ ဆိတ်သား ကတ်တလစ်ကယ်၊ ပုစွန်ထုပ်နှင့် မှိုနှင့်ချက်တဲ့ ဟင်းရယ်.."

ဆရာ။ ။ "ဩော်.. တန်တော့ ပေ့၊ မှိုဟင်းစားမိလို့ ထင်တယ်၊ မင့်ကုလားကြီးက နားမလည် ပါးမလည် မစားကောင်းတဲ့ မှိုတွေများ ဝယ်ချက်ကျွေးတယ် ထင်ပါရဲ့ကွယ်"

တပည့်။ ။ မဟုတ်ဘူးဆရာ၊ ညနေက မှိုသည်လာ ရောင်းလေတော့ ဆရာကြိုက်တတ်မှန်းသိတာနှင့် ကျွန်တော့်ကိုယ်တိုင် ဝယ်ပြီး အချက်ခိုင်းတဲ့ တောင်ပို့မှိုပါ ဆရာ၊ ကျွန်တော်လည်းပဲ စားမိ သေးတယ်၊ မှိုကြောင့်တော့ မဟုတ်နိုင်ပါဘူး ဆရာ"

ဆရာ။ ။ "ဒါဖြင့် ဒီ့ပြင် ငါဘာများ စားမိသေးသလဲ ကွဲ့"

တပည့်။ ။ "ဒီပြင်တော့ ကာဗီနစ်ခွက် ဆရာသောက် တာပဲ၊ နောက်တစ်ခွက်မှာတောင် ထမင်းချက်ကုလားကြီး ပြန်သွားနှင့်လေ တော့ ကျွန်တော်ကိုယ်တိုင် ရေနွေးကျိုပြီး ဖျော်ယူလာခဲ့ပါတယ် ဆရာ"

ဟု ပြောလေလျှင် မောင်လှမောင်မှာ ယင်းကဲ့သို့ ရုတ်တရက် ပျောက်သွားသော ရောဂါဆိုး၏ဖြစ်ပေါ်ရင်း အကြောင်းမူလကို စဉ်းစား၍ မရနိုင်သည်နှင့် မိမိ၌ငုတ်၍နေသော ရောဂါမျိုးများ ရှိလေသလော ဆရာဝန်ကိုပြရန် အကြံရပြီးနောက် မီးများကို ဘိုးတေအား ငြိမ်းစေလျှင် ဆက်လက်ကာ အိပ်ပျော်ခဲ့လေ၏။

နံနက်လင်းသည်နှင့် တပြိုင်နက် ဆရာဝန်ကိုပင့်ခေါ်ပြသလေရာ ဆရာဝန်သည် မောင်လှမောင်၏နံရိုးများကို လက်နှင့်ခေါက်ကြည့်၍ ရင် ဘတ်ကိုလည်း နားကြပ်နှင့်ကပ်ကာ နားထောင်ပြီးနောက် အပြစ်အနာ အဆာတစ်စုံတရာမျှ မတွေ့ရှိသည်နှင့် ပြုံးရယ်လျက်..

"တစ်ခွက်၊ နှစ်ခွက် များသွားလို့ အနေခက်သလိုလိုရှိတိုင်း ဆရာဝန်ကို ခေါ်လို့ရှိရင် ခြေကြွခပေးရတာနှင့် မလောက်ဘဲ ရှိလိမ့်မယ်





နည်းနည်းလွန်သွားတဲ့အခါမှာ လမ်းကို ကြွပ်ကြွပ်ကြီး လျှောက်ပစ်လိုက် ရင် အနိုးတွေ ကုန်သွားပါလိမ့်မယ်၊ ဆရာဝန် ခေါ်ခေါ်ပြီးပြမနေနှင့်၊ ဘာမှ ဖြစ်ပါဘူးဗျ။ လူလုံးလူတန်က ကျွဲပေါက်ကလေးလောက်ရှိနေတဲ့ လူမဲ့ တိုင်း.. ကျုပ်ပြန်မယ် ဗျာ" ဟု ပြော၍ မောင်လှမောင်ပေးသော ငွေစက္ကူ ကိုခေါက်၍ အိတ်တွင်းသို့ထည့်ပြီးနောက် ဆင်းသွားလေ၏။

ထိုနေ့ မောင်လှမောင်သည် ရုံး သို့သွားသောအခါ ဆရာဝန် ပြောသွား သော စကားများကို ကောင်းစွာ မကျေ နပ်နိုင်ဘဲ ဆရာဝန်ပြောသည့်အတိုင်း "လွန်" သောကြောင့်မဟုတ်၊ အကြောင်း တစ်စုံတရာ မုချရှိမည်ဟု စဉ်းစားစိတ်ကူး လျက်သွားလေရာ အိပ်မက်မက်ခြင်းများ ဖြစ်လေသလောဟူ၍လည်း စိတ်ကူးမိပြန် လေ၏။

> မောင်လှမောင်သည် ကြေးအိုး ကို ကြောက်ရွံ့ယိမ်းမရှိဟု မိမိကိုယ်ကို ဒိဒိ အားပေးပြီးလျှင် ရဲတင်းသော ဟန်အမူ အရာနှင့် မီးဖိုဝင်၍ ကြေးအိုးကလေး ကို မီးဖိုပေါ်မှယူ၍ မီးရောင်တွင် အဖုံးကို ဖွင့်ကြည့်ရာ တစ်စုံတစ်ရာမှ မတွေ့ ရှိ သဖြင့် မိမိကိုယ်ကို သနားသောနည်းသော အကောင်ဟူ၍ ပြုံးတင် ကြိမ်းမောင်းခဲ့ လေ၏။

ထိုသို့ စိတ်ကူးလျှောက်သွား စဉ် ကျောင်းနေဘက် သူငယ်ချင်း ဖြစ် သော ကောလိပ်ကျောင်း ဆရာတစ် ယောက်နှင့် ရုတ်တရက်တွေ့ဆုံမိကြသဖြင့် သူငယ်ချင်းဘဝ နေရေး ထိုင် ရေး လုပ်ရေး ကိုင်ရေးများအကြောင်းကို အပြန်အလှန် မေးမြန်းဖြေဆိုကြ ပြီးနောက် ထိုညဉ့်၌ ဟိုတယ်တစ်ခုတွင် ညစာစားဆုံကြရန် အချိန်းအချက် ပေးကြပြီးလျှင် ထွက်ခွာသွားကြလေ၏။

ထိုညဉ့်၌ သူငယ်ချင်းနှစ်ယောက်တို့သည် အချိန်းအချက်အတိုင်း တွေ့ဆုံစားသောက်ကြရင်း သူငယ်ချင်း ဘဝရေးဟောင်းနှောင်းဖြစ်များ ကို တစ်ယောက်တစ်လှည့် ပြန်ပြောင်းပြောဆိုကြပြီးနောက် ခွဲခါနီးတွင် မောင်လှမောင်က မိမိတိုက်ခန်း ခမ်းနားလှပကြောင်းကို သူငယ်ချင်းအား ပြလိုသော စိတ်ဖြစ်ပေါ်လာသည်နှင့် နက်ဖြန်ညနေ မိမိ၏အိမ်၌ ညစာစား သောက်ပါမည့်အကြောင်းနှင့် ဖိတ်ကြား၍ တိုက်နံပါတ်ကို ညွှန်ကြားပြီး လျှင် ခွဲခွာခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်လှမောင်သည် မိမိနေအိမ်သို့ ပြန်ရောက်သောအခါ ဆယ်နာရီထိုးပြီဖြစ်လေရာ ဘိုးတေက တံခါးကိုဖွင့်ပေး၍ တစ်စုံတစ်ရာအလို ရှိပါသေးသလောဟု မေးသဖြင့် မရှိကြောင်းပြော၍ အိပ်ခွင့်ပေးလိုက်ပြီးလျှင် မောင်လှမောင်သည် မအိပ်ချင်သေးသည်နှင့် သတင်းစာကိုဖတ်လျက် ရှိလေ၏။

တစ်ခဏမျှကြာလျှင် သမ်းဝေလာသည်နှင့် အပေါ်အင်္ကျီကို ချွတ်မည်ဟု ထိုင်ရာမှထလိုက်ရာ မီးဖိုတံခါးသည် ယခင်ကပိတ်ထားသည်ကို တွေ့မြင်လိုက်ပါလျက် တဖြည်းဖြည်း တရွေ့ရွေ့ပွင့်၍လာသည်ကို အနည်းငယ် အံ့ဩသော်လည်း လေဝင်၍ပွင့်လာခြင်းဖြစ်မည်ဟု များစွာဂရုမပြု သေးဘဲ ဆေးပြင်းလိပ်ကို မီးညှိမည်ဟု မီးခြစ်ကိုခြစ်ရင်း မီးဖိုခန်းတွင်းသို့ မျှော်ကြည့်လိုက်ရာ မီးခြစ်ရောဆေးလိပ်ပါ လက်မှလွတ်၍ ကျသွားလေ၏။

ကောင်းကင်ရှိ မှန်ပေါက်မှ လမင်းအရောင်သည် မီးဖိုခန်းအတွင်းသို့ ထိုးဝင်လျက်ရှိရာ ၎င်းအတွင်း၌ ဒန်အိုး ၊ဒယ်အိုး ၊ ယောင်းမ၊ ငရုတ်ဆုံ အစရှိသော ချက်ပြုတ်မှု ကိရိယာတို့ကို ထင်ရှားစွာ မြင်ရသည့်ပြင် မီးဖို ပေါ်၌ ဒန်းအိုးကြီးတစ်လုံးနှင့် ကြေးအိုးကလေးတစ်လုံးသည် တည်လျက် ရှိလေ၏။ မောင်လှမောင်ကြည့်နေခိုက်တွင် ကြေးအိုးကလေးသည် အနည်းငယ် စောင်းလာ၍ မောင်လှမောင်၏ဘက်သို့ မျက်နှာမူလျက် အဖုံးကို ဖြည်းညှင်းစွာလှုပ်ပြီးလျှင် ချောင်း၍ ကြည့်လေ၏။

စင်စစ်အားဖြင့် ထိုအခြင်းအရာသည် ပြူးတူးပြဲတဲနှင့် တစ္ဆေ သူရဲကို မြင်ရခြင်း မဟုတ်သောကြောင့် ထိတ်လန့်ဖွယ် မဟုတ်ငြားသော် လည်း အသက်မရှိသောကြေးအိုးသည် တံခါးကိုပွင့်စေပြီးနောက် အဖုံး ကိုလှုပ်၍ မိမိအားချောင်း၍ကြည့်သည်ကို လရောင်တွင်တစ်ယောက်တည်း မြင်ရသော မောင်လှမောင်မှာ ကျောများချမ်းပြီးလျှင် ပါးစပ်များစေးထိုင်း လျက် မလှုပ်ရှားနိုင်ဘဲ အတန်ကြာစိုက်ငေးလျက် ရှိလေ၏။

၎င်းနောက် မောင်လှမောင်သည် ကြေးအိုးကို ကြောက်ဖွယ်ကောင်း ဟု မိမိကိုယ်ကိုမိမိအားပေးပြီးလျှင် ရဲတင်းသော ဟန်အမူအရာနှင့် မီးဖိုခန်း ဝင်၍ ကြေးအိုးကလေးကို မီးဖိုပေါ်မှယူ၍ မီးရောင်တွင် အဖုံးကို လှစ်ကြည့် ရာ တစ်စုံတစ်ရာမှ မတွေ့ရှိသဖြင့် မိမိကိုယ်ကို သူရဲဘောနည်းသော အကောင်





ဟူ၍ ပြစ်တင်ကြိမ်းမောင်းခဲ့လေ၏။

ထို့နောက် မောင်လှမောင်သည် မီးဖိုခန်းမှထွက်လာခဲ့၍ တံခါး ကို ပိတ်ထားခဲ့ပြီးလျှင် အဝတ်များလဲလှယ်ပြီးနောက် မိမိ၏အိပ်ခန်းသို့ ဝင်ပြီးနောက် မနေနိုင်သဖြင့် မီးဖိုချောင်ဘက်သို့ လှမ်း၍ ကြည့်လိုက်ပြန် ရာ တံခါးသည် ပွင့်လျက် ကြေးအိုးကလေးသည် မီးဖိုပေါ်တွင် အဖုံးမစေ့ တစေ့ရှိနေပြန်သည်ကို လရောင်တွင် တွေ့မြင်ရပြန်လေ၏။

ထိုအခါ မောင်လှမောင်က . .

"အဖုံးပွင့်ချင် ပွင့်၊ ပိတ်ချင် ပိတ်၊ ကြေးအိုးဟာ ကြေးအိုးပါပဲ ကွယ်" ဟု မိမိကိုယ်မိမိ အားပေးပြောဆိုပြီးနောက် အိပ်ရာသို့ ဝင်လေ၏။

နံနက်လင်းသောအခါ ဧည့်သည်တစ်ယောက်ကို ညစာကျွေး မွေးရမည်ဖြစ်၍ တတ်နိုင်သမျှ ကောင်းမွန်စွာ ပြင်ဆင်ထားနှင့်ရန် ဘိုးတေ အား မှာကြားပြီးနောက် နံနက်စာစား၍အပြီးတွင် မောင်လှမောင်သည် ရုံး သို့ ထွက်သွားလေ၏။

ညနေခင်း၌ သူငယ်ချင်းကျောင်းဆရာ မောင်ဘဦးသည် ချိန်း ဆိုထားသည့်အတိုင်း အိမ်သို့မသွားဘဲ ရုံးသို့ဝင်လာရာ သူငယ်ချင်းနှစ် ယောက်တို့သည် နေအိမ်သို့ ပြန်လာကြပြီးနောက် ထမင်းချက်ကုလား လက်စွမ်းကုန် ချက်ပြုတ်ပြင်ဆင်၍ထားသော စားဖွယ်တို့ကို မြိန်ရှက်စွာ စားသောက်လျက်ရှိကြလေ၏။

စားပွဲ၌ထိုင်ခါစတွင် ကျောင်းဆရာမောင်ဘဦးသည် အနံ့အရသာ နှင့်ပြည့်စုံသော စားဖွယ်တို့ကို တစ်ပွဲပြီးလျှင်တစ်ပွဲ အရသာခံ၍နေသည် ဖြစ်သောကြောင့် စကားမပြောအားပဲရှိရာ စားသောက်၍ဝသည်နှင့် တပြိုင် နက် ကုလားထိုင်ပေါ်တွင် နောက်မှီကိုမှီလျက် ဤတိုက်ခန်း၏အခြေအနေ ကို အကဲခတ်ရင်း . .

**ဦး၊** ။ "ကိုယ့်လူက ဘိလပ်မြေမှ ပြန်လာခါစရှိ သေး၊ ဒီအခန်းမျိုး ဒီအိမ်ထောင်မှုမျိုးနှင့် သားသားနားနား ကျွေးနိုင်၊ မွေး နိုင်ရအောင် အမှုတွေသိပ်ပြီး ရနေထင်တယ်"

**မောင်၊** ။ ကုသိုလ်ပေါ့ ငါ့လူ . .၊ ဒီအခန်းကလည်း အလကားသာသာကလေးနှင့်ရထားတဲ့ အခန်းပဲ၊ ကျွေးတာမွေးတာမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငယ်သူချင်းလာတဲ့အခါမှာ ထမင်းချက်တဲ့ကုလားကို လက်စွမ်းကုန် ထုတ်ဖို့ မြှောက်ပေးလေတော့ ကုလားကြီးကသိပ်ပြီး လက်စွမ်းပြလိုက် ပုံပေါ်တယ်။

ဦး။ ။ (မယုံကြည်နိုင်သော မျက်နှာထားနှင့်)
"ဟုတ်နိုင်ပါ့မလား ကိုယ့်လူရယ် . .၊ ပန်းဆိုးတန်းလမ်းမှာ ဒီလိုအစန်းမျိုး အလကားသာသာနှင့် ရတယ်ဆိုလို့ ဟုတ်ပမလား ဆရာကြီးရယ်"

ဟု ပြောသဖြင့် မောင်လှမောင်က မိမိပေးရသည့် တိုက်လခကို ပြောပြသောအခါ မောင်ဘဦးသည် အလွန်အံ့သြ၍ အဘယ်အကြောင်းကြောင့် ဤမျှလောက် အဖိုးချိုသည်ကို နှစ်ယောက်သား တွေးတောကြသော်လည်း စိတ်ကျေနပ်အောင် မတွေးတောနိုင်သဖြင့် လက်လျှော့ပြီးလျှင် အခြားစကားများကို ဆက်လက် ပြောဆိုနေကြလေ၏။

ငယ်သူချင်းများဖြစ်သည့်အတိုင်း ပြောရန်စကား အလွန်များသဖြင့် စကားအမျှင်မပြတ်ဘဲ တစ်ယောက်တစ်လှည့် ပြောဆိုနေကြရာ မောင်ဘဦးသည် နာရီကိုကြည့်လိုက်သည်တွင် ဆယ့်နှစ်နာရီထိုးခါနီး ရှိနေသည်ကို မြင်သဖြင့် -

"အောင်မယ် . . ညဉ့်နက်လှပါပြီကော၊ စကားကောင်းလွန်းလို့ ဒီလောက် ညဉ့်နက်သွားမှန်းတောင် မသိဘူး။ ကိုင်း ကိုင်း . . ပြန်ဦးမှတော် မယ် ကိုယ့်လူရေ့၊ တစ်နေ့နေ့တော့ ကျုပ်ကလည်း ထမင်းကျွေးချင်ပါ သေးတယ်၊ သို့သော်လည်း ဒီအစန်းမျိုး ဒီထမင်းမျိုးတော့ မတတ်နိုင်ဘူး ပလေ၊ ကိုင်း . . ပြန်လိုက်ဦးမယ် မိတ်ဆွေ"

ဟု ပြောပြီးလျှင် သူငယ်ချင်းနှစ်ယောက်တို့ အခန်းတံခါး အနီးတွင်ရပ်ကာ နှုတ်ဆက်လျက်ရှိနေကြစဉ် ထူးဆန်းသော အသံတစ်ခုကို ရုတ်တရက်ကြားလိုက်ရသည်ဖြစ်၍ နှစ်ယောက်လုံး တန့်ရပ်လျက်ရှိကြ လေ၏။

ထိုအသံသည် မီးဖိုခန်းဆီမှလာသည်ဖြစ်ရကား ထမင်းချက် ကုလားကြီးမှာလည်း ပြန်သွားပြီဖြစ်၍ ဘိုးတေလည်း အိပ်ရာသို့ဝင်ကြောင်း သိသဖြင့် သူငယ်ချင်းနှစ်ယောက်တို့သည် ထိုအသံ၏အဓိပ္ပါယ်ကို နားမလည် ဘဲ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ ပါးစပ်ဟလျက် ရှိကြ





လေသည်။

ထို့နောက်မှ မောင်ဘဦးသည် ရယ်မောလျက် . .

"မီးဖိုပေါ်မှ အိုးကိုတည်ပြီး ရေဆူလို့အငွေ့တိုးထွက်တာ အဖုံးနှင့် အိုးနှုတ်ခမ်း ရိုက်တဲ့အသံကို ဘာသံများလဲလို့ လန့်နေသလား မောင်လှ မောင်ရယ် . .၊ မင့်တပည့်က သန်းခေါင်ကျော်မှ ရေနွေးကျိုပြီး ဘာများ လုပ်ဦးမလို့ပါလိမ့်တုန်း"

ဟု ပြောသောအခါ မောင်လှမောင်မှာ ဘိုးတေအိပ်ရာဝင်ပြီး ဖြစ် ကြောင်းကို သိရှိသည်ပြင် ယခင်ညဉ့်က အဖြစ်အပျက်ကို သတိရသည်နှင့် စိတ်မကျေဘဲ နားစွင့်လျက်ရှိလေ၏။

အသံမှာ ရပ်စဲခြင်းမရှိဘဲ ဆက်ကာဆက်ကာ မြည်လျက်ရှိလေ ရာ မောင်ဘဦးပြောသည့်အတိုင်း ရေဆူ၍ အငွေ့တိုးသဖြင့် ကရားအဖုံးနှင့် နှုတ်ခမ်းသော်လည်းကောင်း၊ တလစပ် ရိုက်သောအသံနှင့် တူလေ၏။

ယင်းကဲ့သို့ သူငယ်ချင်းနှစ်ယောက် နားစိုက်ထောင်နေကြသည် တွင် ရေပွက်ပွက်ဆူသော အသံကိုလည်း ကြားကြရလေ၏။ ထိုအခါ မောင် လှမောင်မှာ အတန်ငယ်ထိတ်လန့်၍လာသည်နှင့် မိမိတစ်ယောက်တည်း မီးဖိုသို့သွား၍ မကြည့်ဝံ့သောကြောင့် သူငယ်ချင်းကိုခေါ်လေရာ ထိုနေရာ နှင့် မီးဖိုမှာ အခန်းထောင့်စွန်း ကွယ်လျက်ရှိသဖြင့် မီးဖိုကို မမြင်ရသေးဘဲ ရှိလေ၏။

မောင်ဘဦးသည် ပထမ၌ ထိတ်လန့်သေးသည်ရှိသော်လည်း မောင်လှမောင်၏တုန်လှုပ်သော အမူအရာကို မြင်သည်နှင့် ကြောက်ရွံ့ခြင်း ကင်းဘဲ မောင်လှမောင်၏ နောက်မှလိုက်ပါလေရာ အခန်းထောင့်စွန်း ကို ကျော်လွန်မိကြသည်နှင့်တပြိုင်နက် ယခင်ကအသံသည် ရုတ်တရက် ရပ်စဲပြီးနောက် တစ်အိမ်လုံး ဆိတ်ငြိမ်လျက်ရှိလေ၏။

ထိုအခါ မောင်လှမောင်သည် မီးဖိုသို့မျှော်ကြည့်လိုက်ရာ မီးဖိုတံခါး သည်ပွင့်လျက် ကောင်းကင်ပေါက်မှ မီးဖိုတွင်းသို့ လရောင်ထိုးဝင်၍ မီးဖို ပေါ်၌ကား ကြေးအိုးကလေးသည်တည်နေလျက် အောက်၌ မီးမရှိသည့် အဖြစ်ကို တွေ့မြင်ကြရသောအခါ သူငယ်ချင်းနှစ်ယောက်တို့သည် တစ် ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အံ့အားသင့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်လှမောင်သည် အရဲစွန့်၍ မီးဖိုတွင်းသို့ ရှေ့ကဝင်သွားရာ မောင်ဘဦးလည်း နောက်မှလိုက်သွားလေ၏။

မီးဖိုတွင်းသို့ရောက်ကြလျှင် မောင်ဘဦးသည် နားမလည်နိုင်သော အမူအရာနှင့် မည်သည့်အရပ်မှ လေဝင်၍ ထိုအသံသည် မြည်လေသလောဟု ပြတင်းပေါက်စသည်တို့ကို ဖွင့်ချေပိတ်ချေပြု၍ စုံစမ်းကြည့်ရှုနေစဉ် မောင်လှမောင်မှာ ကြေးအိုးကလေးကို ဖွင့်၍ ကြည့်လေ၏၊ သို့ရာတွင် တစ်စုံတစ်ရာမှ မတွေ့ရဘဲ အိုးဟောင်းလောင်းကိုသာလျှင် တွေ့ရလေ၏။

ဦး။ ။ (နားမလည်နိုင်သော အမူအရာနှင့် ခေါင်းကို ကုတ်လျက်) "ဆန်းလှချည်းကလား ငါ့လူရယ်၊ တံခါးကြားက လေတိုးပြီး ဝင်ရင်လည်း ဒီအသံမျိုးတော့ ဖြစ်တတ်ပါလိမ့်မယ်၊ နို့ပေမဲ့ ပြတင်းတံခါးမှာလည်း ဘယ်ကမှ လေဝင်စရာ မရှိဘူးကွဲ့၊ အစဉ်းစားရ ခက်လိုက်တာ ငါ့လူရယ်"

မောင်။ ။ "ကြေးအိုးကလေးထဲမှာလည်း ဘာမှ မရှိဘူးကွဲ့၊ မီးဖိုမှာလည်း မီးမရှိဘူး၊ ဘယ်ဆီက ဘယ်လိုကြောင့် မြည်တဲ့ အသံရယ်လို့ ပြောပဲ မပြောတတ်ပါဘူးကွယ်"

ဦး။ ။ "ဟုတ်ပါရဲ့ကွယ်၊ သိပ်ပြီး ထူးဆန်းတာပဲ၊ ကိုင်း ကိုင်း . . ညဉ့်လည်း နက်လှပြီ၊ ငါပြန်လိုက်ဦးမယ်ကွယ်၊ ခြော် . . သို့သော် ဒီအသံအကြောင်းကို စုံစမ်းလို့ရတဲ့အခါကျတော့ ငါ့ဆီ တယ်လီဖုန်းဆက်ပြီး ပြောလိုက်စမ်းပါဦးကွယ်၊ ကိုင်း . . သွားဦးမယ်၊ သူငယ်ချင်း"

မောင်ဘဦး ပြန်သွားလျှင် မောင်လှမောင်သည် အိပ်ရာသို့ မဝင်သေးဘဲ ဧည့်ခန်းတွင် မိမိ၏မေးကိုကိုင်ကာ ထိုအသံဖြစ်ပေါ်ပုံကို စဉ်းစားလျက်ရှိရာ တစ်စုံတစ်ခုသည် ဆူပွက်လျက် ရှိသည် မှန်၏။

သို့ရာတွင် ပွက်သောအရာသည် ဘာလေနည်း၊ မီးဖိုကလာသည်နှင့် တူ၏၊ သို့ရာတွင် အကယ်ဟုတ်ပါ၏လား၊ မိမိတို့သွားသောအခါ၌ အဘယ်ကြောင့် ရုတ်တရက် ရပ်၍သွားလေသနည်း စသည်ဖြင့် မေးခွန်းများ ထုတ်လျက်ရှိနေစဉ် ယခင်ကအသံသည် တဖန်ထပ်၍ မြည်ပြန်လေ၏။

မောင်လှမောင်မှာ ထိတ်လန့်သွားပြန်သဖြင့် တစ်ကိုယ်လုံးတောင့်၍ သွားပြီးနောက် နားစိုက်၍ ထောင်ပြန်သည်တွင် အသံသည် ကျယ်လောင်သည်ထက် ကျယ်လောင်၍၊ ထင်ရှားသည်ထက် ထင်ရှားလာလေ၏။

> ➤ ➤ ➤
>
> ဆရာဝိုကာဗီတည်ဖွဲ့နှပ်တာမျိုး ကျွန်တော်လည်း သာသာတာနဲ့ ဝမ်းဘဲဥကလေးတစ်လုံး ဖြတ်စားလိုက်မယ်၊ စားပြီးလို့ ဘာမှမကြာသေးဘူး ဝမ်းထဲက မီးသတောက်တော့မလို မှုလိုက်လောင်လိုက်တာ ဆရာ၊ ဟိုနေ့က ဆရာဖြစ်တာနဲ့ တစ်နေ့စဲပါပဲ"

ထိုအခါမောင်လှမောင်မှာ များစွာ ကြောက်ရွံ့လာသော်လည်း မစံနှင်တတ်သော သဘောရှိသည်ဖြစ်သောကြောင့် ဖြစ်လိုရာဖြစ်စေ၊ မသိရလျှင် သိရအောင် စုံစမ်းမည်ဟု ထိုင်ရာမှ ထလာခဲ့လေ၏။

မီးဖိုသို့ မျှော်ကြည့်လိုက်သောအခါ မီးဖိုတံခါးသည် ပွင့်လျက်ရှိနေပြန်ရာ မောင်လှမောင်သည် အလွန်တော့ချမ်းသော်လည်း အရဲစွန့်၍ ခြေသံမကြားအောင် မီးဖိုဆီသို့လာခဲ့ရာ အနီးသို့ ရောက်လျှင် ကြေးအိုးက လေးသည် ထိုမှ ဤမှ ယိမ်းယိုင်လှုပ်ရှားလျက်ရှိသည်ကို မောင်လှမောင် တွေ့မြင်ရသောအခါ အံ့သြခြင်းမက အံ့သြလျက် အသက်မရှုဘဲ မလှုပ်မရှားရှိနေလေ၏။

ယင်းကဲ့သို့ ကြက်သေသေလျက် နားထောင်နေစဉ် ရေနွေးငွေ့ ခန်း၍ထွက်သောအသံသည် သရဲသူဘက်တို့ ပျော်ရွှင်စွာ သီချင်းဆိုသည့် အသံနှင့်တူ၍ စလောင်းနှင့်နှုတ်ခမ်းရိုက်သောအသံသည် စီးချက်လိုက်၍ ပေးသည်နှင့် တူလှသည်ဟူ၍ မောင်လှမောင်၏ စိတ်၌ မှတ်ထင်မိလေ၏။

ကြည့်ရင်း ကြည့်ရင်းနှင့်ပင် ကြောက်သည်ထက် ကြောက်လာသည် ဖြစ်သောကြောင့် မောင်လှမောင်သည် စိတ်ကိုတင်း၍ မီးဖိုတွင်းသို့ ဝင်သွားပြီးလျှင် ကြေးအိုးကို လှန်လှောကြည့်ရှုပြီးနောက် မိမိအသောက်လွန်၍ ထင်မိထင်ရာ ထင်ဟန်တူသည်၊ မြည်သော အသံမှာလည်း ဟင်းအိုးကို ကြွက်လှန်သောအသံဖြစ်မည် စသည်ဖြင့် မိမိကိုယ်ကို မိမိအားပေးပြီးလျှင် ဝီစကီတစ်ခွက်ကို ခပ်များများ ငုံ့သောက်ပြီးနောက် မီးဖိုသို့ ဆစ်ချက်နစ်ချက် လှမ်းကြည့်ပြီး အိပ်ခန်းသို့ အဆောတလျင် ဝင်သွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ နိုးလတ်သော် မောင်လှမောင်သည် ယခင်က အဖြစ်အပျက်များကို ပြန်လှန်စဉ်းစားမိသောအခါ ကြောက်စရာမရှိဘဲနှင့် ကြောက်ရွံ့မိသည်ဟု မိမိကိုယ်ကိုယ်မိမိ ရယ်မောကာ အပြစ်တင်ပြီးလျှင် အိပ်ရာမှထ၍ ရေချိုးမည်ဟု ဘိုးတေကိုခေါ်လိုက်ရာ ဘိုးတေမလာဘဲ ထမင်းချက်ကုလားကြီးသည် အပေါက်မှ ပြူး၍ကြည့်သည်ကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်လှမောင်သည် စိတ်တိုသော အမူအရာနှင့် . .

"ဘိုးတေ ဘယ်မှာလဲ . .၊ ဘိုးတေကို လွှတ်လိုက်ပါ" ဟု အော်ဟစ်ကာ ပြောလိုက်သောအခါ ကုလားကြီးက . .

"ဘိုးတေ အရှားနိမ်း . . ဆတ်၊ ဘီမားရဲ . . ဆတ်" ဟု ပြောသဖြင့် ဘိုးတေဖျားနေကြောင်းကို ကြားရသည်တွင် မောင်လှမောင်သည် အလွန်ချစ်ခင်သော အမူအရာနှင့် တပည့်ရင်းဖြစ်သောကြောင့် ဘိုးတေမှာ အိပ်ရာပေါ်၌ တွန့်လိမ်လူးလိမ့်လျက် သနားစဖွယ် ဝေဒနာအပြင်းအထန် ခံစားလျက်ရှိနေသည်ကို မောင်လှမောင်တွေ့မြင်ရလေလျှင် အလွန်တရာ စိုးရိမ်ပူပန်ခြင်းဖြစ်၍ ထမင်းချက်ကုလားကြီးအား ဘရန်ဒီ အနည်းငယ်ကို ယူစေပြီးလျှင် ခံတွင်းမှလောင်းချလေ၏။ ဘရန်ဒီဝင်ပြီးသည်နောက် တစ်ကောမျှကြာလျှင် ဘိုးတေသည်သက်သာခွင့်ရ၍ မိမိ၏ဆရာအား အားနာပါးနာနှင့် အိပ်ရာမှထ၍ ထိုင်လေရာ . .

ဆရာ။ ။ "ဘယ့်နယ်ဖြစ်တာလဲ ဟေ့ . . ဘိုးတေ၊ တစ်နေ့က ငါဖြစ်ပုံ ဖြစ်တာပါလား၊ ဘာများ စားမိလို့လဲကွယ်၊ ဖြစ်နေတာ ဘယ်လောက်ကြာပလဲ"

တပည့်။ ။ "ဒီလို ဆရာရဲ့ မနက်က ကျွန်တော် ခြောက်နာရီလောက် ထရော၊ ထတော့ ထမင်းချက်ကုလားကြီးလည်း မလာသေးဘူး။ ဒါနှင့် ဆရာဖို့ကာဖီတည်၍ နပ်ထားပြီးမှ ကျွန်တော်လည်း ဆာဆာနှင့် ဝမ်းဘဲဥကလေးတစ်လုံး ပြုတ်စားမိတယ်၊ စားပြီးလို့ ဘာမှမကြာသေးဘူး၊ ဝမ်းထဲက မီးထတောက်တော့မလို ပူလိုက်လောင်လိုက်တာ ဆရာ၊ ဟိုနေ့က ဆရာဖြစ်တာနဲ့ တစ်စနစ်ထဲပါပဲ"

ဆရာ။ ။ "ကိုင်း ကိုင်း . . အခု တော်တော်သက်သာ





လို့ရှိရင် ဆရာဝန် သွားပြပေတော့၊ ငါ စာရေးပေးလိုက်မယ်" ဟု ပြောပြီးလျှင် မိမိခေါ်နေကျဖြစ်သော ဆရာဝန်ထံ စာတစ်စောင်ရေး၍ ပေးလိုက်လေ၏။ တစ်နာရီခန့်ကြာလျှင် ဘိုးတေသည် ဆရာဝန်ထံမှ ပြန်လာရာ ဆရာဝန်ကြီးကဘိုးတေမှာ မည်သည့်ရောဂါမှမရှိကြောင်း အလွန်ကျန်းမာသော သူငယ်တစ်ယောက်ဖြစ်ကြောင်းနှင့် ဆရာဝန်ထံမှ စာကို ယူခဲ့လေ၏။

စာကို ဖတ်ကြည့်သဖြင့် အကျိုးအကြောင်းကို သိရှိရသောအခါ မောင်လှမောင် စဉ်းစားမိသည်မှာ ဘိုးတေနှင့် မိမိနှစ်ဦးလုံးမှာ အကြောင်းရှာဖွေ၍မတွေ့ဘဲ ရောဂါဆင်တူဖြစ်ရခြင်းအကြောင်းမှာ အသံများကြားရခြင်း၊ မီးဖိုတံခါး ဂဏာဂဏာ ပွင့်နေခြင်းမှစ၍ ထူးထူးဆန်းဆန်း ဖြစ်ပေါ်ရခြင်းအားလုံးတို့သည် ဤအိမ်ကြောင့် ဖြစ်ရချေသည်။

ယခင်က အိမ်ငှားများ ရွှေ့ပြောင်း၍ သွားသည်မှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်ဟန်တူချေသည် စသဖြင့် စဉ်းစားစိတ်ကူးရင်း နံနက်စာ ထမင်းစားသောက်ပြီးလျှင် ရုံးသို့ထွက်သွားလေ၏။

လမ်းခရီးတွင် သူငယ်ချင်း မောင်ဘဦးနှင့် တွေ့၍ . .

ဦး။ ။ "ဘယ့်နယ်လဲ မောင်လှမောင်၊ ဟိုအကြောင်း စုံစမ်းလို့ပေါ်ပြီလား"

မောင်။ ။ "မပေါ်သေးပါဘူး ငါ့လူရယ်၊ မပေါ်တဲ့အပြင် ထူးထူးဆန်းဆန်းတွေ ထပ်ပြီးဖြစ်နေပြန်ပါပြီ" ဟု ပြောပြီးနောက် မိမိ၌ ရုတ်တရက် ရောဂါဖြစ်ပေါ်ပုံအကြောင်းမှစ၍ မောင်ဘဦးပြန်သွားပြီးနောက် မိမိ၌ တစ်ယောက်တည်း မီးဖို၌ မြင်ရကြားရသော အခြင်းအရာတို့နှင့်တကွ ဘိုးတေ၏ရုတ်တရက် ရောဂါဖြစ်ပေါ်ပုံတို့ကို အလုံးစုံ ပြန်ပြောင်း ပြောပြလေ၏။ မောင်ဘဦးသည် စဉ်းစားတွေဝေနေသော အမူအရာနှင့် နားထောင်နေပြီးနောက် . .

ဦး။ ။ "ထူးဆန်းတာဖြင့် အင်မတန် ထူးဆန်းတာပဲဟေ့၊ မနေ့ညက ငါကိုယ်တိုင် မကြုံခဲ့ရရင်ဖြင့် ငါ့လူ နည်းနည်းလွန်သွားလို့ ထင်မိထင်ရာ မြင်မိမြင်ရာ မြင်နေတယ်လို့ မှချစွပ်စွဲပြီးသားပဲ၊ နို့ပေမဲ့ ဪ . . နေဦးတော့ ငါအကြံတစ်ခုရပြီ၊ သူငယ်ချင်းရေ . . ဒီကနေ့ည ငယ်ရှိကျော်ကျော်လောက် ငါလာခဲ့မယ်၊ ငါထင်တဲ့အတိုင်း ဟုတ်ဟုတ် စုံ



www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်ရအောင် မအိပ်နှင့်နဲ့ဦးနော်၊ ငါလာဖြစ်အောင် လာခဲ့မယ်၊ ကိုင်း .. သွားပေဦးကွယ်"

ထိုညဉ့်၌ မောင်လှမောင်သည် ညစာစားသောက်ပြီးနောက် သူငယ်ချင်းကို စောင့်ဆိုင်းရင်း စာတစ်အုပ်ကို ကောက်ယူဖတ်ရှုပါသော်လည်း စာ၌ စိတ်မစိုက်နိုင်ဘဲ မီးဖိုချောင်သို့သာ မကြာခဏ နားစိုက်မိသဖြင့် နောက်ဆုံး၌ စာအုပ်ကိုပစ်ချပြီးလျှင် ယခင်ကအဖြစ်အပျက်များကို ပြန်လှန်တွေးတောလျက် ရှိလေ၏။

ရံဖန်ရံခါ ထိုအသံကို ကြားပြန်ရသည်ဟု မှတ်ထင်သဖြင့် နားစိုက်၍ထောင်သောအခါ အကယ်အသံမဟုတ်၊ မိမိစိတ်ဆွဲလွန်းအားကြီး၍ ထင်ယောင်ထင်မှား ကြားမိခြင်းဖြစ်ကြောင်း သိရှိရလေ၏။

ဆယ်နာရီထိုးသည်နှင့်တပြိုင်နက် မောင်ဘဦးသည် အခန်းအတွင်းသို့ဝင်လာရာ ၎င်း၏နောက်မှ နားရွက်ဖားဖား ခါးရှိုးရှိုးနှင့် ခွေးကြီးတစ်ကောင်လည်း ပါလာခဲ့လေ၏။ မောင်လှမောင်သည် အရုပ်အဆင်းညှိုးဖျင်းသော ၎င်းခွေးကို စက်ဆုပ်သောအမူအရာနှင့်ကြည့်ပြီးနောက် ..

မောင်။ ။ "ငါ့လူ ခွေးမွေးဖို့ ဝါသနာပါသကိုး၊ ဝါသနာပါလို့ရှိရင်လည်း လှလှပပကလေးများ မွေးပါတော့ သူငယ်ချင်းရယ် .." ဟု ပြောလိုက်ရာ မောင်ဘဦးသည် ဖိုးတေမသွားသေးမချင်း မည်သို့မျှ ပြန်မပြောဘဲ သွားဖြဲကာရယ်လျက် ဘိုးတေထွက်သွားသည်နှင့် တပြိုင်နက် ..

ဦး။ ။ "မနက်က ငါပြောတဲ့ စုံစမ်းချင်တယ်ဆိုတာ ဒီဟာပဲ ကွဲ့" ဟု ခွေးကြီးကို မေးငေါ့လျက် ပြလေလျှင် မောင်လှမောင်မှာ နားမလည်သဖြင့် ပါးစပ်ဟလျက် ရှိနေလေ၏။ ၎င်းနောက် -

ဦး။ ။ "ကိုင်း .. လက်ဦးဆုံးကိစ္စက ခွေးကြီးကို အစာကျွေးဖို့ အရေးကြီးတယ်၊ ဆာနေရှာတယ်ကွဲ့ ..၊ မတွေ့ဘူးလား ကျောင်းတော်ဒရဝမ်ကုလားဆီက ငှားလာခဲ့တဲ့ ခွေးကြီးပဲ၊ အရုပ်တော့ ဆိုးတယ် မောင်၊ နို့ပေမယ့် ငါတို့ကိစ္စအတွက်တော့ အများကြီး အသုံးတော့ လိမ့်မယ်၊ ကိုင်း .. ဒါထက် အစာကျွေးဖို့ အရေးဘယ်နှယ့်လုပ်မလဲ"

မောင်။ ။ "မီးဖိုထဲမှာ အရိုးအရင်းတွေ ရှိမှာပေါ့ကွယ် နေပါဦး .. ဘိုးတေကို ငါခေါ်ခိုင်းပါ့မယ်"



ထူးဆန်းသော ကြေးအိုးကလေး



ဦး။ ။ "ဟေ့ .. နေပါစေ၊ မင့်ဘိုးတေကို ခေါ်ပါ နှင့်၊ ငါကိုယ်တိုင် ကျွေးပါမယ်၊ အမဲရွတ်ကလေး၊ ဘာကလေး ဆိုပြီး ကျွေးလိုက်ရင် ပြီးတာပဲ ကွယ်" ဟု ပြော၍ ထသွားလေလျှင် မောင်လှမောင်မှာ မောင်ဘဦးသည် ဘိုးတေကို အားနာ၍ မခိုင်းသည် မဟုတ်၊ တစ်စုံတစ်ရ အကြံရှိ၍ သူကိုယ်တိုင် အစာကျွေးလိုကြောင်း ရိပ်မိသည်နှင့် တားဆီးခြင်းမရှိဘဲ စာတစ်အုပ်ကိုဖတ်၍ နေရစ်လေ၏။

တစ်ခဏမျှကြာလျှင် မောင်ဘဦးသည် ခွေးကြီးနှင့်အတူ အိပ်ခန်းသို့ ထွက်လာခဲ့ရာ ..

မောင်။ ။ "ဒုက္ခရှာလိုက်တာ ငါ့လူရယ် ..၊ အရိုးကလေး၊ အရွတ်ကလေး ဒီအတိုင်း ကျွေးလိုက်ရင် ပြီးရောပေါ့၊ ကျိုပြီးနေရသေးသလား၊ မင်းခွေးက အုံ့ပွဲသွင်းရမယ့် ခွေးလည်း မဟုတ်ကွယ်"

ဦး။ ။ "အသာနေစမ်းပါ ငါ့လူရယ် ..၊ မင်း နားမလည်ပါဘူး၊ အချိန်တန်တော့ နွားပိန်ကန်ပါလိမ့်မယ်၊ ဟုတ်ဘူးလား .. ဘားဘို"

ဟုပြော၍ ကုလားထိုင်အောက်၌ ဝပ်နေသော ခွေးကြီးကို ခြေနှင့်တို့လိုက်ရာ ခွေးကြီးမှာ အလွန်ကျေနပ်သောအမူအရာနှင့် နှုတ်ခမ်းကို သွားနှင့်လျက်လျက် နေရာမှထ၍ မောင်ဘဦး၏မျက်နှာကို မော့ကြည့်လေ၏။ ၎င်းနောက် -

ဦး။ ။ "ဒီလို ကိစ္စမျိုးမှာ ဆယ်ခုအနက် ကိုးခုဟာတော့ အရင်းအမြစ်ကို စုံစမ်းလို့တွေ့တဲ့အခါမှာ ဘာမှ ထူးထူးဆန်းဆန်း မဟုတ်၊ ရိုးရိုးတန်းတန်းဖြစ်ကြောင်းကို တွေ့တတ်တာကိုး .. သူငယ်ချင်းရဲ့၊ သို့သော် ဆယ်ခုအနက်တစ်ခုဟာကတော့ ထင်တဲ့အတိုင်း ထူးထူးဆန်းဆန်းပဲ ဖြစ်တတ်တယ်၊ အခု ငါတို့ကိစ္စဟာ ကိုးထဲကပဲ ဖြစ်မလား ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့တစ်ခုထဲကပဲ ဖြစ်မလား၊ အမှန် မပြောနိုင်သေးဘူး၊ ငါ့အထင်တော့ဖြင့် အမှန်ထူးဆန်းလိမ့်မယ် ထင်တယ်၊ ကိုင်း . . ဆန်း၊ မဆန်း မကြာမီ ခွေးကြီးက ပြောပါလိမ့်မယ်"

မောင်။ ။ "နေပါဦး သူငယ်ချင်းရယ်၊ ခွေးကြီးကို မင်း ဘာများ လုပ်လာခဲ့သလဲ"

ဦး။ ။ "အမဲရွှတ်တွေ အမဲရိုးတွေကို မင့်ကြွေအိုးကလေးနဲ့ ထည့်ကျွေးပြီး ကျွေးလာခဲ့တာပါ" ဟု ပြောလိုက်သောအခါ မောင်လှမောင်မှာ မောင်ဘဦး၏ရည်ရွယ်ချက်ကို မရိပ်မိဘဲနှင့် ကြွေအိုးကလေးနှင့် ကျွေးသည်ဆိုကာမျှနှင့် ကျောများချမ်း၍ သွားပြန်လေ၏။

မောင်။ ။ "ကောင်းကောင်းနားမလည်ဘူး . . သူငယ်ချင်းရယ်၊ တဆိတ်ရှင်းအောင် ပြောပြစမ်းပါဦး၊ ဘယ်လိုရည်ရွယ်ချက်နှင့် ကျွေးတာလဲ"

ဦး။ ။ "ငါထင်တဲ့အတိုင်း မှန်ခဲ့လို့ရှိရင် မကြာခင် မင်းမြင်ပါလိမ့်မယ်၊ သို့သော် ဟုတ် မဟုတ်ကို မသိသေးခင် ငါ့ထင်မြင်ချက်ကိုတော့ ဖွင့်မပြောသေးဘူးကွ၊ နို့ပေမယ့် အကြံကိုတော့ ဖွင့်ပြောမှာပေါ့၊ ငါ့အကြံက ဒီလိုကွဲ့၊ ဆယ်နာရီလောက်ကျရင် မင်းရယ် ငါရယ် ခွေးကြီးရယ် မီးဖိုခန်းထဲ သွားစောင့်အိပ်မယ်၊ အိပ်တဲ့အခါမှာ ထူးထူးဆန်းဆန်းပြလို့ရှိရင်လည်း ငါတို့လည်း မြင်ရရော အမြစ်အရင်းကိုလည်း သိရရော၊ တကယ်လို့ ငါတို့ထင်တဲ့အတိုင်း သွေးရိုးသားရိုး မဟုတ်ဘဲ တစ္ဆေချောက်တာ ဖြစ်ခဲ့လို့ရှိရင်လည်း ခွေးကြီးက ပြလိမ့်မယ်၊

ခွေးတို့ကြောင်တို့ဆိုတာ တစ္ဆေကို လူများ မမြင်ခင် မြင်နိုင်တယ်လို့ မင်းကြားဖူးတယ် မဟုတ်လား၊ ကိုင်းသည်တော့ ခွေးကြီးက တစ္ဆေကို မြင်မမြင် တကယ့်တစ္ဆေဟုတ် မဟုတ်ကို . ."

ဟု ပြော၍ မဆုံးမီ ခွေးကြီးသည် ကုလားထိုင်အောက်၌ တငြိမ်တခပ်ခပ်ရှိနေရာမှ ရုတ်တရက် ကြမ်းပေါ်၌လူးလိမ့်ပြီးလျှင် မျက်လုံးများပြူးလျက် နှုတ်သီးမှ ညည်းညူပြီးလျှင် အဆိပ်တုံးမိဘိသကဲ့သို့ တွန့်လိမ်ကောက်ကွေးလျက် ရှိလေ၏။

ထိုအခါ မောင်လှမောင်သည် မိမိနှင့်ဘိုးတေတို့ ဖြစ်စဉ်အခါ





ရောဂါကိုသတိရ၍ ဘရန်ဒီအနည်းငယ်ကို ခွေးကြီး၏ပါးစပ်ထဲသို့ လောင်းထည့်လိုက်ရာ ခွေးကြီးမှာ တဖြည်းဖြည်း သက်သာရာရ၍ နောက်ဆုံး၌ ငြိမ်ဝပ်စွာရှိသည့်အခါမှာ သူငယ်ချင်းနှစ်ယောက်တို့မှာ တစ်ယောက်၏မျက်နှာတစ်ယောက်ကြည့်လျက် ရှိကြလေ၏။

ဦး။ ။ (ခွေးကြီး၏ခေါင်းကို လက်ဖြင့် သပ်ပေးလျက်) "ငါတွေးတဲ့အတိုင်း တိုက်နေတာပဲ သူငယ်ချင်းရေ့..၊ ခွေးကြီးကိုလည်း သနားပါရဲ့ကွယ်၊ သို့သော် ငါထင်တဲ့အတိုင်း ဟုတ် မဟုတ် သိရအောင် မင်းကြွေအိုးထဲ အမဲရွှတ်ထည့်ပြီး ခွေးကြီးကိုကျွေးကြည့်နေတာကွဲ့၊ အခုတော့ ဘာလဲဆိုတော့ ဒီကြွေအိုးထဲမှာ တစ်စုံတစ်ခုထည့်ပြီး စားပြုတ်စားသောက်တဲ့လူဟာ ဒီရောဂါမျိုးဖြစ်ရမယ်ဆိုတာ သိရတယ် မဟုတ်ဘူးလား"

မောင်။ ။ "ဟုတ်ပုံပေါ်တယ် သူငယ်ချင်းရေ . .၊ ဒါဖြင့် ဒီကြွေအိုးကို ဂလိုင်သုတ်တုန်းက အဆိပ်များ ပါသွားလေရော့သလား၊ မောင်ဘဦးရယ် . ."

ဦး။ ။ "ဒီလိုလဲ ငါမထင်ဘူးကွဲ့၊ သို့သော် ဒီဟာအသာထားလိုက်ဦး၊ မီးဖိုထဲမှာ သည်ကနေ့ည ငါတို့စောင့်ပြီး အိပ်ဖို့အရေးက ရှိသေးတယ်" ဟု ပြောလျက်ရှိစဉ် ဘိုးတေသည် ဆော်ဒါပုလင်းများနှင့် အခန်းတွင်းသို့ ဝင်လာ၍ "တစ်စုံတစ်ရာ အလိုရှိပါသေးသလား" ဟု မေးသဖြင့် မောင်လှမောင်က ယနေ့ညအတွက် အလိုမရှိသဖြင့် အိပ်ခွင့်ပြုလိုက်သောကြောင့် ဘိုးတေလည်း ထွက်သွားလေ၏။

သူငယ်ချင်းနှစ်ယောက်တို့သည် မိမိတို့စုံစမ်းနေသည့်အကြောင်းကို ဘိုးတေ မသိစေလိုသည်ဖြစ်၍ ၎င်းအိပ်ပျော်သည်တိုင်အောင် နာရီဝက်ခန့် စောင့်ဆိုင်းပြီးလျှင် ဆယ်နှစ်နာရီထိုးသည်နှင့်တပြိုင်နက် မီးဖိုခန်းသို့ သွားရန်ပြင်ဆင်ကြလေ၏။

မောင်ဘဦးသည် အိပ်ပျော်စပြုနေသော ခွေးကြီးကိုနှိုးပြီးလျှင် မီးဖိုသို့သွားကြလေရာ မီးဖိုတံခါးသည် ထုံးစံအတိုင်းပွင့်လျက်ရှိသော်လည်း မီးဖိုအတွင်း၌ကား ဆိတ်ငြိမ်စွာရှိနေလေ၏။ သူငယ်ချင်းနှစ်ယောက်တို့သည် မိမိတို့ပွေ့ယူလာခဲ့သော သင်ဖြူးများ၊ ခေါင်းအုံးများတို့ကို ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်အနီး မီးဖိုနှင့်ဝေးသော ထောင့်တစ်ခု၌ ခင်းကျင်းကြလေ၏။

ငင်းတို့၏အကြံမှာ ထိုနေရာမှထိုင်၍ မီးဖိုပေါ်၌ရှိသော ကြေး ကလေးနှင့် တံခါးတို့ကို စောင့်ဆိုင်း ကြည့်ရှုရန် ဖြစ်လေသည်၊ နေ ထိုင်ခင်းများ ပြင်ဆင်ပြီးနောက် တံခါးကို ပိတ်မည်ပြုကြသောအခါ ခွေး မပါသည့်အဖြစ်ကို သိရှိကြသဖြင့် မောင်ဘဦးသည် မီးဖိုတံခါးပေါ်မှ ရ လျက် ခွေးကိုခေါ်လေရာ ခွေးကြီးသည် တရှူးရှူးနှင့် အနံ့ခံလျက် မော ဘဦးခေါ်ရာသို့ လာပြီးမှ မီးဖိုစန်းအနီးသို့ရောက်သည်နှင့် တပြိုင်န လှည့်၍ ပြန်ပြေးလေ၏၊ ထိုအခါ မောင်ဘဦးက ..

"ဘယ့်နှယ်လဲ မောင်လှမောင် .. ဘာနံ့များရတယ် မဆိုနိုင်ဘူ အနားရောက်ကာရှိသေး .. ချာခနဲ လှည့်ပြေးတာပဲ" ဟု ပြောပြီးနောက် ခွေ ကြီးကို ချော့မော့၍ခေါ်ပြန်လေရာ ခွေးကြီးသည် မလာချင်၊ လာချင်န အနီးသို့ရောက်သည်နှင့်တပြိုင်နက် မောင်ဘဦးက လည်ပတ်ကို ကိုင်ချ ၍ မီးဖိုစန်းတွင်းသို့သွင်းခဲ့ပြီးလျှင် တံခါးကို ပိတ်ထားလိုက်လေ၏။

ငင်းသူငယ်ချင်းနှစ်ယောက်တို့သည် ခွေးကြီးကို အလယ်မှထား လျက် စောင့်ဆိုင်းကြည့်ရှုနေကြရာ ခွေးကြီးသည်ဝပ်၍မအိပ်ဘဲ ခြသေ့ထိုင် ထိုင်လျက် ဦးခေါင်းကို မော့ကာ တရှူးရှူးနှင့် အနံ့ခံလျက် ထိတ်လန့်တ ရှိသော မျက်လုံးတို့ဖြင့် ထက်ဝန်းကျင်အရပ်တို့ကို လှည့်လည် ကြည့်ရှု နေလေ၏။

ကောင်းကင်ရှိ မှန်ပေါက်မှ လရောင်ကလေးသည်လည်း မှေ မှိန်စွာထိုးဝင်လျက်ရှိခဲ့ရာ တစ်အိမ်လုံးမှာလည်း ဆိတ်ငြိမ်စွာရှိနေလေ၏ သူငယ်ချင်းနှစ်ယောက်တို့သည် ခွေးကြီး၏အမူအရာကို အကဲခတ်ရင်း ဆေးပြင်းလိပ်များကို ဖွာလျက်၊ စကားမပြောဘဲ စောင့်ဆိုင်းနေကြ အခန်းသည် ကြာလေ ကြာလေတိုး၍ ဆိတ်ငြိမ်လေလေဖြစ်ပြီးလျှ နောက်ဆုံး၌ မိမိတို့၏အသက်ရှူသံများနှင့် ရင်တွင်းမှာ တဒိန်းဒိန်း၊ တ ဒိုင်း ခုန်မြည်သည့်အသံတို့ကိုပင် ကြားရလေ၏၊

ထိုအချိန်သည် တန်ခူးလရာသီဖြစ်သဖြင့် အလွန်ပူအိုက်သည် အခါဖြစ်သော်လည်း ထိုအခန်းတွင်း၌ ရှိသောလေသည် တဖြည်းဖြည် အေးမှန်းမသိ အေး၍ လာလေရာ၊ နောက်ဆုံး၌ ပြာသိုလရာသီကဲ့သို့ နို





တ်တုန်မတတ် ချမ်းအေး၍ လာခဲ့လေ၏၊

ခွေးကြီးမှာလည်း ချမ်းအေးရာသဖြင့် အမွေးများဖွာ၍တက်လာ ရာ ငင်း၏ဦးခေါင်းမှာမူ အနည်းငယ်မျှ အငြိမ်မနေဘဲ အရပ်လေးမျက်နှာ တို့ကို လှည့်ကာ အနံ့ခံလျက်ရှိလေ၏၊

အလင်းမှထွက်လာသည်မှာ ကြာပြီဖြစ်သောကြောင့် သူငယ်ချင်း နှစ်ယောက်တို့၏မျက်စိများသည် မှောင်မိုက်၍အကျင့်ရပြီးလျှင် လရောင် သည် တဖြည်းဖြည်း လင်း၍ လင်း၍ လာသည်ဟု မှတ်ထင်ရပြီးလျှင် အိုး စို၊ ခွက်ရိပ် အစရှိသော အရိပ်ကလေးတို့သည်လည်း မဲမှောင်သည်ထက် မဲမှောင်၍လာသည်ဟု ထင်မှတ်မိကြလေ၏။

ထိုခဏ၌ မောင်ဘဦးသည် ချောင်းတစ်ချက်ဆိုးလိုက်လေရာ မြန်းသံကဲ့သို့ မြည်ဟိန်းသည်ဟူ၍ မောင်လှမောင်၏စိတ်၌ ထင်မိလေ ၏ ထိုအခါ မောင်လှမောင်မှာ ကြောက်ရွံ့လျက်ရှိသည်အတွင်း ထိတ်လန့် ၍သွားပြန်သည်နှင့် မောင်ဘဦး၏လက်ကို ဆုပ်ကိုင်လိုက်သည်နှင့် တပြိုင် က်ခွေးကြီးသည် ပြင်းစွာတုန်လှုပ်သည့် အမူအရာနှင့် တစ်ချက်မျှ ညည်း ပြီးလျှင် တံခါးရှိရာသို့ ရုတ်တရက် လှည့်၍ စိုက်ကြည့်နေလေ၏။

ထိုအခါ သူငယ်ချင်းနှစ်ယောက်တို့သည် တစ်ယောက်၏လက် ကို တစ်ယောက်ကိုင်လျက် မည်သည့်အသံကို ခွေးကြီးကြားလေသနည်း ဟု နားစိုက်ကာထောင်ကြပါသော်လည်း မည်သည့်အသံကိုမျှ မကြားရချေ။

သို့ရာတွင် ခွေးကြီးကြားရသည်မှာကား ငင်း၏အမူအရာဖြင့် သင်ရှားလှပေ၏၊ ခွေးတို့မည်သည်မှာ မသက်သာသည့်အသံ၊ တစ်စုံတရာ ကို ကြားရသောအခါ တစ်ခါတည်းထွက်၍ စုံစမ်းကြည့်ရှုမြဲဖြစ်သော်လည်း ဤခွေးကြီးမှာမူ အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိဘဲ လည်ကိုဆန့်ကာ တံခါး ကို စိုက်လျက်ကြည့်နေလေ၏၊

ထိုခဏ၌ မောင်ဘဦးသည် မောင်လှမောင်အား ခွေးကိုကြည့် ရန်၊ သတိပေးလိုက်ရာ ခွေးကြီးသည် တံခါးကိုကြည့်ရင်း ပြာ၍ပြာ၍သွား ပြီးလျှင် နောက်ဆုံး၌ ကြမ်းပေါ်တွင် အလျားလိုက်ဝပ်ပြီးနောက် တစ်ကိုယ် လုံး ဆတ်ဆတ်တုန်လျက် ရှိလေ၏၊

ယင်းသို့ရှိသည်နှင့်တပြိုင်နက် တံခါးသည်အပြင်ဘက်မှ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညှင်းသော အသံတစ်ခုကို ကြားရသည်ဟု သူငယ်ချင်းနှစ်ယောက်တို့ မှတ်ထင်ရလေရာ ထိုအသံမှာ တံခါးတစ်ခုကို လူသူမကြားစေလိုသဖြင့် ဖြည်းညှင်းစွာဖွင့်ပိတ်ခြင်းမှာ လျှို့ဝှက်သည့်လက္ခဏာပါသည်ဖြစ်သောကြောင့် သူငယ်ချင်းနှစ်ယောက်တို့မှာ သာ၍ပင် တုန်လှုပ်ခြင်း ဖြစ်ကြလေ၏။

ဂင်းနောက် အသံသည် ငြိမ်သက်၍သွားလေရာ သူငယ်ချင်းနှစ်ယောက်တို့၏စိတ်၌ တစ်စုံတစ်ယောက်သည် အခန်းပြင်မှ မိမိတို့အားချောင်း၍ ကြည့်နေသည်ဟု မှတ်ထင်မိကြလေသည်။

ထိုခဏ၌ ခွေးကြီးသည် ကြောက်အားကြီးလှသည်ဖြစ်၍ ခေါင်းအုံးများ၏အကြားထဲသို့ တိုးဝင်လိုက်သည်နှင့်တပြိုင်နက် အသံတစ်ခုကို ကြားရပြန်လေ၏။ ထိုအသံမှာ တစ်စုံတစ်ယောက်သည် အိမ်ရှေ့မှမီးဖိုဆီသို့ ဖြည်းညှင်းစွာ ခြေဖျားထောက်၍လာသည့်အသံ ဖြစ်သည်ဟု မှတ်ထင်ကြရလေ၏။

ထိုအသံသည် မီးဖိုအနီးသို့ ကပ်၍ကပ်၍ လာလေလေ၊ သူငယ်ချင်းနှစ်ယောက်တို့မှာ တိုး၍တိုး၍ လာခဲ့လေရာ ထိုခြေသံသည် ပေါ့ပါးသည့် တစ်စုံတစ်ခုသော အရာဝတ္ထုကို ကြမ်းပေါ်၌ ဒရွတ်ဆွဲ၍လာသည့် အသံနှင့် တူလှသည်ဟူ၍လည်း ထင်မှတ်မိကြလေ၏။

ထိုခဏ၌ တရုတ်မ ရေမွှေးနံ့တို့သည်လည်း အခန်းတွင်းသို့ တိုးဝင်၍လာလေရာ သူငယ်ချင်းနှစ်ယောက်တို့မှာ ကြောက်လွန်းအားကြီးလှသည်နှင့် ခံတွင်းများခြောက်လျက် တစ်ယောက်၏လက်ကို တစ်ယောက် စေ့စေ့ပါအောင် ဆုပ်ကိုင်ပြီးလျှင် တအီအီ ညည်းညူလျက်ရှိသည့် ခွေးကြီးကို မျက်လုံးများပြူးကာ စိုက်၍ ကြည့်နေကြလေ၏။ ခွေးကြီးသည် ကြမ်းနှင့်မေးထိသည်တိုင်အောင် ပြားပြားဝပ်လျက်ရှိရာမှ ဦးခေါင်းကို တဖြည်းဖြည်းထောင်ပြီးလျှင် ပေါက်၍ထွက်မတတ် ပြူးနေသော မျက်စိတို့နှင့် မော့ကြည့်လေ၏။

ထိုခဏ၌ မီးဖိုတံခါးသည် ရုတ်တရက်ပွင့်သွားလေရာ ခွေးကြီးသည် တစ်စုံတစ်ယောက်ဝင်လာသည်ကို မြင်သည့်လက္ခဏာနှင့် ကြမ်းမှ ငါးပေခန့်မြင့်သောအရပ်သို့ မျှော်ကြည့်ပြီးလျှင် ၎င်း၏မျက်လုံးများသည် မီးဖိုတံခါးဆီမှမီးဖိုဆီသို့ တဖြည်းဖြည်းရွေ့၍ရွေ့၍ ကြည့်ပြီး လိုက်သွားလေ၏။

ထိုအချိန်၌ကား ကောင်းကင်ပေါ်မှလရောင်သည် မီးဖိုပေါ်၌ရှိသော ကြေးအိုးကလေးပေါ်သို့ တည့်တည့်ထိုးဝင်လျက်ရှိရာ သူငယ်ချင်းနှစ်ယောက်တို့သည် ခွေးကြီး မျှော်ကြည့်ရာသို့ မျှော်ကြည့်၍ မီးဖိုသို့ရောက်သည်နှင့်တပြိုင်နက် ကြေးအိုးစလောင်းကို ဖြည်းညှင်းစွာဖွင့်သည့်အသံကို ကြားရပြီးသည့်နောက် တစ်ခဏ၌ ကြေးအိုးနှုတ်ခမ်းမှ အငွေ့တို့သည် ခြောင်းခြောင်းပန်း၍ ထွက်သည်ကို မြင်ကြရပြန်လျှင် ကြေးအိုးတွင်းမှ ပွက်ပွက်ဆူသံများကိုလည်း ကြားကြရလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ မောင်လှမောင်မှာ အကောင်အထည် မမြင်ရဘဲနှင့် အနံ့ပေးခြင်း၊ အနီးကပ်၍ အသံကြားရခြင်း၊ အငွေ့တခြောင်းခြောင်း မြင်ရခြင်း အစရှိသည်တို့ကို ကြုံတွေ့ရသည်ဖြစ်သောကြောင့် အူတွင်းမှလှိုက်လဲလာသည့်တိုင်အောင် စိမ့်၍ ကြောက်သည်နှင့် အော်ဟစ်ကာ ထွက်ပြေးလေ၏။ မောင်ဘဦးနှင့်ခွေးကြီးတို့သည် ၎င်း၏နောက်မှ ထက်ကြပ်မကွာ ပြေး၍လိုက်လာကြလေ၏။

အိမ်ရှေ့ဧည့်ခန်းသို့ ရောက်ကြလျှင် မောင်လှမောင်နှင့် မောင်ဘဦးတို့သည် ကုလားထိုင်တစ်ခုံစီထိုင်လျက်၊ စကားမပြောနိုင်ဘဲ မောဟိုက်ကာ ရှိနေကြလေ၏။ ခွေးကြီးမှာလည်း လျှာများထွက်အောင် မောဟိုက် ရှိနေလေရာ မီးဖိုခန်းဆီမှ ထိုအသံသည်လည်း ရပ်နားခြင်းမရှိဘဲ ဘွက်ဘွက် ဘွက်ဘွက်နှင့် မြည်အော်လျက်ရှိလေ၏။

ထိုသူနှစ်ယောက်တို့၏စိတ်၌ ၎င်းအသံမှာ မိမိအား မိအောင်ချောင်း၍ ဖမ်းသောသူများကို အနိုင်ရသဖြင့် နှစ်သက်အားရသည့် လက္ခဏာနှင့် ရယ်မောသောအသံပါသည်ဟု မှတ်ထင်မိကြလေ၏။ ကြောက်အားကြီးသဖြင့် အသက်ကို အောင့်ထား၍ ဖြစ်ပေါ်သော မောပန်းခြင်း အနည်းငယ် ပြေပျောက်ကြလေလျှင် -

ဦး၊ ၊ "ဒီတစ်ခါဖြင့် ငါတို့ရှုံးပေါ့.. မောင်လှမောင်၊ ခုံမကာဘူး၊ ငါဖြင့် အိမ်ကိုတောင်မပြန်ဝံ့ဘဲ ခုတင်ပေါ်မှာ နှစ်ယောက်အိပ်တတ်လို့ရှိရင် ကြမ်းပေါ်မှာသာ ငါဖို့နေရာပြင်ပေးပေတော့ သူငယ်ချင်းရေ"





www.burmeseclassic.com

www.burmeseclassic.com



မောင်း ။ "နှစ်ယောက်အတူတူ အိပ်တာပေါ့ကွယ် ဒါထက် နေပါဦးကွယ်၊ မင်းဘယ်လို သဘောရသလဲ၊ ငါတို့မြင်တဲ့အတိုင်း အမှန်ပဲလို့ မင်းထင်သလား"

ဦး။ ။ "ကိုယ်တိုင်မြင်တာကို အမှန်မထင်၊ ဘယ် နယ် ထင်ရဦးမှာလဲကွဲ့"

မောင်။ ။ "ဒါဖြင့် ဒီကိစ္စမှာ ဒီတင် လက်လျှော့ ပေါ့လေ"

ဦး။ ။ "နေဦးကွဲ့၊ မင့်လူ ဘိုးတေကို ငါတစ်ချက် မေးချင်သေးတယ်၊ ဒီအကြောင်းကို သူလည်း ရိပ်မိဟန်တူတယ်၊ ကြေးအိုး နှင့်ထည့်ပြီး ခွေးကျွေးနေတုန်းက ဘိုးတေက မီးဖိုပေါက်က လာရပ်ကြည့် ပြီး ကြေးအိုးကိုကြည့်ပုံ၊ သူ့မျက်နှာထားပုံကို ငါတယ်ပြီး မသင်္ကာဘူး ပေမယ့် ငါက မမြင်ချင်ယောင်ပြုနေလိုက်တယ်၊ လိုရင်းမှာတော့ ဒီကိစ္စမှာ ဒီကြေး အိုးကလေးဟာ အရေးအကြီးဆုံးပဲကွဲ့၊ သို့သော် ဒီကနေ့ညတော့ တော် လောက်ပါပြီကွယ်၊ ညဉ့်လည်း နက်လှပါပြီ၊ အိပ်ကြပါစို့ရဲ့.."

နံနက်လင်းသောအခါ သူငယ်ချင်းနှစ်ယောက်တို့သည် အိပ်ရာ မှထကြပြီးနောက် ထမင်းစားခန်းတွင်ထိုင်နေကြစဉ် ဘိုးတေသည် ကော် နှစ်ခွက်နှင့်ဝင်လာ၍ တစ်ခွက်စီရှေ့၌ တည့်လျက်ရှိနေစဉ် မောင်ဘဦး သည် ဘိုးတေ၏မျက်နှာကို ရုတ်တရက်မော့ကြည့်၍ –

"ဟေ့ .. ဘိုးတေ၊ ဒီကာဖီကို ကြေးအိုးကလေးနှင့်ထည့်ပြီး ကျို သလား ဟေ့.." ဟု မေးလိုက်လျှင် ဘိုးတေသည် ပထမ၌ လန့်၍သွားသက သို့ ဖြစ်သွားပြီးမှ မောင်ဘဦး၏မျက်နှာကို စေ့စေ့ကြည့်လျက် –

တေ ။ ။ "ဆရာလည်း သိနေသလား၊ ကောင်း လေရဲ့ဆရာ၊ ကျွန်တော်လည်း ထင်ရဲ့သားနှင့်၊ အရှူးဆိုခံရမှာစိုးလို့ မပြော ဝံ့ဘူး ဆရာရဲ့.."

မောင်။ ။ "ဘာလဲဟေ့ .. ဘိုးတေ၊ မင်းလည်းမြင် သလား၊ ဘာများ မင်းမြင်ရသလဲ"

တေ။ ။ "ကျွန်တော် ပြောချင်နေတာ အရူးအခေါ် ရမှာစိုးလို့၊ ပြောကို မပြောမိခဲ့ရပါဘူး ဆရာ၊ ကျွန်တော်ပြောချင်နေ





ကြာလှပါပြီ၊ လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်အတွင်းမှာဖြင့် ဒီအိမ်မှာ နေနေရ တာ ကျွန်တော့်စိတ်ထဲ ငရဲပြည်နေရသလို အောက်မေ့မိတယ်"

ဦး ။ "ပြော စမ်းပါဦးကွယ်၊ အော် .. ဟေ့ နေဦး၊ တို့ညက မင်းဆရာကို ကာဖီကျိုတာ လက်ဖက်ရည်ကရားနှင့်ကျိုသလား၊ ကြေးအိုးနှင့် ကျိုသလား.."

ဟေ့ .. အိုးကြီး မင်း သိသလောက် ပြောစမ်း မပြောရင် ကြေးအိုးထဲကို ဝက်သားထည့်ချက်ပြီး မင်းကို အတင်းကျွေးမယ်" ဟုပြော လျက် ဘိုးတေသည် ဒီလိုလို သွားမည် ပြုလေလျှင် ဂုလားကြီးသည် မျက်လုံး မှာပြူးအောင် ထိတ်လန့်သွားလျက် ..

တေ။ ။ "လက် ဖက်ရည်ကရားက လက်ဖက်ခြောက်ခံပြီး ကျွန်တော် လက်ဖက်ရည်ကြမ်း သောက်နေတာနှင့် ကြေးအိုးကလေး နှင့် ကျိုတယ် ဆရာရဲ့"

ဦး။ ။ "ဟိုနေ့ နံနက်က မင်း ဝမ်းဘဲဥ ပြုတ်စား တော့ကော .."

တေ။ ။ "ဒီ ကြေးအိုးကလေးနှင့်ပဲ ပြုတ်စားမိတယ် ဆရာ.."

ဦး။ ။ "ကိုင်း ကိုင်း .. ဒီကြေးအိုးကလေး အကြောင်း မင်းသိသလောက် ပြောပြစမ်းပါဦးကွယ်"

တေ။ ။ "ဒီလို ဆရာ ..၊ ဆရာနေမကောင်းတဲ့ ည တုန်းက ဆရာ့အခန်းက ကျွန်တော်ပြန်လာတော့ မီးဖိုထဲကလိုလို၊ ရေနွေး ဆူသံလိုလို ကျွန်တော်ကြားရတာကို၊ ဆရာ၊ ကြားတော့ ကျွန်တော်က ထမင်းချက်ကုလားကြီးများ မီးမသတ်ခဲ့ဘဲနှင့် ရေနွေးအိုးများ တည်ပစ်ခဲ့ သလားလို့ မီးဖိုထဲသွားကြည့်တော့ မီးဖိုထဲလည်း ရောက်ကရော အသံ လည်း ရပ်သွားရော ဆရာ ..၊ တိတ်လို့ ငြိမ်လို့ ဘာသံမှ မကြားရဘူး။

ဒီတော့ ကျွန်တော် နည်းနည်းလန့်သွားတယ်၊ နို့ပေမယ့် အိပ်ချင် မူးတူးဖြစ်နေလို့ ထင်ပါရဲ့လေလို့ ကျွန်တော့်အခန်းသို့ ကျွန်တော်ပြန်ဝင် ပြီး အိပ်မယ်လို့လုပ်တော့ ခုနက အသံကြားရပြန်ရော .. ဆရာ၊ သည် တော့ ကျွန်တော်က ဘာကြောင့် ဒီအသံ ခဏခဏ မြည်နေပါလိမ့်ပလို့ ခြေသံမကြားအောင် အသာကလေးထွက်ပြီး ချောင်းဖမ်းမယ်ပို့ မီးဖိုထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ လှမ်းကြည့်လိုက်တော့ လားလား . . ဆရာရေ့ ကြေးအိုးကလေးနှင့် အဆမတန်ဘူး။ ရေအိုး ပွက်လိုက်သလို တဘွက် ဘွက် ဆူနေတာပဲ၊ ကျွန်တော် အရက်လည်း မသောက်တတ်ပါဘူး ဆရာ”

မောင်၊ ၊ “အေးပါလေ . . ဟုတ်ပါတယ်၊ ငါသိပါတယ်၊ ဆက်ပြောစမ်းပါဦး၊ သည်တော့ မင်းက ဘယ့်နယ်လုပ်သလဲ”

တေ၊ ၊ “ဒီတော့ ကျွန်တော်က ကြောက်တော့ဖြင့် သိပ်ပြီးကြောက်တာပဲ ဆရာ၊ နို့ပေမယ့် ဒီကြေးအိုးကလေးက ငါ့ကိုကိုက်စားနိုင်တာ မဟုတ်ဘူးလို့ ကိုယ့်စိတ်ကိုယ်တင်းပြီး မစံချင်တာနှင့် ဖွတ်ဝင်သွားတာကိုး ဆရာ . .၊ ကျွန်တော်လည်း အခန်းထဲရောက်ကရော အသံလည်း တိတ်သွားပြန်ရော ဆရာ၊ မီးခိုးလည်း တဆိတ်မှ မထွက်တော့ဘူး။

ကြေးအိုးကို ကျွန်တော်က စမ်းကြည့်တော့လည်း အေးလို့ တော်လို့ ဆရာ၊ ဒီတော့ ကျွန်တော် စိမ့်ကြောက်လာလို့ ကျွန်တော်အခန်းထဲ ဝင်ပြေးပြီး ခေါင်းမြီးခြုံအိပ်လိုက်ပါရော ဆရာ၊ မနက်လင်းတော့ ညကမြင်ရတဲ့ ဥစ္စာဟာ ငါ့စိတ်ကထင်ရတဲ့ ဥစ္စာပဲ၊ ဒီကြေးအိုးကို ငါ ဘာဂရုစိုက်ရမလဲ ဆိုပြီး ကြေးအိုးထဲ ဝမ်းဘဲဥ ထည့်ပြုတ်စားလိုက်သေးတယ် ဆရာ၊ ဝမ်းဘဲဥလည်း စားပြီးရော ဆရာမြင်တဲ့အတိုင်း အလူးအလဲ ဖြစ်ရပါရော ဆရာ။

ဒါနှင့် ကျွန်တော်က ဒီကြေးအိုးက ကာလီကမာ ကြေးအိုးပဲလို့ အမှိုက်ပုံထဲ ယူပစ်ထည့်လိုက်တာကိုး . . ဆရာ၊ ညကျတော့ ဒီကြေးအိုး ပြန်ရောက်နေပြန်ပြီး ရောက်နေရုံမကဘူး။ ဆရာက ခွေးစာကျွေးပြီး ကျွေးနေလိုက်သေး၊ ကျွန်တော်က ညကတည်းကိုက ပြောချင်တာ၊ မပြောဝံ့လို့ သာ အသာအောင့်နေလိုက်ရတယ်၊ ကျွန်တော်ဖြင့် ရွှေထွက်မယ်ဆိုတောင် ဒီကြေးအိုးမထိဝံ့ဘူး ဆရာ၊ ဆရာတို့လည်း ကျွန်တော် တောင်းပန်ပါရစေ နောက်တစ်ခါသွားပြီး မထိကြနှင့် ဆရာ . .”

ဦး၊ ၊ “မင်းပြောတာမှန်တယ် ဘိုးတေ . .၊ ဒီကြေးအိုးနှင့်ထည့်ပြီး ချက်ပြုတ်တဲ့ဟာစားတဲ့သူတိုင်း အလူးအလဲဖြစ်ရမှာချည်းပဲကွဲ့၊ သို့သော် ဒီကြေးအိုးမှာ အထွေးပွထွေ တစ်ခုခုရှိလိမ့်ဦးမယ်၊ မောင်လှမောင် ပြောပုံတော့ ဒီပစ္စည်းတွေအားလုံးဟာ အိမ်ရှင်ပစ္စည်းချည်းပဲ ဟုတ်စ”

မောင်၊ ၊ “အေး . .”





ဦး၊ ၊ “အိမ်ရှင်က ဘယ်သူလဲကွဲ့”

မောင်၊ ၊ “အိမ်ရှင်က ဘိုမတဲ့ ကွဲ့ ဘိလပ်ပြန်သွားပြီတဲ့၊ ထမင်းချက်တဲ့ကုလားကြီးဟာ ဒီဘိုမဆီမှာ ထမင်းချက်ဖူးတယ်တဲ့၊ သူ့များ မေးရရင် သိမလား မဆိုနိုင်ဘူး”

ဟု ပြောလျက်ရှိစဉ် အခန်းပြင်မှ ခြေသံကြားသည်နှင့် ဘိုးတေသည် ကန့်လန့်ကာကို ရုတ်တရက် ဖယ်၍ ကြည့်လိုက်ရာ ထမင်းချက် ကုလားကြီးသည် ချောင်းမြောင်းနားထောင်နေရာ မိသွားသည့်လက္ခဏာဖြင့် ရုက်ကိုးရုက်ကန်းနှင့် ထွက်သွားမည်ပြုသည်တွင် ဘိုးတေက လက်ကို ဆွဲထား၍ -

“ကုလားကြီးက ချောင်းပြီး နားထောင်နေတယ် ဆရာ . .” ဟု ပြောသဖြင့် မောင်လှမောင်က အခန်းတွင်းသို့ခေါ်ခဲ့ရန် အမိန့်ပေးလေ၏။

အခန်းတွင်းသို့ရောက်လျှင် ကုလားကြီးသည် မလုံသောမျက်နှာထားနှင့် တစ်ယောက်ပြီးတစ်ယောက် ကြည့်၍ အကဲခတ်ပြီးသည်နောက် မသက်သာသည်ဖြစ်၍ -

ဦး၊ ၊ “ဟေ့ . . ဘူတာကြီး၊ ဒီကြေးအိုး အကြောင်းကို မင်းသိမှန်း ငါသိတယ်၊ ပြောရင်ပြော မပြောရင် . .”

ကုလားကြီး၊ ၊ “မသိဘူး ဆပ်၊ ကျွန်ုပ် ဘာမှ မသိဘူးဆပ်”

တေ၊ ၊ “အလကား ညာတာ . . ဆရာ၊ ကေ့ ဒီကောင်ကြီး သိလိမ့်မယ်ဆရာ၊ နေမကောင်းတုန်းက မနက်ကျလို့ သူ့ကို ကျွန်တော်ပြန်ပြောတော့ သူက ရယ်နေတာ ကျွန်တော်မြင်တယ် ဆရာ”

“ဟေ့ . . အဖိုးကြီး၊ မင်းသိသလောက် ပြောရင်ပြော၊ မပြောရင် ကြေးအိုးထဲကို ဝက်သားထည့်ချက်ပြီး မင်းကို အတင်းကျွေးမယ်” ဟုပြောလျက် ဘိုးတေသည် မီးဖိုသို့သွားမည်ပြုလေလျှင် ကုလားကြီးသည် မျက်လုံးများပြူးအောင် ထိတ်လန့်သွားလျက် -

“မလုပ်ပါနဲ့ ဆပ်၊ ပြောပါ့မယ် ဆပ်” ဟု ပြောသဖြင့် မောင်လှမောင်က ဘိုးတေကိုခေါ်လိုက်ရာ ဘိုးတေသည် အခန်းတွင်းသို့ ပြန်၍ ဝင်လာလေ၏။

၎င်းနောက် ထမင်းချက်ကုလားကြီးသည် မပြောချင် ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြော၍ ပြသည်မှာ တိုက်ရှင်သခင်မသည် အရုပ်အဆင်းလှ၍ အရွယ် ငယ်ငယ်ရှိရာ လင်ယောကျ်ားမှာ ဥစ္စာကြွယ်ဝသော အဘိုးကြီးတစ်ယောက် ဖြစ်ကြောင်း၊ ဘိုမသည် မျောက်မများစွာထားတတ်ကြောင်း၊ လင်ငယ်များ အနက်တစ်ယောက်မှာ ဆေးဆရာဝန်ဖြစ်ကြောင်း၊ တစ်နေ့သ၌ ဆရာဝန် လင်ငယ်က မိန်းမအား စက္ကူတစ်ရပေးနေသည်ကို ကုလားကြီးက ချောင်း ကြည့်သဖြင့် မြင်ရကြောင်း၊ တစ်နေ့သောအခါ စက္ကူထုပ်တစ်ရကို တွေ့ သဖြင့် ကောက်ယူကြည့်ရှုရာ ဖြူဖြူအမှုန့်ကလေးများ ကပ်လျက်ရှိသည် ကို တွေ့ရကြောင်း၊

မကြာမီအတွင်း လင်ဖြစ်သူအဖိုးကြီးသည် မကျန်းမမာရှိကြောင်း ထိုအခါ မယားဖြစ်သူသည် နေ့ရောညဉ့်ပါ စောင့်ရှောက်ပြုစုခဲ့ကြောင်း တစ်ခါတစ်ရံ အဘိုးကြီးစားလိုသောအစာများကို ညကြီးမင်းကြီးဖြစ်သော် လည်း ကိုယ်တိုင်ထ၍ ချက်ပြုတ်ကျွေးကြောင်း၊ အဘိုးကြီး၏ရောဂါသည် တစ်နေ့တခြားတိုး၍ လာကြောင်း၊ အဖိုးကြီးကိုကုသောဆရာဝန်မှာ လင်ငယ် ဆရာဝန်ပင်ဖြစ်ကြောင်း၊ အဖိုးကြီးအခန်းမှ ထွက်လာကြသောအခါ နှစ် ယောက်သား ရယ်မောပြောဆိုနေသည်ကို ခဏခဏတွေ့ရကြောင်း၊

မကြာမီအတွင်း အဖိုးကြီးသေဆုံး၍ သင်္ဂြိုဟ်လိုက်ကြကြောင်း နောက်မကြာမီ နှစ်ယောက်သားစကားပြောနေသည်ကို ချောင်း၍ နား ထောင်ရာ "သေတမ်းစာ" ဟူသော စကားတစ်ခွန်းသည် ၎င်းတို့ပြော သော စကားများတွင် ထပ်ကာ ထပ်ကာ ပါသည်ကို ကြားရကြောင်း၊ ၎င်း နောက် ဆရာက မိမိရှိသမျှပစ္စည်းကို သခင်မအား သေတမ်းစာတွင် လွှဲ အပ်ပေးခဲ့သည်ဟု အခြားအစေခံများ ပြောသံကြားရသည်။

တစ်ညဉ့်သ၌ သခင်မသည် ဆရာဝန်အတွက် ကာဖီကို မီးဖိုထဲ သို့ သူကိုယ်တိုင်ဝင်၍ ကျိုကြောင်း၊ နောက်တစ်နေ့၌ ဆရာဝန်သေဆုံး သည်ဟု ကြားရကြောင်း၊ အခြားဆရာဝန်များက နလုံးရောဂါကြောင့် သေဆုံးသည်ဟု ထွက်ဆိုကြကြောင်း၊ ၎င်းနောက်မကြာမီအတွင်း သခင် သည် သခင်တစ်ယောက်နှင့် ဘိလပ်သို့ ပြန်သွားကြောင်း၊ ဤအခန်းထဲ မိမိအား အပ်ထားခဲ့ကြောင်း၊ ပထမ အိမ်ငှားများနေသောအခါ ကြေးအိုး ကလေးအကြောင်းကို မသိသေး ကြောင်း၊ တစ်နေ့သ၌ ကြေးအိုး







းနှင့် ကြက်ဥပြုတ်မိသောအခါ သားတို့ အလူးအလဲဖြစ်ကြောင်း၊ က်တစ်ဦးမှာ ထိုနည်းအတိုင်း ၍ ထွက်ပြေးကြကြောင်း၊ သိရ ည်။

ထိုအခါမှသာ ကြေးအိုး ကြောင်းကို မိမိသိရကြောင်း၊ က်လာသောလူများကိုမူ ကြေးအိုး လေးနှင့်ထမင်းချက်ပေး၍ ထွက် ကြကြောင်း၊ ထိုကဲ့သို့ပြုလုပ်ရခြင်း ကြောင်းမှာ ဤအခန်း၌ လူမနေသောအခါ မိမိမှာ အိမ်တောင်ပစ္စည်းများ ကြည့်ရှုမှတ်တိုက်သည့်အတွက် လခရကြောင်း၊ လူနေသည့်အခါ၌မှု မရကြောင်း၊ ချက်ပြုတ်နိုင်မှသာလျှင် ချက်ပြုတ်ရကြောင်း၊ လူမရှိသော ခါ လခကို သက်သက်သာသာရသည်။

သို့ဖြစ်၍ လူမနေနိုင်အောင်လုပ်၍ လွှတ်ကြောင်း၊ ယမန်နေ့ တ်က ကြေးအိုးသည် အမှိုက်တောင်းထဲသို့ရောက်နေသဖြင့် ကောက် တင်ထားလိုက်ရကြောင်း စသည်ဖြင့် ပြောဆိုပြီးလျှင် မောင်လှမောင်က ်ကျေနပ်သောအမူအရာနှင့် ကုလားကြီးကိုအပြင်သို့ထွက်ရန် အမိန့် လိုက်၏။

၎င်းနောက် ဘိုးတေအား ကြေးအိုးကလေးကိုယူခဲ့စေပြီးလျှင် ာင်လှမောင်သည် စိစိညက်ညက် ကျေအောင်ထုပြီးနောက် အုတ်ခဲကြီး ဆွဲ၍ မြစ်ထဲသို့ စွန့်ပစ်ရန် စေခိုင်းလိုက်လေ၏။ ထိုနေ့မှစ၍ ထိုအခန်း ရေပွက်သံ၊ ကြေးအိုးမြည်သံတို့ကို တစ်ကြိမ်တစ်ခါမျှ မကြားရတော့ဘဲ ာင်းမွန်ချမ်းမြေ့စွာ နေထိုင်ကြရလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ဖန်ပိုင်းယားပြည်ကြီးငါး Vampire Squid



ဖန်ပိုင်းယားပြည်ကြီးငါး Vampire Squid တွေဟာ အပူပိုင်းနဲ့ သမပိုင်းပင်လယ်ပြင်တွေမှာ နေထိုင်ကြပါတယ်၊ သူတို့ဟာ ပင်လယ် ရေနက်ပိုင်းမှာနေထိုင်တဲ့ စပ်သေးသေးအကောင်လေးတွေဖြစ်ပြီး ရေဘဝဲ လို Cephalopod မျိုးနွယ်ဝင်တွေဖြစ်ပါတယ်၊

သူတို့ဟာ အရှည်ဆုံး (၃၀)စင်တီမီတာလောက်သာ ရှိပါတယ် (၁၅)စင်တီမီတာလောက်ကြီးတဲ့ ခန္ဓာကိုယ်ဟာ ကတ္တီပါသားလို အနက် ရောင်ရင့်ရင့်ကနေ အနီနုနုအထိ အလင်းရောင်ရရှိမှုအပေါ် မူတည်ပြီး အရောင်ပြောင်းလဲတာ တွေ့ရှိရပါတယ်၊

သူတို့မှာ လက်ရှစ်ချောင်းရှိပြီး လက်တွေကို ရေယက်ပြားနဲ့ ဖြူ လို ချိတ်ဆက်ထားပါတယ်၊ ဖြူလွှာရဲ့အတွင်းပိုင်းကတော့ အနက်ရောင် ဖြစ်ပါတယ်၊ ခန္ဓာကိုယ်နဲ့ဝေးရာမှာရှိတဲ့ လက်တွေမှာ စုပ်ခွက်တွေရှိပါတယ် သူတို့ရဲ့ကြည်လင်လုံးဝိုင်းတဲ့ မျက်လုံးတွေကတော့ အနီရောင်၊ ဒါမှမဟုတ် အပြာရောင်ဖြစ်ပါတယ်၊

ဒါက အလင်းရောင်ပေါ်မူတည်ပြီး အရောင်ပြောင်းလဲတာဖြစ် ပါတယ်၊ အနက်ရောင်ခန္ဓာကိုယ်၊ ပင့်ကူအိမ်လို ဖြူလွှာနဲ့ အနီရောင်






မျက်လုံးများကြောင့် သူတို့ကို ဖန်ပိုင်းယားပြည်ကြီးငါးလို့ အမည်ပေးထား တာဖြစ်ပါတယ်၊ သူတို့က သွေးစုပ်လို့ မဟုတ်ပါဘူး၊

ဒါပေမယ့် ဖန်ပိုင်းယားပြည်ကြီးငါးတွေဟာ အလင်းရောင်အားနည်း တဲ့ ပင်လယ်ရေပြင်အနက် မီတာ(၆၀၀)မှ (၉၀၀)အတွင်းမှာ နေထိုင် ကြပါတယ်၊ အဲဒီလိုနေရာတွေဟာ ကမ္ဘာ့ပင်လယ်ပြင်ရဲ့ အောက်ဆီဂျင် ရရှိမှု အနိမ့်ဆုံးနေရာတွေလည်း ဖြစ်ပါတယ်၊ ပြီးတော့ ဖန်ပိုင်းယားပြည် ကြီးငါးတွေဟာ အောက်ဆီဂျင်(၃)ရာခိုင်နှုန်းလောက်သာရှိတဲ့နေရာတွေ မှာ နေထိုင်နိုင်ကြပါတယ်၊

သူတို့မှာ မှင်ထုတ်တဲ့အိတ်တွေလည်း ပါဝင်ပါတယ်၊ ကြောက် လန့်တဲ့အခါမျိုးမှာ လက်ထိပ်ဖျားတွေကနေ အပြာရောင်အလင်းထွက်တဲ့ အလုံးတွေ မရေမတွက်နိုင်အောင် ထုတ်လွှတ်ပါတယ်၊ ဒီလိုနည်းနဲ့ အန္တရာယ် ပေးနိုင်သူကို တားမြစ်တာဟာ (၁၀)မိနစ်လောက်ကြာမြင့်တဲ့အတွက် သူ တို့ဟာ ဝေးဝေးလံလံ ကူးခတ်စရာမလိုဘဲ ဖြူလွှာနဲ့ ကိုယ်ရောင်ဖျောက် နိုင်ကြပါတယ်၊

သူတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို Photophores လို့ခေါ်တဲ့ အလင်းရောင်ထုတ်လွှတ်တဲ့အင်္ဂါတွေနဲ့ ဖုံးအုပ်ထားပါတယ်၊ အဲဒီ Photo- phores တွေဟာ စက္ကန့်ပိုင်းအနည်းငယ်ကနေ မိနစ်ပိုင်းထိကြာအောင် ပြိုးပြိုးပျက်ပျက် အလင်းရောင်တွေထုတ်လွှတ်နိုင်ကြပါတယ်၊ ဒါပေမယ့် ဖန်ပိုင်းယားပြည်ကြီးငါးတွေဟာ အလင်းရောင်အားနည်းတဲ့နေရာမှာသာ နေထိုင်တာကြောင့် သူတို့ရဲ့အရောင်ပြောင်းလဲမှုက အသုံးမဝင်လှပါဘူး၊





www.burmeseclassic.com

www.burmeseclassic.com

# တောကြမ်း

မောင်မြင့်မား(ဗိုလ်ကလေး)

- တောကြမ်းထဲတွင် ဆင်ရိုင်းအုပ်နှင့် ရင်ဆိုင်တွေ့လေသောအခါ..
- ပစ်လိုက်တာက ချောတစ်ကောင်၊ ကြားလိုက်တာက လူအော်သံနှင့်

သားကောင်ကောက်လေသောအခါ ရရှိတာက ..။





www.burmeseclassic.com

www.burmeseclassic.com





“တခြားသားကောင်ထ...
သင်ပစ်လို့ရရင် ပိုကောင်းတာပေါ့ ...
စွယ်ကို အိမ်မှာ အလှချိတ်ထားချင်တာ”

“အရေးပိုင်ကြီး အရင်တုန်း...
ကရော သင်ပစ်ဘူးပါသလား”

“ဟော ‥ ဒီလိုတော့ ...
တစ်ခါမှ မပစ်ရသေးဘူး”

“ဒါဆိုရင်တော့ မပစ်...
အကောင်းဆုံးပါပဲ”

မုဆိုးကြီးဦးတက်ခေါင်က ဦးဆောင်ကာ ရိုးမတောအတွင်း... ရှိဘက်လာရသော်လည်း ဦးတက်ခေါင်က စိတ်ပါလှသည် မဟုတ်။ တော... အမဲလိုက်အလုပ်ဆိုသည်မှာ အပျော်သဘောဖြင့် ထွက်ကြသောသူမျာ... အဖို့ သားကောင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပစ်ခတ်ရလျှင်ပြီးရော... ပေမယ့် ဦးတက်ခေါင်တို့လို ဝါရင့်မုဆိုးကြီးအဖို့ ထိုကိစ္စမျိုးကို ရှောင်သည်

ကျည်တစ်တောင့်၏တန်ဖိုးကို အလေးထားသည်၊ မလွဲမရှော... သာမှ ကျည်ကိုသုံးသည်၊ သုံးလျှင်လည်း အကျိုးရှိအောင် သုံးသည်။

နောက်တစ်ချက်က တောပစ်ထွက်တော့မည်ဆိုလျှင် မိမိဇနီး... လွဲ၍ မည်သူမျှ မပြော၊ ဇနီးတောင်မှ မပြောမဖြစ်လို့ ပြောရခြင်းဖြစ်သည်... မိမိနှင့်အဖော်လိုက်မည့်မုဆိုး (သို့မဟုတ်) တပည့်ကိုလည်း စိတ်တူကိုယ်... စည်းကမ်းရှိသူကိုသာ ခေါ်တတ်သည်။ စကားများများပြောသူကိုပင် မကြိုက်...

တောဆိုသည်မှာ အင်မတန်လျှို့ဝှက်သည်၊ နက်နဲသည်၊ တ... တောများက နတ်ကြီးသည်၊ အမှားအယွင်း လုံးဝ သည်းမခံတတ်၊ ... မြောက်ပသပြီးမှသာ တောပစ်၍ရသည်၊ တင်မြောက်ပသတာတော... အမှားအယွင်းရှိလျှင် အနှောင့်အယှက်တွေ့တတ်သေးသည်။





ဆိုတော့၊ မုဆိုးကြီး ဦးတက်ခေါင် ခေါင်းနောက်မည်ဆိုတာတာလည်း နောက်ချင်စရာ။ တောပစ်မည်ဆိုသောအဖွဲ့က ဦးတက်ခေါင် အပါအဝင် (၈) ယောက်တိတိ၊ စားစရာသောက်စရာ အပြည့်အစုံ၊ အနားယူစရာ ရွက်ထည်တဲတောင် ပါလိုက်သေးသည်၊ တောစီးဖိနပ်၊ မုန်ပြောင်းကင်မရာ၊ ချက်ပြုတ်စားသောက်ဖို့ မီးဖို၊ အမဲလိုက်သည်နှင့်မတူ ပျော်ပွဲစားထွက်သည်နှင့် တူနေသေးသည်။

သစ်တောအရေးပိုင်ကြီးက လူလွှတ်၍တစ်မျိုး၊ လူကိုယ်တိုင် တစ်ဖုံလာခေါ်နေသောကြောင့် မဖြစ်မနေလိုက်ခဲ့ရခြင်း ဖြစ်သည်၊ ဦးတက်ခေါင်၏ သေနတ်မကောင်းလျှင် သစ်တောအရေးပိုင်ကြီးထံမှ အကူအညီတောင်းနေကြဖြစ်သောကြောင့် ကျေးဇူးရှိ၍ ဖြစ်သည်၊ ဦးတက်ခေါင်က တပည့်ဖြစ်သူ စောဂျိမ်းကို အပြေးအလွှားသွားခေါ်ရသည်။

အရေးပိုင်ကြီးနှင့်အတူထွက်လာကြတော့ တောပစ်အဖွဲ့သည် တောလိုက်ထွက်လာကြသည်နှင့်မတူ၊ သူတို့ပုံစံမှာ ရှင်လောင်းလှည့်လာသလို တစီတတန်းကြီး ဖြစ်နေသည်။

နေပွင့်ပြီဖြစ်သော်လည်း သစ်ရွက်သစ်ခက်၊ မြက်ပင်များပေါ်တွင်ရှိသော နှင်းစက်များက မပျောက်သေး၊ နေရောင်ခြည်တန်းက သစ်ပင်သစ်ကိုင်းကြားမှ မြေပြင်ပေါ်သို့ ထိုးကျနေသည်၊ အရေးပိုင်က ဆေးပြင်းလိပ်ခဲကာ တပြုံးပြုံးဖြင့် ဟိုငေးသည်ငေး လျှောက်လာသည်၊ သူ့တပည့်များကလည်း ပါလာသော သေနတ်များကို တရမ်းရမ်းဖြင့် ပျော်နေကြသည်၊ စောဂျိမ်းကတော့ သူ့ဆရာဦးတက်ခေါင်အခြေအနေကိုကြည့်ပြီး ဒူးလေးကြီးကိုထမ်း၍ ကုတ်ကုတ်ကလေးလိုက်လာသည်။

တောလမ်းက မြေပြန့်မဟုတ်၊ နိမ့်လိုက် မြင့်လိုက်နှင့် အတက်အဆင်းဖြစ်သည်၊ မိုင်းပျပျတောင်တန်းကြီးကိုလည်း လှမ်းမြင်နေရသည်၊ တစ်နာရီကျော်လောက် တောလမ်းအတိုင်း လျှောက်လာကြသော်လည်း သားကောင်ကြီးကြီးမားမားဝေး၍ ရှဉ့်၊ ယုန်၊ တောကြက်လောက်တောင် မတွေ့ရသေး၊ သစ်ပင်များပေါ်မှ ကျေးငှက်သာရကာများ၏အသံများကလည်း တိတ်ဆိတ်နေသည်၊ အရေးပိုင်ကြီးက ဆေးပြင်းလိပ်ကိုခဲကာ -

“မုဆိုးကြီးတက်ခေါင် တောသာလိုက်တယ်၊ ဘာကောင်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသေးပါလား"

"အရေးပိုင်ကြီး တောဆိုတာက စည်းကမ်းရှိရတယ်။ အရေးပိုင်ကြီးကို သတိပေးချင်တာက ဆေးလိပ်မသောက်ပါနဲ့၊ တောကောင်တွေက အနံ့ခံသိပ်ကောင်းတာ။ ဆေးလိပ်နံ့ရရင် ဘာကောင်မှ လာမှာမဟုတ်ဘူး"

"အေး .. ဟုတ်သားပဲ၊ ကျုပ်မေ့သွားတယ်။ ကျုပ်က ဆေးလိပ် ထုပ်တောင် ယူလာတာ"

"ဆေးပြင်းလိပ်က အနံ့ပြင်းတယ်၊ ဒါဆိုရင် ဒီနေရာမှာပဲ ထားခဲ့တော့"

"ကောင်းပြီ .. မုဆိုးကြီး"

"နောက်တစ်ခုက အရေးပိုင်ကြီး တပည့်တွေကိုလည်း စကားကျယ်ကျယ် မပြောပါနဲ့လို့၊ ပြောရင်လည်း တိုးတိုးပြောပါလို့"

"ကောင်းပြီ .. ကောင်းပြီ ..၊ ကျုပ် သဘောပေါက်ပြီ"

အရေးပိုင်ကြီးက သူ့တပည့်များကို စကားကျယ်ကျယ်မပြောရန် သတိပေးလိုက်ပြီးနောက် ခရီးဆက်လာခဲ့ကြသည်။ နောက်ထပ်တစ်နာရီ လောက်လျှောက်လာခဲ့ကြသည်အထိ သားကောင်ဆို၍ အရိပ်အယောင်ပင် မတွေ့ရသေး၊ အားလုံးလည်း ချွေးများရွှဲနေကြပြီဖြစ်သည်။ အရိပ်ကောင်းလှသော ထိန်ပင်ကြီးတစ်ပင်အောက်သို့ ရောက်လာကြသောအခါ စကားနားလိုက်ကြသည်။

ဦးတက်ခေါင်ကပါလာသော လက်ဖက်နှင့် ငါးကင်များကို ထုတ်ကာ ထိန်ပင်အောက်တွင်ချ၍ တင်မြှောက်ပသလိုက်သည်။ အရေးပိုင်ကြီး၏ တပည့်များက စားစရာ၊ သောက်စရာနှင့် နိုင်ငံခြားအရက်ပုလင်းများကို အခင်းတစ်ခုပေါ်တွင် ချလိုက်ကြသည်။

အရေးပိုင်ကြီးက ဦးတက်ခေါင်နှင့်စောကျိမ်းကို ဝိုင်းဖွဲ့၍စားသောက်ရန် ခေါ်သော်လည်း ဦးတက်ခေါင်က သောက်တတ်သူမဟုတ်၍ စောကျိမ်းကို မျက်ရိပ်ပြလိုက်သည်၊ စောကျိမ်းက ကြိုက်တတ်သည်၊ တောလိုက်လျှင် ရေဘူးထဲတွင် တောအရက်ထည့်ကာ ယူသွားတတ်သည်၊ ယခု အရေးပိုင်ကြီးတို့ဝိုင်းတွင် မသောက်ဖူးသော နိုင်ငံခြားအရက်များကို တွေ့နေရသောကြောင့် သွားရည်ကျနေသူဖြစ်သည်။







တောကြီးခေါင်ခေါင်တွင် ပျော်ပွဲစားထွက်နေသကဲ့သို့ ကြက်ကြော်များ၊ လက်သီးဆုပ်ခန့်ရှိ ဝက်သား ဆီပြန်ဟင်း၊ ဆိတ်သားခြောက်ဖုတ်၊ ငါးရံ့ခြောက်ဖုတ်၊ ကြက်သွန်ချဉ်၊ ထောပတ်ထမင်းများဖြင့် မြိုင်ဆိုင်လှသည်။ ကျိမ်းကတော့ ဖန်ခွက်အတွင်း ထည့်ထားသော ဝါဝါအရည်များကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်နေသည်၊ ဦးတက်ခေါင်ကတော့ စည်းကမ်းကြီးသည်။သူ့ဘာသာပါလာသော ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကိုစားကာ ရေနှင့်မျှောချနေသည်။

ထိုအချိန်တွင် ခပ်ဝေးဝေးဆီမှ -

"ဖြောင်း ... ဖြောင်း"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

အရေးပိုင်ကြီးက ဦးတက်ခေါင်ကို "ဘာသံလဲ" ဟူသော အနေအထားဖြင့် လှမ်းကြည့်လိုက်သည်၊ ဦးတက်ခေါင်က ဆက်လက်ထွက်ပေါ်နေသောအသံကို နားထောင်ပြီး -

"အရေးပိုင်ကြီး .. တောဆင်တွေက ဝါးလုံးတွေချိုးနေတဲ့အသံ ဖြစ်နိုင်တယ်"

အရေးပိုင်ကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ -

"မုဆိုးကြီး တက်ခေါင်၊ တကယ်ပြောတာလား"

"အသံတွေကြားရတာ အများကြီးဖြစ်နိုင်ပါတယ်"

"ဒါဆိုရင် မုဆိုးကြီးတက်ခေါင် ကျုပ်ဆင်ပစ်ချင်တယ်"

"အရေးပိုင်ကြီး ဆင်ပစ်တယ်ဆိုတာ အင်မတန်အန္တရာယ်များပါတယ်။ အရေးပိုင်ကြီး အမဲပစ်ထွက်လာတာပဲ၊ တခြားသားကောင်ဖြစ်ရင် မကောင်းဘူးလား။ တခြားသားကောင်ရဖို့ ကျွန်တော်တာဝန်ယူပါတယ်"

"တခြားသားကောင်ထက် ဆင်ပစ်လို့ရရင် ပိုကောင်းတာပေါ့

www.burmeseclassic.com



ငါက ဆင်စွယ်ကိုလိုချင်တာ၊ ဆင်စွယ်ကို အိမ်မှာ အလှချိတ်ထားချင်တာ"

"အရေးပိုင်ကြီး အရင်တုန်းကရော ဆင်ပစ်ဖူးပါသလား"

"ဟေ .. ဒီလိုတော့ ငါ တစ်ခါမှ မပစ်ဖူးသေးဘူး"

"ဒါဆိုရင်တော့ မပစ်တာအကောင်းဆုံးပါပဲ"

"ဘာဖြစ်လို့လဲ"

"အန္တရာယ်များလို့ပါ"

"အန္တရာယ်ကို ဘာကြောက်စရာရှိလဲ ..၊ မှဆိုးကြီးတက်ခေါင် တစ်ယောက်လုံး ပါနေတာပဲဟာ"

"ကျွန်တော့်မုဆိုးတစ်သက်မှာ ဆင်ကို တစ်ခါပဲ ပစ်ဖူးပါတယ်။ ဆိုရရင် ရင်ဆိုင်တွေ့လို့ မလွှဲမရှောင်သာပစ်ရတာပါ"

"မုဆိုးလုပ်ပြီး တယ်ကြောက်တတ်တာကိုး၊ ကျုပ်ကို မယုံလို့လား။ ကျုပ်ဆီမှာ ကျည်အမာထည့်ပစ်လို့ရတဲ့ (.၅၀၀) နှစ်လုံးပြူးရိုင်ဖယ်ကြီး ပါလာပါတယ်။ ဒီဒေသနတ်က ကျား၊ ဝံ၊ စိုင်၊ ပြောင်အပြင် ဆင်လောက်က အေးအေးဆေးဆေး ပစ်လို့ရတယ်၊ ကျုပ်တပည့်ဆီမှာ (.၃၃၃) ရိုင်ဖယ်ကြီးလည်း ပါသေးတယ်၊ မကြောက်ပါနဲ့"

"အရေးပိုင်ကြီး ဆန္ဒရှိရင်လည်း သွားကြတာပေါ့၊ တောဆင်ရိုင်းတွေရှိတဲ့နေရာကတော့ အတော်ဝေးပါသေးတယ်"

"အခုတောင် အသံတွေကြားနေရသေးတာ ဝေးသေးလို့လား"

"အခု ဝါးတွေကိုချိုးနေတဲ့အသံက တစ်မိုင်လောက်ဆီက ကြားရတဲ့ အသံတွေပါ"

"ဒြော် .. ဒါဆို အခု စပ်သုတ်သုတ်သွားကြရအောင်"

အရေးပိုင်ကြီးတပည့်များက စားစရာ၊ သောက်စရာများကို သိမ်းဆည်းကြပြီးနောက် တောဆင်ရိုင်းများအသံကြားရာဆီသို့ တစ်ဖွဲ့လုံး ချီတက်လာကြသည်။ တောက အပေါ်တွင် ပိတောက်၊ သစ်ပုတ်၊ သစ်စိမ်း၊ ကျွန်း၊ ပျဉ်းကတိုးပင်များနှင့် ရှုပ်နေသလောက် အောက်ခြေတွင်လည်း ဘုတလိန်ခြုံ၊ ဆူးရစ်ခြုံ၊ ဖန်ရွဲခြုံ၊ စွန်လက်သည်းခြုံများနှင့် ရှုပ်ရှက်ခတ်နေသည်။ တဖြောင်းဖြောင်းအသံများက တဖြည်းဖြည်း နီးလာချေပြီ။

ဦးတက်ခေါင်က သစ်ရွက်ခြောက်များကိုကောက်ကိုင်ကာ အပေါ်





သို့ မြှောက်လိုက်သည်။ တော်သေးသည်။ ဦးတက်ခေါင်တို့အဖွဲ့က လေအောက်ကဖြစ်သောကြောင့် အေးဆေးစွာပင် ခြုံများကို တိုးရင်းဝင်လာကြသည်။ ပြေပြေလျောလျော ကုန်းစောင်းကလေးအတိုင်း ဆင်းလာကြရင်း ဓမာင်းပင်ကြီးတစ်ပင်အောက်အရောက်တွင် ဦးတက်ခေါင်က လက်ပြ၍ ခဏရပ်လိုက်သည်။ ပြီးမှ အရေးပိုင်ကြီးတို့အဖွဲ့ကို လက်ညှိုးထိုးပြလိုက်သည်။

ရေလှိုင်းကြီးများ တလိပ်လိပ်တက်လာနေသလို၊ ဝါးတောကြီးက လှုပ်ခါနေသည်။ ဝါးတောကြီးကအနိမ့်ပိုင်းဖြစ်၍ ဦးတက်ခေါင်တို့ရပ်နေသောနေရာက အမြင့်ဖြစ်သောကြောင့် လှုပ်ခါနေသော ဝါးတောကြီးကို အတိုင်းသား မြင်နေရသည်။ ဝါးချိုးနေသောအသံများက အတိုင်းသား ကြားနေရသည်၊

"အရေးပိုင်ကြီး .. အဲဒါ ဆင်အုပ်ကြီးပဲ"

"ဘယ်မှာလဲ"

"ဝါးပင်တွေ တလိပ်လိပ်ဖြစ်နေတာ မြင်ရတယ်မဟုတ်လား။ အဲဒါ ဆင်အုပ်ကြီး၊ ဝါးတောကိုတိုးနေတာ။ ဝါးရွက်တွေ စား၊ မျှစ်တွေ စား၊ ဝါးလုံးတွေချိုးလှုပ်နေလို့ ဝါးပင်တွေ သိမ့်သိမ့်ခါနေတာပေါ့"

"ဒြော် .. ဒီလိုလား၊ ကျုပ်က အသံတွေပဲကြားပြီးတော့ အကောင်မြင်ရလို့ ကိုက် (၁၅၀) လောက်တော့ ဝေးမယ်ထင်တယ်"

"အရေးပိုင်ကြီးပစ်ချင်ရင် လှုပ်တွေထားခဲ့၊ ကျုပ်ရယ် ကျုပ်တပည့် ဘကျိမ်းရယ်၊ အရေးပိုင်ကြီးရယ်၊ နောက်ဘယ်သူခေါ်ဦးမလဲ"

"ကျုပ်တပည့်နှစ်ယောက် ခေါ်မယ်၊ စုစုပေါင်းငါးယောက်ပေါ့"

အရေးပိုင်ကြီးက သူ့တပည့်နှစ်ယောက်ကိုခေါ်၍ ဆင်ခြေလျှောအတိုင်း ဆင်းလာခဲ့ကြသည်။ ကိုက် (၅၀) လောက်အရောက်တွင် ဆင်ခြေလျှောအောက်ခြေဆီမှ သစ်ပင်သစ်ကိုင်းခြုံများလှုပ်ရှားသံနှင့်အတူ၊

"ဝေါ ... ဖြော ... ဖြော"

ဟူသော အသံကြီးကြားလိုက်ရကာ ဦးတက်ခေါင်တို့ဆင်းလာရာ ဆင်ခြေလျှောအတိုင်း အပေါ်သို့ပြေးတက်လာသော ဦးကင်းမည်းမည်းကြီးနှင့် ဆင်ကြီးတစ်ကောင်၊ ဦးတက်ခေါင်တို့ထံမှ "ဟာကနဲ" အစွယ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ငါးယောက်သား မတိုင်ပင်ဘဲနှင့် တကွဲတပြားစီ ဦးတည်ရာ ထွက်ပြေးလိုက်ကြတော့သည်။ ဦးတက်ခေါင်နှင့်စောကျိမ်းက နီးရာသစ် ကြီးတစ်ပင်ခေါးတွင် ဝင်ကပ်လိုက်ကြသည်။ ဦးတက်ခေါင်က သူ့တူမီးကြိုး ပစ်ရန် ပြင်ဆင်နေချိန်တွင် -

"ဖောင်း . . ဖောင်း"

ဆိုသောအသံကို ခပ်နီးနီးနေရာမှာ ကြားလိုက်ရသောကြောင့် ဦးတက်ခေါင်က ဆင်ကြီးတက်လာရာကိုကြည့်လိုက်သောအခါ ဝေါ ကြ အသံများသာကြားလိုက်ရ၍ ဆင်ကြီးကို လုံးဝမတွေ့ရတော့။ နောက် ပြန်ပြေးဟန်တူသည်။ သေနတ်သံက အရေးပိုင်ကြီးနှင့် သူ့တပည့် နှ ယောက်၊ တစ်ယောက်ယောက်တော့ ပစ်လိုက်မည်ထင်၍ ဦးတက်ခေါင် က ရှာကြည့်လိုက်သည်။

စောကျိမ်းက တစ်ဖက်သို့ လက်ညှိုးထိုးပြလိုက်သည်။ သစ်တို ကြီးတစ်ပင်ရှကြားတွင်ရောက်နေသော အရေးပိုင်ကြီးနှင့် သူ့တပည့်တ ယောက်၊ မြန်လိုက်သည့်ဖြစ်ခြင်း။ ဦးတက်ခေါင်တို့နှစ်ယောက်ပင် သစ် ပေါ်မရောက်သေး၊ သူတို့ကရောက်နေသောကြောင့် ဖြစ်သည်။ တစ်ေ လုံး တိတ်ဆိတ်သွားပြန်သည်။

ဦးတက်ခေါင်က သစ်ပင်အောက်တွင်ရပ်ကာ တွေးနေမိသည် ဆင်ကို တကူးတကန့် မပစ်ဘူးသော်လည်း အကြားအမြင်၊ ဗဟုသုတ ရှိထားသူ ဖြစ်သည်။ ဦးတက်ခေါင်တို့က လေအောက်ကလာသူဖြစ် ကြောင့် ဦးတက်ခေါင်တို့ရောက်လာခြင်းကို ဆင်အုပ်ကြီးက မသိနိုင်။

သို့သော် ဦးတက်ခေါင်တို့ဆီသို့ ဦးတည်ကာ တက်လာ ဆင်ကြီးက အဘယ်ကြောင့် ရောက်လာရသနည်း။ ဦးတက်ခေါင် လိုက်ရသော်လည်း အရေးပိုင်ကြီးက သူ့(.၅၀၀) နှစ်လုံးပြူးရိုင်ဖယ် နှင့်နှစ်ချက်တိတိ ပစ်လိုက်သည်ကို သူကြားလိုက်ရသည်။ ရိုင်ဖယ် တောသံနှင့်အတူ ဟိန်းထွက်သွားသောကြောင့် ဆင်အုပ်ကြီးက ထိုအ ကောင်းစွာကြားနိုင်သည်။

ထိုကဲ့သို့ကြားလိုက်လျှင် ဆင်အုပ်ကြီးကြောက်လန့်စွာထွက် သောအသံကို တစ်တောလုံး ဆူညံနေအောင်ကြားရမည်။ သို့သော် ထို







သို့သော အသံမျိုးမကြားရဘဲ တိတ်ဆိတ်နေသောကြောင့် ဦးတက်ခေါင် ငြိုးစားနေခြင်း ဖြစ်သည်။ အရေးပိုင် ကြီးနှင့်ဦးတက်ခေါင်တို့ တစ်နေရာတွင် ရပ်လိုက်ကြသည်။

"မှဆိုးကြီးတက်ခေါင် . . ကျုပ် လက်မြန်မြန် နဲ့ ပစ် ထည့် လိုက် တာ ထိသွားပုံရတယ်။ ကျုပ် (.၅၀၀) ရိုင်ဖယ် က အရမ်းပြင်းတာ၊ လိုက်ကြရင် ကောင်း မလား။ နောက်ပြီး စွယ်စုံကြီးဗျ . .၊ အစွယ် နှစ်ချောင်းကဖွေးပြီးတော့ ကော့တက် နေတာပဲ"

ထိုအချိန်တွင် ဝဲဘက်ခပ်ယွန်းယွန်းတောစပ်ဆီမှ "ရှမ်း . . ရှမ်း" ဟုသော အသံနှင့် အတူ ဦးကင်းမည်းမည်းကြီးကို လှမ်းမြင်လိုက်ကြရသည်။ ဦးတက်ခေါင်က အသင့်ကိုင်ထားသော တူမီးကြိုးကိုထိုး၍ ချိန်လိုက်ချိန် တွင် အရေးပိုင်ကြီးကလည်း သူ၏နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ထိုးချိန်လိုက် သည်ကို ဦးတက်ခေါင် သတိပြုလိုက်မိသည်။ သို့သော် နှစ်ယောက်သား သေနတ်ခလုတ်များကို မဆွဲလိုက်မီ မည်းမည်းဦးကင်းကြီးက ရုတ်ချည်း ပျောက်သွားပြန်သည်။ သို့သော်လည်း -

"ဖောင်း . . . ဖောင်း"

အရေးပိုင်ကြီးထံမှ ကျည်နှစ်ချက် ဆက်တိုက်ထွက်သွားခြင်း ဖြစ်သည်။ ဦးတက်ခေါင်ပင် လန့်သွားသည်။ မုဆိုးတစ်ယောက်အနေဖြင့် မျက်ပိုင်မှ ပစ်လျှင်သည်သာ ကောင်းသည်။ မျက်မပိုင်ဘဲ ပစ်ခတ်လျှင် သားကောင်ကို သေလောက်သော ဒဏ်ရာမရရှိစေသဖြင့် ဒဏ်ရာကြောင့် အားနာခဲခဲတတ်သည်။ ဦးတက်ခေါင် တော်တော်စိတ်ပျက်သွားမိသည်။

"အရေးပိုင်ကြီး ဘာလို့ပစ်ရတာလဲ"

"ဆင်ကြီးလေ . .၊ မုဆိုးတက်ခေါင်က လက်နှေးတာကိုး"

"ခဏပဲမြင်လိုက်ရတာ . .၊ မျက်ကောင်းကို ချိန်လိုက်ရမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မဟုတ်ဘူး၊ အခွင့်အရေးရတုန်းပေါ့"

ထိုအချိန်တွင် "ရှမ်း ရှမ်း" ဟူသောအသံနှင့်အတူ မျက်စောင်း ထိုးနေရာလောက်မှ ဘေးတိုက်အနေအထားအတိုင်း ကိုယ်လုံးမည်းမည်း ကြီးပေါ်လာကာ စက္ကန့်ပိုင်းအတွင်း သစ်ရွက်သစ်ခက်များအကြားတွင် ပျောက်သွားပြန်သည်။

ဒီတစ်ခါတော့ အရေးပိုင်ကြီးတစ်ယောက်ချိန်ဖို့ပင် အချိန်မရ လိုက်။ ဦးတက်ခေါင်ကတော့ အေးအေးဆေးဆေးပင် ရပ်နေသည်။ တဆတ် တည်းပင် ဝါးတောအတွင်းမှ ဆင်အုပ်ကြီးတက်လာသလို "ဝေါ... ဖရော ... ဖြောင်း ... ဖြောင်း" အသံများက တစ်တောလုံး ဆူညံသွားတော့သည်။

ထိုအခါကျမှ အရေးပိုင်ကြီး၊ ဦးတက်ခေါင်၊ စောကျိမ်းနှင့် အရေးပိုင် ကြီးတပည့်နှစ်ယောက်ပါ စောစောကအရေးပိုင်ကြီးတက်ခဲ့သော သစ်တိုင် ကြီးဆီသို့ ပြေးကာ အလုအယက်တက်လိုက်ကြသည်။ တစ်တောလုံး ဆူည် နေဆဲ။ အားလုံးသစ်ပင်ပေါ်ရောက်နေသည်အထိ ဆင်အုပ်ကြီးတက်လာ သောအသံက ကြားနေရဆဲ၊ အားလုံး အထိတ်တလန့်နှင့် ဆင်ခြေလျှော အတိုင်း ကြည့်နေကြသည်။

အသံများက ကြားနေရဆဲ။ ခြုံပင်၊ သစ်ပင်၊ သစ်ကိုင်းနှင့်ဝါးပင်များ က ဆင်အုပ်ကြီးတိုးဝေ့တက်လာသလို တလိမ့်လိမ့်လှုပ်ရမ်းနေဆဲ။ တကယ် တမ်း ဆင်အုပ်ကြီးတက်လာပါက မိနစ်ပိုင်းအတွင်း သစ်တိုပင်ကြီးဆီသို့ ရောက်လာနိုင်သော်လည်း တစ်ကောင်တစ်မြီးမျှပင် တက်လာတာမတွေ့ ရသေး။ ဦးတက်ခေါင်ကတော့ မုဆိုးအတွေ့အကြုံအရ သဘောပေါက်လိုက် သည်၊ ထို့အတူ စောကျိမ်းလည်း သဘာပေါက်လိုက်သည်၊ ထို့ကြောင့် စောကျိမ်းက -

"..."

"အေး ... ငါလည်း သိတယ်ကွ"

ရတ်ချည်းဆိုသလိုပင် ဆူညံနေသောအသံများက ငြိမ်သက် သွားတော့သည်၊ သစ်တိုပင်ပေါ်မှ လူတစ်စုလည်း အတော်ကြာအောင် နေပြီးမှ -

"မုဆိုးတက်ခေါင် ဆင်အုပ်ကြီးတော့ ပြေးပြီထင်တယ်"





ဦးတက်ခေါင်က ဘာမှပြန်မဖြေ ငြိမ်၍နေသည်၊ နေ့လယ်စောင်း ပြီး နေဝင်ချိန်မဟုတ်သေးသော်လည်း တောရိပ်တောင်ရိပ်ကြောင့် တော အတွင်းက အနည်းငယ်မှောင်နေသည်။

"မုဆိုးတက်ခေါင် .. ဒါလောက်ဆိုရင် တောဆင်ရိုင်းမည်းကြီး ရှိလောက်တော့ပါဘူး၊ ဆင်းကြရအောင်လေ .."

"အရေးပိုင်ကြီး ဆင်ရိုင်းအုပ်လို့ထင်သလား"

"မုဆိုးတက်ခေါင် ဘာတွေပြောနေတာလဲ..၊ ကျုပ်ကိုယ်တိုင် နွယ်စုံဆင်ကြီးကို ပစ်လိုက်ရတဲ့ဟာ၊ ကျုပ် (.၅၀၀) နစ်လုံးပြူးရိုင်ဖယ်ဆို တာ ချက်ကောင်းမှန်ရင်တစ်ချက်တည်းနဲ့တင် ဆင်ကိုသေနိုင်တယ်၊ အခု တော့ ချက်ကောင်းမထိတော့ မရလိုက်ဘူး။ ဒီအခြေအနေဆိုရင်တော့ နောက်ထပ်တောကောင်ပစ်ဖို့ လမ်းမမြင်တော့ဘူး"

ထိုအချိန်တွင် ချေ(ဂျီ)တစ်ကောင်က ဖန်ရွဲခြုံတစ်ခု၏နောက်မှ ထွက်လာကာ နားရွက်ကလေးထောင်လျက် ဟိုသည်ကြည့်လျက်လှုပ်နေ သည်။ ဦးတက်ခေါင်ရော အရေးပိုင်ကြီးပါ သေနတ်ကိုယ်စီချိန်လိုက်ချိန် တွင် ချေ(ဂျီ)က ဖန်ရွဲခြုံထဲသို့ ပြန်ဝင်သွားသည်၊ အရေးပိုင်ကြီးက မုဆိုး ဦးတက်ခေါင်အား လက်ကာပြလိုက်ကာ (.၅၀၀) နစ်လုံးပြူးကြီးကို ကျကျ နန ချိန်လိုက်သည်။ ချေ(ဂျီ)က ဖန်ရွဲခြုံထဲမှ ခေါင်းထွက်ကာ တစ်နေရာကို ကြည့်နေသောမြင်ကွင်းကို အတိုင်းသားမြင်နေရသောကြောင့် ဖြစ်သည်၊ ချေ(ဂျီ)ကခေါင်းကလေးလှည့်ကာ ဖန်ရွဲခြုံထဲသို့ ခေါင်းပြန်အဝင်တွင် -

"ဖောင်း !.."

"သေပါပြီ ဗျ.."

ဝေလုတ်ဆွဲလိုက်ပြီးမှ ထွက်ပေါ်လာသောအသံကြောင့် အရေး ပိုင်ကြီး လန့်သွားသည်။ မုဆိုးဦးတက်ခေါင်းကို ကြည့်လိုက်သည်၊ ဦး တက်ခေါင်ကတော့ ဖန်ရွဲခြုံဘက်ကိုသာ မျက်မှောင်ကုတ်ကြည့်လိုက်သည်၊

"မုဆိုးကြီးတက်ခေါင် .. စောစောက လူတစ်ယောက် အော် လိုက်တဲ့အသံ ထင်တယ်"

"ကျွန်တော်လည်း ကြားလိုက်တယ်"

"ကျုပ်ပစ်လိုက်တာ ချေ (ဂျီ)ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် စဉ်းစားနေတာ၊ တောထဲမှာ လူဆိုလို့ ကျွန်တော်တို့ မုဆိုးအဖွဲ့ပဲရှိတာ၊ ဒီအပင်ပေါ်မှာက ကျွန်တော်တို့ ငါးယောက်လုံးရှိတယ်ဆိုတော့ ကျန်နေခဲ့တဲ့ အရေးပိုင်ကြီးတပည့်သုံးယောက်များ ဒီဘက်ကို ရောက်လာလို့လား"

"သေပါပြီ ဗျ.."

ဖန်ရွဲခြုံထဲက ထွက်လာသောအသံ ဖြစ်သည်။

"ဒါဆိုရင် မဖြစ်သေးဘူးဗျ၊ ချေ(ဂျီ)ကိုမထိဘဲ ကျူပ်ပစ်လိုက်တာ တစ်ယောက်ယောက်ကို ထိသွားတယ်ထင်တယ်၊ ဆင်းကြည့်ရအောင်"

သစ်တိုင်ပင်ပေါ်မှ ငါးယောက်လုံးဆင်းလာကြကာ ဖန်ရွဲခြုံရှိရာသို့ လျှောက်လာကြသည်။ အနားရောက်သည်နှင့် -

"သေပါပြီ ဗျ"

ဟူသောအသံကို ကြားလိုက်ရပြန်သည်။ အရေးပိုင်ကြီးဟာ ခြုံထဲသို့ ငုံ့ကြည့်လိုက်ကာ -

"အထဲက ဘယ်သူလဲ ဟေ့.."

ဘာသံမျှ မကြားရ၊ သစ်တောကလည်း စိမ့်မှောင်မှောင် ဖန်ရွဲခြုံကလည်း အုပ်ဆောင်းသောကြောင့် အထဲကို ချောင်းကြည့်သော်လည်း ဘာမှ မမြင်ရ။ မေးလိုက်ကာမှ အထဲက အသံလည်းပျောက်သွားသောကြောင့် အရေးပိုင်ကြီးက မုဆိုးကြီးတက်ခေါင်ကိုကြည့်လိုက်သည်။

စောကျိမ်းနှင့် အရေးပိုင်ကြီးတပည့်နှစ်ယောက်ပါ ဖန်ရွဲခြုံပတ်ပတ်လည်ကို လိုက်ချောင်းသော်လည်း ချေ (ဂျီ)လည်း မတွေ့၊ လူလည်း မတွေ့၊ ဦးတက်ခေါင်က တစ်စုံတစ်ခုကို စဉ်းစားလိုက်ကာ ကျောပိုးအိတ်ထဲမှ ငါးတောင့်ထိုးလက်နှိပ်မီးကို ထုတ်လိုက်သည်။

ခြုံထဲကို ထိုးကြည့်လိုက်သည်။ အနည်းငယ်တိုးဝင်လိုက်တော့ လက်ထဲမှ တူမီးကို ပြောင်းဘက်မှပြောင်းကိုင်၍ ဒင်နှင့်ထုလိုက်သည်။

"ဗုန်း.."

"သေပါပြီ ဗျ.."

"ဗုန်း"

"ဗုန်း...ဗုန်း"





ဘာသံမျှ မကြားတော့၊ ထိုအခါကျမှ သတ္တဝါကောင်ကို အမြီးမှဆွဲကာ ခြုံထဲက ထွက်လာခဲ့သည်။ အပြင်ရောက်တော့ မုဆိုးဦးတက်ခေါင်ဆွဲလာသော သတ္တဝါကောင်ကိုကြည့်ကာ အရေးပိုင်ကြီးနှင့် အားလုံးက အံ့ဩနေကြသည်။ သတ္တဝါကြီးက တွန့်လိမ်ကာ အသက်ငင်နေသော (၇) ပေခန့်ရှိ ဖွတ်ကြီးတစ်ကောင်၊ လက်ပြင်တွင်လည်း သွေးများစီးကျနေသော သေနတ်ကျည်ဒဏ်ရာကြီး။

"မုဆိုးကြီးတက်ခေါင် .. ဘယ်လိုဖြစ်တာလဲ၊ စောစောက သေပါပြီဗျလို့ အော်တာ ဒီကောင်မဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်လိုဖြစ်ရတာလဲ"

"အရေးပိုင်ကြီးပစ်တုန်းက ချေ(ဂျီ)ကို ပစ်လိုက်တာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီဖွတ်ကြီးကိုယ်က ဒဏ်ရာက သေနတ်ဒဏ်ရာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ.."

"အရေးပိုင်ကြီး ဖွတ်သားရော စားဖူးတယ်မဟုတ်လား"

"စားဖူးတာပေါ့"

"ကောင်းရဲ့လား"

"ဟာ .. ကောင်းတာပေါ့၊ ကြက်သားဟင်း စားရသလိုပဲ"

"ဒါဆိုရင် အရေးပိုင်ကြီးတပည့်တွေကို ထမ်းခိုင်းလိုက်တော့ ..၂ မှောင်ခင် ပြန်ကြရအောင်၊ ဒီနေ့ တောပစ်တာ ဖွတ်တစ်ကောင်ပဲရတယ်လို့ မှတ်လိုက်ပါတော့"

" - - - - - - - - - "

"အရေးပိုင်ကြီး ရွာရောက်မှ အေးအေးဆေးဆေးရှင်းပြမယ်"

မုဆိုးကြီးဦးတက်ခေါင်က နောက်လှည့်မကြည့်တော့ဘဲ တောလမ်းအတိုင်း ရှေ့ကနေလျှောက်သွားသည်။ နောက်က ထပ်ချပ်မကွာလိုက်ပါလာသူက တပည့်စောကျိမ်း။ ခပ်လှမ်းလှမ်းရောက်မှ အပြေးလိုက်လာသူများက အရေးပိုင်ကြီးနှင့်သူ့တပည့်များ။ ။



www.burmeseclassic.com

www.burmeseclassic.com



ညအမှောင်မိုးသည်းသည်းကြားမှာ
ရောက်ရှိလာတဲ့
ညို့သည့်လူစိမ်းတစ်ယောက်။
လူလား..၊သရဲလား..၊ညအမှောင်ထဲမှာ
မိုးခိုလာသူကို ဝိညာဉ်ပူးကပ်ခဲ့လေသလား..။



# ညမိုး

ဇလွန်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com





"ငါ့အဖြစ်ကိုပြောရရင် အိပ်
မက်တွေပါ လူလေးရယ်၊ သူ့မှိန်းမ ထွေး
ကို ငါက သိမ်းရတာ၊ ဒါပေမယ့် ထွေး
က နောက်ယောက်ျားနဲ့ ဖောက်ပြန်နေတာ
ငါက မသိရခဲ့ဘူးကွယ်…၊ ငါ့ ပင်လယ်
ထွက်ခါနီးမှာ လက်တွေ့သိခဲ့ရတယ် ထင်
ငါ့ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ဆုံးပါး
ခဲ့တာ၊ သိသိချင်းပဲ… ထွေးတင်က နော
ယောက်ျားယူလိုက်တယ်"

ညလူ

ညဦးကတည်းက သည်းသည်းမဲမဲကြီးရွာချနေတဲ့ မိုးအရှိန်က တော်တော်နှင့်စဲမည့်ပုံ မပေါ်ဘူးဆိုတာ ကျုပ်သိနေတယ်၊ ဒါကြောင့်လည်း မိုးလေနဲ့အတူပါလာတဲ့ လေပြင်းစုစုကြောင့် ကျုပ်တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ဖြစ်လာမိတယ်။ ဒါနဲ့ ကျုပ်လည်း စောင်ခြုံပြီးအိပ်ရာပေါ်မှာ ကွေးနေမိတယ်။

ကျုပ်ဘဝက လှေတစ်စင်း ကွန်တစ်လက်နဲ့ ချောင်းရိုးမြောင်းနဲ့ အနံ့ ငါး၊ ဖားရှာတဲ့အလုပ်၊ ကျုပ်စောင်ခြုံကွေးရင်း ကျုပ်နေတဲ့တဲလေး တဖျန်းဖျန်းရိုက်ခတ်နေတဲ့ မိုးသံလေသံကလွဲလို့ ဘာအသံမှ မကြားရဘူး

ခုလို မိုးသံလေသံကြားရတော့ ကျုပ်ရင်ထဲမှာ အလိုလိုခံစားနေမိတယ်၊ ကျုပ်မခံစားရဘဲ နေပါ့မလားဗျာ၊ ကျုပ်အဖေသာရှိရင် ကျုပ်အဖေ ဘေးမှာ စိတ်ချလက်ချစောင်ခြုံပြီး အိပ်ရမှာ၊ ခုတော့ ကျုပ်ဘေးမှာလစ်ဟာ နေတဲ့ အဖေ့အိပ်ရာလေး၊ ကျုပ် တဝေါဝေါမြည်နေတဲ့ မိုးသံလေသံကို နားထောင် ရင်း ကျုပ်အိပ်ရာဘေးမှာရှိတဲ့ လက်ဆွဲမီးအိမ်လေးကို ကြည့်လိုက်မိတယ်။ လက်ဆွဲမီးအိမ်လေးအလင်းရောင်က ကျုပ်နေတဲ့တဲလေးအတွင်း မှုန်ဝါးဝါး မြင်တွေ့နေရတာ၊





ကျုပ်လက်ဆွဲမီးအိမ်လေးကို ကြည့်ရင်း အဖေ့ကို ပိုပြီးသတိရ သွားမိတယ်၊ ဘယ်အချိန်ကြည့်ကြည့်၊ ပုဆိုးတိုတိုဝတ်ပြီး ကျောပြောင် ညေးမည်းကြီးနဲ့ မိုးလေမမှုဘဲ ငါး၊ဖားရှာရင်း ကျုပ်ကိုလူဖြစ်အောင် ကျွေး မွေးခဲ့တဲ့ ကျုပ်အဖေ ကိုသာမောင်၊

"တဲရှင်တို့ . . . တဲရှင်တို့"

ကျုပ် အဖေ့အကြောင်းသတိရပြီးတွေးနေတုန်း ပြုန်းစားကြီး မိုးသံ လေသံကြားမှာ ရောထွေးပေါ်လာတဲ့အသံ၊ ကျုပ်အတော်ကြီး အံ့ဩသွား မိတယ်၊ ကြည့်လေ . . ကွင်းထဲကရွာစုတွေနဲ့ အလှမ်းဝေးတဲ့ချောင်းဘေး က ကျုပ်တဲလေး။ ကျုပ်တဲလေးဆီလာတဲ့ ဧည့်သည်ဆိုတာ အတော့်ကို ရှားပါးခဲ့တာ၊ ကျုပ်ဘဝမှာ တရင်းတနှီးနဲ့ပြောစရာ၊ ဆိုစရာ၊ တိုင်ပင်စရာ ဆိုလို့ ကျုပ်နဲ့ ငါး၊ ဖားအတူရှာဖက် ခနီရွာက ငဒိုးတစ်ယောက်ပဲ သွားတာ လာတာ အမြဲရှိတာ၊

"တဲရှင် . . တံခါး မြန်မြန်ဖွင့်ပေးပါ"

ကျုပ် မိုးသံလေသံကြားမှ အဆက်မပြတ်ခေါ်နေတဲ့အသံကြောင့် အနေသာတော့ဘူး။ အိပ်ရာဘေးက လက်ဆွဲမီးအိမ်လေးကိုဆွဲပြီး တဲတံခါး ပေါက်နားကိုကပ်ပြီး မေးလိုက်မိတယ်၊

"ဘယ်သူလဲ . .၊ မိုးထဲလေထဲ ခေါ်နေတာ"

"ကျုပ်က . . . ခရီးသွားတစ်ယောက်ပါဗျာ၊ မိုးမိနေလို့ အသံပြု မိတာပါ"

ကျုပ်မေးသံနဲ့အတူ၊ တုန်ယင်စွာဖြေလိုက်တဲ့အသံကြောင့် ကျုပ် အလိုလိုသနားသွားမိတယ်၊ ကျုပ်မသနားဘဲ ရှိပါ့မလားဗျာ၊ ခုလို သည်းသည်း မဲမဲရွာချနေတဲ့ မိုးလေကြောင့် ကျုပ်တောင် တဲအတွင်းမှာစောင်ခြုံပြီး ကွေး နေရတာ၊ တဲအပြင်မှာဆို မလွယ်ဘူး။ ကျုပ် တဲတံခါးကို အမြန်ဆုံးဖွင့်ပေး ပြီး မိုးရိုမဲ့သူကို ကျုပ် လက်ဆွဲမီးအိမ်လေးအလင်းရောင်နဲ့ ကြည့်လိုက်တယ်၊

"ဟင် ! . ."

ကျုပ် လက်ဆွဲမီးအိမ်လေးအလင်းရောင်နဲ့ မှုန်ဝါးဝါးတွေ့မြင် လိုက်ရတဲ့မျက်နှာ၊ ကျုပ်ကြက်သေသေပြီး အသံတောင်ထွက်သွားမိတယ်၊ ကြည့်လေ . . ခန္ဓာကိုယ်တစ်ခုလုံး မိုးရေ ရွှဲနစ်ပြီး ရှုံ့ညှန်အလူးလူးပေကာ



www.burmeseclassic.com

တနိုက်နိုက်တုန်ယင်နေတဲ့ လူစိမ်းတစ်ယောက်။ ရှည်လျားတဲ့ဆံပင်‌ဗျေ က ဗိုရိုဖားလျားကျပြီး မျက်နှာက ဖော့သွပ်သွပ်နဲ့ ဖြူပတ်ဖြူရော်။ ပြီး‌တော့ မိုးလေကြားကနေ ကျုပ်နာခေါင်းထဲကို အလိုလိုဝင်လာတဲ့ ညှီစို့စို့ အနံ့ကြီး။

"မိုးတွေ လေတွေကလည်းဗျာ ..၊ ဒီညမှကျလိုက်တာ လွန်ရော ပဲ။ ကျုပ်ဒီအတိုင်း ခရီးဆက်သွားရင် မလွယ်ဘူးဗျ။ အဲဒါကြောင့် မိုးနိမ့် အကူအညီတောင်းရတာပဲ"

"ဟဲ ... တဲထဲကို မြန်မြန်ဝင်၊ ခင်ဗျား အတော်ကြီးချမ်းနေပြီနဲ့တူ တယ်"

ကျုပ်လည်း လူစိမ်းစကားကြားမှသတိရပြီး တဲတံခါးကို အမြန် ဆုံးပိတ်လိုက်မိတယ်။ မိုးတွေလေတွေကြားမှာ ထူးထူးခြားခြား ရောင် လာတဲ့ လူစိမ်းမျက်နှာကိုကျုပ်ကြည့်ပြီး လက်ဆွဲမီးအိမ်လေးကိုမီးအနိမ့် မြင့်လိုက်မိတယ်။ ကျုပ်လက်ဆွဲမီးအိမ်အလင်းရောင်နဲ့တွေ့မြင်နေရတဲ့ လူစိမ်းမျက်နှာ။

"ခင်ဗျား ... ချမ်းနေပြီ၊ အဝတ်အစားလဲမှ ဖြစ်မယ်။ ကျုပ်သွား ယူလိုက်မယ်"

"နေပါစေဗျာ .. ကျုပ် ခုလိုနေတာကြာပြီဗျ။ ကျုပ်ကွင်းထဲက ထဲ တွေဆီ မိုးခိုဖို့တောင်းခဲ့တာ၊ ဘယ်သူမှ လက်မခံကြဘူးဗျ။ ကျုပ်ကိုကြည့် ပြီး သရဲတစ္ဆေထင်လို့ .. အတင်း၊ နှင်ထုတ်ခဲ့ကြတယ်"

"ဟို ... ခင် ... ခင်ဗျားကို သရဲတစ္ဆေ ထင်ကြတယ်ဟုတ်လား"

ကျုပ်ဟာ လူစိမ်းရဲ့စကားသံကို ထူးထူးခြားခြား၊ ကြားလိုက်ရတဲ့ ရင်တဒိန်းဒိန်း ခုန်သွားမိတယ်။ ပြီးတော့ ကျုပ်အဖေရဲ့အဖြစ်ကို ကျုပ်ပြန် သတိရသွားမိတယ်။ ခုလို သည်းသည်းမဲမဲရွာနေတဲ့ မိုးည၊ ကျုပ်အဖေ ထဲ ဖားရှာရင်း ပြန်မရောက်ခဲ့တာ။

ကျုပ်အဖေကိုရှာတွေ့တော့ မျက်လုံးကြီးပြူးကျယ်ပြီး ရှပ်ချင် ဆင်းပျက်နဲ့ သေဆုံးခဲ့တာ။ ရွာကလူတွေ ပြောတာက၊ ကျုပ်အဖေ သရဲ တစ္ဆေလက်ချက်နဲ့ ဆုံးပါးခဲ့တာတဲ့။

"အင်း ... ခုမှပဲ ... ကျုပ် အချမ်းပြေသွားတယ်ဗျာ၊ ခင်ဗျားတဲ



တဲလေးမှာ တစ်ယောက်ထဲနေတာလား"

လူစိမ်းစကားသံကြားမှ ကျုပ် အတွေးပျက်သွားမိတယ်။ လူစိမ်းက ကျုပ်ခြည့်ဝတ်ပြုတဲ့ ရေနွေးကြမ်းခါးခါးကိုသောက်လိုက်ရလို့ အချမ်းပြေသွား ပုံရတယ်။



"ကျုပ် .. တစ်ယောက်ထဲဆိုပါတော့ ဗျာ၊ တမြန်နှစ်က ကျုပ် အဖေဆုံးခဲ့တာ"

"ခင်ဗျား အဖေက ဘယ်လိုဆုံးခဲ့တာ လဲ၊ ပြောစမ်းပါဦးဗျာ"

ကျုပ်စကားကိုကြားတော့ လူစိမ်းက အတော်ကြီးစိတ်ဝင်စားသွားပုံရပြီး ဆက်မေး နေတယ်။ ကျုပ်အဖေအတွက် ရုတ်ရှည်အမြေရ စက်သွားမိတယ်၊ ကျုပ်အဖေအဖြစ်ကလည်း မယုံနိုင်စရာအဖြစ် မဟုတ်ပါလား။

"အဖေ ... သေဆုံးပုံက တစ်ခုခုကို ကြောက်လန့်တကြီးတွေ့ပြီး သတ်ပုတ်ခဲ့တဲ့ ပုံစံပဲ"

ကျုပ်စကားကိုကြားတော့ အဲဒီလူစိမ်းက ကျုပ်ကိုမကြည့်စဖူး မျက်မှောင်ကျုံ့ပြီး စူးစူးဝါးဝါးကြည့်နေတဲ့ အကြည့်၊ တဲအပြင်ဘက်မှာ တော့ မိုးနဲ့လေက သည်းသည်းမဲမဲကြီး ရွာနေတုန်းပါပဲ။ ကျုပ်လူစိမ်းကို ကြည့်ပြီး မသက်မသာတော့ဘူး။ ဒါပေမယ့် ဒုက္ခရောက်နေတဲ့ ဧည့်သည်ဆို တော့ ကျုပ် အခြေအနေအရ ကြည့်နေမိတယ်။

"အေးဗျာ ... ခင်ဗျားအဖေရဲ့သေဆုံးပုံက သရဲတစ္ဆေနဲ့တွေ့ခဲ့ ရတာ ဖြစ်မယ်"

"ဗျာ .. သရဲ .. တစ္ဆေ"

ကျုပ် လူစိမ်းစကားကြောင့် အံ့ဩသွားမိတယ်။ ကျုပ်မပြောနဲ့ ကျုပ်အဘိုးအဖွားထိ ဒီချောင်းရိုး မြောင်းရိုးထဲမှာ ငါး၊ ဖားရှာပြီး အသက်မွေး ခဲ့ကြတာ။ ဘယ်သူမှ သရဲတစ္ဆေဆိုတာ မတွေ့ဖူး၊ မမြင်ဖူးခဲ့တာ။ ကျုပ်အဖေ ကျမှ သရဲတစ္ဆေလက်ချက်နဲ့ ဆုံးပါးခဲ့တာ။

"ခင်ဗျားက ... ကျုပ်ပြောတာကို မယုံဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com





လူစိမ်းက ကျုပ်ကို ပြောပြီး မျက်နှာအမူအရာက ပြုံးစေ့စေ့ ဖြစ်သွားတယ်။ ပြီးတော့ ဆေးပေါ့လိပ်တိုကို ဖွာရှိုက်နေတယ်၊ ကျုပ်လည်း လူစိမ်းကို ကြည့်ပြီး မိုးလေ မြန်မြန်စဲပါစေလို့ ဆုတောင်းနေမိတယ်။ ကျုပ် ဆုမတောင်းလို့ မဖြစ်ဘူး။

ကျုပ်လက်ဆွဲမီးအိမ်လေးက အလင်းရောင်ကင်းမဲ့နေတဲ့ ည အမှောင်ထုကို ကြည့်နေမိတယ်။ အဲဒီလူစိမ်းပြောတဲ့ သရဲတစ္ဆေဆိုတာ ည အမှောင်ထဲမှာ ကျက်စားတတ်တာ မဟုတ်လား။

"ကျုပ်က သရဲတစ္ဆေကို တစ်ခါမှမတွေ့ဘူးခဲ့တာ အမှန်ဗျ။ ခင်ဗျားကရော တွေ့ဖူးခဲ့လို့လား"

"ဟား ... ဟား ... ဟား"

ကျုပ်စကားကိုကြားတော့ လူစိမ်းကသဘောကျပြီး အားရပါးရ ရယ်နေတာ၊ ကျုပ်လူစိမ်းကိုကြည့်ပြီး၊ အလိုလိုကြောက်ရွံ့လာမိတယ်။

"ကျုပ်က သရဲနဲ့တွေ့ခဲ့တာ အမှန်ပဲဗျ။ တိုက်ဆိုင်တာက ဟောဒီလို မိုးရောလေရော သည်းသည်းမဲမဲရွာနေတဲ့ ညတစ်ညပေါ့။ ကျုပ်တဲလေးမှာ တစ်ယောက်ထဲရှိနေတုန်း ထူးထူးခြားခြား မိုးခိုဖို့ရောက်လာတာဗျ။ ကျုပ်က သရဲကို သရဲမှန်းမသိခဲ့ဘူးဗျ။ တစ်ညလုံး စကားတွေဖောင်အောင် ပြောခဲ့တာ၊ ဒါပေမယ့် အဲဒီလူ သရဲဆိုတာပြန်သွားမှ သရဲမှန်းသိခဲ့ရတာ"

ကျုပ်ရင်ထဲမှာ အတော်ကြီး တုန်လှုပ်သွားမိတယ်၊ ဟုတ်တယ်လေ .. သရဲကိုသရဲမှန်းမသိဘဲ ညည့်ခံမိတဲ့ လူစိမ်းအဖြစ်။ လူစိမ်းက တဲအပြင်ဘက်မှာ တဝေါဝေါရွာချနေတဲ့ မိုးသံလေသံကိုနားစွင့်ပြီး -

"အင်း ... မိုးကလည်း မစဲနိုင်ဘူး။ ကျုပ်မနက်လင်းမှ ခရီးဆက်နိုင်မယ်ထင်ပါရဲ့"

"အေးဗျာ ... မိုးကလည်း ဒီညမှ တောင်းမှကောင်းပဲဗျာ၊ ဪ .. .. ခင်ဗျားကို မေးရဦးမယ်၊ ခင်ဗျားက ဘယ်ကိုခရီးဆက်ရမှာလဲ"





ကျုပ်အမေးစကားကို လူစိမ်းကကြားပြီး ကျုပ်မျက်နှာကို စူးစူးဝါးဝါးကြည့်ရင်း မျက်နှာက အလိုလို ခက်ထန်မာကြောသွားတယ်။

"ကျုပ်သွားရမှာက မိန်းမတစ်ယောက်ဆီဗျ။ ကျုပ် အဲဒီမိန်းမကို သတ်ရမှာ .."

ကျုပ် လူစိမ်းရဲ့ထူးထူးဆန်းဆန်းစကားကို ကြားလိုက်ရလို့ ရင်အလိုလို ထိတ်သွားမိတယ်။ ပြီးတော့ လူစိမ်းရဲ့စကားကို မယုံနိုင်အောင် ဖြစ်သွားမိတယ်။

"ခင်ဗျားက အဲဒီမိန်းမကို သတ်ရအောင် ဘာအပြစ်တွေများ ရှိလို့လဲ ဗျာ"

"အပြစ်တွေ ... ဟုတ်လား။ ကျုပ်ဘဝကို ခုလိုဖြစ်အောင်လုပ်ခဲ့တဲ့မိန်းမကို ကျုပ် ဘယ်ဘဝရောက်ရောက် မကျေနပ်ဘူးဗျ၊ တကယ်ဆို ကျုပ် သူ့ကို ဘယ်လောက်အထိချစ်ခဲ့တယ်ဆိုတာ သူသိဖို့ကောင်းတယ်ဗျာ"

လူစိမ်းက သူ့အဖြစ်ကိုခံပြင်းစွာပြောရင်း မျက်တောက်နီနီကြီးနဲ့ ကျုပ်ကို ကြည့်နေပြန်တယ်။

"ခုတော့ သူနဲ့ကျုပ်က ဘဝခြားသွားပြီဗျ၊ ဒါပေမယ့် ကျုပ် ခင်ဗျားဆီပဲ အကူအညီတောင်းရမှာပဲ၊ ကျုပ်ဆီမှာ သူ့ကိုပေးဖို့ စုထားတဲ့ပစ္စည်းရှိတယ်။ အဲဒါ ကျုပ်ချောင်းဘေးက တဲအောက်မှာရှိတယ်၊ ခင်ဗျားယူပြီး ကျုပ် ... ကျုပ်ကို ... ဟော .. သူတို့သွားတော့မယ်၊ ကျုပ် လိုက်မှဖြစ်မယ်"

အဲဒီလူစိမ်းက ကျုပ်ကိုပြောပြီး ကမန်းကတမ်း တဲတံခါးဖွင့်ပြီး မိုးထဲလေထဲကို တဟုန်ထိုး ပြေးထွက်သွားတယ်။ ကျုပ် အဲဒီလူစိမ်းအဖြစ်ကိုကြည့်ပြီး မှင်သက်မိသွားတယ်။ ကျုပ်သတိရပြီး တဲတံခါးပေါက်ကနေ လှမ်းကြည့်လိုက်မိတယ်။

မိုးလေကြားထဲမှာ ဝိုးတဝါးမြင်တွေ့လိုက်ရတဲ့လူစိမ်း၊ ဘယ်အရပ်ကလာလို့ ဘယ်ကိုသွားမယ်မှန်းမသိတဲ့ လူစိမ်း၊ ကျုပ် အဲဒီလူစိမ်းအဖြစ်ကို အတွေးဝင်နေမိတယ်။ ကျုပ်တွေးရင်း အလိုလို အံ့ဩသွားမိတယ်၊ ဒီလိုပုံစံနဲ့ ဒီလိုစကားသံက ကျုပ်နဲ့ ဝါးဖားရှာဖက် ငနိုးမှငနိုးအစစ်။

"ငနိုးရေ ... ငနိုး"



www.burmeseclassic.com

www.burmeseclassic.com



■ ■ ■

"အဲဒီ ကျုပ်ဆီကိုရောက်လာတဲ့လူက ငဒိုး မဟုတ်ရင် ဘယ်သူများလဲ အဘ.."

"အင်း ... လူလေးအဖြစ်က လူလေးကို မထွေးနိုင်ဖြစ်နေပြီနဲ့တူတယ်၊ လူလေး ပြောတဲ့အတိုင်းဆို ငဒိုး က ညမိုးဆိုတဲ့သူကို ဝိညာဉ်ပူးပြီး သူ ကိုယ်စားပြောခဲ့တာ ဖြစ်နိုင်တယ်"

ကျုပ် မိုးလေထဲမှာ ငဒိုးကြားအောင် အားကုန် ခေါ်လိုက်မိတယ်၊ ကျုပ် ဘယ်အထိ ခေါ်နေမိတယ် မသိဘူး၊ သည်းသည်းမဲမဲကြီးရွာနေတဲ့ မိုးရေထဲမှာ ကျုပ် တစ်ယောက်ထဲ ညအမှောင်ထုကို ကြည့်ပြီး ခေါ်နေတဲ့အသံက ဟိန်းနေတယ်၊

☯

"နေသာရဲ့လား ... လူလေး"

ကျုပ် မိုးရေထဲမှာ ဘယ်အထိ ကြာအောင် နေခဲ့မိတယ် မသိဘူး၊

ကျုပ် အပြင်းဖျားခဲ့တာ လေးငါးရက်တောင် ကြာခဲ့မိတာ၊

ရုတ်တရက် ကျုပ်နားထဲမှာ သဲ့သဲ့ကြားလိုက်ရတဲ့အသံကြောင့် ကျုပ်မျက်စိကိုအားယူပြီး ဖွင့်ကြည့်လိုက်မိတယ်၊

"ငဒိုး ... ငါခေါ်တာ ... မင်းကြားလို့ ငါ့ဆီကို ပြန်လာတာလား .. ပြောစမ်း .. ငဒိုး ပြောစမ်း"

"လူလေး ..ဘာတွေပြောနေတာလဲ၊ အဘ ... အဘတက်တူလေ"

"ဟင် ! .."

ကျုပ်မျက်စိထဲမှာ မြင်နေမိတာက ငဒိုး၊ ရုတ်တရက် အသံကြားမှ ကျုပ်အဖြစ်ကို ကျုပ်အံ့အားသင့်သွားမိတယ်၊ ကြည့်လေ .. ကျုပ်ကို စိုးရိမ်တကြီးမျက်နှာနဲ့ ကြည့်နေတဲ့ အဘတက်တူ၊ ကျုပ်အဖြစ်ကို ကျုပ်မယုံနိုင်အောင် ဖြစ်သွားမိတယ်၊ ကျုပ် ဘာတွေဖြစ်ခဲ့တာလဲဆိုတာ တွေးမရနိုင်အောင် ဖြစ်နေမိတယ်၊

"လူလေး .. ငါးလာမရောင်းလို့ အဘစိတ်ပူပြီး လာကြည့်တာ လူလေး အပြင်းဖျားနေတာတွေ့လို့ အဘဆေးတိုက်ပြီးစောင့်နေတာ .."

အဘတက်တူပြောမှ ကျုပ်အဖြစ်ကို ကျုပ် ပြန်စဉ်းစားနေမိတယ်၊ ဟုတ်တယ်လေ ..၊ မိုးလေသည်းသည်းမဲမဲရွာတဲ့ညက ငဒိုး ကျုပ်ဆီလာတာ ကျုပ် ငဒိုးမှန်း လုံးဝသိခဲ့တာမဟုတ်လား၊





"ဟိုရက်က ကျုပ်ဆီ ငဒိုး ညကြီးမင်းကြီး ရောက်လာသေးတယ်၊ အဘတက်တူ"

"ဘယ်လို .. လူလေး၊ လူလေးဆီ .. ငဒိုးလာတယ်"

ကျုပ်စကားကိုကြားတော့ အဘတက်တူ အံ့သြတကြီးဖြစ်သွားပုံရတယ်၊ ပြီးတော့ မယုံနိုင်တဲ့အကြည့်နဲ့ ကျုပ်မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်ပြီး သက်ပြင်းချနေတယ်၊

"မဖြစ်နိုင်တာ လူလေးရယ် ..၊ ငဒိုး လူလေးဆီကိုလာတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

အဘတက်တူ၏ခါးခါးသီးသီး ငြင်းပယ်နေတဲ့စကားသံကြောင့် ကျုပ်အလိုလို ဇောချွေးတွေပျံလာမိတယ်၊ ကျုပ် ငဒိုးအဖြစ်ကို ပြန်တွေးမိရင်၊ ဒေါသဖြစ်သွားမိတယ်၊ တကယ်ဆို ငဒိုး ကျုပ်ကိုမညာသင့်ဘူး၊ နောက် ကျုပ်ကို မသိသလိုပုံစံကြီးနဲ့ ညှို့သည်လိုဟန်ဆောင်ပြီး ကျုပ်ကိုတောင် နှုတ်မဆက်နိုင်ဘဲ မိုးထဲလေထဲကို ပြေးထွက်သွားတာ"

"အဘကလည်း .. ငြင်းနေပြန်ပြီ၊ ငဒိုးက ကျုပ်ဆို နောက်တတ်၊ ပြောင်တတ်တာ အဘအသိပဲ မဟုတ်လား၊ အဲဒါ ငဒိုးက သူမှန်းမသိအောင် ဟန်ဆောင်ပြီး ကျုပ်ဆီကိုလာတာဗျ၊ ပြီးတော့ သူက သရဲနဲ့တွေ့ခဲ့တယ်ဆိုပြီး ကျုပ်ကို ခြောက်လှန့်ခဲ့သေးတာ၊ ဒီတစ်ခါ ငဒိုးလာရင်တွေ့မယ်"

ကျုပ်ဘယ်အထိ ငဒိုးကိုဒေါသဖြစ်ပြီး ပြောနေမိတယ်မသိဘူး၊ အဘတက်တူကတော့ ကျုပ်စကားကိုနားထောင်ပြီး အံ့သြနေရှာတယ်၊

"လူလေးဆီကို .. ငဒိုး လူကိုယ်တိုင် မလာနိုင်တော့ဘူးကွဲ့"

"ဗျာ ... ငဒိုး ... ငဒိုး ဘာဖြစ်လို့ မလာနိုင်တာလဲ အဘ၊ ကျုပ်ကို ပြော .. ပြောစမ်းပါ အဘ"

အဘတက်တူရဲ့စကားကြောင့် ကျုပ် ငဒိုးအတွက် ရင်အလိုလို ခုန်သွားမိတယ်၊ အဘတက်တူက ကျုပ်ကို စိတ်မကောင်းတဲ့မျက်နှာနဲ့ ကြည့်ပြီး -

"ငဒိုး .. ပင်လယ်လိုက်သွားရင်း ဆုံးခဲ့တာ တစ်လရှိပြီလူလေး"

"ငဒိုး .. ငဒိုး .. ဆုံး .. ဆုံးပြီ"

ကျုပ် ငဒိုးအဖြစ်ကိုကြားလိုက်ရတော့ မယုံနိုင်အောင်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com





မိတယ်။ ဒါဆို ငဒိုး ကျုပ်ဆီကို ဘာကြောင့် လာတာလဲ။ ကျုပ် မတွေးတတ်အောင် ဖြစ်သွားမိတယ်။ ပြီးတော့ ငဒိုး . . ကျုပ် ဆီကို မိုးထဲလေထဲမှာ ထူးထူးဆန်းဆန်း ရောက်လာတဲ့ အဖြစ်။

"အင်း . . ငဒိုးအဖြစ်ကို ပြောရရင် အံ့ဩစရာတွေပါ လူလေးရယ်၊ သူ့မိန်းမထွေးတင်ကို ငဒိုးကသိပ်ချစ်ရှာတာ ဒါပေမယ့် ထွေးတင်က နောက်ယောက်ျားနဲ့ ဖောက်ပြန်နေတာကို ငဒိုးက မသိရှာခဲ့ဘူးကွဲ၊ ငဒိုး ပဝ်လယ်ထွက်ခါနီးမှာမှ လက်တွေ့သိခဲ့ရတယ် ထင်ပါရဲ့၊ ငဒိုး ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ဆုံးပါးသွားခဲ့တာ၊ သိသိချင်းပဲ . . ထွေးတင်က နောက်ယောက်ျားယူ လိုက်တယ်"

"ဒါဆို ထွေးတင်က ငဒိုးအပေါ်သစ္စာဖောက်တာပေါ့အဘတက်တူ"

"ဟုတ်တယ် . . လူလေး၊ ဒါကြောင့် အဘက ငဒိုးကို သနားနေတာ၊ ထူးခြားတာက ငဒိုးကထွေးတင်ကိုစိတ်စွဲပြီး မကျွတ်မလွတ်တဲ့ဘဝ ဖြစ်နေတာ၊ ညညဆို ထွေးတင်အိပ်လို့မရအောင် အမျိုးမျိုးခြောက်လှန့်ခဲ့တာ၊ အဲဒါကို ထွေးတင်လည်း သိတယ်၊ ကြာတော့ ထွေးတင် မနေရဲတော့ဘဲ အိမ်ရောင်းပြီး တစ်ရပ်တစ်ကျေးကို ထွက်ပြေးသွားကြပြီ၊ . . လူလေး"

အဘတက်တူစကားသံနဲ့အတူ ကျုပ်လည်း ငဒိုးအဖြစ်ကို တွေးမိပြီး အမှတ်ရသွားမိတယ်၊ ငဒိုး မကျွတ်မလွတ်တဲ့ဘဝ ရောက်သည့်တိုင် ထွေးတင်ကို အစဲမကျနိုင်တဲ့အဖြစ်။

"ဒါဆို ကျုပ်ဆီကို ရောက်လာတဲ့လူက ငဒိုးမဟုတ်ရင် ဘယ်သူများလဲ၊ အဘ . ."

ကျုပ် ငဒိုးအဖြစ်ကိုတွေးမိရင်း အလိုလိုကြွယ်သီးမွေးညှင်းထသွားမိတယ်၊ ကျုပ်စကားကိုကြားတော့ အဘတက်တူက အတန်ကြာ စဉ်းစားပြီးမှ -





"အင်း . . မြင်အပ်၊ မမြင်အပ်တဲ့ဘုံသားဘဝဆိုတော့ လူလေးကို ငဒိုးက သူ့အဖြစ်ကိုသိရအောင် အိပ်မက်ပေးခဲ့တာပဲ ဖြစ်နိုင်မယ်"

"ငဒိုး . . ကျုပ်ကို အိပ်မက်ပေးခဲ့တာ မဖြစ်နိုင်ဘူး အဘ၊ ကျုပ်နဲ့ အတူ စကားပြောနေတာ၊ ပြီးတော့ သူက မိန်းမတစ်ယောက်ကိုရှာနေတာ တဲ့၊ အဲဒါမိန်းမကိုသတ်မလို့ ပြောတယ်"

"အင်း . . . လူလေးအဖြစ်က လူလေးကို မဝေခွဲနိုင်ဖြစ်နေပြီနဲ့တူတယ်၊ လူလေးပြောတဲ့အတိုင်းဆို ငဒိုးက ညမိုးရိုတဲ့သူကို ဝိညာဉ်ပူးပြီး သူ့ကိုယ်စားပြောခဲ့တာ ဖြစ်နိုင်တယ်"

အဘတက်တူစကားကြောင့် ကျုပ် ဝေခွဲလို့မရနိုင်အောင် ဖြစ်သွားမိတယ်၊ ထူးခြားတာက ကျုပ်ကို အတူ အညီ တောင်းခဲ့တဲ့ စကား၊ ရောင်းကမ်းဘေးက တဲလေး၊ ဒီတဲလေးမှာ ကျုပ်နဲ့ငဒိုး ငါး ဖားရှာရင်း အမြဲရှိနားခဲ့တဲ့နေရာ၊ အဘတက်တူ ကျုပ်ကိုနှုတ်ဆက်ပြီး ပြန်သွားမှ ကျုပ်မတုံ့ဆိုင်းဘဲ ချောင်းကမ်းဘေးကတဲကလေးဆီ အပြေးလာမိတယ်၊

"ဖြန်း . . ဖြန်း"

ရုတ်တရက် ကျုပ်နားထဲမှာ ကြားလိုက်ရတဲ့ အသံနဲ့အတူ ကျုပ်ရဲ့ နေခဲ့တဲ့ တဲကလေး လေပြင်းတစ်ချက်မှ တိုက်ခတ် အလိုလို ပြိုကျသွားတဲ့အပြင် ပြီးတော့ ပုပ်အက်အက် အနံ့ဆိုးကြီးနဲ့ အတူ ကျုပ်နှာခေါင်းမှာ လေပတ်သွား သလို ခံစားလိုက်ရတယ်။

ကျုပ်တဲကလေးရောက်ပြီး တဲအောက်ကမြေကြီးတွေကို တူးထွလိုက်မိတယ်၊ ရုတ်တရက် ကျုပ်တွေ့လိုက်ရတဲ့ ဝါးဆစ်ဘူးလေး၊ ကျုပ် မယုံနိုင်အောင် ဖြစ်သွားမိတယ်၊ ကျုပ်ဝါးဆစ်ဘူးလေးကို ကမန်းကတမ်း သွန်ချကြည့်လိုက်မိတယ်၊ ရွှေထည်ပစ္စည်းလေးတွေ၊ ကျုပ်နဲ့ငဒိုး ငါး၊ ဖား ရှာပြီး ဒီတဲလေးမှာနားခိုတိုင်း ငဒိုး ကျုပ်ကိုပြောပြောနေတဲ့ စကားသံ၊


"ငဒေါင်း . . . ငါ့မိန်းမ မသိအောင် ငါကြိတ်ကြံနေရတာကွ၊ ငါ့မိန်းမသာသိခဲ့ရင် . . သိပ်ဝမ်းသာရှာမှာ"

ကျုပ် ငဒိုးရဲ့စကားသံကိုကြားယောင်မိရင်း ရင်ထဲမှာ ဆို့နင့်နေမိတယ်၊ ထွေးတင်ကိုသိပ်ချစ်တဲ့ ငဒိုး၊ ခုတော့ အချစ်ကြီး၍ အမျက်ကြီးခဲ့ဘာလား၊ ကျုပ်ချောင်းရိုးလေးထဲကို ကြည့်လိုက်မိတယ်၊ ရေပြင်မှိုင်းမှိုင်



www.burmeseclassic.com

www.burmeseclassic.com

စီးဆင်းနေတဲ့ ချောင်းကလေး။

"ငနိုးရေ.. မင်းကလဲ့စားချေတဲ့အဖြစ်ကို ရပ်လိုက်ပါကွာ၊ မင်း ဘဝကူးကောင်းဖို့ ငါကုသိုလ်ပြုပြီး အမျှဝေပါ့မယ်၊ မင်း.. မင်း ရောက်ရာ ဘုံဘဝက.. သာဓု ခေါ်နိုင်ပါစေကွာ"

ကျုပ် ငနိုးရဲ့ရွှေထည်ပစ္စည်းလေးကိုကြည့်ပြီး ဘယ်အထိကြေကွဲစွာ ခံစားနေမိတယ် မသိဘူး။

"ဖြုန်း.. ဖြုန်း"

ရုတ်တရက် ကျုပ်နားထဲမှာ ကြားလိုက်ရတဲ့အသံနဲ့အတူ ကျုပ် ရပ်နေမိတဲ့ တံတားကလေး၊ လေပြင်းတစ်ချက်မှမတိုက်ခတ်ဘဲ အလိုလိုပြိုကျ သွားတဲ့အဖြစ်၊ ပြီးတော့ ပုပ်အက်အက်အနံ့ဆိုးကြီးနဲ့အတူ ကျုပ်နံဘေးမှာ လေဟာတ်သွားသလို ခံစားလိုက်မိတယ်၊ ကျုပ် ကြက်သီးမွေးညှင်းထသွား မိရင်း ထူးထူးခြားခြားအသံကိုကြားလိုက်မိလို့ ကြည့်လိုက်မိတယ်။

ချောက်ကမ်းပါးမှာပေါက်နေတဲ့ ဓနိတောတန်း၊ အဲဒီဓနိတော တန်းတစ်ခုလုံး လေပြင်းမတိုက်ဘဲ တဝေါဝေါမြည်သံကြီးနဲ့ ယိမ်းနွဲ့လှုပ်ရှား ပြီး ငြိမ်သက်သွားတယ်၊ ကျုပ်ဓနိတောတန်းကိုကြည့်ရင်း အလိုလိုသိလိုက် မိတယ်၊ ငနိုး.. ကျုပ်ကို နှုတ်ဆက် အပြေးထွက်သွားရင်း၊ ကျုပ်ကုသိုလ်ပြု အမျှအတန်းဝေမှာကို စောင့်စားနေမယ်ဆိုတာ၊ ကျုပ်ကလွဲလို့ ဘယ်သူ သိနိုင်ပါမလဲ...။